www.burmeseclassic.com

ရွှေပဒေသာစာပေ

# ကြယ်စင်မှူးဝေ

## အိပ်မက်ဆိုးတဲ့ည




(အချစ်လုံးချင်းဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊ ၂၀၁၆၊ ဧပြီလ။
ထုတ်ဝေသူ – ဦးအေးလွင် (၀၀၄၀၅) ရွှေပုဒ်သောစာပေတိုက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ – ဦးအေးလွင် (၀၀၂၄၀) ရွှေပုဒ်သောအော့ဖ်ဆက် အမှတ် ၃၃၊ ကျိုက်တော်လမ်း။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချေး – ၁၆၀၀ ကျပ်
အုပ်ရေ – ၅၀၀ အုပ်

ရ၉၅.၈ ၈၃

ကြယ်စင်မှူးဝေ
အိပ်မက်ခါးတဲ့ည/ ကြယ်စင်မှူးဝေ – ရန်ကုန်၊
ရွှေပုဒ်သောစာပေ ၊ ၂၀၁၆ ။
၂၈၈ – စာ ၊ ၁၂ • ၃ × ၁၈ စင်တီ။
(၁) အိပ်မက်ခါးတဲ့ည


# ကြယ်စင်မှူးဝေ

# အိပ်မက်ခါးတဲ့ည

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

မီးလုံးတွေ တလက်လက်စိမ်းပြီး
တောင်တွေက မြူလိုတွန်
သက်ပြင်းအလင်းနဲ့
နှင်းပွင့်တွေရှေတဲ့ညဟာ
ငါ့ရှုမှာ ချင်းချင်းရဲရဲ။

ကောင်းနေသန့်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

သည်ကွေ့ဟာ အန္တရာယ်ကွေ့။

လမ်းဘေးမှာ ချောက်တွေလည်းရှိရဲ့။ ရိုးမထဲကို ဖြတ်ဖောက်ထားသည့်ကားလမ်း။

စောစောက အဲဒီအနားမှာ ကားလေးတစ်စီးမှောက်ပြီး မီးလောင်သွားတယ်လို့ မြင်လိုက်ကြသူတွေ ပြောသည်။

ရှာနင့်ဝေးတာမို့ သွားတော့ကြည့်မနေကြ။ ဒီလိုပဲ သူပြော ငါပြော ကြားရတာ။

ရွှေပိုးအိမ်နှင့် ရွှေထူးတို့မောင်နှမကတော့ ကူညီတတ်ကြသူတွေမို့ အဲဒီကားမှောက်တဲ့နေရာကို သွားကြည့်ကြမည်ပါ။



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်လျှင် ကူညီမည်။

သူတို့မောင်နှမဟာ နေရာတကာ စူးစမ်းချင်စိတ်၊ ကူညီချင်စိတ်က အပြည့်။

ရွှေပိုးအိမ်က ဒါဆို ရွှေထူးကလည်း လိုက်ပြီးသားပဲ။ (၄) မိနစ်ပဲခြားသည့် အမြွှာမောင်နှမလေး။

ယခုဆို ရွှေပိုးအိမ်က ရွာမှာဘွဲ့ရအလုပ်လက်မဲ့။ ရွှေထူးကတော့ မိဘ၏ တောင်ယာလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရင်း နွားလေးနှစ်ကောင်၊ ကြက်ကလေး၊ ဘဲကလေး (၁၀) ကောင်စီ မွေးထားလေရဲ့။ ဝက်ကလေး (၃) ကောင်တောင်ပါသေး။

မောင်နှမ (၂) ယောက် ခတ်မီနှင့်။ လက်နက်ကလည်း ပါရသေး။ ရွှေထူးက ကိုင်းခုတ်ဓားကိုထမ်းထားသလို ရွှေပိုးအိမ်ကလည်း လောက်လေးလွယ်အိတ်ကိုလွယ်ထားသည်။

တောသူမို့ လောက်လေးနှင့်လောက်စလုံးက ကျွမ်းကျင်ပြီးသား။

"မြန်မြန်လာဟ၊ ကားထဲမှာ လူတွေ့ဘာတွေ မသေဘဲ ရှိချင်လည်း ရှိနေနိုင်တယ်။ ငါတို့ကယ်ရတာပေါ့"

"တော်ကြာ ရာဇဝတ်မှုတွေ ဘာတွေလည်း ဖြစ်နေပါဦးမယ်ဟာ။ သူဌေးကားဆိုရင် သူတို့မှာပါလာတဲ့ ရွှေတွေ၊ ငွေတွေ





လုပါတယ် ခိုးပါတယ်ဖြစ်နေဦးမယ်"

"ဟာ . . . ရွှေထူးကလည်း နင့်လိုသာ တွေးကြောက်နေရင် လောကကြီးမှာ နေစရာတောင်ရှိမှာ မဟုတ်တော့ဘူး။ ကိုယ်မှန်နေရင် အရာရာရင်ဆိုင်ရဲရမှာပေါ့"

"အေးပေါ့ . . . နင်ကတော့ ပညာတတ်ကြီးကို။ ပြောတတ်တာပေါ့"

"လာစမ်းပါဟာ။ ကားထဲမှာ ငါ့ဖူးစာရှင်လေး ရှိရင် ရှိနေမှာ"

"လာသေးတယ်၊ နင့်ဖူးစာရှင်က ခုလောက်ဆို သရဲဖြစ်သွားလောက်ပြီ။ မီးလောင်သွားတာ၊ ဘယ်သူမသေဘဲ ရှိမလဲ"

"နင်ကလည်း စကားများလိုက်တာ။ မြန်မြန်သွား"

မောင်နှမနှစ်ယောက် မပြေးရုံခြေလှမ်းများနှင့် ကားမှောက်ရာ မီးလောင်သည့်နေရာသို့ တစ်နာရီလောက်ကြာအောင် သွားရသည်။

သူတို့ရွာကအနိမ့်မှ ကားပြုတ်ကျသည့်အောက်ဘက်သို့ သွားလို့ရသည်။

ကားကတော့ ကံကောင်းထောက်မစွာနှင့် မီးငြိမ်းနေပါ



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ မနက်ဆိုလျှင်တော့ ရဲတွေ ရောက်လာကြဦးမှာပေါ့။

သူတို့မောင်နှမ မီးလောင်ထားသည့် ကားနားသို့ ကပ်သွားလိုက်ကြတော့ အထဲမှာ ညှော်နံ့တွေ ထောင်းခနဲထွက်လာ၏။

"အမယ်လေး"

လူတွေပါလား။ စုစုပေါင်း လူ (၄) ယောက်။

"အထဲမှာလူတွေ၊ ရှင်များ ရှင်ကြဦးမလား"

ကားတံခါးက ပွင့်အနက်ကျနေသည်မို့ သူတို့ မောင်နှမ လူတွေကို ဆွဲထုတ်ကြသည်။ ရာဇဝတ်မှုတွေ၊ ဘာတွေ မသိပါ။ သူတို့သိတာ လူတွေကို ကူညီချင် ကယ်တင်ချင်တာပဲ သိသည်။

"ဟယ် ... ဒီတစ်ယောက်က အသက်ရှူနေသေးတယ်။ လုပ်ပါဦး မွှေထူး ... သေသေချာချာကြည့်ပါဦး"

"ရွှေပိုးအိမ်ရယ် ... နင့်ညစ္စာ ဖုတ်ဝင်နေတာများလားဟယ်။ မီးလောင် ကားမှောက်ထားတာ ဘယ်လိုလုပ်ပြီး အသက်ရှင်နိုင်ပါဦးမလဲ"

"ရှင်တယ် ... ရှင်တယ်။ ကဲ ... နင်နဲ့ငါ သူကိုစောင်ပုခက်နဲ့ ဟိုဘက်ရွာကဆေးမှူးအိမ် ထမ်းသွားကြမယ်"

သူတို့မောင်နှမ စောင်ခြုံလာခဲ့ကြတာမို့ ခြုံလာသည့်စောင်ကို အနားရှိ ဝါးကျစ်တစ်လုံးခုတ်ပြီး ပုခက်လုပ်ကြသည်။





ကြိုးကလည်း နွယ်ကြိုးပေါ့။ ရွှေပိုးအိမ်ဟာလည်း သန်စွမ်းသူမို့ မောင်နှမ (၂) ယောက် လူနာကို ပုခက်နှင့်ထမ်းလာခဲ့ကြသည်။

ဆေးမှူးအိမ်ရောက်ဖို့ (၂) မိုင်လောက်သွားရပေမယ့် လူနာကို ကယ်တင်ချင်ဇောနဲ့မို့ ဆောင်းညကြီးမှာတောင် ချွေးဒီးဒီး။ ဆရာ့ကိုကြိုပြီး ဖုန်းဆက်ထားတာမို့ ဆရာက အသင့်စောင့်နေ၏။ မီးခိုးတွေနှင့် မည်းသည်းနေပြီး ရုပ်မပေါ်ပေမယ့် သူဟာ လူငယ်တစ်ယောက်ပါ။

ရွှေပိုးအိမ်တို့မောင်နှမက အကျိုးအကြောင်းရှင်းပြတော့ ဆေးမှူးက သူတတ်နိုင်သမျှ ကုသပေးသည်။

"ကံကောင်းတယ်၊ မီးခိုးတွေရိုက်ပေမယ့် မီးက ထင်သလောက် မလောင်ဘူး။ အသက်ရှင်လောက်ပါတယ်။ ကဲ ဆရာတို့ ဆေးရုံကိုဆက်ပို့မယ်"

"ကောင်းသလိုလုပ်ပါ ဆရာ။ ငွေရေး ကြေးရေးကတော့ ကျွန်မတို့ ရှာပေးပါ့မယ်"

"အသက်တစ်ချောင်း ကယ်ကောင်းပါတယ်။ ကဲ ... သွားကြစို့"

ဆရာ့အစီအစဉ်ဖြင့်ပင် မြို့ဆေးရုံသို့ ပို့ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ကောင်းနေသန့်။

အိမ်မက်ဆိုးတွေထဲမှာ နာကျင် ထိတ်လန့်စွာ လျှောက်သွားနေရတာ။ ကမ်းကမှာ အသေခေါ်ကြွာနေသလို။

သူ့ရဲ့ သတိသမ္ပဇဉ်တွေက နတ်ပြည်ရောက်လိုက်၊ အဝီစိရောက်လိုက်။ နာကျင်မှုတွေကလည်း တစ်ကိုယ်လုံးအနှံ့။

သူဟာ မီးသင်္ဂြိုဟ်စက်ထဲကများ အသစ်တစ်ဖန် ပြန်ထွက်လာရသူလား။ အသစ်ပြန်လည်မွေးဖွားလာခဲ့ရတာလား။

သူ့ဘဝရဲ့ မူလအစက ဘာလဲ။ ဒဏ်ရာတွေများလွန်းလို့များ သူ့ရဲ့မှတ်ဉာဏ်တွေ ပျောက်ဆုံးသွားခဲ့လေသလား။





သူဟာ ဘာဘာ ဘာမှမသိဘူးဆိုတဲ့ လူ။ အင်း အခြေခံသဘောတရားတွေကိုတော့ သူသိလာပါသေးတယ်။ တစ်လလုံး စဉ်းစားကြည့်မှ –

သူမိဘ (၂) ပါးဟာ ဦးသက်နေအောင်နှင့် ဒေါ်နှင်းနွေး။ သူတို့နေတာ ဝင်ဒါမီယာ။

သူတို့သားအမိ၊ သားအဖ (၃) ယောက်နှင့် သူ့အရွယ်လမ်းကြုံလိုက်သည့် လူငယ်တစ်ယောက်ရယ်။ နောက် သူ့ဦးလေးပေါင်း (၅) ယောက်။ မန္တလေးသို့သွားကြရင်း လမ်းချောက်ကမ်းပါးတစ်ခုမှာ။

နိုင်းခနဲပေါက်ကွဲသံကြီးနှင့်အတူ သူတို့အားလုံး မြောက်တက်သွားကြပြီး နောက်တော့ ကားလည်းလွင့်ထွက်၊ မီးတွေလည်း လောင်သွားလိုက်တာ အရှင်လတ်လတ် ငရဲခံနေကြရသလို။

ကယ်ပါ, ယူပါ တစာစာအော်သံတွေထဲမှာ ဘယ်သူဘယ်သူမှလည်း မကယ်နိုင်။ ကိုယ်လည်း လွှတ်လို့မရ။ ခါးပတ်ပတ်ထားမိတာကြောင့်လား အဲဒီလိုပတ်ထားမိကြလို့ပဲ မသေတာလား။ သေသွားကြတာလား။

သူ့ဦးနှောက်တွေ ဝေဝါးခဲ့။ နိုင်းခနဲဆိုတာ ဘာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကားဘီးပေါက်တာလား၊ ဘရိတ်ပေါက်တာလား။ ဘယ်သူက ဖမ်းလိုက်တာလဲ။

လင်းခနဲ ဒိုးပျံတစ်ခုလိုပြောက်တက်သွားတာပဲ ကောင်းကောင်းမှတ်မိသည်။

နောက် မီးခိုးတွေ၊ မီးလျှံတွေထဲမှာ ဘယ်လောက်ကြာသလဲ။ သူလည်းမသိတော့။ ခံနိုင်ရည်စွမ်းအားတွေ ကုန်သွားတာလား။ သတိလစ်မေ့မျောသွားတာလား။

သူ့လိပ်ပြာတွေ၊ သူ့ဝိညာဉ်တွေ မျောချင်ရာမျော၊ လွင့်ချင်ရာလွင့်နေရတာ ကမ္ဘာအသချေ။

နာကျင်မှုတွေ၊ ခါးသီးမှုတွေကြားမှာ ကြင်နာမှုကရော ဘယ်ကလာလာတာလဲ။ အကြင်နာနတ်သမီးကရော ဘယ်က ရောက်လာတာလဲ။

သူ သေဆုံးသွားတာတော့ မဖြစ်နိုင်။ သူ့အခန်းထဲသို့ ဆရာဝန်တွေ၊ ဆရာမတွေ ဝင်လိုက်ထွက်လိုက်။ နောက် သူ့အနားမှာ လှတပတ အကြင်နာနတ်သမီးလေးတစ်ယောက်။

သူ့နတ်သမီးကလည်း ခပ်စုတ်စုတ်ပါ။ သူမြင်နေကျ မိန်းကလေးတွေလို တောက်တောက်ပြောင်ပြောင်မဟုတ်။

ချည်ထည်လေးတွေသာ ဝတ်ဆင်ထားပြီး ဆံပင်ကို





ထုံးဖွဲ့ထားသည်။ မျက်နှာမှာ သနပ်ခါးပင်မရှိ။ သို့သော် ဖြူစင်ဝင်းနှစ်သည့် အသားအရေရယ်၊ မျက်ခုံး မျက်လုံးလှလှပပရယ်၊ အဆင်ပြေသည့် ရုပ်ရည်။

ပန်းပုရုပ်အကြမ်းလေးပေါ့။

နောက် ရံဖန်ရံခါ သူမဟာ ယောက်ျားလေးများ ဖြစ်သွားလေသလား။ ရုပ်တစ်ခုတည်းကိုပဲ ယောက်ျားဖြစ်လိုက်၊ မိန်းမဖြစ်လိုက်။

သူ ကောင်းကောင်းနေကောင်းသွားပြီဆိုတော့မှ သူ့ကို စောင့်ရှောက်နေကြသူလေးတွေဟာ အမြွှာမောင်နှမတွေမှန်း သိရသည်။ ရွှေပိုးအိမ်နှင့် ရွှေထူးတဲ့။

သူ ဆေးရုံရောက်တာ တစ်လလောက်ကြာပြီးသည့်နောက်တော့ သူ့အနာတွေလည်း သက်သောင့်သက်သာဖြစ်၊ မီးလောင်ထားသည့်ဒဏ်ရာတွေလည်း ကျက်လုလုဖြစ်ပြီ။

သူ သူ့ကိုစောင့်ရှောက်နေသည့် ကောင်မလေးကို စကားစမြည်တွေ စတင်ပြောဖို့ ကြိုးစားလိုက်သည်။

"ငါ့ကို ဘယ်လိုတွေ့ကြတာလဲဟင်"

"ဩော် . . . အစ်ကိုတို့ကားမှောက်သွားတယ်။ မီးလောင်သွားခဲ့တယ် မဟုတ်လား။ ကားမီးလောင်တာတော့ ရဲတွေသွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး စုံစမ်းစစ်ဆေးကြတယ်။ အစ်ကိုကိုတော့ ကျွန်မတို့ ခေါ်ထုတ်လာနိုင်ခဲ့တယ်"

"ရဲတွေ ငါ့ကို မသိဘူးလား"

"မပြောရသေးဘူး ... အစ်ကို့သဘောပါ။ အစ်ကို စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ သတင်းမြှုပ်ထားလိုက်တယ်။ အစ်ကို နေကောင်းမှ တိုင်ချက်သွားဖွင့်ပေါ့။ အစ်ကို့အိမ်ကို အကြောင်းကြားမလား။ ဒီမှာ ကျွန်မရဲ့ဖုန်း"

ကောင်မလေးက သူမရဲ့ဖုန်းကို ထိုးပေးတော့ သူ ငေးကြောင်ကြည့်ရင်း ခေါင်းခါလိုက်မိသည်။ အိမ်မှာ ဘယ်သူကျန်သေးလို့လဲ။ တစ်အိမ်လုံးထွက်လာလိုက်ကြတာ။

အိမ်မှာ ညီမလေး သည်းဝေလျှံရယ်၊ မေမေ့ညီမ အန်တီလေး လင်းနုနွေ့ရယ်။ ဒါပဲ ကျန်ခဲ့သည်။ နေပါစေတော့၊ သူ နေကောင်းမှပဲ ပြန်သွားတော့မည်။

"ဖေဖေနဲ့မေမေရော"

သူ မျက်ရည်တွေနှင့် မေးခွန်းမေးပေမယ့် ရွှေပိုးအိမ် ဘာမှမဖြေတော့ပါ။ ပြောစရာစကားမရှိ။ သူသိပြီးသားတွေပဲလေ။ သူသိမှာပါ။

သို့သော် ... သူ စိတ်သက်သာမလားလို့ တတ်သမျှ





မှတ်သမျှ ဖြေဆေးထိုးပေးမိသည်။

"အစ်ကိုတောင် ကံကောင်းလွန်းလို့ ဒီလောက်အခြေအနေဆိုးကြီးထဲက လွတ်လာခဲ့တာပါရှင်။ တရားနဲ့သာ ဖြေပါနော်"

ပြောပြီး မျက်ရည်တွေစို့စွတ်လာသည့် ကောင်မလေး သူ့အခန်းထဲမှ အပြင်ထွက်သွားတော့ မြင့်မားလှပသည့် အရပ်နှင့် ကိုယ်လုံးလေးက သူ့မျက်လုံးထဲမှာ သိမှတ်မဲ့စွာ။

သူ့အခန်းထဲမှာ သူတစ်ယောက်တည်း။ သူ ခုတင်ပေါ်မှ ဖြည်းညင်းစွာထရပ်လိုက်ပြီး ဆေးဗီရိုပေါ်မှာ တွေ့သည့် မှန်ဝိုင်းလေးနှင့် ကိုယ့်ရုပ်ကိုကြည့်မိသည်။

"ဟင်"

မျက်နှာမှာ အမာရွတ်တွေ။ မျက်ခုံးမွေးနှင့် မျက်တောင်ကလည်း မီးဟပ်ထားလို့ ပြောင်နေ။

"အား"

လက်တွေ၊ ခြေတွေမှာရော ပတ်တီးတွေ၊ ပလာစတာတွေ မကုန်သေး။ သူ့ရုပ်က မံမီအသေးစား။

သူ့အော်သံကြောင့် ကောင်မလေးပြန်ပြေးလာပြီး သူ့ကို ယုယစွာ ထိန်းချုပ်ထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ဒီအနာတွေ၊ ဒီဒဏ်ရာတွေက တော်ကြာပြန်ကောင်းသွားမှာပါရှင်။ အသက်မသေတာဘဲ ကံကောင်းတယ်လို့ မှတ်ပါနော်"

သည်စဉ် ရွှေထူး အခန်းထဲသို့ ဝင်လာပြီး သူ့ကို ငွေတွေ ပေးလိုက်သည်။

"ဆေးဖိုးရှင်းရအောင်"

"ဒါပဲလား ရွှေထူးရဲ့"

"အေးလေ ... သိတယ်မလား။ လူတွေက ဗိုက်နာနေမှန်းသိရင် ဈေးနှိမ်ရော"

"အေးပါ"

သူကြားပြီး စိတ်မကောင်းဖြစ်မှာစိုးလို့ ရွှေပိုးအိမ်စကား ဆက်မပြောတော့။

အစ်ကို ဆေးရုံတက်နေသည့် တစ်လအတွင်း ဆေးဖိုးနှင့် စားစရိတ်က ထောင်းလှပြီ။

ရွှေထူးခမျာ ရှိသမျှ ဝက်၊ ကြက်၊ နွားများကို ပြန်ရောင်းနေရတာ။ ပိုမယ့်ပို ကူးတို့ရောက်အောင်ပို့ရမယ် မဟုတ်လား။

မြို့ဆေးရုံမှာတက်နေရ သည်မို့ စားစရိတ်ကလည်း လိုပါသည်။ ဆေးဖိုးရယ်၊ စားစရိတ်ရယ်။





"အစ်ကို့နာမည်တောင်မသိလို့ ကိုရေခဲလို့ ပေးထားရတယ်"

"ရေခဲ ... ဘာဖြစ်လို့လဲ"

"အစ်ကို မြန်မြန်နေကောင်းစေချင်လို့၊ အေးချမ်းစေချင်လို့ပါ"

"ငါ့နာမည် ကောင်းနေသနဲ့"

"ကျွန်မနာမည်က ရွှေပိုးအိမ်၊ သူက ရွှေထူး။ အမြွှာမောင်နှမ"

"အေး ... ငါသိပါတယ်။ နင်တို့မောင်နှမကို အားနာတယ်။ ရော့ ... ဒီမှာ ငါ့လက်စွပ်၊ သွားရောင်း"

"ဟယ် ... မဟုတ်တာ အစ်ကိုရယ်။ အစ်ကို့လက်စွပ်က တန်ဖိုးရှိမှာ"

"ရှိရှိ၊ မရှိရှိ ... ငါ့ကိုစွ ငါတာဝန်ယူရမှာပေါ့"

"မဟုတ်ပါဘူးရှင်"

"ဟုတ်တယ် ... သွားရောင်း"

သူက အတင်းပင် သူ့လက်မှလက်စွပ်ကို ချွတ်ပေးနေလျှင် ရွှေထူးရော ရွှေပိုးအိမ်ပါ မျက်နှာငယ်လေးတွေနှင့်။

"တန်ဖိုးရှိတဲ့ပစ္စည်း ကျွန်တော်တို့ကြောင့် အလဲခံနေရ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ဦးမယ်။ ပြီး . . . ကျွန်တော်တို့ရောင်းရင်လည်း ခိုးဝှက်လာတယ် ထင်မှာ''

''အခုလောလောဆည် အဆင်ပြေပါသေးတယ်။ အစ်ကို လိုမှရောင်းပါ''

''အေး . . . ဒါဆိုလည်း ပြီးရော''

ကောင်းနေသန့် စိတ်ပျက်လက်ပျက်ဖြင့် ခုတင်ပေါ် ပြန်လှဲလိုက်ရင်း ကိုယ့်ရှေ့ရေးကိုတွေးလိုက်သည်။ ပြောရလျှင် သူ့ရုပ်က ရုပ်ပျက် ဆင်းပျက်။ အိမ်မှာကျန်ခဲ့သည့် လူတွေရော၊ ပတ်ဝန်းကျင်မှလူတွေပါ ဘယ်သူမှ သူ့ကို ယုံကြည်ကြမှာမဟုတ်။ သူချစ်သူကရော ယုံပါ့မလား''

မီးလောင်ထားသည့်ကြောင့် မျက်နှာမှာလည်းအမာရွတ် တွေနှင့်။ ခြေတွေ၊ လက်တွေကလည်း ကွေးချင်ချင်။ လှေ့ကျင့် ခန်းတွေနှင့် တော်တော်လုပ်ရမှာ။

မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး ကောင်းနေသန့် စိတ် ဓာတ်တွေ ချုံးချုံးကျ။ မျက်ရည်တွေစီးကျလာလျှင် ရွှေပိုးအိမ် ရင်ထဲ နှင့်အောင်ကြင်နာသနားရပါသည်။

ကိုရုပ်ဆိုးရယ်။

ဘဝမှာ အခက်အခဲတွေနဲ့ ရင်ဆိုင်ရတော့မှာပေါ့နော်။





သို့သော် –

''အစ်ကို မီးလောင်ပြီးမသေဘဲ ကျန်ခဲ့တဲ့အကြောင်း ကျွန်မတို့မောင်နှမ သက်သေခံပါ့မယ်။ အစ်ကို့မိသားစုဆီ ပြန်ရင် အစ်ကိုဟာ ကောင်းနေသန့်ဖြစ်ကြောင်း ကျွန်မတို့လိုက်ပြီး သက် သေခံပါ့မယ်။ ပြီး . . . အစ်ကို ရဲစခန်းကို အကြောင်းကြားလေ။ ဒီဆေးရုံက ဆရာဝန်တွေ၊ သူနာပြုတွေအားလုံးလည်း အစ်ကို့ ကား မီးလောင်လို့ခေါ်လာတဲ့အကြောင်း သိကြတာပဲ''

တောသူမလေးပေမယ့် သူမ အကျိုးအကြောင်းနှင့် ရှင်းပြသည့်အခါ ကောင်းနေသန့် စိတ်သက်သာရသေး၏။

သူ့အဖြစ်အပျက်တွေကို ရဲစခန်းသွားပြီး တိုင်ချက်ဖွင့်ရင် ရော။

''မောင်းသူ''

ဘယ်သူမောင်းတာလဲ။ သူ မောင်းတာမဟုတ်လား။ ခုခေတ်က ကားအက်ဆီးဒင့်ဖြစ်တိုင်း ဒရိုင်ဘာကို အပြစ်ပေးကြ တာ။ တော်ကြာ သူ ထောင်ကျနေဦးမည်။

''ရဲစခန်းတော့ သတင်းမပို့တော့ပါဘူးကွာ။ တော်ကြာ အဖမ်းခံနေရပါဦးမယ်။ ဒီဆေးရုံကိုရော ဘယ်လိုပြောထားသလဲ''

''မီးလောင်လို့လို့ပဲ ပြောထားတယ်။ တော်ကြာ အကို့ကို



www.burmeseclassic.com

www.burmeseclassic.com



အမှုပတ်နေမှာစိုးလို့"

"အင်း . . . တော်တယ်၊ မင်းတော်တယ်။ အမြော်အမြင်ကြီးပါပေတယ်"

"ဘာမှမပူပါနဲ့ အစ်ကိုရယ်။ အစ်ကိုဘဝ အဆင်ပြေအောင် ကျွန်မတို့ ကူညီပါ့မယ်။ လောလောဆယ် ကျန်းမာသွားအောင်ပဲ နေလိုက်နော်"

"အင်းလေ . . . အဲဒါပဲ ကောင်းပါတယ်။ တစ်ခုတော့ရှိတယ်၊ ငါ မင်းတို့ကို အားနာတယ်ကွာ။ သွေးမတော် သားမစပ်နဲ့ ငါ့ကို ပြုစုပေးနေရတယ်။ ငွေတွေလည်း ကုန်လှပြီ"

"ရပါတယ် အစ်ကို၊ ကျွန်မတို့ ရေစက်ရှိလို့ ဆုံကြတယ်ပဲ မှတ်ပါတယ်။ အသက်တစ်ချောင်းကို ကယ်လိုက်ရတဲ့အတွက်လည်း အရမ်းပီတိဖြစ်ရပါတယ်။ ကုသိုလ်ရတယ်လို့ မှတ်ပါတယ်ရှင်"

"အေးဟာ . . . အဲလိုပဲ မှတ်လိုက်တော့။ တစ်ချိန်ချိန်မှာ ငါ နင်တို့ကို ကျေးဇူးပြန်ပြုမှာပါ"

"အဲဒီလိုမတွေးပါနဲ့ရှင်။ ပေါ့ပေါ့ပါးပါးနဲ့ပဲ အစ်ကို နေကောင်းအောင် ကြိုးစားနော်"

ကောင်းနေသန့် မျက်စိမှိတ်ပြီး စိတ်ကိုလျှော့ထားပေမယ့်





ရင်ထဲမှာ အဆမတန်ပူသည်။

သူချစ်သူကိုမြင်ယောင်မိပြန်တော့ သောကမီးက နေဆယ်စင်းထွက်ဇနေသလို။

ယွန်းရတီမို။

နာမည်လေးလှသလို လူလေးကလည်း သဇင်ခက်လေးလို နုနုနွဲ့နွဲ့လေး။ ရွှေမြန်မာစာပေထဲက ဝေဠုမြတ်စွာလို တကယ့် နုနုလှလှလေး။

နဂိုက ချောရ လှရသည့်ကြားထဲ ချွဲလိုက်တာလည်း အလွန်။ ယောက်ျားဆိုတာလည်း အချွဲကြိုက်၊ အချော့ကြိုက်တာမို့ သူချစ်သူလေးကို ပါးစပ်ထဲ ငုံထားမတတ် ချစ်မိရသည်။

သူကလေးနှင့် တွေ့ရပုံကိုက ဆန်းဆန်းပြားပြား။ ပြန်တွေးမိတိုင်း ရင်တွေခုန်ရ၊ ကြည်နူးချမ်းမြေ့ရသည့်အဖြစ်။

အဲသည်နေ့က မိုးတွေ သည်းသည်းမည်းမည်းရွာလို့။ ရုတ်တရက် ရွာလိုက်သည့်မိုးကြောင့် သူ့ ကားကို ဖြည်းဖြည်းပဲ



www.burmeseclassic.com

www.burmeseclassic.com



မောင်းနေစဉ် မိန်းကလေးတစ်ယောက် သူ့ကားရှေ့မှာ ခပ်သုတ်သုတ်ပြေးနေတာ တွေ့ရသဖြင့် သူ ကားရပ်ပေးလိုက်ရ၏။

မိုးထဲ လေထဲမှာ ထီးမပါ ဘာမပါ။ ကားလမ်းမထီးထီးကြီးမှာ မိုးခိုစရာလည်းမမြင်။ သူ ကားတံခါးဖွင့်ပေးလိုက်တော့ ကောင်မလေးက ငုံ့ကြည့်သည်။

အား . . . တော်တော်ချောတဲ့ကောင်မလေးပါလား။ ချောသည်ဆိုတာထက် ဖြူဖြူပါးပါးကိုယ်ခန္ဓာလေးမှာ ဘောင်းဘီပန်းနုရောင်ပေါင်လည်လောက်၊ တီရှပ်အဖြူချိုင်းပြတ် ခါးတိုလေးကြောင့် ကောင်မလေးက အရမ်းကိုနုဖတ်ခနေတာ ဘာဘီရုပ်ရွှေလေးနှင့် တူနေတာ။

"ဘယ်သွားမှာလဲ၊ ထီးမပါဘူးလား။ အဖော်မပါဘူးလား"

သူ မေးမြန်းလိုက်တော့ ကောင်မလေးက သူ့ကို တစ်ချက် အကဲခတ်သလိုကြည့်ပြီး ကားထဲသို့ ဝင်ထိုင်သည်။

သူ ကားတံခါးပိတ်ပြီး ကားကို ဖြည်းညင်းစွာကွေ့ရင်း ကောင်မလေးကို နှစ်လိုခင်မင်စွာ ကြည့်သည်။ နောက် အင်တာဗျူးသည်။

"ခုခေတ်က လူကုန်ကူးတဲ့သူတွေ များနေတာ။ မင်းကိုငါ





ရောင်းစားမှာ မကြောက်ဘူးလား။ မင်း ငါ့ကို သိလို့လား"

"မကြောက်ပါဘူး၊ အစ်ကို့ရုပ်က ကလေးသူခိုးရုပ်မဟုတ်ဘူး"

"အင်းလေ . . . မင်းက ကလေးမှမဟုတ်တာ၊ လူကြီးလေ။ လူကြီးက ဈေးပိုရတာပေါ့"

"အဲလိုပြောနေတာကိုက အစ်ကို လူကောင်းဆိုတာပြနေတာပဲ။ လူပြောမသန် လူသန်မပြောတဲ့"

"ထားပါတော့ဗျာ။ ဘယ်ကိုလိုက်ပို့ရမှာလဲ"

"ရန်ကုန်တက္ကသိုလ်"

"အလို့ . . . တက္ကသိုလ်ကျောင်းသူကြီးပေါ့"

"ဘာလဲ . . . အစ်ကိုက မယုံဘူးလား။ ရတီ့ကို ညာနေတယ် မှတ်လို့လား"

"ရတီ ဟုတ်လား။ စိန်ပွင့်လေးတွေကိုတိုင်းတဲ့ ရတီပေါ့။ ကိုယ်က ရတီ့ကို ရှစ်တန်းကျောင်းသူလေးလောက်ပဲ ထင်ထားတာ"

"မပိုပါနဲ့၊ တက္ကသိုလ်ကျောင်းသူကြီးပါ"

"ဟုတ်ပါပြီ . . . ဟုတ်ပါပြီ။ ဘာမေဂျာလဲ"

"မြန်မာစာချွန်လေ"



www.burmeseclassic.com

www.burmeseclassic.com



ရတီက သူ့ခေါင်းမှရေများကို သပ်ချနေလျှင် သူ့ ကားထဲမှ အဝတ်တစ်စုံကို ယူပေးမိ၏။

"မြန်မာစာကျောင်းသူကလည်းဗျာ ဝတ်စားထားလိုက်တာ စတိုးဆိုင်ရှေ့က ဖယောင်းရုပ်ကျနေတာပဲ"

"ဟင် ... ကြည့်စမ်း၊ ကြည့်စမ်း။ သူ့ကားစီးရတာနဲ့ မကာမိဘူး။ လူကို ကဲ့ရဲ့နေလိုက်တာ။ အစ်ကို့ကိုမုန်းတယ် သိလား။ မုန်းတယ်"

ခေတ်ကာလ သမီးပျိုများ ပေါင်းသင်းဆက်ဆံရေးက ညက်ပုံ။ ယခုမှတွေ့ဖူးပေမယ့် သူ့ကို လက်သီးဆုပ်လေးတွေနှင့် ထုလို့။

ဒီကလည်း ယောက်ျားပဲဗျာ။

ဒီလောက်ချစ်စရာကောင်းတဲ့ ဘာဘီရုပ်ကလေးကို နည်းနည်းတော့ အီစီကလီ လုပ်ချင်တာပေါ့။

ခင်ဗျားဆိုရင်ရော။

အထာပေးရင် ဆရာလေးတောင် အလွတ်မပေးဘူး ဆိုတဲ့ကောင်တွေလောက် မမိုက်ရိုင်းပေမယ့် ကောင်းနေသန့် ကောင်မလေးကို ခင်ချင်သည်။

"မင်း အရမ်းအေးနေပြီ။ ကော်ဖီသောက်ရအောင်"





"ဘယ်မှာလဲ"

"ဆိုင်မှာပေါ့"

"ရတီ့မှာ ရေတွေစိုနေပြီ၊ အဆောင်ပဲပြန်ပို့ပေးပါတော့နော်"

"အဆောင်ကရော တစ်မျိုးထင်မှာပေါ့။ ကော်ဖီသောက်၊ အဝတ်လေးလဲလိုက်ရင် မကောင်းဘူးလား"

"အဝတ်က ဘယ်ကရမလဲ"

"ဝယ်လိုက်မယ်လေ။ ဘာခက်လို့လဲ"

"ဟွန်း ... အစ်ကိုနဲ့ဖြင့် ခုမှတွေ့ဖူးတာ"

"ခုမှတွေ့ဖူးတော့ရော ဝယ်မပေးရတော့ဘူးလား"

"ဟိုလေ ရတီ ကြောက်တယ်။ အစ်ကိုက ဘာသဘော နဲ့ ဝယ်ပေးတာလဲမှမသိတာ"

"အမယ် ... မင်း ဘာသဘောနဲ့မှ မဟုတ်ဘူး။ အမြင်မတော်လို့ ဝယ်ပေးတာ။ ကဲ ... မမ ဆင်း။ ကျွန်တော်မျိုး ရှေ့က ဆိုင်မှာ အဝတ်ဝယ်ပေးမယ်။ ပြီးရင် ဒီနားက ကော်ဖီဘားမှာ ကော်ဖီသောက်မယ်။ မိတ်ဖြစ်ဆွေဖြစ်ပေါ့"

"အားနာလိုက်တာ အစ်ကိုရယ်"

"ရပါတယ်ဗျာ။ နောက်တွေ့ရင်သာခေါ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရတီက ပြောရမှာပါ။ ရတီတို့က ခုမှ ပထမနှစ်ကျောင်းသူ ပမ္ဗားလေ။ မလောက်လေးမလောက်စားလေး"

"သူငယ်နုပ်စားလေးပေါ့ ဟုတ်လား"

"အစ်ကိုနော်"

လက်လှလှလေးနှင့် ဆုပ်ထားသည့် လက်သီးဆုပ်လှလှလေး။ သူ့ရင်ဘတ်သို့ ထုလာခဲ့ပြန်သည်။ ပန်းနှင့်ပေါက်သလိုပါပဲ။

"ကဲ ... သွားစို့။ အဝတ်အရင်ဝယ်မယ်"

"အားနာလိုက်တာ အစ်ကိုရယ်"

"လာပြန်ပြီ ... သူစိမ်းတွေကျလို့ကွာ"

"ဟင် ... သူစိမ်းတွေပဲဟာ။ စောစောကမှ သိတာလေ အစ်ကို့ကို"

"ဒါဖြင့် မင်း ကိုယ့်ကားကို ဘာလို့စီးလဲ။ ဘာလို့ ထုလိုက်, ရိုက်လိုက် လုပ်နေလဲ ... ကဲ"

"အို ... ဒါကတော့ အစ်ကို့ဥပဓိက ဂျန်းတန်းမန်းပုံပေါက်တာကို။ ခင်ချင်စရာ၊ ယုံချင်စရာကြီးကို"

"အဲဒါအဖြေပဲလေ သွားစို့"

သူ ကောင်မလေးကို ပိုင်ပိုင်နိုင်နိုင် လက်ဆွဲပြီး စတိုး





ဆိုင်ထဲသို့ ဝင်ခဲ့သည်။ နောက် တစ်သောင်းခွဲလောက်တန်သည့် ဂါဝန်လေးတစ်ထည် ဝယ်ပေးပြီး အဝတ်လဲခန်းမှာ သွားလဲခိုင်းလိုက်သည်။

ဂါဝန်လေးနှင့် ပြန်ထွက်လာတော့ ရတီ့အသွင်က တကယ့်ရုစ်တန်းကျောင်းသူလေးနှယ်။

ဖယောင်းသွင်းထားသည့် ဆံနွယ်လေးတွေက တလှုပ်လှုပ်နှင့် ပခုံးကျော်ရုံလေး။ ဖြူနုသည့်အသားအရေ အရပ်က ငါးပေ ၃–လက်မလောက် ပါးပါးလျားလျားလေး။

"လှသွားပြီ၊ ကဲ ..ကော်ဖီဘား သွားစို့"

"တကယ်က ရတီ ချမ်းနေတာ။ ဘီယာဘားကို သွားရမှာ"

"ဘာ"

သူ့အသံကြီးက ဟိန်းထွက်သွားလျှင် ရတီ့ပုံစံက အလန့်တကြား။

"အစ်ကိုက ဒီခေတ်လူငယ် မဟုတ်ဘူးလား။ ဘီယာမသောက်ဖူးဘူးလား။ မကြားဖူးဘူးလား။ အဆန်းတကြယ်ပဲ"

"ဟ ... ငါ ဘယ်လောက်ခေတ်မီမီ ဒါ မြန်မာပြည်။ မြန်မာမိန်းကလေးတစ်ယောက်။ အထူးသဖြင့် မြန်မာစပယ်ထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ မြန်မာမိန်းကလေးတစ်ယောက်အနေနဲ့ လုံးဝ မသင့်တော်ဘူး။ မင်း ဒီလိုပဲ သောက်နေကျလား"

ကောင်းနေသန့် ဒေါသတွေ တရှူးရှူးထွက်နေတော့ ရတီ သူ့လက်မောင်းကို ခေါင်းလေးနှင့်ဖိကပ်ရင်း ချော့သည်။ တကယ့်ချစ်သူတွေကျလို့။

"အစ်ကိုကလည်းကွာ ... ရတီက နောက်တာပါ။ ကဲ ... ရတီ့ပုံကြည့်ပါဦး အရက်သမားပုံပေါက်နေလို့လား။ သောက်ကြည့်ချင်တယ်လို့ ပြောရုံလေးနဲ့ ဖြစ်နေလိုက်တာ။ သောက်များ သောက်ရင် သတ်ပစ်မလားတောင်မသိဘူး"

"သတ်မှာ ... သတ်ပစ်မှာ"

"ကဲ အစ်ကိုရယ် ... ရတီကြောက်လာပြီ။ ကဲပါ ... ရတီ မနက်စာမစားရသေးဘူး ခေါက်ဆွဲကြော်လေး ဘာလေး ဝယ်ကျွေးပါလား။ စည်ဘီယာဆိုင်မဝင်ချင်လည်း အစား အသောက်ကောင်းတဲ့ဆိုင်မှာ ဝယ်ကျွေး"

ရတီဟာ ဘယ်လိုကောင်မလေးလဲ။ တက္ကသိုလ်ကျောင်းသူဆိုတာရော ဟုတ်ရဲ့လား။ သူ သံသယဖြင့်ကြည့်မိတော့လည်း သူမအသွင်က ဖြူရောင် စင်ရောင်။

ကောင်းနေသန့် သက်ပြင်းချပြီး စားသောက်ဆိုင်တစ်ခု





သို့ ခေါ်သွားလိုက်သည်။ သူမ တကယ်ပဲဆာနေသည်ကိုတွေ့ရတော့ သူ ကရုဏာသက်ရပြန်သည်။

ခေါင်းမဖော်တမ်းစားနေသည့် သူမအသွင်က သနား စဖွယ်။

"ရတီတို့က ဆင်းရဲတယ် အစ်ကိုရဲ့။ ကျောင်းတက်ရတာတောင် ထောက်ပံ့ကြေးရလို့ တက်ရတာ"

"ဘယ်လိုထောက်ပံ့ကြေးလဲ"

"အဲဒီလို ချွန်တွေကို နိုင်ငံတော်က တစ်လတစ်သိန်း ထောက်ပံ့တယ်လေ။ အိမ်ကမထားနိုင်တဲ့သူတွေအတွက် အဆင်ပြေတာပေါ့"

"ဩော် ... တစ်လတစ်သိန်းနဲ့ မင်း ဘယ်လိုသုံးလဲ။ လောက်ငှရဲ့လား"

"လောက်အောင်သုံးရတာပေါ့။ မသေရုံစား။ မသေရုံ ဝတ်တယ်လေ"

"ဟာကွာ ... ကိုယ် စိတ်မကောင်းလိုက်တာ"

"ဒါဟာပဲ ဘဝပေါ့ အစ်ကိုရယ်၊ ဘဝရဲ့တည်ဆောက် ဆဲကာလတွေမှာ ဒီလိုပဲ ကြိုးစားရတာပေါ့"

မျက်နှာနုနုလေးနှင့် မလိုက်ဖက်အောင်ပင် သူကလေး



www.burmeseclassic.com

www.burmeseclassic.com



ပေးသွားတော့ သူ သနားကြင်နာရသည်။ သို့သော် သူမဟာ ဘာလဲ၊ ဘယ်လဲတော့သိဖို့လိုသည်။ နို့မို့ ကိုယ် အချည်တစ်ကောင် ဖြစ်သွားမည်။

ရေစီးကမ်းပြိုလိုက်တော့မည့် စေတနာတွေကို ဘာရိုပ် အုပ်ရင်း သူ ရတီ့ကို အကဲခတ်ရင်း ထိုနေ့က အဆောင်သို့ ပြန်ပို့ပေးလိုက်ပါသည်။

❁

တစ်လလောက်ကြာတော့ ရတီနှင့်သူဟာ ချစ်သူတွေ ဖြစ်သွားကြသည်။

ဒီလိုပဲ ဝိတ်ရက်တွေမှာ ရတီ့အဆောင်ကို သွားခေါ်၊ ရန်ကုန်တစ်မြို့လုံး လျှောက်လည်။

ရတီဟာ လှုငယ်ပေမယ့် ထိန်းသိမ်းနိုင်စွမ်းတော့ ရှိပါသည်။ သူလို သူဌေးသား ပဂေးကြီးကို အစွမ်းကုန် အလိုမလိုက်ပါ။ ခေါ်ရာမလိုက်ပါ။

သည်တော့လည်း ချာတိတ်မကို သူ အထင်မသေးရဲ။





ချာတိတ်မဟာ ပန်းလား လိပ်ပြာလား။

သူကရော လိပ်ပြာလား၊ ပန်းလား၊ ပျားပိတုန်းကြီး မဟုတ်တာတော့ အသေအချာ။

ပြီး ချာတိတ်မဟာ သူ့ကို ဘာမှမပူဆာ။ သူမှာ မပြည့်စုံပေမယ့် ဘာကိုမှ လိုချင်ပုံမပြ။

သူက အဝတ်အစားတွေ အတင်းဝယ်ပေးနေတာ တောင် နှုတ်ခမ်းတဆူဆူ။

"အစ်ကိုနော် ... နောင်တစ်ချိန် သဘောထားချင်း မတိုက်ဆိုင်ကြတဲ့အခါ ရတီ့ကိုချူစားတယ်၊ မြှူစားတယ်နဲ့ အပြောမခံနိုင်ပါဘူး"

"ပေါ့ဘချာ ... ရတီ့ကို ကိုယ် ဘာတွေများ တနင့်တပိုး ပေးလို့လဲ။ ဒီအဝတ်လေးအစားလေးလောက်နဲ့ ကိုယ်မွဲသွားမှာမို့ လား"

"သိဘူးလေ၊ ရတီက ဆင်းရဲတော့ အစ်ကိုဝယ်ပေးတဲ့ အဝတ်မျိုး အစားမျိုးတွေ တစ်ခါမှ ဝယ်ဖူးတာမဟုတ်ဘူး။ ရတီ့ အနေနဲ့တော့ အဲဒါတွေက လက်လှမ်းမမီတဲ့ ပစ္စည်းတွေပဲ"

"အစ်ကိုက ရတီ့ကို နားဆွဲလေး ဆွဲကြိုးလေးတွေတောင် ဝယ်ပေးချင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . နေပါစေ အစ်ကို။ အစ်ကို ရည်းစားထားတယ် မဟုတ်လား။ မိန်းကလေးတွေကို လျှောက်ပြီးဝယ်ပေးနေရရင် အစ်ကို ဘယ်နှလန်ထူတော့မလဲ"

"ကိုယ် ရတီ့ကို စေတနာရှိလို့ ဝယ်ပေးချင်တာပါ။ ဟိုပုဆော ဒီပုဆာတဲ့ မိန်းကလေးမျိုးတွေကိုတော့ ဝယ်မပေးချင်ဘူး"

"ဘယ်သူမှ ဝယ်မပေးနဲ့။ ရတီလည်း လိပ်ပြာမသန့်ဘူး။ ခုလို ရတီ့ကို ဂရုစိုက်မယ့်သူ၊ စေတနာထားမယ့်သူရှိတာကိုပဲ ဝမ်းသာလှပါပြီရှင်"

"ရတီက ငယ်ငယ်ချောချောလေးပဲ။ ကြိုက်ချင်တဲ့သူ တွေ ဝိုင်းဝိုင်းလည်နေမှာပါ"

"ဟင့်အင်း . . . ရတီက ယောကျ်ားတွေကို ကြောက် တယ်။ ယုံလည်းမယုံဘူး"

"ကိုယ်ကျမှ ဘာဖြစ်လို့ယုံတာလဲ"

"အစ်ကို့ဥပဓိကိုက ယုံကြည်ချင်စရာကြီးမို့"

"ယောကျ်ားတွေကိုကြောက်တယ်ပြောရအောင် ရတီ ဘာတွေကြုံဖူးလို့လဲ"

သူ့မေးခွန်းကို ရတီက မျက်ရည်အဝဲသားနှင့်ဖြေတော့





သူ စိတ်မကောင်းဖြစ်ရသည်။

"ရတီက ပထွေးနဲ့နေရတာပါ အစ်ကို။ မေမေ့ကို ပထွေး က အမြဲနှိပ်စက်တယ်။ မေမေ့ဝဋ်ကြွေးတွေကိုကြည့်ပြီး ယောကျ်ား တွေကို ကြောက်တယ်။ မုန်းတယ်။ အစ်ကိုတစ်ယောက်တော့ ချွင်းချက်ပေါ့"

"ရတီ့ပထွေးက ရတီ့ကိုရော နှိပ်စက်သေးလား။ ဒုက္ခ ပေးသေးလား"

"ရတီ လိမ္မာပါးနပ်ရတာပေါ့။ ပထွေးရောက်နေတဲ့ ရက် တွေဆိုရင် ရတီ ရတီ့ရဲ့ဆရာမအိမ်မှာ သွားနေလိုက်တယ်"

"တော်သေးတာပေါ့။ ရတီ့ပထွေးက လူဆိုးကြီးပေါ့ နော်"

"ဟုတ်တယ်၊ ဒါပေမဲ့ မေမေက ဘာမှမလုပ်တတ်တော့ သူ့အထောက်အပံ့နဲ့နေရတာလေ"

"ဪ"

တော်တော် ဘဝနာ၊ ဇာတ်နာသည့် ချာတိတ်ပါလား။

"ရုပ်ရှင်ကြည့်မလား ရတီ"

"အချိန်တွေကုန်ပါတယ် အစ်ကိုရယ်။ ရုပ်ရှင်ရုံထဲမှာ နှစ်နာရီ သုံးနာရီအချိန်ဖြုန်းရမှာ ရတီနှမြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘာလုပ်ရမှာလဲ။ ချစ်သူချင်း ချိန်းတွေ့ကြတာလေ"

"အဲဒီစကားက ရင့်သီးပါတယ် အစ်ကို။ ရတီကတော့ အင်းယားကန်ဘောင်မှာ စကားထိုင်ပြောတာလောက်၊ တိရစ္ဆာန်ဥယျာဉ်မှာ လျှောက်ကြည့်တာလောက်ပဲ ဖြစ်ချင်တယ်"

"တကယ့်ဘိုးတော်ဘုရား လေးဖက်တွားတဲ့ခေတ်က အပျိုမလေးပဲ။ ရတီ့ပုံကြည့်ပြီး ကိုယ်ကတော့ ဟုတ်လှပြီထင်နေတာ"

"တောင်းပန်ပါတယ်။ ... ရတီ တောင်းပန်ပါတယ်။ အစ်ကို ပေးရ ကျေးရတာနဲ့ မတန်ဘူးထင်ရင် ရတီ့ကို ထားခဲ့ပါနော်"

ပြောရင်းမှ သူကလေး အသံတွေတုန်လာတော့ ကောင်းနေသန့် အလျှော့ပေးရသည်။

ရောမရောက်တော့လည်း ရောမလိုပေါ့။

ကြမ်းတာမကြိုက်သည့်ချစ်သူကို ချော့ရုံပဲပေါ့။ သူပေးသည့် လစ်မစ်လောက်နဲ့ ကျေနပ်ရမှာပေါ့။

"ကဲ ချာတိတ်ရယ် ... ကိုယ့်ကို စကားလုံးကြီးတွေနဲ့ ချည်နှောင်မနေပါနဲ့။ ဒါဆိုလည်း အင်းလျားကိုပဲသွားပြီး စကား





ပြောကြတာပေါ့။ အပတ်တိုင်းတော့ တိရစ္ဆာန်ဥယျာဉ်မသွားနိုင်ဘူးနော်။ တော်ကြာ မျောက်တွေက ရတီ့ကို သူတို့အမျိုးဆိုပြီး ဝိုင်းဖက်တက်နေကြဦးမယ်"

သည့်တော့မှ မချောလေး ပြုံးဖော်၊ ရယ်ဖော်ရလာပြီး မျက်စောင်းလှဲ့လှဲ့နှင့် တုံ့ပြန်သည်။

"အင်းလျားဆိုပေမယ့် အတွဲတွေမဟုတ်တာလုပ်တဲ့ ကန်စပ်ကိုပြောတာ မဟုတ်ဘူးနော်။ ကန်ဘောင်၊ လူတွေ လမ်းလျှောက်တဲ့နေရာကို သွားမှာ"

"သိပါတယ် ကျောင်းအစ်မရယ်၊ အတွဲတွေသွားတဲ့နေရာလည်း မသွားရဲပါဘူး။ ရှင့်ပစ်ထားတဲ့ ကွန်ဒုံးတွေကို နင်းမိမှာစိုးလို့"

"အာ ... ဒီလူကြီး အံ့ရမ်းညစ်ပတ်တာပဲ"

မျက်နှာလေးနီနီနှင့် သူကို လက်သီးဆုပ်လှလှလေးနှင့် ထုခဲ့တာတွေ။

www.burmeseclassic.com

## အခန်း (၃)

ကောင်းနေသန့်။

မမြင်သောမျက်စိများနှင့် အတိတ်ကိုရော်ရမ်း တမ်းတမိနေရာမှ ပစ္စုပ္ပန်တည့်တည့်သို့ ပြန်ရောက်လာရ၏။

သူ့ရှေ့မှာ သူ့ဝေယျာဝစ္စတွေကို နမတစ်ယောက်လို လုပ်ပေးနေသည့် ကောင်မလေး။

ရွှေပိုးအိမ်တဲ့။ ကျေးတောသူမလေးပီပီ အရိုးခံရုပ်က ထင်းထင်း၊ ရှင်းရှင်း။ စာအုပ်တစ်အုပ်ကို ဖွင့်ဖတ်နေရသလို မြင်သာထင်သာ။

သူမက နောက်ကြောင်းတွေ ပြန်ပြောမပြပေမယ့် သူမ





မရှိတုန်း ရွှေထူးကို မေးရင်းစမ်းရင်း။

သူတို့မောင်နှမကြောင့် ကိုယ်အသက်ရှင်လာရတာကို သိလာရသည်။

သေတော့မည့်ဆဲဆဲ လူအချိန်မီမကယ်လျှင် သေမည့်သူကို စောင်ပုခက်နှင့် (၂) မိုင်သောက် ထမ်းခဲ့ရတာ။

ဆေးမှူးကို အရင်ပြပြီးမှ မြို့ဆေးရုံသို့ပို့ပေးတာဟာလည်း လိုအပ်မှုတစ်ခုပါပဲ။

အရေးကြီးသည့်လူနာကို ရှေးဦးပြုစုကုသပေးပြီးမှ ဆေးရုံပို့တာ။

နောက် မရှိမဲ့ ရှိမဲ့ ငွေလေးများနှင့် သူ့ကို ကုသပြုစုပေးခဲ့ကြတာ။ ခုဆို တစ်လပင် ကျော်ပါပကော။

သည့်စဉ် ဆရာဝန်နှင့် ဆရာမများ သူ့အခန်းထဲသို့ ဝင်လာကြပြီး –

"ကိုရေခဲ ... ဆေးရုံဆင်းချင်ရင်ရပြီ။ ဒဏ်ရာတွေလည်း ပျောက်ကုန်ပြီလေ။ မီးလောင်မှုကြောင့် အကြောကွေးသွားတာ၊ ဆိုင်းသွားတာကတော့ တဖြည်းဖြည်း လေ့ကျင့်ခန်းနဲ့ လေ့ကျင့်ယူပါ။ မျက်နှာကိုလည်း နိုင်ငံခြားသွားပြီး ခွဲစိတ်ကုသရင် ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် ဒေါက်တာ။ ဆင်းလို့ရရင် ကျွန်တော် ဆင်းချင်ပါတယ်"

ဘာပဲပြောပြော ဆေးရုံမှဆင်းပြီး သူလုပ်စရာရှိတာတွေကို လုပ်ရဦးမည်မို့ ထိုနေ့ချင်းပဲ ဆေးရုံက ဆင်းခဲ့ကြသည်။

လောလောဆယ်တော့ ရွှေပိုးအိမ်တို့မောင်နှမ၏အိမ်သို့သာ လိုက်ခဲ့ရပါသည်။

❁

ရွှေပိုးအိမ်နှင့် ရွှေထူးတို့ သဘောကောင်းသလို သူတို့မိဘများကလည်း သဘောကောင်းပါသည်။

ဦးမျိုးအင်နှင့် ဒေါ်ရွှေဥ။ အသက်ခြောက်ဆယ်ကျော်အရွယ်တွေမို့ သန့်သန့်ပြန့်ပြန့်ရှိခဲ၏။ သူ့ကိုလည်း သနားကရုဏာအပြည့်နှင့် ကြိုဆိုကြပါသည်။

"အဘတို့အိမ်မှာ လူကလေး ဘာမှအားမနာနဲ့။ အဘက အကြောပညာလည်း နားလည်ပါတယ်။ ရွာမှာ လေဖြတ်တာတို့၊ ခြေကျိုး လက်ကျိုးတာတွေ အဘ ကုပေးတယ်"





"ကျေးဇူးတင်ပါတယ် အဘ။ ကျွန်တော် အားကိုးပါတယ်"

"လူကလေး ...လေ့ကျင့်ခန်းလည်း လုပ်ရမယ်။ ချောင်းထဲမှာ ရေကူးရမယ်။ အကြောအခြင်တွေ သန်မာသွားတာပေါ့"

"ဟာ ...ကျွန်တော် ရေမကူးတတ်ဘူး အဘ။ တော်ကြာ အကြောမဆန့်ဘဲ လူဆန့်သွားလိမ့်မယ်"

"ရွှေထူး သင်ပေးလိမ့်မယ်"

နွေးထွေးသည့်မေတ္တာစံအိမ်လေးပါပဲ။

ယွန်းရုပ်မိုးလို နုနုလှလှ၊ ရွရွလေးမဟုတ်ပေမယ့် ရွှေပိုးအိမ်ဟာ တကယ့် မယ်တစ်ယောက်လို ကျန်းမာသန့်စွမ်းပါသည်။

ဘွဲ့ရ ဝညာတတ်တစ်ယောက်ဖြစ်ပေမယ့် နုနွဲ့မနေ။ မိသားစုနှင့်အတူ ဒိုးတူပေါင်ဖက် အလုပ်လုပ်ပါသည်။

သူ့ကိုယ်ကိုယ်ကို အားမရ။ ခြေထောက်တွေက မျောက်တစ်ကောင်လို ခပ်ခွင်ခွင်။ မီးလောင်ဒဏ်ရာတွေ ပျောက်သွားပေမယ့် အကြောတွေက ခပ်ဆိုင်းဆိုင်း။

လက်တွေကလည်း ကောင်းကောင်းဆုပ်လို့ ဖြန့်လို့ မရ



www.burmeseclassic.com

www.burmeseclassic.com



ချင်း အကြောလိုက်ကုန်တာလားပင်။

သူကိုတော့ မိသားစု (၄) ယောက်လုံးက ဘေးမှဲ့ပေး ထားကြသည်။ တစ်နေ့လုံး အလုပ်နှင့်လက် မပြတ်အောင်လုပ်ကြ ရသည့် တောသူတောင်သားတို့၏ဘဝကိုလည်း သူ တော်တော် စာနာနားလည်မိသည်။

သူတို့မြို့နေ လူတန်းစားတွေဟာ ပေါ်ကြော့တွေပါလား။ မွေးကတည်းက ရွှေဘုံပေါ်ထိုင်ပြီး ရွှေဇွန်းကိုက်မွေးခဲ့ကြသူတွေ။

လူ့ဘဝဆိုတာ သူတို့လိုလူတန်းစားတွေအတွက်တော့ အခွင့်ထူးခံဖို့။ လောကကို အပေါ်စီးမှနေရာယူဖို့ အပေါ်စီးမှ ကြည့်ဖို့။

တောသူတောင်သား လယ်သမား နင်းပြားတွေခမျာမှာ တော့ နဖူးမှချွေး ခြေမထိ ဒီးဒီးကျမှ ထမင်းစားရရှာတာ။

လယ်သမားတွေ၏ ချွေးနှင့် သွေးနှင့်ရင်းပြီး စိုက်ပျိုး ထုတ်လုပ်ထားသည့် ဆန်စပါးကို အဆင်သင့်လည်းစားသေး။

နောက် လယ်သမားတွေကိုများ ကြွေးမတင်အောင် ထမင်းတစ်နပ်လျှော့စားဖို့ပြောရက်ကြသည်။

လယ်သမားစားသည့် ဆန်ကြမ်းထမင်းနှင့် ငါးပိဖုတ်က ဘယ်လောက်များ ကုန်မှာမို့လဲ။





အခွင့်ထူးခံ လူတန်းစားတွေလို ဟင်းခွက်တစ်ရာ၊ နှစ် ရာနှင့် စားရရှာတာလည်း မဟုတ်။

ကောင်းနေသန့်တစ်ယောက် တောကိုရောက်မှ လယ် သမား။ ယာသမားတွေ၏ နင်းပြားဘဝကို လက်တွေ့မြင်ရ စာနာနားလည်ရသည်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ဒီနေ့ စပါးရိတ်မှာ။ တစ်အိမ်လုံး လယ်ထဲသွားမှာ အစ်ကို။ တစ်ယောက်တည်း ပျင်းရင် လိုက်ခဲ့လေ"

မနက် ဝေလီဝေလင်းမှာ ရွှေပိုးအိမ်တို့ လယ်ထဲဆင်းဖို့ အသင့်။ ထမင်းနှင့်ဟင်းကို တုံးမောင်းခေါက်ချိန်ကတည်းက ထပြီး ချက်ထားတာ။

ထောထမင်း။ ထောဟင်းပေါ့။

ယခုဆိုလည်း ထောထမင်း ထောဟင်းကို စားတတ်ခဲ့ပြီ။

"အစ်ကိုက လမ်းမလျှောက်နိုင်တော့၊ ဘယ်လိုလိုက်





ရမှာလဲ။ ပိုးအိမ် ကုန်းပိုးမှာလား"

"လှည်းနဲ့သွားမှာပေါ့ အစ်ကိုရဲ့။ ကိုရိုးယားကားထဲမှာ ယောကျ်ားလေးကသာ မိန်းကလေးကို ... အဲ မင်းသားက မင်းသမီးကို ကုန်းပိုးခေါ်တာပါ"

"ပိုးအိမ်က ပြောင်းပြန်လေ။ အစ်ကိုနဲ့ စတွေ့ကတည်းက အစ်ကို့ကို ထမ်းခေါ်ခဲ့တာမဟုတ်လား"

"အရေးထဲမှာ အသားယူနေရသေးတယ်။ အဲဒီတုန်းက အစ်ကိုက မီးသွေးတုံးကြီးလို တစ်ကိုယ်လုံး မည်းနေတာကိုး"

"ဘာဆိုင်လို့လဲ ချွေးမလေး။ ငါ့ကို မဖွဲ့နဲ့နော်"

"မဖွဲ့ပါဘူး။ တကယ်ပြောတာ။ မီးသွေးတုံးကြီးက ညည်းနေတော့ ရွှေထူးက ဖုတ်ဝင်နေတယ်မှတ်နေလို့ မနည်းစည်းရုံးပြီး အစ်ကို့ကို ထမ်းခေါ်ကြရတာ"

"တော်ပြီ ... တော်ပြီ၊ ယက်ကျီးငယ်နာတွေ မဖော်နဲ့။ အစ်ကိုက လူချောတစ်ယောက်ပါ။ ခုမှ မီးလောင်ခံရလို့ သရဲရုပ် ဖြစ်နေရတာ"

"သရဲနဲ့မတူပါဘူး အစ်ကိုရဲ့၊ ဗေလုဝထက်တော့ ချော ပါသေးတယ်"

"ဘာလဲ လှောင်တာလား။ နင်နော် နာချင်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေပိုးအိမ်နှင့်သူဟာ ယခုဆို ပြောမနာ ဆိုမနာနှင့် ထကာယ့် ငယ်မွေးချင်းစားတွေ။

"လှည်းနဲ့သွားမှာ အစ်ကို လိုက်ခဲ့။ ပြီးတော့ လယ်ကွင်းထဲမှာ ယာခင်းထဲမှာ ပျော်စရာတွေကိုကြည့်ရင်း အစ်ကို လမ်းလျှောက်ကျင့်"

"ငါ လမ်းလျှောက်တာ ခြေထောက်ကြီးခွင်နေတော့ လူတွေက ရယ်ကြဦးမယ်"

"မရယ်ပါဘူး အစ်ကိုရယ်။ အဲလိုမှ မကြိုးစားရင် အစ်ကို လူစဉ်ပြန်မီမှာမဟုတ်တော့ဘူး"

"အေးပါ ... ညနေကျ ငါ့ကို ချောင်းထဲမှာ ရေကူးသင်ပေးဦး"

"ဟုတ်ကဲ့ပါရှင့် ကဲ ... လာ လှည်းပေါ်တက်။ အဖေတို့ အမေတို့တော့ သွားနှင့်ပြီ။ ပိုးအိမ် လှည်းမောင်းမှာ"

"မောင်းတတ်လို့လား။ ငါ့ဘဝမှာ ကားမှောက်ခဲ့ပြီးပြီနော်။ လှည်းတော့ ထပ်အမှောက်မခံပါရစေနဲ့"

"စိတ်ချ၊ ပိုးအိမ်တို့က ကျွမ်းပြီးသား။ မပိုင်ရင် ဘာမှ မလုပ်ဘူး။ ဘာမှမဖြစ်ရင် ဘာမှမဖြစ်ဘူးလို့သာမှတ်"

ရွှေပိုးအိမ် လှည်းနှင့်နွားကိုတပ်ပြီး ထမင်းအိုး ဟင်းအိုး





များကို တောင်းနှင့်တင်၏။

သူ လှည်းအောက်မှ လှည်းပေါ် ဘယ်လိုတက်ရမလဲ။ မျှော်ကြည့်နေရသည်။ နဂိုကတည်းက လှည်းနှင့်မရင်းနှီးရသည့်ကြားထဲ ယခု သူ့အဖြစ်က ခြေခွင် လက်ခွင်။

သည့်တော့လည်း သူ့ရဲ့ မဏိမေခလာမလေးကပဲ ရှေ့ဆောင်လမ်းပြ။

"အစ်ကို ဒီမှာကြည့်၊ လှည်းဘီးပေါ်ကနေ ဒီလိုတက်"

သူမကတော့ မျောက်ကလေးလို လှည်းဘီးပေါ်ကနေ တစ်ဆင့်ပြီးတစ်ဆင့် တက်ပြ၏။ သိုသိုသိပ်သိပ်တက်ပေမယ့် ခြေသလုံးလေးတွေက ဖွေးခနဲ လက်ခနဲ။ လျှပ်စီးလက်သည့်နှယ်။

နှစ်ခေါက်လောက် တက်လိုက် ဆင်းလိုက်လုပ်ပြလည်း သူ့အတွက်မလွယ်။

ဆိုင်ကယ်မောင်း။ ကားမောင်း။ ကွန်ပျူတာတွေ၊ နိုင်ငံခြားဘာသာစကားတွေ သင်တုန်းကတောင် ဒီလောက်မခက်။

"အစ်ကို တက်လေ၊ လာခဲ့လေ"

လှည်းပေါ်မှ သူမကခေါ်ပေမယ့် သူကတော့ အောက်မှ ကိုးရိုးကားရား။ ခြေမကိုင်မိ လက်မကိုင်မိ။



www.burmeseclassic.com

www.burmeseclassic.com



"တော်ဟာ . . . နောက်တစ်နည်းရှိရင် ပြီး။ လှည်းပေါ် ရောက်အောင် ဘယ်လိုနည်းနဲ့ တက်ရဦးမလဲ"

ရွှေပိုးအိမ် ခေါင်းကုတ်ရသည်။ အိမ်က နွားကြီးတစ်ရှဉ်း တာ အလိမ္မာတုံးကြီးတွေမို့ သူ ဘယ်လိုလုပ်နေနေ လှည်းတပ် လျက်ပုံစံနှင့် တောင့်တောင့်ကြီးတွေရပ်လို့။

"ဒီလိုလည်း တက်လို့ရသေးတယ် အစ်ကို"

လှည်းနောက်မြီးသို့ နောက်ပြန်လေး ဇွေ့ခနဲ ခုန်တက်ပြ ပုံက လိပ်ပြာမလေးနှယ်။ အင်း ဒါလည်း အငိုလွယ် အရှိုက်ခက် သည့်နည်း။

သူ သူမလို နောက်ပြန် ဇွေ့ခနဲ ခုန်တက်ကြည့်တော့ လှည်းပေါ်မရောက်ဘဲ လှည်းအောက်မြေပြင်သို့ ခြေကားယား လက်ကားယား ပြုတ်ကျ၏။

သူ့ပုံစံက ရယ်စရာကြီးဖြစ်နေပေမယ့် ရွှေပိုးအိမ် ဖြစ် သွားပုံက မျက်စိမျက် မျက်နှာပျက်။ သူ့ဆီ အတင်းပြေးလာပြီး တယုတယ ဆွဲထူပေးကာ ငိုတော့မည့်ရုပ်လေးနှင့်။

"ဒုက္ခပါပဲ အစ်ကိုရယ်။ ဘယ်နာသွားလဲဟင်။ ခုမှ နူရာဝဲစွဲ၊ လဲရာသူနိုးထောင်း"

"တော်တော် . . . ငါ့ကို မသနားရင်နေ ဘာ အနူနဲ့





နိုင်းတာလဲ"

"ဆောရီးပါ အစ်ကိုရယ်၊ ကန်တော့နော် ကန်တော့။ ကဲ . . . ပိုးအိမ် ချီတင်ပေးမယ်"

"အံမယ် . . . နင်က ငါ့ကိုနိုင်လို့လား"

"ပိုးအိမ်က တောသူပါ အစ်ကိုရဲ့။ စပါးတစ်တင်းကို သာသာလေး မ,နိုင်တာပါ"

"စပါးတစ်တင်းက ပေါင် (၅၀) လောက်လေးတာ။ ငါက ပေါင်တစ်ရာကျော်တယ်"

"ရတယ် အစ်ကို၊ အစ်ကို ဟိုဘက်လှည့်"

သူ လှည့်ပေးလိုက်တော့ တကယ်ပင် ကလေး တစ် ယောက်ကို ချီတင်နည်းမျိုး။ ခါးကနေမပြီး တင်ပေးလိုက်လေရာ ကောင်းနေသန့် တကယ်ပင် ရင်ထဲမှာ လှိုက်ခနဲနေအောင် ကြည် နူးမိရသည်။

သူ့လို ရုပ်ဆိုးကြီးကို ဂရုစိုက်တဲ့ကောင်မလေး။ သူနဲ့ရို ရုပ်ကို မြင်ဖူးတာလည်းမဟုတ်။ နောက် သူဟာ သူဌေးသားဆို ပေမယ့် သူချမ်းသာတာလည်း သူမတို့ ခံစားရတာ သိရတာ မဟုတ်။

သူတို့ခများ မရှိမဲ့ ရှိမဲ့လေးတွေကိုတောင် ဖွေ့င်းပြီး



www.burmeseclassic.com

www.burmeseclassic.com



သေးကုပေးရရှာတာ။

"ကဲ ... သေသေချာချာကိုင်ထားနော် အစ်ကို။ ပြုတ်ကျမယ်"

လှည်းပေါ်မှာပေမယ့် လှည်းအိမ်တင်မထားတာမို့ အကျယ်ကြီးမဟုတ်။ ဆောင်ပန်းလေးနဲ့မို့ ခပ်ကျဉ်းကျဉ်း။ သူ ရွှေပိုးအိမ်အနားသို့ တိုးကပ်ပြီး စီးလိုက်ခဲ့သည်။

"လယ်ထဲက ပျော်ဖို့ကောင်းလား"

"အစ်ကိုတို့မြို့လိုတော့ ဘယ်ဟုတ်မလဲ။ လယ်ကွင်းတွေ၊ လယ်ကန်သင်းတွေဆိုတာ မြေညီလမ်း။ ပန်းခင်းလမ်းတွေ ဘယ်ဟုတ်မလဲ။ ဒါပေမဲ့ ပိုးအိမ်တို့ကတော့ ကိုယ့်ဘဝနဲ့ကိုယ် ပျော်ကြပါတယ် အစ်ကို"

"ပိုးအိမ်က ပညာတတ်တာပဲ။ မြို့မှာအလုပ်လုပ်ဖို့၊ နိုင်ငံခြားအလုပ်သွားလုပ်ဖို့တွေ မစဉ်းစားဘူးလား။ ပိုးအိမ် ဘာ မေဂျာနဲ့ ပြီးတာလဲ"

ဒါ ကောင်မလေးကို သူ ပညာစမ်းနေတာပါ။ ဘယ်လို ခံယူချက်တွေရှိမလဲလို့။

"ပိုးအိမ် အင်္ဂလိပ်စာနဲ့ပြီးတာပါ အစ်ကို။ ပိုးအိမ် ကိုယ့်နယ်ကိုပဲ အလုပ်အကျွေးပြုချင်ပါတယ်။ ဒီတစ်ခါ ဆရာမအလုပ်





ခေါ်ရင် လျှောက်မယ်။ ဆရာမပဲ လုပ်မယ်"

"ဒါတော့ ပိုးအိမ် ဒေသစွဲတာပဲ။ ကိုယ့်နိုင်ငံထဲဆို ဘယ်မှာဖြစ်ဖြစ် လုပ်နိုင်ရမှာပေါ့"

"ဆရာမအလုပ်က မြို့နယ်တွင်းပဲ ချတာပါ။ လောလောဆယ်တော့ ကိုယ့်နယ်မှာပဲလုပ်မယ်။ နောက် ရာထူးတိုးရင်တော့ စေလွှတ်တဲ့နေရာသွားမယ်"

"ဒီမှာ အလုပ်လုပ်လို့ လွှန်ရ တစ်လ (၂) သိန်းပေါ့။ နိုင်ငံခြားမထွက်ချင်ဘူးလား။ အစ်ကို ဆက်သွယ်ပေးမယ်လေ"

တကယ်တော့ သူ ရွှေပိုးအိမ်ရဲ့စိတ်ဓာတ်ကို သိချင်လို့ပါ။

"မသွားချင်ပါဘူး အစ်ကိုရယ်။ ငွေတွေအများကြီးရတော့ရော ဘာလုပ်ရမှာလဲ။ ကိုယ့်တိုင်းပြည်၊ ကိုယ့်မြေ၊ ကိုယ့်ရေပေါ်မှာပဲ မိသားစုနဲ့အတူ အသက်ဝရှူရမယ်။ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကိုပဲ အလုပ်အကျွေးပြုမယ်။ လူတစ်ယောက်ဟာ တစ်နေ့ ထမင်း (၂) နပ်စားရရင် ရပြီ။ အဝတ်လည်း တစ်ခါဝတ်မှ တစ်စုံပဲဝတ်ကြရတာပါ။ ဘယ်သူမှ ၄–၅ စုံ ဝတ်လို့မရဘူး"

"ပိုးအိမ်လိုသာဆို လူတွေ ဘယ်လိုလုပ်ပြီး ကြီးပွားတိုးတက်တော့မလဲ။ တိုက်တွေ၊ ကားတွေရော မဝယ်ချင်ဘူးလား။

www.burmeseclassic.com



မလိုချင်ဘူးလား''

''ကိုယ်နဲ့မှမဆိုင်တာ အစ်ကိုရယ်။ တိုက်တွေ၊ ကားတွေဆိုတာ ပိုးအိမ်တို့နဲ့ မပတ်သက်ပါဘူး။ အဲဒီ ဓိမ်ခံပစ္စည်းတွေက အခွင့်ထူးခံ လူတန်းစားတွေအတွက်ပါ''

''ဟာ ... မဟုတ်သေးပါဘူး။ ပိုးအိမ် အတွေးတွေ လွဲနေပြီ''

''မလွဲဘူး အစ်ကို၊ ပိုးအိမ်တို့က အခြေခံလူတန်းစားတွေပါ။ တိုင်းပြည်အတွက် အုတ်ချပ်လေးတွေ၊ သံပွင့်လေးတွေ၊ စပါးနှံလေးတွေပေါ့။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအတွက် ကိုယ်တတ်စွမ်းသမျှ အလုပ်အကျွေးပြုရင်း တစ်နေ့ကို ထမင်းနှစ်နပ်စားမယ်''

''ထမင်းစားဖို့ကတော့ အတွင်ပြော''

''ဟုတ်တယ်လေ အစ်ကိုရဲ့။ တော်ကြာ ပိုးအိမ်တို့လိုတောင်သူလယ်သမား နင်းပြားတွေကို ထမင်းတစ်နပ်လျှော့စားခိုင်းမှာစိုးလို့ပါ''

''ကဲ နှစ်နပ်မဟုတ်ဘူး။ သုံးနပ်၊ လေးနပ်စား ဟုတ်ပြီလား။ ဆက်ပြော မိကြီးကျယ်လေးရေ''

''မကျယ်ဘူး အစ်ကိုရဲ့ ... တကယ်ပြောနေတာ။





ပြောစရာလည်း ကုန်ပါပြီ။ ဒီလိုပဲ တောမှာ လတ်ဆတ်တဲ့လေပြည်ညင်းတွေ ရှူမယ်။ လယ်ထဲမှာ စပါးစိုက်မယ်။ ကလေးတွေကို စာသင်မယ်''

''နောက်ပြီး ကလေးတွေမွေးပေါ့ ဟုတ်လား။ တိုင်းပြည်အတွက် လုပ်သားကောင်းလေးတွေ ရအောင်''

သူ လှည့်မောင်းနေသည့်ကောင်မလေးရဲ့ဘေးနားမှာ ပခုံးချင်းယှဉ်ထိုင်ရင်း ချစ်စနိုးဖြစ်မိသဖြင့် ပါးကွက်ကြားလိမ်းထားသည့် ပါးပြင်ဖောင်းဖောင်းနုနုလေးကို ခပ်ဖွဖွလိမ်ဆွဲမိတော့–

တက်သစ်စနေရောင်အောက်မှာ ကောင်မလေးရုပ်က အနီရဲရဲနှင်းဆီ။ နောက် မျက်လွှာလေးချလို့၊ နှုတ်က ဆွံ့အသွားလေတာ။

တိတ်ဆိတ်သွားသည့် အခြေအနေကမကောင်း။ သူ ကလေးရဲ့ ရင်ခုန်သံတွေကို ကိုယ့်နားနဲ့ဆတ်ဆတ် ကြားလိုက်ရသလို။

အလို ဟုတ်ရဲ့လား။ အဲဒါ သူမရဲ့ရင်ခုန်သံတွေမှ ဟုတ်ရဲ့လား။ ကိုယ့်ရဲ့ရင်ခုန်သံတွေလား။ ကောင်းနေသန့် ဖြည်းညင်းစွာ ခေါင်းကိုခါနေမိသည်။ သူ့မျက်လုံးထဲမှာ မြင်ယောင်မိတာ ချစ်သူ ယွန်းရတီမို။



www.burmeseclassic.com

www.burmeseclassic.com



ဘာဘီရုပ်ကလေးလို နုနုလှလှလေး။

ယခု ရွှေပိုးအိမ်ကတော့ အသွင်တစ်မျိုး။ သူမရဲ့နှလုံးသားက နူးညံ့သန့်စင်လွန်းသည်။ သူမရဲ့စိတ်ဓာတ်က အပြစ်ကင်းစင်လှသည်။ လက်တွေ့ဆန်သည့် ကောင်မလေး။

သူကရော ဟုတ်မှဟုတ်သေးရဲ့လား။ အချစ်ဆိုတာ မျောက်တစ်ကောင်လိုပဲ ဟိုပင် ဒီပင်ကူးတတ်သလား။

''အဟင်း''

လောလောဆယ်လည်း သူဟာ မျောက်တစ်ကောင်နှင့် ခပ်ဆင်ဆင်။

လှပသည့် ရုပ်အဆင်းတွေမျောက်ပြီး ခြေခွင်ခွင်း လက်ခွင်ခွင်နှင့်။ ဒဏ်ရာတွေ၊ အမာရွတ်တွေ ဗရပွနှင့်လူ။

ဒီပုံကြီးသာမြင်ရင် ယွန်းရတီ လန့်ပြေးမှာပဲ။

''အစ်ကို ဘာဖြစ်လို့ရယ်တာလဲဟင်''

သူ့ရယ်သံ တကယ်ပင် ထွက်သွားတော့ ကောင်မလေးက မျက်နှာငယ်လေးနှင့်မေးသည်။

''ခြော် . . . ငါရယ်မိတာက ငါ့လိုရုပ်ဆိုးကြီးတစ်ယောက်နဲ့အတူ ခရီးသွားရတော့ နင် မနေစ်မြို့တာများ ဖြစ်နေသလားလို့ပါ။ ဒီကြားထဲ ငါက အလိုက်မသိ ပါးဖျစ်၊ နားဖျစ်နဲ့''





''အို . . . အစ်ကိုရယ်''

သူကလေး ဝမ်းနည်းပက်လက်ဖြစ်သွားပြီး သူ့ကို ကရုဏာသက်သွားပုံကြောင့် မျက်ရည်များပင် ဝဲလို့။

''အဲလိုမပြောပါနဲ့ရှင်။ ဒုက္ခရောက်နေတဲ့ အစ်ကို့ကို ပိုးအိမ် ရုပ်ဆိုးကြီးလို့ မထင်ရက်ပါဘူး။ အစ်ကို့ရဲ့လှပတဲ့သွားလေးတွေ၊ ဖြူစင်တဲ့ အသားအရည်တွေ၊ ဒဏ်ရာတွေ လုံးဝပျောက်ကင်းသွားရင် အစ်ကိုဟာ ဘဲရုပ်ဆိုးဘဝကနေ ငန်းလေးပြန်ဖြစ်သွားမှာပါ''

''ဒါဆို ဘာဖြစ်လို့ အစ်ကိုပါးဖျစ်တာကို စိတ်ဆိုးရတာလဲ။ ဒီရုပ်ဆိုးကြီး လူကိုများ ရာရာစစလို့ တွေးမိလို့ မဟုတ်လား''

သူ ရွှေပိုးအိမ်ကိုရစ်နေတော့ သူမ အရှက်မပြေသည့် ရုပ်ကလေးနှင့် ခေါင်းလေးငုံ့လို့။

အစ်ကိုရယ် ဆင်ကျိုးစားရော ဆိတ်မခံနိုင်ဖြစ်နေရပါပြီရှင်။

အစ်ကို့မှာ ရည်းစားရှိတာ ပိုးအိမ် သိတယ်။ အစ်ကို့ရဲ့ အိပ်မက်ဆိုးတွေထဲမှာ လန့်အော်ရင်း 'ရတီ ရတီ . . . အစ်ကို့ကို လာကယ်ပါဦး။ အစ်ကို့ကို လာခေါ်ပါဦး''

ဆိုတဲ့အသံတွေ ပိုးအိမ် ခဏခဏကြားခဲ့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ကလေးအိပ်နေတာကို ဆင်ကြီးလာပြီး မန်းလိုက်ပါခဲ့ရှင်။

ပိုးအိမ်ဟာ အချစ်နဲ့ စိမ်းရိုင်းတဲ့အပျိုစင်မလေးပါ။ မီးလောင်ဒဏ်ရာတွေနဲ့ သေလုမျောပါးဖြစ်နေရရှာတဲ့ အစ်ကို့ကို ဦးခွေးဆံမြည့် ကယ်တင်ပြီးတဲ့အခါ –

အဲဒီ ကိုရုပ်ဆိုးကြီးကိုပဲ ပိုးအိမ်ရဲ့နှလုံးသားလေး တစ်နိုင်လုံး ဗရမ်းဗတာဖြစ်အောင် အကြင်နာပိုမိ၊ ကရုဏာမိုးတွေ ခွေမိရပါတယ်ရှင်။

"ပြောလေ၊ မတန်မရာ သူ့အနူလက်ကြီးနဲ့ ငါ့ပါးကို ဖျစ်ရမလားဆိုပြီး စိတ်ဆိုးနေတာမဟုတ်လား"

သူမရဲ့ရင်ပြင်တစ်ခုလုံး လျှော်လှိုင်းမိသလို ပရမ်းပတာ ခံစားနေရတာ သိလျက်နှင့်။

စံပယ်ကိုမြင်လျက်နှင့် လက်ခုပ်ပွင့်ပါဆိုပြီး အတင်းငြင်းဆိုစွပ်စွဲနေသည့်လူကြီးကို ပိုးအိမ် ရှင်းချက်တွေ မထုတ်နိုင်တော့။

စောစောက သူ ပါးလာမဖျစ်ခင်အထိ လောကထဲမှာ ဝံ့စားရဲရင့်ခဲ့သည့် တောစံပယ်လေးဟာ ယခုတော့ မျက်ရည်ပါးပါး စီးကျနေပြီး ဘာစကားတစ်ခွန်းမျှ မပြောနိုင်တော့သည့်





ကျောက်ဆစ်ရုပ်ကလေး ဖြစ်သွားခဲ့ပြီ။

တော်ပါတော့ အစ်ကိုရယ်။ ကိုယ့်ကိုယ်ကိုယ် သရုပ်မခွဲတတ်တော့တဲ့ ခံစားချက်တွေကြောင့် ကျွန်မ ရူးသွားလိမ့်မယ်။

ရွှေပိုးအိမ် တတ်နိုင်တာ နွားနှစ်ကောင်ကို အမြန် ဒုန်းရိုက်မောင်းပစ်လိုက်တာပါပဲ။

"ဟ ဟ ခွေးမလေး ...ငါ ပြုတ်ကျပြီးသေအောင် တမင်လုပ်နေတာလား"

ကောင်းနေသန့် လှည်းပေါ်မှပြုတ်ကျမှာစိုးလို့ သူမရဲ့ခါးလေးကို ဆွဲဖက်ထားမိတာ။ ငါလည်း ဘာတွေဖြစ်နေတယ်မသိတော့ပါဘူး ကောင်မလေးရယ်။ နင်မကျေနပ်ရင်လည်း ငါ့ကို လှည်းပေါ်က တွန်းချခဲ့ပါတော့နော်။

လှည်းအရွေ့ကြောင့် တုန်နေတာလား။ သူဖက်ထားလို့ တုန်နေတာလား မခွဲခြားနိုင်သည့် ကောင်မလေးကို ခါးဖက်ထားရင်း။

လယ်တောသို့သွားသည့် တောတန်းလေး။ ဖြူစင်သန့်ရှင်းလွန်းသည့် တောစံပယ်ပွင့်လေး။ သူ့ရင်ကို သူ့နှလုံးသားကို တလှပ်လှပ်လှုပ်လှင့်ပျံစေတော့တာ။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

လယ်တောကအပြန်
ပန်ချင်တယ် ခရေပူးဆိုလို့
မောင်ခူးကာပေး။
မနက်တုန်းဆီက
ကြော့ဆုံးကိုမောင်မြင်တော့
သူ့ဆံပင်နှင်းဆီပွင့်တွေနဲ့
ဂုဏ်တင့်တယ်လေး။

လယ်တောကိုလှမ်းမြင်လိုက်သည်နှင့် ရင်ထဲအေးစမ့်ယ်။ လယ်စောင့်တဲက ဆရာမင်းသုဝဏ်ရဲ့ လယ်စောင့်တဲလို ခြေတံ





မရှည်ဘဲ ဝပ်ဝပ်လေး။

လယ်တဲဝပ်ဝပ်လေးမှာ ဘူးတွေ၊ သခွားတွေ ပတ်စိုက်ထားသဖြင့် နွယ်တက်နေသည့် ဘူးညွန့်တွေ၊ ဖရုံညွန့်တွေ၊ သခွားသီးတွေက အပြွတ်လိုက်။

လယ်ထဲမှာ စပါးရိတ်နေကြသူက (၁၀)ယောက်လောက်ရှိသည်။

"အငှားတွေလား ပိုးအိမ်"

"လက်စားတွေ အစ်ကိုရဲ့။ အငှားခေါ်လို့မရဘူး"

"လက်စားဆိုတာ ဘာလဲ။ ဖွန်း ခက်ရင်းနဲ့မစားဘဲ လက်နဲ့စားလို့လား"

သူ့ရဲ့အမေးကို ရွှေပိုးအိမ် ရယ်မောရင်း အဖြေမှန်ကို ရှင်းပြရ၏။

"ဘယ်ကသာ အစ်ကိုရယ်။ လက်စားဆိုတာ သူ့လယ်ကိုယ်ရိတ်၊ ကိုယ့်လယ်ကျတော့ သူပြန်ရိတ်။ အစားပြန်ဝင်ပေးတဲ့ လူတွေကို ခေါ်တာ"

"ဩော်"

"ကဲ ... ရောက်ပြီ ဆင်းတော့အစ်ကို"

နေရောင်လေးနုနုမှာ နံနက်ဆည်းဆာဦးမှာ ...



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ခွေ့ခနဲခုန်ဆင်းသွားပြီး သူ့ကို ဆင်းစေသည်။

လယ်ထဲဆင်းတဲ့ပုံမို့ ရွှေပိုးအိမ်အသွင်က သနပ်ခါးဘဲကြား ရှပ်အင်္ကျီလက်ရှည်၊ ချည်လုံချည်လေးနှင့် တောသူသမီးမျို့အသွင်။

လူက သန့်စွမ်းသူမို့ သူမရဲ့အရပ်နှင့် လိုက်ဖက်စွာ။ မိန်းကလေးတစ်ယောက် ရှိသင့်ရှိထိုက်သည့် အလှတွေက ငွားငွားစွင့်စွင့်။

"ဆင်းလေ အစ်ကို"

"နေဦး ...ငါ ခုန်ချရမှာလား"

"အင်းပေါ့ ...ခုန် ခုန်ချလိုက်"

ကောင်မလေးက သူ့လက်ကို လှမ်းကိုင်ပြီး ခုန်ချခိုင်းတော့ သူ့အသွင်က ကိုးရိုးကားရား။ အားလွန်ပြီး နှစ်ယောက်အတူ လယ်ကွင်းထဲ လဲကျသွားခဲ့တာ။

"အာ ...အစ်ကိုကလည်း"

အရုက်တွေ နင့်သီးနေသည့်ကောင်မလေးကပင် အရင်ဆုံး ဖျတ်ခနဲထကာ နွားတွေကို ဖြုတ်၊ စပါးခင်းလွတ်ရာ လယ်တဲဘေးမှ သဖန်းပင်ကို ချည်လိုက်သည်။





"လိုက်ခဲ့နော် အစ်ကို။ ပိုးအိမ်သွားပြီ"

"နေဦး ...ငါ့ကို ထူပေးဦး"

ယခုထိ စပါးပင်တွေပေါ်မှ မထသေးဘဲ ပပထူမှထမယ် လုပ်နေသည့် သိဝိမင်းကြီးအား ရွှေပိုးအိမ် စိတ်ရှည်စွာ လက်ကမ်း ဆွဲထူပေးရသည်။

"ဒီလောက် အလုပ်တွေလုပ်နေရတာတောင် နင့်လက်ကလေးတွေ နူးညံ့သေးတယ်။ ဒါ သူဌေးဖြစ်မယ့်လက်မျိုး"

"တော်စမ်းပါ အစ်ကိုရယ် ...စားကောင်း သောက်ကောင်းတွေ ပြောမနေစမ်းပါနဲ့။ ပိုးအိမ် မသာယာပါဘူး"

"အံမယ် ...ငါ့ကိုများ သာပေါင်းညာစားမှတ်နေလား"

"ဆောရီး ဆောရီး ...အဲလိုပြောတာမဟုတ်ပါဘူး။ ကဲလာ ...အစ်ကို လယ်တဲထဲမှာထိုင်နေ"

"ပိုးအိမ်ကရော ဘာလုပ်မှာလဲ"

"စပါးရိတ်မှာပေါ့"

"မြွေတွေ၊ ကင်းတွေ ပေါပါဘိသနဲ့ ပိုးအိမ်ရယ်။ ဟိုတစ်နေ့ကတင် ရွာထဲက ဦးကြီးတစ်ယောက် ပိုးထိသေးတယ်"

"ခြော် အစ်ကိုရယ် ...အဲလိုသာ မြွေကြောက်နေရင် မြန်မာပြည်သားတွေ ထမင်းစားရပါဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



"မစားရလည်းနေကွာ။ ပိုးအိမ်တော့ လယ်ထဲမဆင်းနဲ့။ အစ်ကို စိုးရိမ်တယ်"

"ဟင်းနော် … အစ်ကို၊ မကူညီရင်နေ မနှောင့်ယှက်နဲ့"

"ဘာ ဘာ ဘာ"

"အား … ကြောက်ပါပြီရှင့် ကြောက်ပါပြီ"

ကောင်မလေးရဲ့နားရွက်ကို ဆွဲလိမ်လိုက်တာကြောင့် သူကလေး အော်ပြီးပြေးတော့ သူ ကောင်မလေးနောက်မှ မျောက်တစ်ကောင်လို ကွတ, ကွတနှင့် လိုက်ရတာ စိတ်ပျက်စရာ။

✲

လယ်ထဲမှာ စပါးရိတ်နေကြတာ ပွဲတော်ကြီးကျလို့။ သို့သော် ဒီလုပ်ငန်းဟာ သက်သာလွယ်ကူသည့်အလုပ်တော့ မဟုတ်။

နေပူကျဲကျဲမှာ ချွေးဒီးဒီးကျအောင် ရိတ်ရတာ။ ရွှေပိုးအိမ်ကိုကြည့်ပြီး ကောင်းနေသန့် သနားလိုက်တာ အဆမတန်။





သူ သနားသလို သူ့အဖေ၊ သူ့မောင်ကလည်း သနားသည့်ထင့်။

"လုံမ မရိတ်နဲ့ … သွား သွား။ နင့်အမေနဲ့အတူ ကောက်လှိုင်းစည်း"

"အလို မဖြစ်ပါဘူးတော်၊ တော့်သမီးက နမော်နမဲ့နဲ့။ တော်ကြာ မြွေကိုင်မိနေဦးမယ်။ လုံမ လယ်တဲထဲမှာ ရေနွေးသွားကြို့။ နောက် ဘူးညွန့်ပြုတ်ထား။ စားခါနီးမှ ဘူးညွန့်ဟင်းချိုလေးလည်း ချက်လိုက် … သွား သွား"

မိသားစုများ၏ တယုတယ အချစ်ခံရသည့် သမီးချောလေးပါပဲ။ အားလုံးကတွန်းလွှတ်နေကြသဖြင့် ရွှေပိုးအိမ် နှုတ်ခမ်းလေးစူခါ လယ်တဲဘက်သို့သွားတော့ ကောင်းနေသန့်လည်း နောက်ကလိုက်သွားရသည်။

သူ့မှာ ဆံပင်တွေပါ မီးဟပ်ခံရသဖြင့် ဆံပင်လည်းမရှိ ကွက်တိကွက်ကြား။

"လာ အစ်ကို"

လယ်တဲမှာ တစ်ခြမ်းက ဝါးကြမ်းခင်းထားပြီး တစ်ခြမ်းက မြေပေါ်မှာ မီးဖိုနှင့်။

"အစ်ကိုက တဲပေါ်မှာထိုင်၊ ရေနွေးကြမ်းသောက်ယုန်



www.burmeseclassic.com

www.burmeseclassic.com



သားကောင်ရှိတယ်။ မနေ့က အောင်ကြီးပေးတာ။ ပိုးအိမ် ချက်လိုက် ဖြုတ်လိုက်ဦးမယ်''

''အဲဒီကောင်က နင့်ကိုပိုးနေတာ မဟုတ်လား။ ကိုယ့်ကို ပိုးကြေး ပန်းကြေးပေးတဲ့ယုန်ကိုများ နင်မှီယူတယ်''

''ခြော် ... အစ်ကိုကလည်း ဟိုက အတင်းပေးနေတာ မယူရင် အားနာစရာကြီး''

''ဆေးတံတိုကဗျာထဲကလို မယူလိုက်တော့မိုက်တယ် ထင်၊ ယူလိုက်ပြန်တော့ ကြိုက်တယ်ထင် ဖြစ်နေဦးမယ်နော်''

''အဆင့်ချင်းမှမတူတာ အစ်ကိုရယ် ... ဖြစ်စရာလား''

''နင်တို့တွေလည်း အဆင့်ခွဲသလား''

''သူက လေးတန်းပဲအောင်တယ်လေ။ ပိုးအိမ်ကတော့ ဘွဲ့ရပြီးသား။ ရှေ့ကိုလည်း ဆက်ဦးမှာ။ ပညာမတူရင် ရေရှည် မှာ ဘယ်အဆင်ပြေမလဲ''

''ခြော် ... ပညာတူရင် အဆင်ပြေရင် နင် အဲဒီကောင် ကို ပြန်ကြိုက်မယ်ပေါ့။ ဟုတ်လား''

''သဘောပြောတာပါ အစ်ကိုရဲ့။ မကြိုက်ပါဘူး။ ပိုးအိမ် ရင်ထဲမှာ ကွက်လပ်မရှိပါဘူး''

''ဘာလဲ ... ဘာပြောတာလဲ''





ရွှေပိုးအိမ် မီးမွှေး ရေနွေးအိုးကျိုနေစဉ် ကောင်းနေသန့် တဲကြမ်းခင်းပေါ်မှ ခြေချထိုင်ပြီး သေးထိုင်ဘုပြောနေတာပါ။

''ခြော် ... ပိုးအိမ်မှာ ချစ်ရမယ့်သူရှိတယ်လို့ ပြောတာ ပါ''

''ဘယ်သူလဲ ငါလား''

တကယ်တော့ အစ်ကို့မှာ ရတီဆိုသည့်ချစ်သူ ရှိပြီးသား မို့ ရွှေပိုးအိမ်ကလည်း ရည်းစားရှိသည့်အချိုး လုပ်ပြလိုက်တာပါ။ ဒါကို လူလည်ကြီးက သိပြီးသား။ အမွေးမြင်ကတည်းက အပင် သိပြီးသား။

''တော်ပြီ ... အစ်ကိုရယ်၊ အရည်မရ အဖတ်မရတွေ လျှောက်မပြောနဲ့တော့။ ပိုးအိမ် ချက်ပြုတ်နေတာသာ ထိုင်ကြည့်။ အဲဒီယုန်သားလည်း စားချင်စား။ မစားချင်နေ''

''စားမှာပေါ့။ ဒါထက် အစ်ကို့ရုပ်က ချောခဲ့တယ်ဆိုတာ ပိုးအိမ် ယုံမလားဟင်''

''ယုံပါတယ်၊ အစ်ကို ချောခဲ့မှာပါ။ အစ်ကို့ရှေ့ရေးရော ဘယ်လိုစဉ်းစားလဲဟင်''

''အိမ်ပြန်ချင်တယ်။ ဒါပေမဲ့ ... အစ်ကို့ပုံစံနဲ့ ဘယ်သူ့ ယုံမှာမဟုတ်ဘူး။ သူတို့ကလည်း ကားမှောက်လို့ အကုန်သေကုန်



www.burmeseclassic.com

www.burmeseclassic.com



ဦးထင်မှာ"

"အစ်ကိုရယ် စပ်မရောက်ခင် မြားကုန်မနေစမ်းပါနဲ့။ အခြေအနေပဲ သွားကြည့်ပါဦး"

"အင်း ... အဖြစ်တွေဆိုးလိုက်တာ ပိုးအိမ်ရယ်။ အစ်ကို့ ဘဝက အငိုလွယ် အရှိုက်ခက်ပဲ"

"ကဲပါ ... စိတ်ပျက်စရာတွေ လျှောက်မတွေးနဲ့တော့။ အစ်ကိုကျန်းမာအောင်၊ ကြည့်ပျော်ရှုပျော်ဖြစ်အောင် အရင် ကြိုးပမ်းကြတာပေါ့။ ညနေကျရင် အစ်ကို့ကို ပိုးအိမ် ရေကူးသင်ပေးမယ်။ အဖေကလည်း ညကစပြီး အစ်ကို့ကို အကြောပြင်မယ်၊ နှိပ်မယ်တဲ့"

"ပိုးအိမ်တို့ကျေးဇူးကို အစ်ကို ဘယ်လိုဆပ်ရမှန်းတောင် မသိတော့ပါဘူးကွယ်"

"မသိလည်း ဆပ်မနေပါနဲ့ အစ်ကိုရယ် ... အဟား"

သူ့ကိုပြန်နှောက်သည့် ကောင်မလေးအား ထိပ်တုရင်းလောလောဆယ်တော့ ဘဝကို နှစ်သက်နေမိသည်။





ညနေမိုးချုပ်ခါနီးမှ သူတို့ရေချိုးဆင်းရသည်။ ဒါတောင် လူကြီးတွေက ခုထိ ရေမချိုးနိုင်သေး။ ရွှေထူးခမျာလည်း နွားစာကျွေး၊ ဝက်စာကျွေး။

"လာ အစ်ကို ... ပိုးအိမ် ရေကူးသင်ပေးမယ်"

ပိုးအိမ်ဟာ အလည်မလေးပါ။ ရေထဲသို့ ရင်ရှားနှင့် မဆင်း၊ ဝတ်စုံပြည့်နှင့် ဆင်းသည်။ တစ်နေ့လုံးဝတ်ထားသည့် ရှပ်လက်ရှည်အကွက်နှင့် ချည်သားလုံချည်။

သို့သော် ရေစိုသွားတော့ သူမ၏ရှိုက်ကြီးဖိုင်ယ်တွေက မမြင်ဝံ့၊ မရှုဝံ့စရာ။

"အစ်ကို ဒီမှာကြည့် ... လက်ကို ဒီလိုထား။ ခြေထောက်ကို ဒီလိုခပ်"

"နှင့်တုန်းကရော အဖေ ဘယ်လိုသင်လဲ"

"အောင်မယ် ... သူများအဖေကို အဖေလို့ လိုက်မခေါ်ပါနဲ့နော်၊ အဘလို့ခေါ်"

"အရေးထဲ တိုလိုက်၊ ထွာလိုက်တာကွာ။ ပြောပါဦး။ အဖေက ပိုးအိမ်ကို ဘယ်လိုရေကူးသင်သလဲ"

"အဖေ့ကိုယ်လုံးကြီးကိုကိုင်ပြီး ပိုးအိမ်က ခြေထောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အရှင် တဘုတ်ဘုတ်ခတ်တာပေါ့။ နောက် အဖေက ပိုးအိမ်ခါးကို ကိုင်ပေးထားပြီး လက်ကိုယက်ခိုင်းတယ်"

"အင်းလေ ... အခုလည်း ကိုယ့်ကို အဲလိုသင်ပေးလေ"

"အံမယ် ... အစ်ကို့ဗလကြီးနဲ့ ပိုးအိမ်မနိုင်ပါဘူး။ အဖေ သင်ပေးတုန်းက ပိုးအိမ် ငယ်ငယ်လေးရယ်"

"ဟာကွာ ... မင်း ဖိုးကိုနိုင်ပါတယ်။ လှည်းပေါ်တောင် ချီတင်ပေးနိုင်တာပဲ"

"အစ်ကို တော်တော်ဆိုးတယ်ဗျာ"

"နေလေ ... ဒါဆိုလည်း အစ်ကို ဒီလိုပဲ တစ်သက်လုံး မျောက်ကြီးလို ကုန်းကုန်းကွကွနဲ့ ပိုးအိမ်တို့လုပ်ကျွေးတာ တစ်သက်လုံး ထိုင်စားမယ်"

ကလေးဆိုးကြီးလို သူဆိုးနေတော့ ရွှေပိုးအိမ် ခေါင်းကုတ်ရသည်။ မထူးပါဘူးလေ၊ တစ်တက်စားလည်းကြက်သွန် နှစ်တက်စားလည်း ကြက်သွန်၊ ပို့မယ်ဆို ကူးတို့ရောက်အောင် ပို့တော့မယ်။

"ဒါဆိုလည်း ပိုးအိမ်ရဲ့ခါးကိုကိုင်၊ ခြေထောက်ကို တဘုတ်ဘုတ်ခတ်"





ကောင်မလေးက ရေ ရင်ဆို့လောက်ထိ ဆင်းပေးပြီး ရပ်နေတော့ သူ ကောင်မလေးရဲ့ ပခုံးကိုကိုင်ပြီး ခြေထောက်နှင့် တဘုတ်ဘုတ်ခတ်ရသည်။

တကယ်တော့ သူ ပိုးအိမ်ကိုချစ်လို့ စနေတာပါ။ သူ တက္ကသိုလ်ရေကူးအသင်းဝင်ပါ။ ရေကူးတတ်ပါသည်။

ချစ်စရာကောင်မလေးရဲ့ သဘောဖြူ အူစင်းမှု၊ အနွံအတာခံနိုင်မှုလေးတွေကို မှတ်ကျောက်တင်ချင်လို့ပါ။

သူမဟာ သူ့ရဲ့စိန်ပွင့်လေး။ မာကျောဆင့်က မြင့်မားလှသည်။

တစ်နာရီလောက်ထိ သူ တဘုတ်ဘုတ်ခတ်နေတော့ ရေထဲမှာ တောင့်ခံပေးထားသည့် ရွှေပိုးအိမ်လေးဟာ တကယ့်ကို သနားစရာ။

"မတတ်သေးဘူးလား အစ်ကိုရယ်၊ ရေလေးကူးတာများ တစ်လလောက်များ သင်နေဦးမှာလား။ အစ်ကိုလည်း ရေကူး တတ်ရော ပိုးအိမ်လည်း နမိုးနီးယားဝင်ရော"

"ဘာလဲ ... စိတ်မရှည်ဘူးလား။ ဒါဆိုလည်းနေ"

သူကပဲ တစ်ပြန်စီး ရေပေါ်သို့ ကမ်းပေါ်သို့ တက်သွားလျှင် ပိုးအိမ်ရဲ့ တောင်းပန်သံလေးက တစာစာ။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို လာ ...ပိုးအိမ် မပြောတော့ဘူးနော်။ ရေအရင်ချိုးဦးလေ"

သည်တော့မှ သူ ရေပြန်ချိုးပြီး ကုန်းပေါ်သို့တက်ခဲ့သည်။

ကောက်ညှင်းကမစေး ဆန်ကြမ်းကစေး ဆိုသလိုပဲ သူ ကောင်မလေးကို တစ်ညနေလုံးမခေါ်။ သက်သက်ဆိုးတာလေ။

မဟောသဓာကြီး အမရာဒေဝီကို အလိုမ်းတာမျိုးလေ။

သို့သော် သူမှာ ယွန်းရတီမိုးဆိုသည့် ချစ်သူ တစ်ယောက်ကလည်း ရှိနေလေရာ ငါးရံ့နှစ်ကောင်ကြား ဗျာများရဦးမည့်ဘဝ။

✿ ✿ ✿

# အခန်း (၆)

ညကျတော့ အိမ်ကလေးထဲမှာ လူစုံတက်စုံ။ ရွှေပိုးအိမ်နှင့် ရွှေထူးက တီဗီသေးသေးလေးရှေ့မှာ။ အဖေက ရေနွေးကြမ်းသောက်။ အမေက မျက်မှန်ကြီးတစ်လက်နဲ့ အစုတ်အပြဲချုပ်။

"လာဟေ့ လူလေး။ အဘ ဒီနေ့ကစပြီး အကြောပြင်ပေးမယ်။ ညနေက ရေကူးသင်တာရော တတ်ပြီလား"

"မတတ်သေးဘူး အဘ၊ ပိုးအိမ်က ကောင်းကောင်း မသင်ပေးဘူး"

"ဒီကောင်မလေး သေသေချာချာပြောထားတဲ့ကြားထဲကကာ။ ကဲလာ လူလေး ...မင်းက လေ့ကျင့်ခန်းရော အနိုင်နိုင်ပါ





www.burmeseclassic.com

www.burmeseclassic.com



ကုရမှာ။ တော်ကြာ ကြာသွားရင်း အကြောတွေအပြီးကွေးသွားလိမ့်မယ်"

"ကန်တော့နော် အဘ"

"လာ ...ဒါ ဆေးကုပေးတာပဲကွယ်"

အဘက သူ့ခြေထောက်များကိုဆင်းဆိုင်းပြီး အကြောပြင်ပေးနေလျှင် ရွှေပိုးအိမ်ကလည်း လက်တစ်ဖက်ကို အကြောဖြောင့်ပေးနေလေ၏။

"ဟ ...ငါ့ကို ပိုးအိမ် အမဲဖျက်နေတာလား"

သူ ပိုးအိမ်ကို ခပ်တည်တည်နှင့် စနေတာ။ ပိုးအိမ်ကလည်းမခေ။

"အစ်ကို မြန်မြန်နေကောင်းအောင် လုပ်ပေးနေတာလေ။ ရတီ့ကို လွမ်းလှပြီ မဟုတ်လား"

"ဘာ"

ရတီတဲ့။ သူမ ဘယ်လိုသိတာလဲ။ ကောင်းနေသန့်အသွင်က အံ့အားတသင့်။

"ဘယ်ကရတီလဲ"

"အစ်ကို့ရင်ဘတ်ထဲကရတီပေါ့"

"အပိုတွေ၊ ငါလည်း တစ်ခါမှ မပြောဖူးဘဲနဲ့"





လူကြီးများရှေ့မှာမို့ ရွှေပိုးအိမ် သူ့ကို ဘာမှမပြောတော့ပါ။ လက်ကိုသာ လက်မောင်းရင်းမှစပြီး နှိပ်ပေးနေခဲ့သည်။ တစ်နာရီလောက်နှိပ်ပြီး အဘက သူ့ကိုအကြံပေးခဲ့သည်။

"လူလေး လမ်းလျှောက်တာလည်း လေ့ကျင့်ခန်းပဲ။ နေ့ဘက်မှာ မင်း လူတွေရှေ့ မလျှောက်ချင်ဘူး မဟုတ်လား။ အခုလို ညဦးပိုင်းလေး လမ်းလျှောက်ပါလား။ ရွှေထူးနဲ့အတူ"

"မလုပ်ပါနဲ့ အဘရယ်။ တော်ကြာ ကျွန်တော့်ကို ရွာထဲက လန့်နေကြပါဦးမယ်"

"အဲဒီလိုသာတွေးနေရင် လူလေး ဘယ်နှလန်ပြန်ထူနိုင်တော့မလဲ။ မင်း ကိုယ့်မြို့ပြန်ချင်တယ်မဟုတ်လား။ ကြိုးစားပါ၊ ခုလို နှင်းတွေ တောထဲမှာ လမ်းလျှောက်ပေးတာလည်း အကြောအခြင်တွေ ဖြောင့်တာပဲ"

"ဒါဆိုလည်း လျှောက်မယ်၊ ပိုးအိမ်ပါလိုက်ခဲ့နော်"

"အဘကလည်း ညဘက်ကြီး ကြောက်တယ်။ သရဲကြောက်တယ်"

"ပိုးအိမ်ရယ် ...သရဲကတောင် ငါ့ကို ပြန်ကြောက်ရမှာပါ၊ လာ ပို့မယ်လို့ ကူးတို့ရောက်အောင်ပို့။ နို့မို့ရင် နှစ်တို့မောင်နှမငါ့ကို တစ်သက်လုံး လုပ်ကျွေးနေရမှာနော်"



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ခေါင်းမှဦးထုပ်လေးတစ်လုံးစီ ဆောင်းပြီး သူတို့ (၃) ယောက် လမ်းလည်း လျှောက်ခဲ့ကြပါသည်။

❁

''စိန်ပြေးတမ်းကစားကြမယ်လေ အစ်ကို။ သွေးပူပြီး အစ်ကို ပိုပြီး အကြောတွေဆန့်သွားအောင်''

ရွှေထူးက အဆိုတင်သွင်းတော့ ကောင်းနေသန့် ထောက်ခံသည်။

''အေး ကောင်းတယ် ...ပိုးအိမ်လိုက်။ ငါတို့နှစ်ယောက်က ပြေးမယ်''

''အံမယ် ...နှစ်ယောက်ကြီးလိုက်ရတော့ မောတာပေါ့။ ရွာထဲဆို ခွေးတွေဟောင်မယ်။ ရွာပြင်ဘက်ပြေးကြမယ်''

''အေး ...ကောင်းတယ်၊ ဒီနေ့မှ လာကလည်း မဆိုးဘူး။ နှင်းပါးပါးနဲ့လရောင်ထူထူ''

''တော်စမ်းပါ ရွှေထူးရယ်။ အရေးထဲ ကဗျာတွေဆန်မနေစမ်းပါနဲ့။ ကဲ ...နင်လိုက် ငါတို့ပြေးမယ်''





''အံမယ် ...ငါလိုက်တော့ နင်တို့ သေပြေး ရှင်ပြေး ပြေးနေရမှာပေါ့။ နင်လိုက်တာ အကောင်းဆုံးပဲ စိန်''

ရွှေထူးက ရှေ့မှပြေးပြီး ကောင်းနေသန့်လည်း နောက်မှ ပြေးရသည်။ ရွှေပိုးအိမ် နောက်မှလိုက်ဖမ်းရသည်။

ရွာနှစ်ရွာဆက်ထားသည့် ကျောက်ချောလမ်းပေါ်မှာ လရောင်နှင့် နှင်းမွှဲမွှဲက ပထာရနေသလို။ သူတို့သုံးယောက် ရှေ့နောက်ပြေးနေသည်ကလည်း ရယ်စရာ။

ရွှေထူးကာ သူ သန်စွမ်းတိုင်း ရှေ့မှနင်းပြေးနေသလို ကောင်းနေသန့်ကတော့ အလယ်မှ ကွတ ကွတ။ ရွှေပိုးအိမ်က နောက်ဆုံးမှပြေးလိုက်ရသည်။

ပြေးရင်း ပြေးရင်းမှ သူ့အခြေအနေဟာ တိုးတက်လာကြောင်း သတိထားလိုက်မိ၏။

ရေကူးလိုက်၊ အကြောဖွင့်ပေးလိုက်၊ ပြေးလိုက်နှင့် သူ အမြန်ဆုံးကောင်းလာချင်တာ အိမ်ပြန်ချင်လို့ပဲ ဖြစ်ပါသည်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ရွှေပိုးအိမ်တို့အိမ်မှာ (၂) လ၊ ဆေးရုံမှာ (၁) လ။ ပေါင်း (၃) လကြာသည့်အခါမှာတော့ သူ့အသွင်က အရင်လောက် မဆိုးတော့။

ခြေတွေ၊ လက်တွေ ပြန်ဆန့်သွားပြီး ဆံပင်တွေလည်း ပြန်ပေါက်လာခဲ့ပြီ။ မျက်ခုံးမွေးလည်း ပြန်ရှိလာခဲ့ပြီ။

မီးလောင်ထားလို့ မျက်နှာမှာ အမာရွတ်တွေတော့ ကျန်မြဲ။ လက်တွေ၊ ခြေတွေမှာလည်း ခရုသင်းစွဲသလို။

အဘဦးမျိုးခင်ကတော့ တောဆေးမြစ်၊ ဆေးရွက်တွေနှင့် သူ့ကိုကုသည်၊ လိမ်းသည်။ နောက်ဆုံး ခြေလက်တွေက





ဒီလောက်အရုပ်မဆိုးတော့။

ရုပ်ပျက်နေတာ မျက်နှာပါပဲ။ ဒါလည်း နိုင်ငံခြားသွားပြီး ပလတ်စတစ်ဆာဂျရီလုပ်လို့ရှိလျှင် ရလောက်မည်။

(၃) လကြီးတောင်ကြာခဲ့ပြီမို့ သူ အိမ်ပြန်ဖို့စဉ်းစားရပြီ။ ရှေ့ဆက်ကုဖို့ဆိုတာကိုက ငွေရေး ကြေးရေးရော အဆက်အသွယ်တွေပါလိုသည်။

သူ့စိတ်က အိမ်မှာလေ။

အိမ်ပြန်ရမည်ဆိုတော့လည်း ခင်မင်စွာနေလာခဲ့သည့် ရွှေပိုးအိမ်တို့မိသားစုကို သူ မခွဲချင်သလို။ သို့သော် ဖြစ်ချင်တာထက် ဖြစ်သင့်တာကို ဦးစားပေးရမည် မဟုတ်ပါလား။ ကောင်းနေသန့် ပြန်မည်ဆိုတော့ မိသားစုအားလုံး စိတ်မကောင်းဖြစ်ရသည်။ အထူးသဖြင့် ရွှေပိုးအိမ်။

သူ့ရဲ့ကိုရုပ်ဆိုးဟာ သူမရဲ့နှလုံးသားထဲမှာ ဘယ်အချိန်ကများ စူးနစ်ထိုးဖောက် ဝင်ရောက်ခဲ့ပါလိမ့်။ တုန်လှုပ်နေသည့်ရင်ကို ထိန်းချုပ်ရင်း ထိုညက သူမ စောစောအိပ်ရာဝင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ကျတော့ ကောင်းနေသန့်ကို ကားလမ်းမ ရှိရာသို့ ရွှေပိုးအိမ် လှည်းနှင့်လိုက်ပို့သည်။ အိမ်မှလူတွေ မအားလပ်ကြလို့ သူမတစ်ယောက်တည်း ပို့ပေးရမည်။

ကားလမ်းနှင့် သူမတို့ရွာဟာ (၄) မိုင်လောက်တော့ ဝေးတာပဲ။

မနက်က သူ အဘနှင့်အမေကို ဦးချပြီး သူ့လက်စွပ်ကို ကန်တော့ပေမယ့် သူတို့မယူကြပါ။

"လူလေးဟာ ကောင်းနေသန့်ဖြစ်ကြောင်း ဒီလက်စွပ်နဲ့ သက်သေပြရမှာလေ။ လူလေးရုပ်က ပြောင်းနေပြီမဟုတ်လား။ အဘတို့ ဘာမှ မမျှော်လင့်ပါဘူးကွယ်။ တစ်ချိန် ပြန်တွေ့ကြရင် သာ နှုတ်ဆက်ဖို့ မမေ့ပါနဲ့"

"အဘရယ် ... ကျွန်တော် လူပါ။ လူစိတ်ရှိပါတယ်။ ကိုယ့်အသက်သခင်ကျေးဇူးရှင်တွေကို မမေ့ပါဘူး။ ကျွန်တော် ပြန်လာခဲ့မှာပါ။ လောလောဆည်တော့ အခြေအနေတွေက ဘယ် လိုမှန်းမသိလို့ အဘတို့ကို မခေါ်တာပါ"

"အေးပါ ... အဘတို့ ဘယ်လိုမှ သဘောမထားပါဘူး။ လူကလေးအဆင်ပြေပါစေလို့ အဘတို့ ဆုတောင်းပေးပါတယ်





ကွယ်။ ပိုးအိမ်ရော ပိုးအိမ်၊ လူလေးကို လှည်းနဲ့လိုက်ပို့လိုက်။ ရွှေထူးက ပဲခင်းဆေးဖြန်း"

အဘစကားအတိုင်းပဲ ရွှေပိုးအိမ် သူ့ကို ကားလမ်းအထိ လှည်းနှင့်လိုက်ပို့ခဲ့ပါသည်။

မိုးမလင်းတလင်းမို့ ဝေလီဝေလင်းအချိန်။ ကောင်မလေးထံမှ ဘာစကားတစ်ခွန်းမှ မထွက်။ ပြန်ရမယ့်သူကရော ရင်ဘတ်ကြီးတစ်ခုလုံး လက်ကြမ်းကြီးနှင့် ဆုပ်ညှစ်ခံနေရသလို။

ဒီကောင်မလေးကိုပဲ သူ ပါးမို့မို့လေးဖျစ်လိုက်၊ ခေါင်းပုတ်လိုက်၊ ပခုံးရိုက်လိုက်။

သူ ဆိတ်ကလေးကို ကျီစားမိခဲ့သည်။ ဆီမထည့်ထားလို့ တအီအီ အသံထွက်နေသည့် လှည်းသံကပဲ ကောင်မလေးရဲ့ ကိုယ်စား။

(၄) မိုင်လောက်ခရီးဟာ သုသာန်တစပြင်ကို ကျော်ဖြတ်နေရသည့်နှယ်။

သည့်ခရီးခဲဟာ သူတို့အတွက် မီးလောင်ပြင်။ ကျောက်ကန္တာရပါပဲ။ နှစ်ယောက်လုံး ဘာစကားတစ်ခွန်းမှ မပြောနိုင်ကြ။

ဟော ရှေ့မှာ ကားလမ်းကို လှမ်းမြင်နေရပြီ။ ရန်ကုန်ဘက်သို့သွားမည့် ကားတစ်စီးစီးကို၊ တားစီးရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သည့်ကားလမ်းဟာ သူတို့ (၂) ယောက်အတွက် နယ်ခြားမှတ်တိုင်။ စည်းသားထားသည့်မျဉ်းပါပဲ။

ကောင်မလေးကို သူ ဘာတွေပြောရမှာလဲ။ ဘယ်လို နှုတ်ဆက်ရမှာလဲ။ ရင်ထဲမှာ ခံစားမှုတွေ ဘောင်ဘင်ခတ်နေပေမယ့် သူ ချုပ်ထိန်းနေမိသည်။ ခံစားမှုတွေ ပေါက်ကွဲလို့မဖြစ်။

ယွန်းရတီမိုး ရှိသေးသည်။

ကားလမ်းနှင့် အနီးဆုံးသို့ရောက်တော့ ရွှေပိုးအိမ် လှည်းကိုကြိုးတောင့်ပြီးရပ်ပေးလိုက်သည်။ ယခုထိ ဘာစကားမျှ မဆိုနိုင်သည့်ကောင်မလေးဟာ ကျောက်ရုပ်။

ပတ်ဝန်းကျင်တစ်ခုလုံး တစပြင်သချိုင်းသဖွယ် ကျက်သရေကင်းမဲ့လျက်။

သူမှာ ဘာအထုပ်အပိုးမှ မပါ။ ပြောရလျှင် ဝတ်ထားသည့် အဝတ်အစားတောင် မီးလောင်ခဲ့သည့်သူပါ။ သည်တော့ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့်ပါပဲ။

သူ လှည်းပေါ်မှ ခုန်ဆင်းလိုက်ပြီး ခေါင်းငုံ့နေသည့် ရွှေပိုးအိမ်အနားသို့ သွားလိုက်သည်။

"ငါနှုတ်ဆက်ပါတယ် ပိုးအိမ်။ ငါတို့တွေ ပြန်ဆုံကြမယ်နော်"





သူမက ခေါင်းပိုင့်သွားသဖြင့် သူ ကောင်မလေး၏ မျက်နှာကို ဆွဲမော့ကြည့်လိုက်သည်။

မျက်ရည်တွေ။

တသွင်သွင် အဆီးအတားမဲ့စီးကျနေသည့် မျက်ရည်များ။

မြစ်တစ်စင်း အရည်ပျော်ကျနေသလို။

"ကျွန်မ သွားပြီ"

ခပ်အက်အက်အသံနှင့် နှုတ်ဆက်ပြီး သူမလှည်းကို ခုန်းရိုက်မောင်းသွားတော့ သူ ရှေ့သို့ ဆက်မသွားတော့ဘဲ သူမ၏ လှည်းနောက်သို့ ပြေးလိုက်ချင်စိတ်က အဆီးအတားမဲ့။

သူ ကိုယ့်စိတ်ကိုယ်တင်းရင်း ရန်ကုန်သွားသည့် လိုင်းကားနှင့်လိုက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ကောင်းနေသန့်၏အသွင်က အရင်နှင့် လုံးဝမတူ။ အသားအရည်၊ အရပ်အမောင်း၊ ရုပ်ရည်သွင်ပြင်၊ အဝတ်အစားကအစ အရင်လို မင်းသားရှုံးသည့်အဆင် မဟုတ်တော့။

ကောင်းနေသန့် ဝင်ဒါမီယာထိအောင် တက္ကစီနှင့်ရောက်လာခဲ့ပြီး ကိုယ့်လမ်းထိပ်မှာဆင်းခဲ့သည်။ လမ်းထဲမှလူတွေကို သူသိပေမယ့် သူ့ကို မည်သူမျှ မသိကြတော့။

ခြောက် ငါးပုံစံက မသေဘဲ နှစ်ဘဝပြောင်းသွားခဲ့ပြီကို။

သူ ကိုယ့်အိမ်ရှေ့ရောက်တော့ ချက်ချင်းဘဲလ်မနှိပ်သေးဘဲ ခြံရှေ့မှ အိမ်ထဲသို့ ငေးနေမိသည်။





မိသားစုတွေ ပျော်ပျော်ရွှင်ရွှင်နေခဲ့ရသည့် စံအိမ်ကြီး။ နှစ်ထပ်တိုက်လှလှခန့်ခန့်က ခြံဝင်းကျယ်ထဲမှာ ပဏာရလှသည်။

သူ့မျက်လုံးထဲမှာ ဖေဖေနှင့်မေမေ၊ နောက် သူတို့ မောင်နှမတွေ အတူပျော်ရွှင်ခဲ့သည့်ပုံရိပ်တွေက အတိတ်တစ္ဆေတွေနှယ်။ သူ့မျက်လုံးထဲမှာ အရိပ်တွေ။

နောက် ဖောင်းခနဲအသံနှင့်အတူ ကားမြောက်ခနဲ လွင့်သွားတာ၊ ဝင်းခနဲ မီးတွေပေါ်လာခဲ့တာ။

တကယ့်အိပ်မက်ခါးပါပဲ။ ခုတော့ သူတစ်ယောက်တည်း မသေမပျောက် ပြန်လာခဲ့ပြီ။ အိမ်ထဲမှာ သူ့အန်တီလေး ဒေါ်လင်းနွေနှင့် ညီမလေး သည်းဝေလျှံရှိမည်။

သူ မျက်ရည်တွေ စို့စွတ်လာခဲ့သည်။ မိသားစု အသိုက်အမြုံတစ်ခုလုံး ဖရိုဖရဲသေဆုံးသွားခဲ့ရသည့် သူ့ဘဝဟာ တကယ့်ပဋာစာရီလို။ ရွှေပိုးအိမ်တို့ရဲ့ မေတ္တာအိုအေစစ်လေးမှာ နားခိုခဲ့ရလို့သာ သူ့ဘဝ သာယာရခဲ့တာ။

ယခုရော အန်တီလေးနှင့် ညီမလေးဟာ သူ့ကိုတွေ့လျှင် မည်သို့ဖြစ်ကြမည်လဲ။ ဝမ်းသာမှာလား၊ ဝမ်းနည်းမှာလား၊ လက်သင့်ရော ခံနိုင်ကြပါ့မလား။

စာမေးပွဲဖြေသလို ဖြေကြည့်ရမည့်အဖြစ်။ သည်စဉ်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲမှ ယွန်းရတီမိုး လှလှကြော့ကြော့လေး ထွက်လာခဲ့လျှင် အံ့ဩလွန်းလို့ နှလုံးသားပင် ခုန်ထွက်တော့မတတ်။

ယွန်းရတီမိုးက ဒီကို ဘာလာလုပ်တာလဲ။ သူနှင့်ရတီ ကြုံကြိုက်နေတာ ဘယ်သူမှလည်း သိတာမဟုတ်။ သူပုံကြည့်ရတာ အိမ်လည်လာသည့်ပုံလည်းမဟုတ်။ ဒီမှာကိုနေသည့်ပုံစံ။

သူ ပဟေဠိတွေဖြစ်နေဆဲ။ နောက်ထပ်အိမ်ထဲမှ လူ နှစ်ယောက်ထပ်ထွက်လာလျှင် ကောင်းနေသန့် ဘိုင်းခနဲလဲသေ ချင်စိတ်ပင် ပေါက်သွား၏။

ဦးလေး သူတို့နှင့်အတူ ကားမှောက်မီးလောင်ရာတွင် အတူပါခဲ့သည့် ဦးလေး သူရအောင်။ သူ့ဘေးနားမှ အမျိုးသမီး ၏ရုပ်က ယွန်းရတီနှင့်ဆင်သဖြင့် ဒါဟာ ယွန်းရတီ၏အမေ (သို့မဟုတ်) အစ်မ ဖြစ်မည်။

ဘာတွေလဲ။ ဘာတွေဖြစ်ကုန်ကြတာလဲ။ ကမ္ဘာမြေကြီး အိုးထိန်းစက်သို့ ချာချာလည်ဆိုတာ ကိုယ်တိုင်ကြုံဖူးလိုက်ပြီ။

သူ့ဦးနှောက်တွေ အငွေ့ပျံသွားပြီး လူက ယခုချက်ချင်း ပင် မီးလောင်ခံရသလို ထပ်ခံစားလိုက်ရသဖြင့် အိမ်ထဲသို့မဝင် တော့ဘဲ သူ အခြေအနေတွေကို စောင့်ကြည့်လေ့လာဖို့ ဆုံးဖြတ် ရသည်။





လျှို့ဝှက်ချက်တစ်ခုခုတော့ ရှိပြီ။

ကောက်ကျစ်စဉ်းလဲမှုတစ်ခုခုတော့ ရှိပြီ။ သေချာပါ သည်။ သူတို့မိသားစု သေပေမယ့် ဦးလေးသူရအောင် မသေ။

မသေသည့်အပြင် သူ့ပုံစံက ခလုတ်မထိ ဆူးမငြိ။ အသက်လေးဆယ်အရွယ် လူတစ်ယောက်၏တောက်ပသော အသားရေနှင့် စိတ်တိုင်းကျ ဆန့်ပြည့်သဖြင့် ဝင့်ဝါမော်ကြွားနေပုံက ပတ်ဝန်းကျင်ကိုပင် အရောင်ဟပ်လို့။

ကောင်းနေသန့် ကိုယ့်အိမ်ရှေ့မှ ပြန်ဆုတ်ခဲ့ပြီး လမ်းထိပ် ရှိ တီးရှော့တစ်ခုမှာ ဝင်ထိုင်လိုက်သည်။

လူတွေအချို့က သူ့ကို ကွက်ကြည့် ကွက်ကြည့်။ ဘယ် သူမှလည်း မှတ်မိပုံမရ။

သူ လက်ဖက်ရည်တစ်ခွက်ကို စိမ်ပြေနပြေသောက်ရင်း ကိုယ့်လောင်မြိုက်မှုတွေကို ငြိမ်းသက်နေရစဉ် –

တီးရှော့ရှေ့မှ သူတို့အိမ်ကကား ဖြည်းဖြည်းချင်း ဖြတ် သွား၏။ ကားမောင်းသူက ဦးလေးသူရအောင်။ သူ့ဘေးတစ်ဖက် တစ်ချက်စီမှာ ယွန်းရတီနှင့် သူ့အမေ (သို့မဟုတ်) အစ်မ။

ဆိုင်ထဲမှ ကာလသားအချို့၏စကားတင်းဆိုသံက ခွင် ခနဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလူကတော့ အကြံပိုင်တယ်ကွာ။ အစ်ကိုနဲ့မရီးကို မိသားစုလိုက် ရှင်းထုတ်လိုက်ပြီး အိမ်ပေါ် အခန့်သားတက်၊ စီးပွားရေးလက်ဝါးကြီးအုပ်လိုက်တာ တကယ့်ကျားတစ်ကောင်ပဲ"

"စောစောက သူနဲ့တွဲသွားတဲ့ နှစ်ယောက်ကရော ဘာတွေလဲဗျ။ လန်းလှချည်လား။ ကြီးကြီးကလည်း အလန်းဖယားကြီး၊ အငယ်မလေးကလည်း လန်းလွန်းလို့ ခက်တောင်နေတယ်"

"သွားမလုပ်နဲ့ မောင်ရင်ရေ။ အကြီးက ဒီလူရဲ့မိန်းမ၊ အငယ်က မယားပါသမီး။ ပုံကြည့်ရတာ နှစ်ယောက်လုံးကို ဆွဲစားနေတယ် ထင်ပါတယ်"

"ဟား ...ပဂေးကြီးပါလား။ ကြောက်စရာကြီး"

"ဟား ဟား ဟား ...ကြောက်ရမယ်လေ၊ ကြောက်ရမယ်"

ကောင်းနေသန့်ဇါနားထဲမှာ လှောင်ရယ်သံတွေ။ တစ်ကမ္ဘာလုံး သူ့ကိုလှောင်နေကြပြီပေါ့။

ကြည့်စမ်း ပိရိလိုက်တာ။ ယွန်းရတီဟာ ဦးလေးရဲ့ မယားပါသမီးဆိုပါလား။

ဒါဖြင့် ဘာတွေကိုဘယ်လိုလုပ်ကြံလိုက်ကြတာလဲ။ ဘာ





လုပ်ကြတာလဲ။ သူတစ်ကိုယ်လုံး ဒုတိယမို့ လုပ်ကြံခံရတာလား။

နေစမ်းပါဦး။ လျှပ်စီးလက်သလို ဖြစ်သွားတဲ့ အက်ဆီးဒင့်ကြီးက လုပ်ကြံမှုကြီးပေါ့။ သူကရော ဘယ်အချိန် ခုန်ချကျန်ခဲ့တာလဲ။

ပုံစံကြည့်ရတာ ဘာဒဏ်ရာမှမရှိ၊ စင်းလုံးချော။

"တောက်"

သူ့ရင်ထဲမှာ သောက၊ ဗျာပါဒတွေ ဒီတစ်သက် ဒီဘဝ ငြိမ်းနိုင်ပါဦးမလား။

"ဦးလေး ခင်ဗျားကို ဒီတစ်သက်မဟုတ်ဘူး၊ ဆယ်သက်မကျေဘူး"

သူ့ကို ဘယ်လိုတုံ့ပြန်ရမလဲ။ မိုက်ရိုင်းချက်ကတော့ ကမ်းကုန်သည်။

သူ့အစ်ကိုအရင်းခေါက်ခေါက်ဖြစ်သည့် ဖေဖေ့ကို မိသားစုလိုက် ချေမှုန်းတိုက်ခိုက်ခဲ့သည့်ပြစ်မှုကြီး။

ဦးလေးကို သူ မသေမချင်း လည်ပင်းကို ကြိုးကွင်းတပ်ပြီး သေဒဏ်ပေးပစ်လိုက်ချင်၏။

သူတို့ ဒေဝဒတ်တစ်ဖွဲ့လုံး အပြင်ထွက်သွားပြီမို့ အိမ်မှာ အန်တီလေးနှင့် ညီမလေး ကျန်ခဲ့လောက်သည်။ သူ အိမ်ပြန်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး အခြေအနေတွေကို စမ်းသပ်ဖို့ ဆုံးဖြတ်လိုက်သည်။

သူ့မှာ သက်သေခံပစ္စည်းကတော့ ဝတ်နေကျ စိန်လက်စွပ်လေးပါပဲ။ ရှိသည်။

သူ့အသွင်က ဂျင်းဘောင်းဘီအဟောင်း။ အကျီက ရှပ်အနက်ကွက်။ အရင်က ဖြူဝင်းခဲ့သော အသားအရည်တွေ ညစ်ထေးနေပြီး မီးလောင်ဒဏ်ရာတွေက ဟိုတစ်ကွက်၊ သည်တစ်ကွက်။ ဒဏ်ရာတွေပျောက်လည်း အမာရွတ်တွေက ကျန်ပြီ။

ထို့အတူ သူ့နှလုံးသားတစ်ခုလုံး ဒဏ်ရာအမာရွတ်က ကြီးလွန်းလို့။ ခါးလွန်းလို့။ ဘယ်လိုနေရမှန်းပင် မသိ။

သူ့ဦးခေါင်းတစ်ခုလုံး ပူထူလောင်မြိုက်နေလွန်းလို့ ဆပ်ပြာပူပေါင်းတွေလိုများ တဖောက်ဖောက် ပေါက်ကွဲကုန်ပြီလား ထင်ရသည်။

သူ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး မေးရိုးကြီးများ ထန်တင်းအောင် အံကြိတ်ထားမိတာ။ အဖြစ်အပျက်တွေကို ခံပြင်းလွန်းလို့ပါ။

ကြည့်စမ်း –

သူ အမြတ်တနိုးချစ်ခဲ့ရသည့် ယွန်းရတီဟာ မစင်ပုံထဲက လောက်ကောင်။





ဦးလေးရဲ့မယားပါသမီး။ ကာလသားတွေရဲ့မှတ်ချက်အရ ဦးလေးရဲ့တရားမဝင်ဇနီး။

ဘယ်လောက်တောင် ခံပြင်းဖို့ကောင်းလိုက်သလဲ။

ဖေဖေ၊ မေမေနှင့် သူတို့မိသားစုကို ချေမှုန်းဖို့အတွက် ယွန်းရတီဟာ တည်ကြက်တစ်ကောင်။

အဖြစ်သနစ်တွေက ရှုပ်ထွေးလွန်းလို့။ ဘယ်လိုအသက်ရှူရမှန်း အသက်ရှင်ရမှန်းတောင် မသိတော့။

ငါ့မှာတော့ သစ္စာတွေ စောင့်သိ၊ တံ့ခွဲခံပြီး ဖြူလွန်း စင်လွန်းသည့်ပန်းကလေးတစ်ပွင့်၏သံယောဇဉ်၊ သမုဒယ မျက်ရည်တွေကိုတောင် တစ်ချက် နှစ်သိမ့်မပေးနိုင်ခဲ့။

သေသင့်တယ်။ ငါဟာ သေသင့်သူ။

အပုပ်အစပ်နဲ့ပဲတန်တဲ့ကောင်။ အမှိုက်။ သူ့ကိုယ်သူ ကျိန်ဆဲရင်း အိမ်ရှေ့သို့ တစ်ခေါက်ရောက်လာပြန်ပြီး သူ ဘဲလ်နှိပ်လိုက်၏။ အိမ်ထဲမှထွက်လာသူတွေဟာ

အန်တီလေး လင်းနွေနှင့် ညီမလေး သည်းနေလှုံ။ နှစ်ယောက်လုံး ညှိုးနွမ်းနေကြပုံတွေကြောင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ရှိနေကြမှန်း သိသိသာသာ။

ခြံတံခါးနားသို့ ထွက်လာခဲ့ကြပြီး သူ့ကို စူးစမ်းသည့်



www.burmeseclassic.com

www.burmeseclassic.com



အကြည့်များနှင့် ကြည့်ကြ၏။

"ဘယ်သူနဲ့တွေ့ချင်လို့ပါလဲကွယ်"

"ကျွန်တော်"

ကိုယ့်ကိုမယုံလျှင် ဒုက္ခဖြစ်နိုင်သည်မို့ ကောင်းနေသန့် ကိုယ်ဝတ်နေကျ လက်စွပ်လေးကို ပေးပြလိုက်တော့ ဒေါ်လင်းနုနွေနှင့် သည်းဝေလျှံ အသည်းအသန် ဖြစ်သွားကြသည်။

"မင်း ဒီလက်စွပ်ကို ဘယ်ကရတာလဲ။ ငါ့သားလေးဆီက ယူထားပြီး ပြန်ပေးတာလား"

"အမယ်လေး ကိုကို့ကိုယ်စား လက်စွပ်ပဲရောက်လာပါလား"

တူဝရီးနှစ်ယောက် မျက်ရည်တွေနှင့် သောကတွေ ရောက်နေကြလျှင် ကောင်းနေသန့် အသံတွေ ဆွံ့အနေမိသည်။

"ကျွန်တော် ကောင်းနေသန့်ပါ၊ မသေပါဘူး။ မီးလောင်တဲ့ဒဏ်ရာတွေကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေတာပါ" လို့ ပြောရင် ယုံပါ့မလား။

ဦးသူရအောင်ကို သွားသတိရလိုက်ပြန်သဖြင့် အဖြစ်မှန်တွေကို ဖော်ထုတ်ရန်၊ စုံစမ်းရန်အတွက် ဇာတ်မြှုပ်နေဖို့သာ ကောင်းနေသန့် စိတ်ကူးရတော့သည်။





"ကျေးဇူးတင်လိုက်တာ မောင်ရယ်၊ သူ့ သူ့လက်က ချွတ်ယူခဲ့တာလား။ အန်တီတို့လိုက်သွားတော့ ကားထဲမှာ မီးလောင်ပြီး သေနေလိုက်ကြတာ၊ အန်တီ အခုပြောရင် အခု ရင်ထဲမချိပါဘူးကွယ်။ ဪ . . . အစ်ကိုကြီးနဲ့မမ၊ နောက်တူလေး နေနေတို့တွေ ဘယ်ဘဝက ဝဋ်ကြွေးတွေကြောင့်များ ခုလို အဖြစ်ဆိုးတွေနဲ့ ဥပစ္ဆေဒကကံတွေနဲ့ သေရတယ်လို့ကွယ်"

"အန်တီလေးရယ် . . . ဒီဦးလေးကို ငွေ (၃) သိန်းလောက်တော့ ပြန်ပြီးဆုချလိုက်ပါ။ သူ့ခမျာ အဖိုးတန်လက်စွပ်ကြီးကို ပြန်လာပေးရှာတာ"

ကောင်းနေသန့် အမြန်ခုံးစဉ်းစားရသည်။ ဒီလက်စွပ်ဟာ သူ အသက်မသေကြောင်း ဖော်ပြနိုင်သည့် သက်သေခံပစ္စည်း။ အန်တီတို့ကို ပေးခဲ့လို့မဖြစ်။ ဘယ်သူ့မှမရှိတုန်းမို့ သူ အရဲစွန့်ပြီး လျှို့ဝှက်ချက်အဖြစ် စည်းရုံးရသည်။

"အန်တီလေး တံခါးဖွင့်ဦး။ သား ကောင်းနေသန့်အစစ်ပါ။ ဒါ . . . သားလက်စွပ်"

"ဟယ်"

"ဟင်"

သူတို့ သွားကြည့်တုန်းက ကားထဲမှာ မီးကျွမ်းနေသည့်



www.burmeseclassic.com

www.burmeseclassic.com



အလောင်းတွေ၊ ရုပ်ပျက်ဆင်းပျက်တွေ။ သည်ကြားထဲက ဘယ်လိုလုပ်ပြီး အသက်ရှင်နေနိုင်မလဲ။

သိကြားကယ် ဘုရားကယ်မှရမှာပဲ။

ဒေါ်လင်းနုနွေရော သည်းနေလျှံပါ ကောင်းနေသန့်ကို မယုံသင်္ကာ သံသယနှင့် ကြည့်နေကြပေမယ့် ခြံတံခါးကိုတော့ ဖွင့်ပေးလိုက်ကြသည်။

"လာ လာ ... သေသေချာချာ ပြောပါ။ သား ဒီလက်စွပ် ဘယ်လိုရလာတယ်ဆိုတဲ့အကြောင်း"

သူ ခြံထဲသို့ ဝင်လိုက်ပြီး ခြံထောင့်ခရေပင်ရိပ်မှာပင် သူ ကြုံခဲ့သမျှ အဖြစ်အပျက်တွေကို ပြောပြလိုက်သည်။

"သားမောင်းတာပေမယ့် အန္တရာယ်ကွေ့မှာ ကား ဘယ်လိုဖြစ်သွားတယ်၊ ဦးလေးကျ ဘယ်လိုလွတ်သွားတယ်ဆိုတာ တွေးလို့ကိုမရဘူး။ သူလည်း ကားပေါ်ပါလာတာပဲလေ။ ဘယ်လို ပြန်ပြောလဲ"

"သူ ကားထဲက လွင့်ကျကျန်ခဲ့ပြီးမှ ကားမီးလောင်တာ၊ ကားချောက်ထဲပြုတ်ကျတာတဲ့။ သူလည်း သတိလစ်နေလို့ လူတွေကို အကူအညီမခေါ်နိုင်ဘူးတဲ့"

"ကားမီးလောင်မှတော့ ဘယ်သူလာလာ မရပါဘူးဗျာ"





"မင်းကျတော့ရော"

"ရွှေပိုးအိမ်တို့ မောင်နှမရောက်လာလို့ပေါ့။ သူတို့ရောက်လာတော့ ကားမီးငြိမ်းနေပြီ။ ကားက နောက်ဘက်ကို ပိုလောင်တာ။ သားက ရှေ့ဘက်မှာ အလောင်နည်းလို့။ အဲဒါတောင် အခုမြင်တဲ့အတိုင်းပဲ။ သေရာပါမယ့်ဒဏ်ရာတွေနဲ့လေ"

သေသေချာချာပြောပြတော့ တူဝရီးနှစ်ယောက် ယုံကြည်သွားကြသဖြင့် ကောင်းနေသန့် ရှင်းပြရကျိုးနပ်သွားသည်။

သည်းနေလျှံက တွေးတွေးဆဆနှင့် –

"ညီမလေးတို့ယုံပေမယ့် လေးလေးကတော့ ယုံမှာမဟုတ်ဘူး။ သူက ကိုကိုတို့အားလုံး သေပြီလို့အတည်ပြုထားတာ"

"ဒီပြဿနာ မရှိသေးဘူး။ သူ့ပယောဂတွေပါမှာသေချာတယ်။ နေစမ်းပါဦး ... အိမ်ပေါ်ကမိန်းမတွေက ဘယ်တုန်းက ခေါ်လာတာလဲ"

"မိသားစုတွေ ပူဇွေးသောကရောက်လို့မှမဆုံးသေးဘူး။ (၂) ပတ်လောက်လည်းကြာရော ရောက်လာတော့တာပါပဲကွယ်။ သူ့မိန်းမနဲ့သူ့သမီးတဲ့"

"မယားပါသမီးလား။ သမီးအရင်းလား"

"သမီးအရင်းတဲ့ကွယ်။ အန်တီလည်း မယုံပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မယုံတာ, ယုံတာထား အန်တီလေး။ အဲဒီကောင်မက ကျွန်တော့်ချစ်သူ"

"ဟင် ... ဘယ်, ဘယ်လို"

"ဟုတ်တယ်၊ သူတို့ရဲ့ လန်ကြုတ်ဖတ်လမ်းတွေက ရှုပ်ထွေးလွန်းလို့ အံ့ဩရင်းနဲ့သေနိုင်တယ်။ အန်တီလေးတို့ သတိထားပေတော့"

"အမယ်လေး သားရယ်၊ အန်တီလေးတို့ကို ကယ်ပါဦး"

"ဟုတ်တယ် ကိုကို၊ အိမ်မှာ အရင်လိုမသာယာတော့ဘူး။ လေးလေးက အရင်လိုမဟုတ်တော့တဲ့ကြားထဲ ဟိုမိန်းမနှစ်ယောက်ကလည်း ဗိုလ်လုပ်နေကြတယ်။ ညီမလေးတို့ဆိုတာ နေစရာကို မရှိဘူး"

တူဝရီး မောင်နှမတွေ တိုင်ပင်နေကြစဉ် မီးဖိုဘက်မှ အိမ်အကူဒေါ်မိုးရွေနှင့် မိုးသူဇာတို့သားအမိ သူတို့ကို ချောင်းကြည့်နေကြသည်။

"သူတို့တွေ ငိုလိုက်, ရယ်လိုက်ကြနဲ့ ဘာတွေဖြစ်နေကြတာလဲ။ အဲဒီကောင်က ဘာကောင်လဲ"

"မသိဘူးလေ အမေ၊ ရုပ်ဆိုးကြီးနော်"

"မမမေက အိမ်မှာ တစ်ခုခုထူးခြားရင် သူ့ပြန်ပြောဖို့





မှာထားတယ်အေ့။ ဒီနေ့တော့ ဘောက်ဆူးကောင်းကောင်း ရှိုးမှာပေါ့"

"သနားပါတယ် မေမေရယ်၊ ပြောသင့်မှပြောပါ။ တော်ကြာ သူတို့ကိုဆူနေပါဦးမယ်"

"အိုအေ ... ကိုယ့်မိုက်ဆံရဖို့က ပိုပြီးအရေးကြီးတယ်။ ညည်းလိုသာ လျှောက်တွက်နေရင် ခရိုနီလူတန်းစားဆိုတာ ပေါ်လာစရာအကြောင်းကို မရှိဘူး"

"မေမေကလည်း မဆိုင်တာတွေ လျှောက်ဆွဲထည့်နေတယ်။ ကိုယ့်အကြောင်းပဲ ကိုယ်ပြောစမ်းပါ။ ကိုယ့်အလုပ် ကိုယ်လုပ်ကြစို့"

ခရေပင်အောက်မှာလည်း တူဝရီးနှစ်ယောက် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်တွေ ပြောဆိုနေကြစဉ် ဦးသူရအောင်တို့ကား ပြန်ဝင်လာသဖြင့် အားလုံးပင် ရှိုးတိုးရှန့်တန့် ဖြစ်သွားကြ၏။

"သတိထား သား ... အခြေအနေကြည့်ပြော"

သူတို့ထင်သည့်အတိုင်း ဦးသူရအောင် ခရေပင်ရိပ်မှ သူတို့ (၃) ယောက်ကိုမြင်သည်နှင့် မျက်မှောင်ကြုတ်ကာ လှမ်းအော်ခေါ်သည်။

"လင်းနေနွေ ... အဲဒီမှာ ဘာလုပ်နေကြတာလဲ၊ ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



ဈေးဝယ်လာတာတွေ လာသယ်ကြလေ။ အဲဒီကောင်ဘယ်ကလဲ၊ ခေါ်ခဲ့စမ်း။ အိမ်ထဲကို ဘာကိစ္စ သူခိုး၊ ဂျပိုး၊ ကလေကဝတွေ ခေါ်သွင်းရတာလဲ။ မကြားဖူးဘူးလား။ နေ့ခင်းကြောင်တောင် စားပြအတိုက်ခံရ အသတ်ခံရတဲ့သတင်းတွေ ... တောက်"

အလကားနေရင်း အာဏာပါဝါတွေပြနေသည့် လေးလေးအား အသည်းထဲမှ တူးခါးနေအောင် မုန်းမိသည်။

ဗိုလ်နိကြီး၊ ကလိန်ကကျစ်ကြီး။ ငါတို့မိသားစုကို မီးလောင်တိုက်သွင်းပြီး သူကတော့ ရွှေဘုံပေါ်မှာ လာစံနေတယ်။

သူတို့သုံးယောက် သူရအောင်အနားသို့ သွားကြရသည်။

"ဟေ့ကောင် ... မင်း ငါ့အိမ်ထဲ ဘာဝင်လုပ်တာလဲ။ ပြောစမ်း ...ပုံစံက သူခိုး၊ ဂျပိုးရုပ်နဲ့"

လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ထားချင်ပေမယ့် သူ ပညာသုံးရမည်။

"ကျွန်တော် အလုပ်လိုချင်လို့လာလျှောက်တာပါ ဆရာ။ ဒီအိမ်မှာ မာလီလိုတယ်ဆိုလို့"

"မာလီတော့ လိုတယ်။ ဒါပေမဲ့ ...မင်းလို ရုပ်ပျက်ဆင်းပျက်ကြီးကိုခန့်ရင် ငါ့အိမ် ကျက်သရေတုံးမှာပေါ့ကွ"

သူ့ကို ချိုးချိုးဖဲ့ဖဲ့တွေ ပြောနေပေမယ့် ယွန်းရတီ၏အမေ





ယွန်းမေရီက ဝင်ပြီးထောက်ခံသည်မှာ ကံကောင်းသွား၏။

"အို မောင်ကလည်း ... ကိုယ့်မှာ သမီးပျိုတွေ တူမပျိုတွေနဲ့ ဥစ္စာ။ ဒီလိုရုပ်ဆိုးကြီးကိုခန့်မှ စိတ်ချရမှာပေါ့။ အိမ်လည်း သရဲမကပ်တော့ဘူးပေါ့ ... အဟင်း ဟင်း"

"ဪ ... ဟုတ်တယ် ဟုတ်တယ်၊ ယွန်းမေပြောတာ မှန်တယ်။ ကဲ ... ဟေ့ကောင် အလုပ်ကိုတော့ ကျိုးကျိုးနွံနွံလုပ်။ မာလီဆိုပေမယ့် ကားနှစ်စီးလည်း ရေဆေး၊ လိုတာအကုန် လျှောက်လုပ်ရမယ်"

"ဟုတ်ကဲ့ပါ ခင်ဗျာ။ ကျွန်တော် ကြိုးစားပါ့မယ်"

"မင်းနေတော့ ဟိုကားထားတဲ့ဘေးက အခန်းမှာနေရမယ်။ စားတော့ မီးဖိုထဲပေါ့"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

"လစာ တစ်လ တစ်သိန်းယူ"

"ဟုတ်ကဲ့ ကျေးဇူးကြီးလှပါတယ်ခင်ဗျာ"

သည်လိုနှင့် ကိုယ့်အိမ်မှာ ကိုယ်ပြန်ကပ်ပြီး မာလီလုပ်ရပါတော့သည်။ အခန့်မသင့်လျှင် ဘုရားလောင်း သီဝိမင်းကြီးတောင် စားဖိုသည်လုပ်ခဲ့ရသေးတာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

သူ ခြံထဲမှာ အပင်တွေပြုစု၊ ရေလောင်းနေဆဲ ယွန်းရတီ ခြံထဲသို့ဝင်လာသည်ကို မြင်လိုက်ရသဖြင့် ကောင်းနေသန့် အံ့ကိုတင်းတင်း ကြိတ်မိသည်။

မာယာကဝေမ။ မာယာတစ်သိန်း အပလိန်းအနှံ့မ။ မြွေပေါက်မ။

သူ တတ်သမျှ မှတ်သမျှတွေနှင့် အကုန် မေတ္တာပို့နေဆဲ ယွန်းရတီ သူ့နားသို့ရောက်လာ၏။

"ကိုရှပ်ဆိုး ...ရတီ့ကို ပန်းခူးပေးစမ်းပါ"

သူ လှည့်မကြည့်။ ရှေ့မှအပင်တွေ လောင်းနေမြဲ။





"ကိုရှပ်ဆိုးကြီး ရတီခေါ်နေတာ မကြားဘူးလား။ ဒီမှာ ပုန်းညက်ပန်းလေးတွေ လှလို့"

တစ်ခြံလုံး မွှေးနေသည့် ပုန်းညက်ပန်းပင်ကြီးကို လက်ညှိုးထိုးပြီး သူမ ခြွဲဆောင့်ပူဆာနေလျှင် –

ကောင်းနေသန့် အံ့သြရ၏။ မြန်မာစာချွန်ကျောင်းသူလေး မဟုတ်တော့ဘူးလား။ ဣန္ဒြေတွေလည်း မဲ့လို့။

သူဟာ လောလောဆယ် အရှုပ်ဆိုးနေပေမယ့် နောက်ဘက်မှကြည့်လျှင် ဘော်ဒီနှင့်စတိုင်လ်က အလန်းစားပေါ့။

"ဟော့လူကြီး"

သူမက သူ့လက်ထဲမှ ရေပိုက်ကို ဆွဲယူပြီး ပိတ်လိုက်လေမှ သူ သူမကို ဘုကြည့်ကြည့်၏။

"အမယ်လေး ...အရှုပ်ဆိုးရတဲ့ကြားထဲ မျက်နှာကြီးက ရှစ်ခေါက်ချိုးနဲ့။ ပန်း ပန်းခူးပေး"

"ငါ သစ်ပင်မတက်တတ်ဘူး"

"မယုံပါဘူး။ ယောကျ်ားမှန်ရင် တက်တတ်တာပဲ။ ရှင် ယောကျ်ားမဟုတ်ဘူးလား"

"ဟုတ်တယ်လေ၊ မယုံရင်ပြရမလား"

သူ မခန့်လေးစားပြောတာ မုန်းလို့ပါ။ သို့ပေမယ့်...



www.burmeseclassic.com

www.burmeseclassic.com



မချောက ရယ်ရယ်မောမော။

"ဒါမျိုးကျ တတ်တယ်။ ပြောတတ်တယ်နော်။ အင်းကိုရုပ်ဆိုးက ရုပ်သာဆိုးတာ။ ဘော်ဒီကတော့ တကယ်ဖြောင့်တယ်။ ပါပါ (ဦးသူရအောင်) လို ဝတုတ်ကြီးမဟုတ်ဘူး"

အရေးထဲ သူ့ပထွေးနှင့် လှုကိုနှိုင်းနေသဖြင့် ဘုန်းနေလျှံဒေါသထွက်နေရဆဲ။ ယခုမှ ကားနှင့်ဝင်လာသည့် ဦးသူရအောင်နှင့် တည့်တည့်တိုးတော့သည်။

ဟိုက မယားပါသမီးကို အသက်လောက်ချစ်သူဖြစ်နေရာ။ ကားပေါ်မှဆင်းသည်နှင့် အော်သံကြီးက ခုနစ်သံချီနှင့်။

"ဟိုကောင် ဘေဘီနဲ့အရောမဝင်နဲ့။ ကိုယ့်ရုပ်မှ ကိုယ်အားမနာ။ အနူလက်နဲ့ ရွှေခွက်နှိုက်ချင်လို့လား"

"မနှိုက်ချင်ပါဘူးဗျာ။ ခင်ဗျားဘာသာကြိုက်သလောက်နှိုက်ပါ"

ဒါ သူ့စိတ်ထဲက ပြောမိတာပါ။ အပြင်ကတော့ မျက်နှာကြောကိုလျှော့ထားရ၏။

ယွန်းရတီကတော့ (၁၃) နှစ်သမီးလေးနှယ် ဂါဝန်လေးတလွင့်လွင့်နှင့် သူ့ပထွေးဆီ ခုန်ဆွဲ့ပေါက်ပြန် ပြေးသွားလေသည်။





"ပါပါ ဘေဘီဖို့ ဘာဝယ်လာလဲ"

"ပါတာပေါ့ကွဲ့၊ အမောပြေ အမောပြေ"

သေခါနီးကြီး။ သူ့စိတ်ထဲက ကျိတ်ဆဲ ဒေါသတွေ ပေါက်ကွဲချင်မိတာ။

လေးလေးက ပါးကိုထိုးပေးတော့ ဟိုမဆတ်စလူးကလည်း တရွှတ်ရွှတ်နှင့် မွှေးနေလိုက်တာ။ ယိုသူမရှက် မြင်သူရှက်။

သူတို့နှစ်ယောက် ခါးဖက်ပြီး အိမ်ထဲဝင်သွားတော့ သူ ရေဆက်လောင်းရင်း ရွှေပိုးအိမ်ကို သတိရနေမိသည်။

ဘီလူးမကိုင်ငဲ့ညှာနေရတာနှင့် ကမ္ဘာပေါ်မှာ အဖြူစင်ဆုံးကောင်မလေးကို မျက်ရည်လေးတောင် သုတ်မပေးခဲ့ရ။

ငါ့ကို စိတ်များနာနေကြမလား။ ခုတော့က ဖုန်းခေတ်ပဲလေ။ ညကျ မရရအောင်ဖုန်းခေါ်မယ်။

❁

"ပိုးအိမ်"

ဖုန်းထဲမှ အစ်ကို့အသံကြားလိုက်ရလျှင် ရွှေပိုးအိမ်



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် စီးကျလာပြီး စကားဆက်မပြော

ရှိလေတော့

● အိပ်မှာ ဒီနေ့ည သူမတစ်ယောက်တည်းရယ်။ အမေက ဟိုဘက်ရွာမှာ လေဖြတ်ရောဂါသည်တစ်ယောက်ကို ညအိပ်ညနေ သွားကုပေးနေပြီး အမေက မဘုတ်ဆိုကလေးမွေးတာကို သွားပြီး အားပေးနေ၏။

ရွှေထူးကတော့ ကာလသားပီပီ ရွာရိုးကိုးပေါက်သို့ လျှောက်ပြန့်သံပေး ခြေအေးဝမ်းယောင်လုပ်နေသည်။ အိမ်မှာ ခွေးနှစ်ကောင်နှင့် ပိုးအိမ်။

"ပိုးအိမ် ငိုနေတာလား"

တစ်ဖက်မှ အစ်ကို့အသံက နူးညံ့ညင်သာလွန်းနေလျှင် ပိုးအိမ် ပိုမိုပြီး ဝမ်းနည်းကာ တရှိုက်ရှိုက်ငိုမိပြီ။ ရင်တွေကလည်း ခုန်လိုက်တာ ပရမ်းပတာ။

"တိတ်တော့ကွာ။ အစ်ကိုဖုန်းဆက်လို့ ဝမ်းနည်းနေတာလား။ အစ်ကိုလည်း လောကခံထဲမှာ စုန်းစုန်းမြုပ်နေရလို့ပါ"

သူ့အသံကြားရအောင် ဖုန်းကို နားနှင့်ကပ်ထားပြီး အငို ထိန်းချုပ်ရတာ အသချေယျကပ်တစ်ခုလောက်ကြာသည် ထင်မိသည်။ အစ်ကို စိတ်မရှည်ဖြစ်ပြီး ဖုန်းချသွားမှာလည်းစိုးသဖြင့်





သူမ အသံပြုလိုက်ရသည်။

"အစ်ကို"

ခံစားမှုတွေနှင့် နစ်မြုပ်ပျော်ဝင်နေသည့်အသံလေးမို့ ကြေကြေကွဲကွဲ။

တစ်လုံးတည်းပေမယ့် ကောင်းနေသန့် ရင်ထဲနင့်နေအောင်ခံစားလိုက်ရပါသည်။

သူပေးခဲ့သည့် ဒုက္ခတွေ။

ဆိတ်ကလေးကို ကျီစားမိခဲ့သည့် ဆင်ကြီးရဲ့အပြစ်တွေ။ အပြစ်ကဆိုးသည်။

"တိတ်ပါတော့ကွာ၊ အစ်ကိုပြောတာ နားထောင်နော်။ ပိုးအိမ် ဘာမှမပြောနိုင်ရင် မပြောနဲ့ နားပဲထောင်ပေး"

"ဟုတ်ကဲ့"

"အစ်ကိုလေ အခု မမျှော်မှန်းနိုင်လောက်တဲ့ အန္တရာယ်တွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရတယ်။ မျှော်လင့်မထားတဲ့ ပြဿနာတွေနဲ့ ဒေါသတွေ၊ သောကတွေ၊ နောင်တတွေ စုပြုံပြီး လူတစ်ကိုယ်လုံး ပေါက်ကွဲထွက်တော့မတတ် ခံစားနေရတယ်"

"အစ်ကိုရယ် ...စိတ်ကိုလျှော့ပါ။ အေးအေးဆေးဆေးပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုတို့နဲ့ ကားအတူမှောက်ခဲ့တဲ့ ဦးလေးကလည်း မသေဘူး။ အဲဒီတုန်းက သူ ကားနောက်ခန်းမှာစီးတာဆိုတော့ ကားမှောက်ခင်ကတည်းက ခုန်ကျန်ခဲ့တာ ဖြစ်မယ်။ ဟုတ်တယ်။ ကားမမှောက်ခင် ကားက အမြင့်ကိုတက်တော့ အရှိန်နေးသွားတယ်။ အဲဒီတုန်းက လိမ့်ခုန်ချခဲ့တာ ဖြစ်မယ်"

"သူက အစ်ကို့ကို မှတ်မိသလားဟင်"

"မှတ်မိဖို့ဝေးလို့ အခု သူက ရှိသမျှပစ္စည်းတွေ လက်ဝါးကြီးအုပ်ပြီး အိမ်မှာ ဗိုလ်လုပ်နေတာ။ နောက်ပြီး အစ်ကို လုံးဝမထင်မှတ်ထားတဲ့ လုပ်ကြံမှုကြီးကလည်း ဖြစ်နေသေးတယ်"

"ဘာလဲ အစ်ကို"

"ပိုးအိမ်ကို မပြောမိခဲ့တဲ့ ရတီအကြောင်း"

"ပြော်"

ကောင်မလေးထံမှ တစ်ချက်တစ်ချက် ရှိုက်သံငွေ့ငွေ့လေး ကြားနေရတုန်းပေမယ့် သူ စကားပြောတာကို ရူးစိုက်နားထောင်ဖော်ရလာ၏။

"ရတီ့နာမည်က ယွန်းရတီမိုးတဲ့"

"လှတယ်နော်၊ လူလည်း လှမှာပဲ"

"ဘီလူးမတွေဆိုတာ ဖန်ဆင်းတတ်တာမို့ လှအစစ်





ထက် ပိုလှမှာပေါ့ကွာ။ သဘာဝအလှတွေမှမဟုတ်ဘဲ။ ဖန်ဆင်းထားတဲ့ ပစ္စလက်တွေ"

သည်လောက်ပြောနေခြင်းအားဖြင့် အစ်ကို ရတီ့ကို ဘယ်လောက်စိတ်နာနေမှန်း သိသာထင်သာ။ ပိုးအိမ် ဘာမှဝင်မပြော။ နားထောင်နေရုံ၊ စဉ်းစားပေးနေရုံ။ အစ်ကို့ကို လိုအပ်သည့်အကြံဉာဏ်တွေ ပေးချင်သည်လေ။

"မြန်မာစာချွန်ကျောင်းသူတဲ့။ အလကား ဟန်ဆောင်မာယာတွေ။ ဘာမှမဟုတ်ဘူး။ ကာလေကချေကဝေမ"

"အစ်ကို ကိုယ်ချစ်ခဲ့တဲ့သူတစ်ယောက်ကို ဘာဖြစ်လို့ ဒီလောက်တောင် ချိုးချိုးဖွဲ့ဖွဲ့တွေ ပြောနေရတာလဲဟင်။ အစ်ကို့ကို ပိုးအိမ် အထင်မသေးချင်ဘူးနော်"

"ဆောရီးပါ ပိုးအိမ်လေးရယ်။ အစ်ကို ခံစားရလွန်းလို့ပါ။ အခု သူကလေ ဘယ်သူဖြစ်နေတယ် မှတ်သလဲ"

"ပြောလေ အစ်ကို"

"အစ်ကို့ဦးလေးရဲ့မယားပါသမီးခင်ဗျ။ အခု သမီးရော မအေရော အစ်ကို့အိမ်ပေါ်မှာ"

"ရှင်"

ရွှေပိုးအိမ်လည်း အဆုံးစွန်ထိ အံ့ဩရပါ၏။ ဒါနဲ့ မရိုး



www.burmeseclassic.com

www.burmeseclassic.com



သားကြတာပေါ့။ လုပ်ကြံမှုကြီးပေါ့။ ဘာတွေကြံစည်ခဲ့ကြတာလဲ။

“အစ်ကိုရယ် ... ပိုးအိမ် စိတ်မချလိုက်တာ”

“စိတ်မချရင် လိုက်ခဲ့ကွာ။ အစ်ကို့မှာ အန္တရာယ်တွေ အရမ်းများနေတယ်။ ကိုယ့်အိမ်ကို မာလီအဖြစ်နဲ့ ပြန်ဝင်နေရတာ။ ခုမှ ရန်စွယ်ကြားက လူညွှာဖြစ်နေတယ်”

“ကြံကြံဖန်ဖန် အစ်ကိုရယ်။ အမှန်အတိုင်း ပြောပါလား ဟင်။ သူတို့က မယုံကြဘူးလား”

“အန်တီလေးနဲ့ ညီမလေးက ယုံပါတယ်။ လေးလေးကတော့ ဘယ်ယုံမလဲကွာ။ သူက ပစ္စည်းတွေအားလုံး မောင်ပိုင်စီးထားချင်တဲ့သူ။ သူ့မိန်းမတွေကလည်း လောဘချည်းပဲ။ ခုမှ ဝတ်လိုက်စားလိုက်၊ သုံးလိုက်ဖြုန်းလိုက်တာ လွန်ရော”

“ရဲစခန်းသွားပြီး တိုင်ချက်ဖွင့်လိုက်ပါလား အစ်ကို။ ဒါ ရိုးရိုးအက်ဆီးဒင့်မှ မဟုတ်ဘဲ။ လုပ်ကြံခံရတဲ့ဥစ္စာကြီး”

“သူ့ကို လက်ဆုပ်လက်ကိုင် ပြစရာသက်သေမရှိဘူးလေ။ အစ်ကို သူ့ကိုပြန်ပြီးလက်စားချေမှာပါ”

“အစ်ကိုရယ် လက်စားချေရင်း ချေရင်းနဲ့ ထောင်တွေ တန်းတွေလည်း ကျကုန်ပါဦးမယ်။ အကို့မှာ မိတ်ဆွေသူငယ်ချင်းတွေရော မရှိဘူးလား။ သူတို့အကူအညီတွေလည်း ယူဦးလေ”





“အင်းပါ ... အစ်ကို ပိုးအိမ်ကို တောင်းပန်စရာလည်း ရှိတယ်”

“ပြောလေ အစ်ကို”

“ဩော် ... အစ်ကို ပိုးအိမ်အပေါ် မတရားခဲ့ဘူး။ ပိုးအိမ်ရဲ့နှလုံးသားနုနုလေးကို ဖျစ်ညှစ်ကစားမိသလို ဖြစ်ခဲ့တယ်”

“ပိုးအိမ် ကျေနပ်ပါတယ်ရှင်”

“အစ်ကိုလေ မကောင်းတာနဲ့ယှဉ်မှ ပိုးအိမ် ဘယ်လောက်ကောင်းတယ်၊ ဖြူစင်တယ်ဆိုတာ ပိုပိုပြီးသိလာမိတယ်။ ပိုးအိမ်နဲ့အတူ နေခဲ့ရတဲ့အချိန်လေးတွေကို အရမ်းလွမ်းတယ်ကွယ်”

သူ့အသံက ဆွေးဆွေးမြည့်မြည့်။

ရွှေပိုးအိမ် ကြေကွဲရပါသည်။

အစ်ကိုရယ်၊ မှော်ဆရာကြီးရယ်၊ မကျီစားပါနဲ့တော့ရှင်။

အစ်ကို့ရဲ့ မာယာတွေအောက်မှာ ပိုးအိမ် လူးလိမ့်ငိုကြွေး ခဲ့ရတဲ့ရက်တွေလည်း ကြာခဲ့ပါပြီ။ အိပ်ပျက်ညတွေလည်း တာရှည် ခဲ့ပါပြီရှင်။

ရွှေပိုးအိမ် ဖုန်းကို ညင်သာစွာပိတ်လိုက်ပါသည်။

တော်ပြီပေါ့ အစ်ကိုရယ်။



www.burmeseclassic.com

www.burmeseclassic.com



အသည်းနှလုံးတစ်ခင်းလုံး အရည်ပျော်မတတ် လောင်ကျွမ်းပြောကျနေတဲ့ ကောင်မလေးတစ်ယောက်ကို အစ်ကို နှစ်သိမ့်မှုလေးလောက်တောင် မပေးဘဲ အဝေးဆုံးကို ထွက်ပြေးသွားခဲ့ရက်တယ်နော်။

ဘဝဆိုတာ ဖြတ်ကျော်ရမှာပဲ။ လျှောက်လှမ်းရမှာပဲဆိုတာ ပိုးအိမ် သိပါတယ်။

အလွှာခြား။ ဘဝခြားတဲ့အဖြစ်တွေမှာ ပိုးအိမ်ကို ဟန်ဆောင်အလှမ်းလေးတွေနဲ့တော့ မနှစ်သိမ့်လာပါနဲ့ရှင်။

ဖုန်းလေးကို ရင်ခွင်မှာပိုက်ရင်း ပိုးအိမ်တစ်ယောက်လူးလှိမ့်ငိုကြွေးခဲ့ရတာတွေ။ သူ မသိတာပဲကောင်းပါတယ်လေ။

❁ ❁ ❁



## အခန်း (၁၀)

သူ လောလောဆယ် သူ့သူငယ်ချင်းဝေမိုးသွင်နှင့် သွားပြီး တိုင်ပင်ရသည်။ အကြောင်းစုံရှင်းပြရသည်။ ဝေမိုးသွင်မှာလည်း သူ့အတွက်မခံနိုင်။

"တောက် ...ပစ္စည်းလောဘနဲ့ ပတ်သက်လာတော့ သွေး ရင်း သားရင်းတွေတောင် မယုံရတော့ပါလား။ ငါအရှုံးဆုံးက လွှမ်းရတာပဲ။ ပတွေးရဲ့ ပဥ္စမံတစ်သား။ မုဆိုးတစ်ပိုင်း မိန်းမရိုင်းကြီးပဲ"

"ငါ့ကို အနီးကပ်ပူးသတ်ပြီး သူ့ပထွေးခိုင်းတာလုပ်မှာပေါ့ကွာ။ ငါလည်း အံ့ဩလွန်းလို့ ရှူမတတ်ဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"အရှုံးမပေးပါနဲ့ သူငယ်ချင်း။ အမှန်တရားဆိုတာ ဘယ်တော့မှ မပျောက်ဆုံးစေရဘူး။ မင်း ဒီမှာ ညီမနဲ့ဒေါ်လေးကို ငဲ့မနေနဲ့။ နိုင်ငံခြားသွားပြီး မင်းမျက်နှာကို ပြန်ပြင်။ ဒါမှ ရှေ့ဆက်အလုပ်လုပ်လို့ရမှာ"

"လောလောဆယ် ငွေ"

"ဩော် ... ပြောနေစရာလား သူငယ်ချင်းရယ်။ မင်း ကုန်သလောက် ငါ စိုက်ထုတ်ပေးထားမယ်"

"ဒါဆိုလည်း ကျေးဇူးပါပဲကွာ။ ငါ အမြန်ဆုံးစီစဉ်ပါဦးမယ်"

ဝေမိုးသွင် အကြံပေးသလို သူလုပ်ကြည့်မှဖြစ်မည်။ ယခုဆို သူ့ကိုဘယ်သူမှ ကောင်းနေသန့်လို့ လက်မခံ။ အန်တီလေးနှင့် ညီမလေးပဲလက်ခံသည်။

အိမ်မှာလည်း သိုသိုသိပ်သိပ်နေရသည်။ ဒေါ်မိုးစွေနှင့် မိုးသူဇာတို့ကအစ မယုံကြည်ရ။ ဦးလေးကိုကြောက်လို့ မဟုတ်ပေမယ့် အချိန်မတန်ခင် သူသိသွားလျှင် အန္တရာယ်ဆိုတာ ပြောနိုင်တာမဟုတ်။

ကိုယ်က ဒုက္ခမပေးခင် သူကအရင် ဒုက္ခပေးမှာ အသေအချာ။





သူကတော့ ဒီလိုပဲ သဲလွန်စတွေရှာတုန်း။ အချက်အလက်တွေ လိုက်ရှာတုန်း။

သူတို့ ဘယ်လိုတွေ ကျူးလွန်ခဲ့ကြသလဲ။ ဘာတစ်ခုမှ ရေရေရာရာမသိရ။ ဝိုဝိုဝါးဝါးရှိလှသည်။

သူ ဝေမိုးသွင်အိမ်မှ ပြန်လာခဲ့ပြီး ခြံထဲဝင်ခဲ့တော့ ဦးလေးနှင့် လူနှစ်ယောက်ကို မြင်လိုက်ရသည်။

"ဟင် ... ဒီလူတွေ"

သူကား ချောက်ထဲသို့မရောက်ခင် ကုန်းတက်မှာ ဒီလူနှစ်ယောက်ကိုမြင်ခဲ့ဖူးသလို ဇဝေဇဝါ။ ဆိုင်ကယ်နှင့်ထင်သည်။

"ဟုတ်ပါပြီ"

တစ်ယောက်က မျက်နှာမှာအမာရွတ်နဲ့။ တစ်ယောက်က နှုတ်ခမ်းမှာမှဲ့ရှင်နဲ့။

ယခုလည်း တစ်ခုခုကို ကြံစည်ပြန်ပြီထင်သည်။ သူ့ကို ရိပ်မိလို့ထပ်လုပ်ကြံမှာလား။ ဒါမှမဟုတ် အန်တီလေးနှင့် ညီမလေးကို ရန်ရှာမှာလား။

ထိုလူနှစ်ယောက် ပြန်ထွက်လာတော့ သူကိုကြည့်သွားကြသည်မှာ ရူးရူးရဲရဲ။

တစ်ခုခုတော့ ဖြစ်တော့မည်။ သူဦးလေးဟာ သိုတ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လှချည်လား။

မိသားစုတစ်စုလုံးနီးပါး မီးလောင်တိုက်သွင်းပြီးတာတောင် မကျေနပ်နိုင်သေး။ ဘာတွေဆက်ပြီး ယုတ်မာဦးမှာလဲ။

ကောင်းနေသန့်ဓါခေါင်းထဲမှာ အချက်ပြမီးတွေ လင်းလိုက် မှိန်လိုက်။

သူ ကိုယ့်နေရာဖြစ်သည့် ကားဂိုဒေါင်ဘေးသို့ လေးကန်သော ခြေလှမ်းများနှင့် ဝင်ခဲ့ရသည်။

ဘဝဟာ ဘာမှအဆင်မပြေ။

အချစ်ရေးကျတော့ရော။

သူ ကိုယ့်အိပ်ရာပေါ်မှာ လဲလျောင်းရင်း နဖူးပေါ်လက်တင်ပြီး စဉ်းစားခန်းဝင်နေခိုက် သူ့ခေါင်းထဲမှာ ညှော်နံ့တွေ ရလာခဲ့သည်။

"ဘုရား ...ဘုရား"

လူကိုမီးလောင်သည့်ညှော်နံ့။ သူတို့တစ်မိသားစုလုံး ကားမီးလောင်တော့ ဖေဖေနှင့်မေမေရဲ့အော်သံ၊ သူရော အော်ခဲ့ရသလား။

ငရဲပွက်သလို ငရဲမီးလျှံထဲမှာ ကယ်ပါ၊ ယူပါတောင် မအော်နိုင်ဘဲ ခါးသည်းခဲ့ရသည့်ည။





ဖေဖေနှင့်မေမေ မကျွတ်ဘူးလား။ သူတို့အတွက် အလှူအတန်းလုပ်မပေးကြလို့လား။

သူ မျက်လုံးအပြူးသားနှင့် အရပ်လေးမျက်နှာသို့ကြည့်နေစဉ် သူ့တံခါးပေါက်ဝမှာ မီးခိုးလုံးတွေနှင့် ဝေဝေဝါးဝါး ပေါ်လာတာ ဖေဖေ။

"ဖေဖေ ဖေဖေ"

သူ အိပ်ရာထဲမှ ကြိုးရုန်းထရန် ကြိုးစားနေစဉ် ဖေဖေက အိမ်ဘက်သို့ လက်ညှိုးထိုးပြပြီး ပျောက်ကွယ်သွားလေလျှင် သူ ယောကျ်ားတန်မဲ့ မျက်ရည်တွေစီးကျ ငိုရှိုက်မိပါသည်။

"ဖေဖေ သားတို့ကိုကယ်ပါ၊ ကူပါဦး။ လေးလေး မတရားတွေလုပ်နေတာ သားတို့ ဘယ်လိုတွန်းလှန်ရမှာလဲ။ သူ့အမှောင်အောက်ကလွတ်အောင် သား ဘယ်လိုလုပ်ရမလဲ ဖေဖေ ...၊

အန်တီလေးနဲ့ ညီမလေးကိုလည်း ဖိနှိပ်ချုပ်ချယ်ထားပြီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် လုပ်ထားပါတယ် ဖေဖေ"

သူကလေးတစ်ယောက်လို ငိုရင်း ရှိုက်ရင်း အိပ်ရာပေါ်မှာ ငြိမ်သက်သွားစဉ် နားထဲမှာ ဖေဖေ့အော်သံကြားလိုက်ရသလို။



www.burmeseclassic.com

www.burmeseclassic.com



"သား ...သားညီမလေး"

ဟင် ...ဘာလဲ ညီမလေးကို ဘာလုပ်ကြမှာလဲ။ ဒါ သတိပေးတာပဲ။ သူ သူတို့ ဘာတွေလုပ်ကြကြဦးမှာလဲ။

ဦးလေးဟာ သွေးစွန်းသောလက်ပိုင်ရှင်ပီပီ လူတွေကို ထပ်သတ်ဖို့ ဝန်မလေးတော့ဘူးလား။ အနှောင်အဖွဲ့တွေအားလုံးကို ကျူပင်ခုတ်၊ ကျူငုတ်မကျန် ရှင်းပစ်ပြီး ပစ္စည်းပစ္စယများကို အားလုံး လက်ဝါးကြီးအုပ်တော့မည်ထင်၏။

သူ နာရီကြည့်လိုက်တော့ ညနေ (၆) နာရီ မီးများပင် လင်းနေပေပြီ။ ဆောင်းမကုန်သေးလို့ မိုးစောစောချုပ်ပုံ။

ကောင်းနေသန့် အိပ်ရာထဲမှ ထလိုက်ပြီး မီးဖိုထဲသို့ လှစ်ခနဲဝင်လိုက်တော့ ဒေါ်မိုးဇွေ ပန်းကန်တစ်ခုထဲသို့ အမှုန့်တွေ ဖြူးလိုက်တာ မြင်လိုက်ရ၏။

ဟင် ...အဲဒါ အဆိပ်လား။ အိပ်ဆေးလား။

ဒီမိန်းမကြီး တော်တော်ဆိုးပါလား။ သူ မီးဖိုတံခါး အကွယ်မှ ချောင်းကြည့်လိုက်လျှင် ထိုပန်းကန်အပါအဝင် စားသောက်စရာများကို ဇွေလင်ဘန်းလေးနှင့် သယ်ကာ မီးဖိုအပြင်သို့ ထွက်သွားတာမြင်လိုက်ရသည်။

"ဒါ ဘယ်သူ့ကိုပို့မှာလဲ၊ ဘယ်သူနေမကောင်းလို့လဲ"





သူ နောက်မှ လိုက်ချောင်းနေလျှင် ဒေါ်မိုးဇွေ ညီမလေး အခန်းထဲ ဝင်သွားတာ တွေ့လိုက်ရသဖြင့် ညီမလေးအတွက် ပူထူစိုးရိမ်သွားသည်။

"ဒုက္ခပဲ ဆေးခတ်ထားတာတွေ သောက်မိရင်တော့ မလွယ်ဘူး"

သူ ညီမလေးအခန်းထဲသို့ ဖျတ်ခနဲ ခိုးဝင်ပြီး ဗီရိုအကွယ်သို့ ရောက်သွားသည်။ ညီမလေးနေမကောင်းတာတောင် သူ မသိလိုက်။ ဒီနေ့ ဝေမိုးသွင်ထံ သွားပြီး အကြံဉာဏ်တွေ ယူနေလို့ဖြစ်၏။

ဒေါ်မိုးဇွေက ညီမလေးကို ကြင်နာသောအသံနှင့်။

"သည်းလေး ...ထ တစ်နေ့လုံးလည်း ဘာမှမစားဘူး။ ဒေါ်ဒေါ် စွပ်ပြုတ်ပြုတ်လာတယ်။ ထ ထ သောက်ရအောင်"

"မသောက်ချင်ပါဘူး ဒေါ်ဒေါ်ရယ်။ သည်း နေမကောင်းဘူး။ ပါးစပ်တွေ ခါးနေတယ်။ ဆရာဝန်ခေါ်ပေးကြပါ"

"ဩော် ...သည်းလေးကလည်း ဒီမှာစွပ်ပြုတ်လေး သောက်ပြီး ဆေးသောက်လိုက်ရင် ကောင်းသွားမှာ။ လိမ္မာတယ်နော် ထ"

အတင်းပင် သည်းလေးကို ဆွဲထူနေလျှင် သူ့ခြေတွေ



www.burmeseclassic.com

www.burmeseclassic.com



တဒိန်းဒိန်းခုန်အောင်ပင် ညီမလေးအတွက် စိုးရိမ်မိသည်။

မိဘတွေရော အစ်ကိုပါ သေဆုံးခဲ့သည့် အကျိုးဆက်ကြီးကြောင့် ညီမလေးဟာ လိပ်ပြာလွင့်နေသူလို မပျော်တော့ပါ။ (၁၈) နှစ်အသက်နှင့်မလိုက်အောင် လူကပါးလွှာလျက်။

စွပ်ပြုတ်အတင်းတိုက်ဖို့ ပြင်ဆင်နေသည့် ဒေါ်မိုးဇွေအား သူ ဘယ်လိုနှောင့်ယှက်ရမလဲ။

"အဲ ... ဟုတ်ပြီ"

သူ ဗီရိုပေါ်မှာရှိသည့် အရုပ်လေးတစ်ရုပ်ကို လှမ်းယူလိုက်ပြီး သူ့ဘက်ကို ကျောပေးနေသည့် ဒေါ်မိုးဇွေအား ဘုတ်ခနဲနေအောင် ပစ်ထည့်လိုက်သည်။

သည်အခါ ဒေါ်မိုးဇွေကိုင်ထားသည့် စွပ်ပြုတ်ပန်းကန်မှောက်ကျလေတော့၏။

"ဟဲ့ ... ဘယ်သူ ငါ့ကို ပစ်တာလဲ၊ တောက်"

ဒေါ်မိုးဇွေ ဒေါသတွေထွက်ပြီး အခန်းပြင်ထွက်ကာ တရားခံရှာနေစဉ် သူညီမအနားသို့ ပြေးကပ်သွား၏။

"ညီမလေး မသောက်နဲ့။ ဆေးခပ်ထားတာ။ သူ ဘာကျွေးကျွေးမစားနဲ့။ ကိုကို မှန်မှန်လာကျွေးမယ်"

"ကိုကို ... သည်းလေးကို ဆေးကုပေးဦး။ ရင်ထဲမှာ





မောတယ်"

"အေးပါ ... အေးပါ။ မနက် ကိုကုပေးမယ်"

"ဟင့်အင်း ... ခုပဲခေါ်ပေး"

ညီမလေးဟာ သူ့ကို အစ်ကိုလို့ အသိအမှတ်ပြုပါသည်။ မျက်နှာငိုမဲ့မဲ့လေးနှင့် အားကိုးရှာသည်။ သည်စဉ် ဒေါ်မိုးဇွေပြန်ဝင်လာပြီမို့ သူ ညီမလေး ခုတင်အောက် အိပ်ရာဖုံးအောက်သို့ လှစ်ခနဲ ဝင်လိုက်ရ၏။

"သည်းလေး စောစောက လူတစ်ယောက်ကို ရိပ်ခနဲမြင်လိုက်သလားလို့"

"မဟုတ်ပါဘူး။ အဲ ... ဖေဖေလားမသိဘူး။ ဖေဖေမကျွတ်ဘူးထင်တယ် ဒေါ်ဒေါ်။ သည်းလေးဆီ အမြဲ အရိပ်အယောင်ပြတယ်။ ဒေါ်ဒေါ်လည်း သတိထားနော်။ ဖေဖေနဲ့တိုးနေဦးမယ်"

"အမယ်လေး ... ဒေါ်မိုးဇွေ သရဲကြောက်ပါတယ်ဆိုမှ ခြောက်နေရပြန်ပါပြီ။ သွားမယ် သွားမယ်၊ ဘာမှမစားချင်လည်း အိပ်ပေတော့"

ဒေါ်မိုးဇွေ အလန့်တကြားထွက်သွားတော့မှ သူ ခုတင်အောက်မှထွက်၊ တံခါးကို ပြေးပိတ်ရသည်။ နောက် ဒေါ်မိုးဇွေ



www.burmeseclassic.com

www.burmeseclassic.com



ဆေးခပ်နေတာကို ပြောပြရသည်။

"ဒုက္ခပါပဲ ကိုကိုရယ်၊ ညီမလေးတို့ကိုပါ လေးလေးက သတ်မှာထင်တယ်နော်။ ညီမလေးကြောက်တယ် ကိုကို"

"နေဦး ... ကိုကို ကြံစည်ဦးမယ်။ လောလောဆယ် ဒီအိမ်မှာမနေဘဲ ရွှေပိုးအိမ်တို့ဆီ သွားနေ"

"ဘယ်သူ"

"ရွှေပိုးအိမ်၊ ကိုကိုတို့ ကားမီးလောင်တဲ့နားကရွာ။ အရမ်းစိတ်ကောင်းရှိတဲ့ မိသားစုပဲ။ ကိုကိုလည်း ဒါမှ နိုင်ငံခြား သွားပြီး ဆေးကုဖို့ စိတ်ဖြောင့်မယ်"

"ဖြစ်ပါ့မလား ကိုကိုရယ်"

"ဖြစ်တယ်၊ သူတို့က ဆင်းရဲတော့ ငွေလေး ဘာလေး တော့ ယူသွားမှ။ ကိုကိုက ဆေးကုရ ကျွေးမွေးရတာနဲ့တင် တော်တော် အီစလန်ဝေနေလောက်ပြီ"

သူ ရွှေပိုးအိမ်တို့မောင်နှမနှင့် မိဘများအကြောင်း ပြောပြလိုက်သည်။

"အန်တီလေးနဲ့တိုင်ပင်လိုက်ဦး၊ ကိုကိုသွားပြီ။ ပြီးရင် မုန့်လာပို့မယ်။ ညီမလေး နေမကောင်းတုန်း အန်တီလေးနဲ့အတူ သွားအိပ်ပါလား။ အားရှိတာပေါ့"





"အင်းပါ ကိုကို၊ မုန့်လာပို့နော်"

"ပို့မယ်၊ ကိုကို ညနေက ညီမလေးဖို့ ဝယ်ခဲ့တာ"

သူ ညီမလေးအခန်းမှ အခြေအနေကြည့်ပြီး လှစ်ခနဲ ဆင်းရ မုန့်ယူပြီး လှစ်ခနဲတက်ရ။

လေးလေးဟာ လောဘတွေ အရမ်းကြီးပြီး ကောက်ကျစ်စဉ်းလဲနေပြီ။ ငါ ညီမလေးနဲ့ အန်တီလေးကို အမြန်ဆုံး နေရာရွှေ့ပေးမှပါ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

နောက်တစ်နေ့မှာ လေးလေးတို့မရှိတုန်း ကောင်းနေသန့် ညီမလေးကို ဆေးခန်းပို့ပေး၏။ အန်တီလေးပါ ခေါ်ထုတ်ခဲ့ပြီး အခြေအနေတွေကို ရှင်းပြရသည်။

"အန်တီလေးတို့ သူရနဲက လွတ်အောင် ရွှေပိုးအိမ်တို့ ရှာ ပို့ပေးထားမယ်"

"အားနာစရာကြီးပါ သားရယ်။ ပြီး . . . တောမှာ ငါတို့ နေတတ်ပါ့မလား"

"အသက်ဘေးက ပိုပြီးအရေးကြီးတာပါ အန်တီလေး ရယ်။ သားလည်း နိုင်ငံခြားကို ဆေးကုသွားချင်လို့ပါ။ သွားရမယ့်





လူ ဖြောင့်အောင် အန်တီလေးတို့ကို ဘေးကင်းရာ ရွှေ့ပေးခဲ့ပါ ရစေ"

"ဒါဆိုလည်း စစ်ကိုင်းတောင်မှာပဲ တရားစခန်းသွား ဝင်နေပါ့မယ် သားရယ်။ မင်း သွားစရာရှိတာသွားပါ"

လင်းနေခွေ တရားစခန်းဝင်ချင်ပေမယ့် သည်းနေလှိုက ခါးခါးသည်းသည်း။

"ဟာ . . . အန်တီလေးကလည်း တရားစခန်းမဝင်ချင် ပါဘူး။ တောပဲ သွားမယ်။ ရွှေပိုးအိမ်တို့ ရွှေထူးတို့ကို သွားကြည့် မယ်။ လုပ် ကိုကို သည်းလေးတို့ကို လိုက်ပို့ပေး"

"နေကောင်းအောင် ဆေးအရင်ကုလိုက်ဦးနော်"

တူဝရီးတွေ ဆေးခန်းကပြန်လာတော့ အိမ်မှာစည့်သည် တွေရောက်နေခဲ့သည်။ သူရအောင်အသွင်က ကောင်းနေသန့်ကို မကြည်။

"ဟေ့ကောင် မင်းက ငါ့တူမနဲ့ ဘယ်ကိုသွားတာလဲ။ ရာရာစစ"

"ကျွန်တော် ညီမလေးကို ဆေးခန်းလိုက်ပို့တာပါ ဦး သူရ"

"အောင်မာ . . . အဲဒါ မင်းအလုပ်လား။ မင်းနဲ့ငါ့တူမ



www.burmeseclassic.com

www.burmeseclassic.com



စကားပြောတာတောင် မကြိုက်ဘူး။ သရေပေါ်အိပ် သရေနား စားတော့ မလုပ်နဲ့။ သတ်ပစ်မယ် နားလည်လား"

"အို ... မောင်ကလည်း ညွှန့်သည်တွေအားနာစရာ။ ဒီလိုပဲ ကိုမြင့်မိုးရေ ... မောင်က သူ့တူမကို သိပ်ချစ်တာ။ ယင်နားတောင်ခံချင်တာ မဟုတ်ဘူး"

"ကဲ သည်းနေလျှံ ဒီကိုလာဦး။ လင်းနုမွှေလည်း လာ"

သူရအောင်ခေါ်သဖြင့် သူတို့တူဝရီး ညွှန့်ခန်းထဲမှာ ဝင်ထိုင်လိုက်ရသည်။ ကောင်းနေသန့်ကတော့ ညွှန့်ခန်းထောင့်မှာ မတ်တတ်။ ဒါကို ဦးသူရအောင် မကြည့်။

"ဟေ့ကောင် ... မင်းအလုပ် ဘာရှိသေးလို့လဲ။ သွား လေ။ ဒီမှာ ညွှန့်ကောင်းစောင်ကောင်းတွေ ရောက်နေတာ မမြင် ဘူးလား"

ကောင်းနေသန့် ပေစောင်းစောင်းနှင့် ပြန်ထွက်လာခဲ့ ပေမယ့် တိုက်ဘေးပြတင်းပေါက်နားမှ ချောင်းနားထောင်လိုက် သည်။ ဒီလူ ဘာတွေကလိမ်ကကျစ်လုပ်မှာလဲ။

"ညွှန့်သည်တွေနဲ့ မိတ်ဆက်ပေးမလို့။ သည်းနေလျှံ ဒါ ငါ့မိတ်ဆွေတွေ။ သူတို့လည်း ကုမ္ပဏီပိုင်ရှင်တွေပဲ။ သူက အောင်သီဟ၊ သူက မြင့်မိုးအောင်။ အောင်သီဟက မိန်းမဆုံး





သွားတာ ကြာပြီဆိုတော့ နောက်တစ်ယောက်လိုချင်တယ်ပေါ့ ဟား။ သူကသူဌေးပါ။ လိုချင်တဲ့သူတွေ ဝိုင်းဝိုင်းလည်လို့။ ဒါပေမဲ့ ငါက ကိုယ့်တူမကိုကောင်းစားစေချင်လို့ နင့်ကိုခေါ်လာပြတာ"

"အင်"

ဦးသူရအောင်၏စကားအရ သူ့မိတ်ဆွေအသက်လေး ဆယ်လောက် နာဘူးရုပ်ကြီးနှင့် ပေစားတော့မည့်အဆင်။ သည်း နေလျှံ နေမကောင်းရသည့်ကြားထဲ ကြားရသည့်စကားကြောင့် မူးခနဲ မိုက်ခနဲဖြစ်ရသည်။

လင်းနုမွှေ သည်းမခံနိုင်။ ကိုယ့်တူမ နုနုထွတ်ထွတ်လေး ကို သင်းလို (၇) အို (၈) အိုကြီးနှင့်များ။ ဝေးပါသေးရဲ့။

"ဒီအဆင်နဲ့ဒီအဆင် စဉ်းစားစရာလား။ သားအဖ အရွယ်ကြီး"

"နင် ဝင်မပါနဲ့။ နင့်တူမ တော်ကြာ အိမ်ကနိုင်းတဲ့ မာလီနဲ့ညားနေမှ ရင်ကျိုးရမယ်"

"ရှင် မတရားမလုပ်နဲ့။ သမီး မာလီနဲ့ ဘာမှမဖြစ်ဘူး။ ရှင်စီစဉ်တဲ့ အိုမင်းရွတ်တွကြီးတွေနဲ့လည်း မပေးစားနိုင်ဘူး"

"အောင်မာ ... နင်က ဘာမို့လို့ ငါစီစဉ်တာကိုဖျက်ရ တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



“အဲဒီလောက် သဘောကျနေလည်း ရှင့်မယားပါသမီးနဲ့ ပေးစားလိုက်။ ကလေးက နေကောင်းတာမဟုတ်ဘူး”

လင်းနဒွေ ငိုနေသည့်သည်းနေလျှံကို လက်ဆွဲပြီး အပေါ်ထပ်သို့ တက်ခဲ့သည်။

နောက်ဘက်မှာတော့ ဦးသူရအောင် ဒေါသူပုန်ထကျန်ခဲ့သည်။

အနိုတီလေးနှင့် ညီမလေးကိုကြည့်ပြီး ကောင်းနေသနဲ့ အံကိုတင်းတင်းကြိတ်ထားမိ၏။ ဦးသူရအောင်ကိုလည်း မုန်းတီးလိုက်တာ အဆမတန်။ ငါ ဘယ်လိုလက်တုံ့ပြန်မလဲ။ ဥပဒေဘောင်အတွင်းက လက်တုံ့ပြန်ရအောင် ငါ ဘယ်လိုကြံမလဲ။ ကြံစမ်း။

ဖေဖေနှင့်မေမေကို သူ ပြန်လည်မြင်ယောင်ရင်း ဦးသူရအောင်ကို သေသူတွေရဲ့ဝိညာဉ်က ဒဏ်ခတ်ပါစေဟု လောလောဆည် ဆုတောင်းရသည်။

သူ ကိုယ့်နေရာ ကားဂိုဒေါင်ဘေးကို လေးတွဲ့သောခြေလှမ်းများနှင့် ပြန်လျှောက်လာခဲ့ရပါသည်။





ရှိတ်စပီးယားရဲ့ပြဇာတ်၊ မက်ကဘက်ဘုရင်ကြီးလိုပဲ သူ့လောဘတွေဟာ အတောမသတ်နိုင်တော့ဘူးလား။ သူရအောင်တစ်ခါတလေတော့ ကိုယ့်ဘဝရဲ့နောက်ကြောင်းတွေကို လှစ်ခနဲ တိတ်တခိုး ပြန်တွေးမိသည်။

လှစ်ခနဲပါပဲ။ သူ့ဘဝဟာ ကိုယ့်ကိုယ်ကိုယ်မို့ သနားငဲ့ညှာချင်ပေမယ့် အပြစ်တွေနှင့် ပြည့်ဝနေသည့်လူတစ်ယောက်ပါ။

သူတို့မိသားစုဟာ တကယ်တော့ လူတန်းစေ့ဖို့တောင် မနည်းကြိုးစားနေရသည့် သူတွေပါ။ အစ်ကိုသက်နေအောင် သူ့ထွေးသမီးနှင့်ရပြီး သူ့ရဲ့ကြိုးစားမှုတွေကြောင့် ချမ်းချမ်းသာသာနှင့် ဘဝကို မျက်နှာပန်းလှနေချိန်မှာ –

အစ်ကိုဟာ မြွေပွေးခါးပိုက်ပိုက်သလိုပဲ သူ့ကိုခေါ်ခဲ့မိသည်။ ညီအစ်ကိုချင်းအတူတူ အစ်ကိုက စိတ်နှလုံး ဖြူစင်ပြီး သူက ဘာဖြစ်လို့ နှလုံးသားတွေ မည်းညစ်ခဲ့တာလဲ။

တစ်ချိန်လုံး အစ်ကို့အရိပ်အာဝါသမှာ အစ်ကို့ရဲ့ချမ်းသာမှုတွေကို လက်ဇရတစ်ပြင်တည်း စားသုံးရင်း ဆင်ကြံကြံနေမိခဲ့တာ။

သည်ကြားထဲ သူ ဆက်ဆံခဲ့သည့်မိန်းမတွေထဲမှာ သူ



www.burmeseclassic.com

www.burmeseclassic.com



ခွဲလမ်းနှစ်သက်မိသည့် မိန်းမနှင့် ပတ်သက်ပြီး အစ်ကိုနှင့်သူ အမြဲ သဘောထားကွဲလွဲရ၏။

ယွန်းမေရိုဟာ ကလေးတစ်ယောက်အမေ ဆိုပေမယ့် အလှအပနှင့် အညှုအခရာက ရက်စက်သည်။

ယွန်းမေရဲ့အလှအပမှာ သူ ယစ်မူးလို့မကုန်။ ခွဲလမ်းမှုက မပြေ။ အစ်ကိုက တားလေ သူက ပိုပြီးတော့မခွဲနိုင် မခွာရက်ဖြစ်ရလေ။

"မင်းကွာ ယူမှာဖြင့်လည်း တည်တည်တံ့တံ့နဲ့ လူကြားကောင်းတဲ့တစ်ယောက်ယောက်ကို ယူစမ်းပါ။ မင်းဟာမကမလွယ်ပါဘူးကွာ။ မျောက်လို ဟိုခုန်ဒီခုန်လုပ်မနေနဲ့ သူရအောင်။ တစ်ယောက်ယောက်ကို အတည်တကျယူလိုက်"

အစ်ကို့ရဲ့တားမြစ်ချက်တွေရဲ့အောက်မှာ သူ ရှောင်ရင်းတိမ်းရင်းနှင့်ပင် ယွန်းမေထံ ဝင်မြဲ ထွက်မြဲ။ သူတို့သားအမိကို ချစ်ခင်စုံမက်မြဲ။

လူဆိုတာလည်း တားမြစ်ချက်ရှိမှ ပိုပြီးအသက်ဝင်တာထင်ပါသည်။

သည်လိုနှင့် သူမှာ ယွန်းမေဆိုသည့် ကြိုးတစ်ချောင်းနှင့်နိုင်လုံစွာ ရစ်ချည်ခံနေရဆဲ ယွန်းမေရဲ့သမီးလေးကလည်း မာန





နတ်ရဲ့သမီးတစ်ယောက်လို အရွယ်ရောက်လာ၊ လှချက်ပြင်းလာခဲ့ပြန်သည်။

တိုက်ခန်းပိုင်လေးတောင် ဝယ်မပေးနိုင်ဘဲ အငှားနှင့်ထားနေရတာလည်း သူရအောင် စိတ်ပျက်သည်။ သူ ယွန်းမေတို့သားအမိကို တယုတယ၊ တမွန်တမြတ် ထားချင်သည်။

သည်တော့ သူလို အတ္တသမား၊ လောဘသမားရဲ့ ကြီးပွားရာ ကြီးပွားကြောင်းက သမ္မာအာဇီဝမဟုတ်ဘဲ ဘနဖူး သိုက်တူးတော့မှာမဆန်း။

သူ အစ်ကို့ရဲ့ စည်းစိမ်ဥစ္စာတွေကိုသာ လုံးဝ လက်ဝါးကြီးအုပ်ယူဖို့ အချိန်နှင့်အမျှ ကြံစည်စိတ်ကူးခဲ့သည်။

"အဲ ...ဟုတ်ပြီ"

သူမယားပါသမီးလေးဟာ တော်တော်ပဲ ချောလှလာပြီမို့ ကိုယ့်တူနှင့် ငြိအောင်၊ ပြီး အခြေအနေအရ ဆင်ကြံကြံနေမည့် ဇာတ်လမ်းမှာ လိုသလို သုံးရအောင်။ အသုံးချဖို့ သူရအောင် စိတ်ကူးလိုက်သည်။

သူ့တူဟာ ထူးခြားသူမို့ လူပြိန်းကြိုက်အဆင်တွေ၊ လူပြိန်းကြိုက်ဇာတ်လမ်းတွေကိုတော့ စိတ်ဝင်စားမှာမဟုတ်။

သည်တော့ ရတို့ကို အကျိုးအကြောင်းတွေ ပြီး



www.burmeseclassic.com

www.burmeseclassic.com



တောင်းနေသန့်အနား ပူးကပ်ခိုင်းလိုက်သည်။

နောက် ဘုရားဖူးသွားကြဖို့ ခရီးထွက်ကြဖို့တွေ ဆွဲဆောင်ခိုင်းသည်။ သူကလည်း အိမ်မှနေပြီး ဘေးတီးပေးခဲ့သည်။

သည်လိုနှင့် သူတို့မိသားစုနှင့်အတူ ကိုယ်ပါ တောင်ကြီး၊ အင်းလေး၊ ပင်းတယတို့ထိ ဘုရားဖူးသွားကြဖို့ ရတီက တောင်ကြီးမှစောင့်နေဖို့တွေ ချိန်းချက်ပြီး သူ ကျုံးသွင်းနိုင်ခဲ့သည်။

နောက် သိတဲ့အတိုင်း အန္တရာယ်များသည့် ချောက်ကမ်းပါးကွေ့တစ်ခုရဲ့ ကုန်းအတက်တစ်ခုမှာ သူ ကိုယ့်လူ (၂)ယောက်ကို စောင့်ခိုင်းထားခဲ့ပြီ။

သူ ကားနောက်ဘက်မှအပေါက်ဖွင့်ခါ တိတ်တဆိတ်လိမ့်ချပြီးသည်နှင့် သူ့လူနှစ်ယောက်က ကားဘီးအောက်သို့ ယမ်းထုပ်ကို မီးရှို့ပြီး ပစ်ပေါက်ထည့်လိုက်ရာ –

ကားမီးလောင်ပြီး အုန်းခနဲ ပြောက်တက်ကာ ချောက်ထဲသို့ မှောက်ကျသွားခဲ့သည့်အဖြစ်။

အင်း ... သူ တိတ်တဆိတ်ပြုံးပြီး စုံစမ်းကြည့်တော့ ကားမီးလောင်သည့်အမှုက ပိတ်လိုက်ပြီ။ ကားထဲမှာ အစုလိုက်အပြုံလိုက် မီးတွေလောင်နေလိုက်တာ မည်းလို့။ လူရုပ်တွေကို





မပေါ်ကြတော့။

သို့ပေမယ့် သူ့စိတ်ထဲမှာ မာလီကောင်ကို မသင်္ကာ။ သူ့ရုပ်က မီးလောင်ခံရထားသလိုလို။ နေစမ်းပါဦး။ ဝုန်းခနဲပေါက်ကွဲပြီး တစ်စီးလုံး မီးလောင်သွားတဲ့အထဲမှာ ဘယ်လို သကောင့်သားကများ ဘယ်သိကြားကယ်လို့ ရှင်မှာတဲ့လဲ။

ဒါဆို ဒီမာလီကောင်ဟာ သူ့တူမနှင့် လင်းနုရွှေကို ဘာကိစ္စ အရေးတယူပြုရတာလဲ။ အိမ်ရှင်မို့လို့ ဖားတာလား။

မတရားလုပ်ထားမိသူမို့ သူရအောင် နေရတာ တစ်ခါမှ စိတ်အေးချမ်းမသာမရှိ။ သူ ယခုလည်း ညော်ခန်းထဲမှာ ဘီယာသောက်နေတာပါ။ အမြည်းနှင့်ပေါ့။

ညနေက သူ့မိတ်ဆွေ အောင်သီဟနှင့် မြင့်မိုးအောင်တို့ အိမ်ထိလိုက်လာသည်။ ရွှေနှစ်ညီကြီးတွေ ဘာကိုလိုလို့ ဝဲသလဲ။ သူတို့အချင်းချင်းက ပြောမနာ ဆိုမနာ ပုလင်းတူ ဘူးဆို့တွေပီပီ။

"ဟေ့ လူတွေ ... ကျုပ်အိမ်ကို ခုတစ်လော ဘာကိစ္စ တစော်စော်စက်ကျနေကြတာလဲ။ ကျုပ် သိနေတယ်နော်။ အချင်းချင်း ဖတ်ခေါင်းမကွဲချင်ဘူး"

"သယ်ရင်းကလည်း ခင်ဗျားအိမ်မှာ အလန်းလေးတွေ ရှိလို့ပါ။ တလွဲမထင်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အနံ့လေးလောက် လာရှူတာပါ။ မကျေနပ်ဘူးလား။ ခင်ဗျား သဘောတူရင် အတည်ကြိုလိုက်မယ်လေ"

"တော်တော် ... ခင်ဗျားတို့ဘာသာ ဘယ်နေရာမှာ အလေလိုက်လိုက် ကျုပ်အိမ်ကလူတွေတော့ လာမရှုပ်နဲ့"

"သယ်ရင်းကလည်း တိုစရာမရှိ တိုနေ။ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်တော့ မကောင်းဘူးလား။ ဒီခေတ်ကြီးထဲ ဒီလို တက်ကစီး သပိတ်ဝင်အိတ်ဝင်က ရှားတယ်နော်။ ခင်ဗျား အချစ် ဆုံးသမီးလေးကို မထိပါဘူး။ တူမလေးလောက်တော့ စွန့်ကြဗျာ"

"အင် ... တူမဆိုရင်တော့ စဉ်းစားရတာပေါ့ဗျာ။ ကျုပ် အာဏာမသုံးချင်ဘူးနော်။ ခင်ဗျားဘာသာ စည်းရုံးကြည့်၊ စည်းရုံးလို့ရရင် ယူပေါ့"

"ဩော် ... ဒီအရွယ်နဲ့ဒီအရွယ် ဘယ်လိုလုပ်စည်းရုံး မလဲဗျ။ ခင်ဗျားတူမက ဆင်းဆင်းရဲရဲလေးဆိုလည်း ဟိုဟာလေး ဝယ်ပေး၊ ဒီဟာလေး ဝယ်ပေး လုပ်ရရဲ့"

"အစွမ်းအစမရှိလည်းနေဗျာ။ ခိုညည်းသလို လာညည်း မနေနဲ့"

"ခင်ဗျားက ခွင့်လေး ဘာလေးတော့ ချပေဦးပေါ့။ ခရီးထွက်ဖို့လေး ဘာလေး ဒါမှမဟုတ်လည်း အိမ်မှာ နှစ်ယောက်





တည်း ခုံပေးလေဗျာ"

"အမယ်လေး ... အမယ်လေး၊ ခင်ဗျားလိုလူနဲ့သာ နှစ်ယောက် ချင်းခုံပေးလိုက်ရရင် ကျုပ်တူမတော့ အရိုးတခြား အသား တခြား ဖြစ်မလားဘဲ"

"အဟား ဟား ဟား ... ဒီလောက်လည်း မကြောက်ပါ နဲ့ဗျာ။ ဘာလဲ လုံဖျား ပုစဉ်းနားတာနဲ့ ခင်ဗျားက ချေးပါချင်နေ တာလား"

သည်လိုနှင့် အောင်သီဟတစ်ယောက် သူ့ကို မျက်နှာချို လာသွေးကာ သည်းနေလျှံကို ကြိုစည်လာခဲ့ခြင်းဖြစ်သည်။

သူကတော့ အိမ်ပေါ်မှာရှိနေသည့် ရန်သူတွေအားလုံးကို လက်ဖြောင့်သေနတ်သမားလို တစ်ယောက်ချင်း ရှင်းထုတ်ပစ်မှာ။

ဒါမှ သူတို့မိသားစု (၃) ယောက်တည်း လွတ်လွတ် လပ်လပ်၊ ချမ်းချမ်းမြေ့မြေ့နေရမှာ မဟုတ်ပါလား။

လင်းနုဧွေကိုလည်း တစ်ယောက်ယောက်နှင့် ပေးစားပစ် ရမည်။ ဒါမှ အမိုက်ထုပ်တွေ ရှင်းသွားမှာ။ ကောက်ကျစ်သော အတွေးများဖြင့် ဘီယာသောက်ရင်း သူ့မျက်လုံးတွေ ရီဝေလာတာ မူးလို့လား၊ အိပ်ချင်လာလို့လား။ ဇဝေဇဝါ။ ကြည့်လေရာရာ အရာဝတ္ထုတွေပင် မသဲကွဲ။ နှစ်ထပ်တွေ မြင်လိုမြင်။



www.burmeseclassic.com

www.burmeseclassic.com



ညသန်းခေါင်ယံကျော်ပြီလေ။ ကိုယ့်အိပ်ခန်းကို အောက်ထပ်မှာပဲထားတာမို့ တော်သေးသည် အပေါ်ထပ်ဆိုလျှင်တော့ သူတက်နိုင်ပါဦးမည်လား မသိ။

သူ စားပွဲမှ ကြိုးရှန်းထလိုက်စဉ် လူသေကိုမီးရှို့သည့် ညှော်နံ့တွေ စူးစူးရှားရှား ရှူလိုက်ရတာကြောင့် သူ ခေါင်းနပန်းကြီးသွားသည်။

ဒါ သူ့အစ်ကိုမိသားစု ကားမီးလောင်သည့်နေရာသို့ လူတွေနှင့်အတူ သူသွားကြည့်ခဲ့တုန်းက ရှူရသည့်အနံ့ပေါ့။

ခေါင်းမွေးတွေ ထောင်ထသွားအောင် မှုးနေ၊ မှေးနေသည့် မျက်လုံးတွေ ပြူးကျယ်သွားအောင်ပင် သူ ထိတ်လန့်တုန်လှုပ်နေဆဲ။

အိပ်တံခါးပေါက်ဝမှာ မီးသွေးတုံးလို မည်းမည်းရှည်ရှည်ကြီးကို မီးခိုးများကြားမှာ သူ တွေ့လိုက်ရသဖြင့် –

"အား သွား သွား ... ဒါ မင်းအိမ် မဟုတ်တော့ဘူး။ ဒါ ငါ့အိမ် ... အား ဟား"

သူ အသံနက်ကြီးနှင့်အော်ပြီး ခေါချွေးတွေ ပြန်နေဆဲ။ ထိုတစ္ဆေကြီးက သွားကြီးဖြဲပြီး သူ့ကို လက်ညှိုးနှင့် ဒေါသတကြီး ထိုးနေလိုက်တာ။ သူ့ရဲအောင်ဆိုတာ ဘာကိုမှမကြောက်တတ်ခဲ့





ပေမယ့် ကောက်ကျစ်ယုတ်မာသည့်အမှုကြီးကိုပြုပြီးကတည်းက–

လူက အလိုလိုနေရင်း ဒေါသတွေကြီး၊ စိတ်တွေတိုကာ နှလုံးခုန်နှုန်းတွေ မြန်ပြီး ကြောက်တတ်တာလည်းအလွန်။

သူ ကိုယ့်အခန်းဆီသို့ထပြီးပြေးဖို့ ကြိုးစားပေမယ့် လူက မူးနေတာရယ်၊ အကြောက်တွေလွန်ပြီး မျက်စိတွေပြာနေတာရယ် ကြောင့် သူ့ခြေထောက်တွေ လှုပ်ရှားလို့မရ။

"အား အား အား"

တအားအားနှင့်အော်ရင်း သူ ဒုက္ခကြီးစွာရောက်နေဆဲ စောစောက တံခါးပေါက်ဝမှ တစ္ဆေကြီးက သွားကြီးဖြဲ လက်ကြီး နှစ်ဖက်ဆန့်တန်းကာ သူ့အနီးသို့ တရွေ့ရွေ့တိုးလာခဲ့လျှင် –

သူ့ရဲအောင်တစ်ယောက် လိပ်ပြာလွင့်မတတ်၊ အသက်ထွက်လုမတတ်။

"သွား သွား သွား အား"

နေရာမှာပင် ဖရိုဖရဲနှင့် ကွေးကောက်လဲကျသွားခဲ့ရသည့်အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ဦးသူရအောင်၏ ပဋ္ဌမ်တပ်သား (၂) ယောက် အောင်ထိုက်နှင့် ဝင်းနောင်။ ခြုံထောင့်မှနေပြီး မာလီကောင်ကို အပြတ်ရှင်းဖို့ စောင့်နေကြရသည်။

ဦးသူရအောင်က သူတို့အတွက် ငွေတွင်းပဲ။ ဟိုတစ်ခါ သူ့အစ်ကိုမိသားစုကို လုပ်ကြံတုန်းကလည်း သူတို့နှစ်ယောက် တက်ညီလက်ညီ ဖြေရှင်းပေးခဲ့ကြသည်။

ငွေကြေးအဖြစ်လည်း မြိုးမြိုးမြက်မြက်ရခဲ့ကြပါ၏။ နှုတ်တော့လုံရတာပေါ့လေ။ သို့သော် သူတို့လို လူဆိုးတွေကလည်း အလမ္မာယ်ဆရာကို မြွေကိုက်သလို အလုပ်ရှင်ကို ငွေညှစ်ပြီး





ဒုက္ခပေးရမှာပဲ။

သူတို့နှစ်ယောက် အစားအသောက်မချောင်လို့ ဦးသူရအောင်ထံ အလုပ်တောင်း။ ငွေတောင်းတော့ မာလီကိုပြပြီး အလုပ်အပ်ခဲ့သည်။

"ဒီကောင့်ကို ငါ လုံးဝကြည့်မရဘူး။ သူကြည့်ရတာ မျက်စိစပါးမွေးစူးတယ်။ ပြီးတော့ ဒီကောင်ဟာ ငါ့အတိတ်ဟောင်းနဲ့ တစ်ခုခု ပတ်သက်နေသလိုပဲ။ မင်းတို့ ဒီကောင်ကို အပြတ်ရှင်းနိုင်ရင် သိန်း (၅၀) ပေးမယ်။ ဒါပေမဲ့ ပိပိရိရိ ရှိရမှာနော်။ 'မသေသပ်ရင် ကိုယ့်အပြစ်ကိုယ်ခံပဲ'"

"စိတ်ချပါ အာစရိရဲ့၊ အောင်ထိုက်တို့ရာဇဝင်မှာ အရှုံးဆိုတာ မရှိခဲ့ဖူးဘူး။ အာစရိသာ ငရန်လေးနည်းနည်းချပေး"

"အေး ...ငါ (၁၀) သိန်းပေးလိုက်မယ်။ ကိစ္စရှင်းပြီးတာနဲ့ နောက်ထပ် ငွေရရစေမယ်။ ပိပိရိရိ ရှိပါစေနော်။ ဗားတန်းလန်း၊ တုတ်တန်းလန်းတွေ မမြင်ချင်ဘူး"

"ရတယ် အာစီ။ အဆိပ်နဲ့သေရစေမယ်ဗျာ"

"ဘယ်လိုလုပ်လုပ်ကွာ၊ ဒီချေးထုပ် ငါ့မျက်စိအောက်မှာ မရှိရင် ပြီးရော"

ဦးသူရအောင်၏စကားကို ပြန်လည်ကြားယောင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် လူခြေတိတ်ချိန်ကို စောင့်နေကြရသည်။ နောက် မီးပြတ်ချိန်ပေါ့။

သူတို့အိတ်ထဲမှာထည့်လာတာ မြွေဟောက်တစ်ကောင်။ ကလေးလက်ကောက်ဝတ်လောက်ရှိပြီး အရှည်တစ်ကိုက်ကျော်မည့် မြွေဟောက်ကို သူတို့မနည်းရှာဖွေယူခဲ့ရတာ။

မြွေဖမ်းသမားထံမှ တစ်သောင်းခေါင်ပေးပြီး ဝယ်ခဲ့ရတာ။

"တောက် . . . ဒီနေ့မှ မီးကလည်း မပြတ်ဘူး။ မီးလင်းလင်းကြီးထဲတော့ လှုပ်ရှားလို့မဖြစ်ဘူး။ တော်ကြာ သိန်းအစိတ်က မကာယ်ဘဲ ထောင်နန်းစံနေရဦးမယ်"

"စိတ်ရှည်ရှည်ထားပါကွာ။ မီးမပျက်လည်း လူခြေတိတ်ချိန်ကြရင်တော့ မှောင်ရိပ်ခိုပြီး လှုပ်ရှားရမှာပေါ့"

နှစ်ယောက်သား ခြင်အကိုက်ခံပြီး ခြံထောင့်မှာ ဝပ်စောင့်နေကြရသည်မှာ ဝဋ်ကြွေးတစ်ခုပမာ။

ကြီးရှုံ့အိတ်ထဲမှာပိတ်ယူလာသည့် မြွေဟောက်ကလည်း မွန်းကျပ်လို့ပဲလား။ တိုးထွက်ချင်လို့ပဲလား။ အစာဆာလို့ပဲလား မသိ။ အိတ်ပျော့ထဲမှာ ခြောင်းဆန်နေလိုက်တာ ကြောက်စရာ။

ဟိုကောင့်အခန်းရောက်လျှင်တော့ သားရေအိတ်ပျော့ကို





ကြိုးလျှော့ပြီးဖွင့်ပေး။ လွှတ်ပေးလိုက်ရုံပဲ။ သူတို့နှစ်ယောက်က တစ်နေရာမှ စောင့်ကြည့်ရမလား။ သို့မဟုတ် ပြန်ပြေးရမလား။

မနက်ကျမှ ဒီကောင်သေပြီရယ်လို့ သတင်းကြားရမလား။ သေချာအောင် စောင့်ကြည့်ဖို့ပဲ ဆုံးဖြတ်လိုက်ကြပြီးည၌ (၁) နာရီထိုးခါနီးမှာ သူတို့ ကားဂိုဒေါင်ဘက်သို့ မှောင်ရိပ်ခိုကာ ချုတ်နင်းပြီးလျှောက်လာ၏။

သည်စဉ် အိမ်ထဲမှ အသံနက်ကြီးတစ်ခု ကြားလိုက်ရသဖြင့် သူတို့နှစ်ယောက် ခေါင်းနပမ်းကြီးသွားကြ၏။ ဘယ်သူလဲ၊ ဘယ်သူ့အသံလဲ။ အိမ်ထဲမှာတော့ ယောကျ်ားသားရယ်လို့ သူတို့အာစရိတစ်ယောက်တည်းရှိတာ။

"အား သွား သွား ဟား"

နှစ်ယောက်သား နားစွင့်မိနေကြပေမယ့် ကားဂိုဒေါင်ဘေးမှမခွာရဲ။ မာလီကောင်က အသံကြားသဖြင့် သူ့အခန်းမှ လှမ်းကာ အိမ်ဘက်သို့ ကြည့်နေ၊ နားစွင့်နေသည်လေ။

တစ်ခွန်းပဲကြားလိုက်ရပြီး အသံပျောက်သွားသဖြင့် သူတို့ မာလီ၏အသံ ငြိမ်သွားအောင် စောင့်နေကြရပြန်သည်။

အချိန်တွေကလည်း ကုန်ခဲလိုက်တာ။ ခြင်တွေကလည်း မှောင်ရိပ်မို့ ကိုက်မှကိုက်။



www.burmeseclassic.com

www.burmeseclassic.com



အဝေးဆီမှ နာရီသံချောင်းသံနှစ်ချက် ကြားသည့်အချိန်မှာတော့ မာလီ၏အခန်းထဲမှ အိပ်မောကျသံမှန်မှန်ကြားနေရသဖြင့် သူတို့နှစ်ယောက် စတင်လှုပ်ရှားဖို့ ပြင်လိုက်ကြသည်။

သူ့အခန်းပတ်လည်မှာ ဘယ်နေရာမှာ အပေါက်ရှိမလဲ။ သူတို့နှစ်ယောက် ရှာကြည့်ကြသည်။ အပေါက်ထဲမှ မြွေကို သွင်းမည်

အင်း ... မြွေကရော သူ့ကို တည့်တည့်ကိုက်ပါ့မလား။ မတတ်နိုင်ဘူး။ သမ္မေသတ္တာ ကမ္ဘာသကာပဲ။

ဒီညမသေလည်း နောက်တစ်ကြိမ်ပေါ့။ အတွေးနှင့် သူတို့အပေါက်ရှာနေကြစဉ် တစ်ခြံလုံး မီးတွေပြတ်သွားသဖြင့် သူတို့နှစ်ယောက် တိုးတိုးကျိန်ဆဲလိုက်ကြသည်။

"ရှိုးတဲ့၊ စောစောကတော့ မီးမပြတ်ဘူး။ ငါတို့ ခွင်ကောင်းရောက်နေကာမှ ပျက်ရတယ်လို့"

ဖုန်းထုတ်ပြီး ဖုန်းမီးဖွင့်ဖို့ ပြင်နေစဉ် သူ့ပခုံးကို တစ်ခုခု လာထိသလို ခံစားလိုက်ရသဖြင့် အောင်ထိုက် လှည့်ကြည့်လိုက်သည်။

"ဟာ"

သူတို့နှင့် မလှမ်းမကမ်းမှာ မီးကျွမ်းသလို မည်းမည်းရုပ်





ကြီးတွေနှင့် ညှော်နံ့တွေ တထောင်းထောင်းထနေတာ။

"အား သွား သွား သွား"

မြွေအိတ်ကိုပင် မယူနိုင်ကြတော့ဘဲ နှစ်ယောက်သား အော်ဟစ်ပြီး ပြေးလိုက်ကြသည်မှာ ခြံထောင့်သစ်ပင်ဆီသို့ပါ။

ထိုရုပ်တွေကို သူတို့သိသည်။

သူတို့အာစရိုနှင့်အတူ ကားမီးလောင်တာကို လိုက်ကြည့်ကြဖူးသည်။ ဝိုင်းအုံကြည့်နေကြသည့် ပရိသတ်နှင့်ရောပြီး သူတို့မြင်ခဲ့ ကြည့်ခဲ့ရသည့် မီးကျွမ်းနံ့နှင့် မီးကျွမ်းရုပ်တွေ။

နှစ်ယောက်သား အော်ဟစ်ပြီးပြေးကြတော့ ကောင်းနေသန့် နိုးသွားပေပြီး သူ့အခန်းထဲမှ အပြေးထွက်လာ သူခိုးဖမ်းဖို့ လိုက်တော့ သူ့လက်ထဲမှာ နှစ်တောင်လောက်ရှည်မည့် သစ်သားချောင်းနှင့်။

"သူခိုး သူခိုး သူခိုးတွေဗျို့"

သူ အော်လည်းအော်၊ နောက်မှလိုက်လည်းလိုက်တော့ ရှေ့မှ အောင်ထိုက်တို့နှစ်ယောက် ခြံဝင်းတံခါးချွန်ချွန်တွေပေါ် သွေးရူးသွေးတန်း ဖက်တက်နေလိုက်ကြသည်မှာ ငရဲသားတွေနယ်။

သူ့အော်သံကြောင့် ခြံရှေ့မှာ ရဲပတ္တရောင်တွေ ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာသလို သူကလည်း နောက်မှ သစ်သားချောင်းနှင့်ရိုက်၏။

ခြံထဲမှာ ခြံရှေ့မှာ ဆူညံနေကြတော့ အိမ်ထဲမှ အိမ်အကူ တွေနှင့် ယွန်းရတီတို့ သားအမိပါ ပြေးထွက်လာကြသည်။

"အား"

အကာလ ညအခါမို့ လူတွေက ရုတ်ရုတ်သဲသဲ။ ဒေါ်မိုး ဖွေရဲ့ အော်သံကြီးကြောင့် အားလုံးနောက်သို့ လှည့်ကြရပြန် သည်။ သည်အချိန်မှာ မီးတွေပြန်လင်းလာသဖြင့် အရာအားလုံး ဟာ ထင်ထင်ရှားရှား။

ခြံရှေ့မှနှစ်ယောက်ကို ရဲတွေကဖမ်းဆီးလိုက်သလို ခြံ ထဲမှ ဒေါ်မိုးဖွေမှာလည်း လဲကျနေပြီး သူ့ရှေ့မှာတော့ ပါးပြင်း ထောင်နေသည့် မြွေဟောက်တစ်ကောင်။

အောင်ထိုက်နှင့် ဝင်းနောင်ယူလာခဲ့သည့် မြွေဟောက်။ အိတ်ထဲမှ ခေါင်းပြူထနေပြီး ထွက်ပေါက်ရှာကာ တိုးထွက်နေဆဲ သူ့အိတ်ကို တက်နင်းသူကား ဒေါ်မိုးဖွေ။

ထိထိမိမိပေါက်ချလိုက်သည့် မြွေဟောက်၏ ဒေါသ အဆိပ်က တစ်ကိုယ်လုံးသို့ ပျံ့နှံ့နေပေပြီ။

"အား အား ကယ်ကြပါဦး၊ ကယ်ကြပါဦး။ ကျွန်မ ... ကျွန်မကို မြွေ မြွေကိုက်လို့"





ရဲများ ခြံထဲသို့ဝင်လာပြီး ကြည့်နေစဉ် ဒေါ်မိုးဖွေ တစ် ယောက်တည်း အသံနက်ကြီးနှင့် ခြံထောင့်ကို လက်ညှိုးထိုးလို့။

"ဟိုမှာ ဟိုမှာ အစ်ကိုကြီးနဲ့ မမကြီး ကျွန်မကို ကျွန်မကို လာခေါ်နေပြီ။ သူတို့ သူတို့ ကျွန်မကို သတ်တော့မယ်၊ သတ် တော့မယ် ... သတ်"

မြွေဆိပ်က ပြင်းလွန်းလို့ပေပဲလား။ ကယောင်ကတမ်း နှင့် အော်ရင်းပင် ဒေါ်မိုးဖွေတစ်ယောက် ခေါ်ကျိုးကျသွားပေ တော့ပြီ။

အကုသိုလ်များ ဘဝမကူးပါလား။ သည်ခေတ်က သိကြားသာသနာမို့ ထိချက်ကပြင်းသည်ထင့်။

ရဲများ ကောင်းနေသန့်ထံမှ စစ်ချက်တွေယူနေစဉ် အိမ် ထဲမှ ဒေါ်ယွန်းမေရီ၏ အော်ငိုသံကြားလိုက်ရပြန်သည်။

"အမယ်လေး လာကြပါဦး။ ဒီမှာ ကိုသူရအောင် ကိုသူရ အောင် ကိုယ်တစ်ခြမ်းရွဲ့နေပြီ။ လုပ်ကြပါဦး။ ဟဲ့ မာလီ မာလီ လာစမ်း"

သည်ည ဘာတွေဖြစ်နေကြတာလဲ။

သည်ညဟာ သည်အိမ်မှာ ကွက်ပြီး ငရဲခံနေကြရတာ လား။



www.burmeseclassic.com

www.burmeseclassic.com



သူခိုးနှစ်ယောက်က ခြံတံခါးမှ အချွန်တွေနှင့် ထိုးမိ ခြစ်မိပြီး သွေးသံရဲရဲနှင့် အဖမ်းခံနေရသလို –

ဒေါ်မိုးရွှေက မြို့လယ်ခေါင် ကွန်ကရစ်ခင်းထားသည့် သူဌေးခြံကြီးထဲ မြွေပေါက်အကိုက်ခံရသည်။

နောက် ညှော်ခန်းထဲမှာ ဦးသူရအောင်က ဘယ်အချိန်ထဲ က ဝရုန်းသုန်းကားနှင့် လဲကျပြီး လေဖြတ်နေသည်မသိ။

အနှစ်ချုပ်လိုက်တော့ ကောင်းနေသန့်တို့၏ မင်္ဂလာ စံအိမ်ကြီးသည် ယမမင်း၏ငရဲစံအိမ်ကြီးဖြစ်သွားခဲ့သည်။

ခြံထဲမှာ လူနာတင်ကားတွေ၊ နာရေးကူညီမှုအသင်း ကားတွေနှင့် ရှုပ်ယှက်ခတ်နေလေတော့ရာ အကုသိုလ်၏ အကျိုး ဆက်တွေကို သံဝေဂယူရတော့မလို။

✸ ✸ ✸



## အခန်း (၁၃)

ဦးသူရအောင်ရဲ့အခြေအနေက စကားမပြောနိုင်တော့။ ဝူးဝါးဝူးဝါးနှင့် မျက်ရည်တွေကျ၊ နှာရည်တွေကျ၊ အသိကတော့ ရှိနေတာပင်။

အထူးကုဆေးခန်းကြီးမှာ အထူးကုတွေနှင့် စပါယ်ရှယ် ကုနေတော့ ဖနီးနှင့်မယားပါသမီးက လိုက်ပြီး ပြုစုစောင့်ရှောက် ပါသည်။

သို့သော် –

အဲသည့်သို့သော်က အရေးကြီးတာပါပဲ။

အကုသိုလ်များ အလုံးအရင်းနှင့် အတိုးနှင့်လာသည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ တယ်မှန်တာပဲ။

သူရအောင်ကို စောင့်ရှောက်နေတာ သူ့မယားနှင့်သမီး အပြင် –

သူ့မိတ်ဆွေ (၂) ယောက်ဖြစ်သည့် အောင်သီဟနှင့် မြင့်မိုးအောင်ပါ ကိုယ်ဖိ ရင်ဖိလာပြီး စောင့်ရှောက်နေတော့ လူမမာမှာ အသည်းကွဲခတ်ခံရသလို တဆတ်ဆတ်ခါနေရသည်။

အထူးကုဆေးခန်းကြီး၏ အထူးခန်းထဲမှာ ဦးသူရအောင် လာပြီး စောင့်ရှောက်သလိုလိုနှင့် ယွန်းမေရီ ယွန်းရတီတို့နှင့် ဒွေးရောယှက်တင်။

အားပေးလိုက်၊ ကြင်နာလိုက်၊ မျက်ရည်သုတ်ပေးလိုက်၊ ပန်းလေးတွေဖက်လိုက်။

သူရအောင်တစ်ယောက် အသည်းကွဲခတ်ခံရရုံတင်မက ဆင်နင်းခံရသည့်အဖြစ်။

သူ့ဘဝက အသံတောင် ဖောဖောသီသီ မထွက်နိုင် သည့်မို့ သူ့အခန်းထဲမှ သူ့နှလုံးသား။ သူ့အသည်းတွေ ကြွေရ မည့် ပြကွက်တွေကို အခံရခက်စွာ ကြည့်နေ မြင်နေရပါ၏။

အသည်းမှာ လှံတွေ အစင်းစင်းစိုက်ရပြီ။

သူ့နှလုံးသားတွေ သွေးစိမ်းစိမ်းရှင်ရှင် ယိုစီးကျနေတာ





လောကကြီးမြင်ပါရဲ့လား။

ကမ္ဘာမြေကြီးရေ –

ကျွန်တော်ဆိုတဲ့ ငမိုက်သားကို –

ဟိုး . . . မဟာပထဝီမြေကြီး အဆုံးထိ၊ အဝီစိထိအောင် ဆွဲချခေါ်ဆောင်သွားစမ်းပါဗျာ။ ကျွန်တော့်နှလုံးသည်းပွတ်နဲ့တူတဲ့ ဇနီးနဲ့သမီးကို ကျွန်တော့်မျက်စိရှေ့တွင်ပင် မြူဆွယ်ဖြားယောင်း နေတာ။ သားရေပေါ်အိပ် သားရေနားစားနေကြတာ၊ နတ်နေ ကိုင်မထားကြတာ၊ ဘီလူးစည်း လူစည်း မထားဘဲ စော်ကားဖို့ ကြိုးစားနေကြတာကို။ ဒီငမိုက်သားကြီး ဘယ်လိုနှလုံးသားမျိုးနဲ့ တင်းခံနိုင်မှာတဲ့လဲဗျာ။

အစ်ကိုရေ –

အစ်ကိုတို့ပိုသားစုကို မီးလောင်တိုက်သွင်းခဲ့မိလို့ –

ကျွန်တော် ငမိုက်သားကြီးလည်း ဘဝမကူးဘဲ အရှင် လတ်လတ် ငရဲကျနေရပါပြီဗျ။

အခန်းထဲမှာတော့ ထိုနှစ်ခုတွဲက စကားတွေဆိုလျက်။

ယွန်းမေရီက သူ့လက်များကို ဖြည်းညင်းစွာ နှိပ်ပေး နေပေမယ့် မျက်လုံးက မြင့်မိုးအောင်၏ညို့ချက်မှာ။

ဟိုကလည်း စပါးကြီးမြွေကြီးလို ရစ်ပတ် ဖျစ်ညှစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဝါးစားတော့မည့် ရှပ်ကြီးနှင့်။

"ကိုသူရတို့များ ကံကောင်းချက်ဗျာ။ တော်လေးဝဝင်တဲ့ ဇနီးချောလေးကို ရထားတယ်။ အဲလိုဇနီးမျိုးနဲ့သာဆိုရင် ဘဝချင်းလဲလိုက်ချင်ပါတယ်ဗျာ"

မြင့်မိုးအောင်ရဲ့စကားသံတွေက ရိလို ပတ်လို့။ ယွန်းမေကလည်း မျက်စောင်းလေးနှင့် တုံ့ပြန်၏။

"ကိုမြင့်မိုးနော် မပိုနဲ့။ ကဲ ... ဒါဆို မောင်နဲ့ရှင် အခုပဲ ဘဝချင်းလဲလိုက်လေ။ ဒါဆို မောင်ခံစားနေရတဲ့ ဒုက္ခတွေလည်း ကင်းလွတ်ရော၊ ရှင့်ကိုလည်း ယွန်းမေ အရမ်းကျေးဇူးတင်မှာ"

သူမက အကဲပိုသလို မြင့်မိုးအောင်ကလည်း ချဲမှချဲ။

"တကယ်လား ယွန်းမေ။ တကယ်ကျေးဇူးတင်မှာလား။ ယွန်းမေသာ စိတ်ချမ်းသာမယ်ဆိုရင် ကိုယ်က ပင်လယ်ရေ တောင် အကုန်သောက်ပစ်လိုက်ချင်ပါတယ်ဗျာ၊ တကယ်ပါ"

"ဟိုး ဆရာကြီး ... ပင်လယ်ရေတွေ အကုန်သောက် ပစ်လို့လည်း ရေတတ်ဝမ်းတွေ လိုက်ကုန်ပါဦးမယ်"

"ဟာဗျာ ... ယွန်းမေ တကယ်နောက်တယ်။ အေးပါ ဗျာ .. လျှောင်ပါ လျှောင်ရက်ပါ။ ကျွန်တော့်ဘဝက ခင်ဗျားလေး လျှောင်စရာ ပြောင်စရာ သတ္တဝါကြီးတစ်ကောင် ဖြစ်နေပြီကိုး"





သူရအောင်ကို နှိပ်ပေးနေသည့် ယွန်းမေရဲ့ လက်တစ်ဖက်ကို လှမ်းယူဆုပ်ကိုင်ရင်း ပြောလိုက်တော့ -

မာယာတွေ အပြုံးကျဲနေသည့် ကြောင်ခံတွင်းမျက်ကြီးနှင့် ဆက်ရက်တောင်ပံကျိုးမတို့ တခဂ်တော့ ရင်ခုန်သံတွေ ညံနေကြသံလို့။

သူရအောင်တစ်ယောက် အခြေအနေတွေကို မြင်နေကြားနေရတာ ရေကြီးရှစ်ထပ်မှာ တစ်ပြိုင်နက်တည်းကျခံနေရသည့်နှယ်။

သည်ငရဲမှ ဘယ်တော့မှ မလွတ်တော့ဘူးလား။ သူ စိတ်ဆင်းရဲလွန်းသဖြင့် တစ်ဖက်သို့ လှမ်းကြည့်မိပြန်တော့-

သူ့အခန်းထောင့် ဆိုဖာရှည်ပေါ်မှာ ယွန်းရတီနှင့် အောင်သီဟ။

အောင်သီဟက ယွန်းရတီရဲ့ဘေးနားမှာ ပူးကပ်ထိုင်ပြီး တလေးကို ဘာတွေ မြူဆွယ်ပြောယောင်းနေသည် မသိ။ စကားတွေ တီးတိုးနှင့်။

တောက် ငါဖို့ရည်ရွယ်ထားတဲ့ လိုက်ပွဲ။ ခုတော့ ခွေးသူတောင်းစားတွေ ဝင်ဆွဲနေပြီ။ သူ့စိတ်ချေတွေဆိုပေမယ့် သောက်ကျင့်တွေမကောင်းတာ ကိုယ်အသိဆုံး။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ထိုမကောင်းဆိုးဝါးနှစ်ကောင်ဟာ နေ့ရှိုင်းလာပြီး ယွန်းမေနှင့် ယွန်းဝတီကို ကြင်နာသလိုလို၊ ကူညီသလိုလို၊ မြှူချီသလိုလိုနှင့် လာလာပြီး ဖြားယောင်းနေလိုက်ကြတာ။

လှမယာအတွက်ယူလာသည့် လက်ဆောင်ကနည်းနည်း။ ယွန်းမေနှင့် ရတီ့အတွက် ယူလာသည့် လက်ဆောင်တွေက ပိုများသည်။

သည်ညနေလည်း လှမယာလာမေးသည့်စတိုင်တွေကို ကြည့်ဦး။ သူတို့အသက်အရွယ်တွေကိုမှ အားမနာ နှုနှုလေးတွေ ဝတ်လာပြီး သူတို့ကိုယ်သူတို့ လှင်မိုးလိုလို၊ ဝေဠုကျော်လိုလို။

လက်ထဲမှာလည်း ပန်းစည်းတွေကိုင်လို့။ ဟင်း သည်က မချောနှစ်ယောက်ကလည်း သူတို့လာသည်နှင့် မျက်နှာတွေက ဝင်းခနဲ။

"ဟင် ... ဦးကလည်း ရတီက နှင်းဆီဆိုအဖြူမှ ကြိုက်တာ။ ခုတော့ ပန်းရောင်ကြီး"

"ဩော် ... ကလေးကလည်း ပန်းရောင်ဆိုတာ အချစ်ရောင်လေ။ အချစ်နဲ့ နူးညံ့ခြင်းတွေ အချစ်ရဲ့ဆန်းကြယ်မှုတွေ၊ အချစ်ရဲ့ဖန်ဆင်းမှုတွေ"

"ကဲ ... တော်ပါတော့ရှင်။ ဒီမှာ လှမယာကိုလည်း





အားနာကြပါဦးနော်။ ကဲ ... ပေး ပန်းတွေ။ မောင့်စားပွဲမှာတင်လိုက်မယ်။ လှမယာ စိတ်ချမ်းသာတာပေ့ါ"

လှမယာကတော့ လုံးဝကို စိတ်ချမ်းသာဖွယ်မရှိပါ။ ချက်ချင်း သေပစ်လိုက်ချင်စိတ် ပေါက်ပေမယ့် ဇနီးနှင့်သမီးကို စိတ်မချ။

"မေမေ့ပန်းပဲ တင်နော်။ ရတီ့ပန်းက ရတီ့ဖို့။ ပါပါ စားပွဲပေါ် မတင်နိုင်ပါဘူး"

ရတီက သူ့ပန်းစည်းကို ရင်ဝယ် တမွေ့မွေ့။ ယွန်းမေကတော့ မြင့်မိုးအောင်ပေးသည့် မော်ဒယ်စိမ်းရောင်နှင်းဆီပန်းစည်းကြီးကို သူရအောင်၏ လှနာစားပွဲပေါ်သို့ တင်လိုက်သည်။ သည့်အခါ မြင့်မိုးအောင်က အလွမ်းမင်းသားစတိုင်လ်နှင့် ခပ်တိုးတိုး။

"ယွန်းမေက ရက်စက်တယ်ကွာ။ ယူနုလုံးသားထဲမှာ ကိုယ့်အတွက် တစ်လက်မလောက်တောင် နေရာမရှိဘူးနော်"

"အရေးထဲရှင် ... ကဗျာတွေ ဆန်နေရပြန်ပြီ"

ဘာပဲပြောပြော လှမယာကို ခုတင်ပေါ်မှာထားပြီး သူတို့က အခန်းထောင့်မှာ အခန်းထဲမှာ နှစ်စုံတွဲ စကားနာတွေတီး၊ စကားတွေ ရေပက်မဝင်ပြောနေဖြစ်ကြတာတော့ အသေအချာ။



www.burmeseclassic.com

www.burmeseclassic.com



ပီလောပင် ပက်ကျိတက်

ဘယ်တော့ ဘာတွေဖြစ်ကုန်ကြမှာလဲ။

သိကြားမင်းကြီးရယ် –

ကျွန်တော်မျိုးကြီးကို ကောင်းရင်လည်း မြန်မြန်ကောင်းပေးပါ။ ဒါမှမဟုတ် –

သေမယ်ဆိုရင်လည်း အမြန်သာ သေပေးတော်မူပါဘုရား။

❁ ❁ ❁



## အခန်း (၁၄)

ယခုတော့ ကောင်းနေသန့် အိမ်ကြီးပေါ်သို့ ရောက်ရှိသွားပေပြီ။ သူ နှုိက်နေသည့်အခန်းမှာပဲ နေသည်။

ရဲစခန်းမှာရောက်နေသည့် သူခိုးနှစ်ယောက်ကိုလည်း ရဲများက အမျိုးမျိုးစစ်ဆေးကြပေမယ့် သူတို့က ဘူးကွယ်နေကြမြဲ။

သို့သော် အချုပ်ထဲရောက်ပြီး (၃) ရက်မြောက်နေ့မှာတော့ ညဘက်ကြီး (၂) ယောက်လုံး အသံနက်ကြီးနှင့် အော်ဟစ်နေကြတာ တစ်ဆောင်လုံးနိုးသည့်အပြင် တာဝန်ကျရဲတွေပါ အားလုံးကြားခဲ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သွား သွား ... နင်တို့ကို ငါတို့သတ်တာမဟုတ်ဘူး။ သူရအောင် သတ်တာ။ ငါတို့က သူခိုင်းလို့လုပ်ရတာ။ အခုလည်း နင့်သားကို သူသတ်ခိုင်းတာ"

"အား အား ... လုပ်ကြပါဦး။ သရဲနဲ့သရဲမကြီး ... ဟိုမှာ ဟိုမှာ"

သူတို့နှစ်ယောက်ထဲသာမြင်ရသည့် သရဲက ဘယ်က သရဲလဲ။

ကိုယ့်မကောင်းမှုအကုသိုလ်က ကိုယ့်ကို ခြောက်လှန့်လို့ မြင်ရသည့်သရဲလား။

ဘာပဲဖြစ်ဖြစ် သူတို့နှစ်ယောက်ရဲ့ ရာဇဝတ်မှုတွေ၊ ကျူးလွန်ခဲ့သည့် အပြစ်တွေကတော့ သေဆုံးသူတွေရဲ့ဝိညာဉ် ကြောင့် တစ်စွန်းတစ်စ ပေါ်ထွက်လာရချေပြီ။

နောက်တစ်နေ့မှာ ခြောက်ကာ လှန့်ကာ စစ်ဆေးတော့ ဦးသူရအောင် ကျူးလွန်ခဲ့သမျှ ခိုင်းစေခဲ့သမျှအပြစ်တွေ အပြစ် တွေ မီးခိုးကြွက်လျှောက်နှင့် ဘူးပေါ်သလို ပေါ်ပေါက်ခဲ့လေပြီ တကား။

❋





သည်တစ်ခါ အကျိုးဆက်ကား ဆေးခန်းမှာရောက်နေ သည့် ဦးသူရအောင်တစ်ယောက် တရားခံအစစ်ကြီးဖြစ်သွားပြီး ရဲအစောင့်နှင့်နေရခြင်းပါပေ။

ပုဂ္ဂလိကဆေးခန်းကြီးမှ လက်မခံတော့သဖြင့် လူသတ် မှု၊ ကားမီးရှို့မှု တရားခံကြီးဦးသူရအောင်တစ်ယောက် ပြည်သူ့ ဆေးရုံကြီးသို့သာ ပြောင်းရွှေ့ခဲ့ရပါတော့သလို့။

လူသတ်တရားခံ၊ မီးရှို့တရားခံကြီးရဲ့အနားမှာလည်း ဖန်းရော သမီးပါ ရှက်လွန်းလို့ဆိုပြီး ကြက်ပျောက် ငှက်ပျောက် ဆက်ရက်ပျောက် ပျောက်သွားခဲ့ကြပေပြီ။

ဦးသူရအောင်တစ်ယောက် နောင်တတွေ ရ မရမသိပေ မယ့် ရောဂါဝေဒနာတွေတိုးကာ လောဘကြီးကို အသည်းအသန် ရင်ဆိုင်နေရဆဲ။

နောက်ထပ်အသက်ထွက်စရာတစ်ကွက်ကတော့ သူ့ဘူ ကောင်းနေသနဲ့ မသေဘဲ ရှင်နေကာ သူ့ကို သံဝေဂစကားတွေ ဆိုနေခြင်းပါ။

ပြည်သူ့ဆေးရုံကြီးသို့ရောက်သွားပြီး ကိုယ်၊ နှုတ်၊ နှလုံး



www.burmeseclassic.com

www.burmeseclassic.com



သုံးပါးလုံး နာကျင်ကြေကွဲ စိတ်ဆင်းရဲနေရသဲ။

သူ့အခန်း၊ သူ့ခုတင်သို့ သူ့အိမ်မှ မာလီ၊ လင်းနုနွေနှင့် သူတူမ သည်းနေလျှံတို့ ထန်တင်းသောမျက်နှာများနှင့် ဝင်လာခဲ့ကြလျှင် –

သူဟာ အပြစ်သားတစ်ယောက်မို့ သစ်ရွက်ကလေး ကြွေကျဘာတောင် နှလုံးသားက ခံနိုင်ရည်မရှိတော့။ ယုံ့ယုံ့လေး။

သူ့အပြစ်တွေဟာ များလွန်းလို့ ခွင့်လွှတ်ပါလို့ ဘယ်လို သူ တောင်းပန်ရမှာလဲ။

စကားအဖြစ်လည်း တစ်လုံးမှထွက်မလာနိုင်။ ရင်ထဲမှာ သောကတွေ တောင်လိုပုံ၊ နောင်တတွေ၊ ဗျာပါဒတွေနှင့် တွေး လုံးရစ်ပတ်နေလိုက်ပုံက –

အသားစားမြွေတွေကြားထဲ ကျသွားရသည့်သားကောင် ပမာ။

သူတို့အပြစ်သနစ်တွေကို သိသွားကြပြီမို့ သွေးရိုးသားရိုး ကားမှောက်တာ၊ မီးလောင်တာလို့ မှတ်ထင်နေကြရာမှ သူတို့ရဲ့ သွေးရင်း သားရင်း ဦးလေးအရင်းဖြစ်သူ သူရအောင် သတ်ဖြတ် လုပ်ကြံလိုက်တာလို့ သိလိုက်ရသည့်အခါ –

ကျန်ရစ်သူ တွေဝရီး မောင်နှမတွေရဲ့ရင်ထဲမှာ အသည်း





အူတစ်ခွေလုံး ပြောင်းဆန်ပြောင်းပြန်လှန်လို့။

သို့သော် ဦးသူရအောင် ခံစားနေရသည့် ဒုက္ခတွေကို ကြည့်ပြီး သူတို့များများစားစား . ရန်မတွေ့ကြတော့ပါ။

သည်းနေလျှံက မျက်ရည်တွေ အဆက်မပြတ်စီးကျရင်း လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း –

"လေးလေး ရက်စက်တယ်၊ ဖေဖေ့ကိုရော မေမေ့ကိုပါ သတ်ပစ်တယ်။ ဘာဖြစ်လို့ ဒီလောက်ရက်စက်ရတာလဲ ဟင်။ ဘာဖြစ်လို့လဲ ဘာဖြစ်လို့လဲ"

လက်သီးဆုပ်လေးနှင့် ဦးသူရအောင်ကို ထုရင်း သည်း ဝေလျှံလေး နေရာမှာပုံလျက်သား လဲကျသွားတော့ ခြေနှစ်ဖက် ကို လက်ထိပ်ခတ်ထားသည့် ဦးသူရအောင်မှာ မျက်ရည်များနှင့် ရွှဲရွှဲဝါးဝါး။

သူ မာလီလို့ထင်ခဲ့သည့်ကောင်ကလည်း –

"ဦးသူရအောင် ... ကျုပ်က ခင်ဗျားသတ်ခဲ့တဲ့ကြားထဲ က မသေခဲ့တဲ့ ကောင်းနေသန့်လေ။ ဘယ်နှယ့်လဲ ကျုပ်က မီး လောင်၊ ကားမှောက်တဲ့ကြားက မသေဘဲ ကြိဖန်ရှင်ခဲ့ပြီး ခင်ဗျား ကတော့ ရွှေဘုံပေါ်မှာ မစားရားစံနေရတဲ့ကြားကပဲ လေဖြတ်သွား ခဲ့တယ်။ အခု ... ခင်ဗျားရဲ့ဇနီးနဲ့သမီးရော ခင်ဗျားအခုအမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးရဲ့လား။ လင်းတလို ခင်ဗျားအပေါင်းအသင်းနှစ်ကောင်က ဆွဲစားသွားပြီလေ"

သူ့ ခေါင်းကိုတွင်တွင်ခါရင်း ဝူးဝူးဝါးဝါး အော်နေတာ သူ့ကို ကောင်းနေသန့်ရယ်လို့ မယုံကြည်တာလား။

"ကျုပ် ကောင်းနေသန့်ဆိုတာ ခင်ဗျား မယုံဘူးလား။ ဒီမှာ ခင်ဗျားရှာမတွေ့တဲ့ မီးခံသေတ္တာသော့နေရာ ကျုပ်သိတယ်။ ဖေဖေ့ဘဏ်စာအုပ်၊ ချက်စာအုပ်တွေ ဘယ်မှာထားတယ်ဆိုတာ ကျုပ်သိတယ်။ ကျုပ်က ဖေဖေ့ရဲ့သားကြီး ဩရသလေ"

အနားမှာ မျက်ရည်တွေစီးကျရင်း တူမကို နှစ်သိမ့်နေသည့် လင်းနွေကလည်း ဒေါသနှင့်ဝင်ပြီး ရန်တွေ့သည်။

"ရှင်က ဘယ်သူ့အတွက် ဒီလောက်ရက်စက်ခဲ့၊ လုပ်ကြံခဲ့တယ် မသိပေမယ့် ရှင့်ဇနီးနဲ့သမီးကတော့ ပါသွားပြီ။ အိမ်မှာ မရှိတော့ဘူး။ ရှင်ကလည်း နေကောင်းတာနဲ့ ထောင်နန်းစံရမယ်။ ဘယ်မှာလဲ ရှင့်ရဲ့လုပ်ကြံမှုကြီး။ ဘာမှလည်း အရာမထင်ခဲ့ပါလား။ တော်ဓော် တရားကျစရာကောင်းပါလားရှင်။ အခု အိမ်မှာ အားလုံးအလိုလို ရှင်းသွားပြီ။ ကျွန်မရယ်၊ တူမလေးရယ်၊ တူလေးရယ် သုံးယောက်ပဲ အနှောင့်အယှက်ကင်းကင်းနဲ့ နေကြရတော့မယ်။ ကဲ နှုတ်ဆက်ပါတယ်။ ရှင့်ရဲ့ရက်စက်မှု၊ ယုတ်မာမှု





တွေကြောင့် ရှင့်ကို ဘယ်လိုမှ မကူညီနိုင်၊ ထောင်ကျရင်လည်း ထောင်ဝင်စာလာမတွေ့နိုင်တာကိုတော့ နားလည်ပေးပါ"

တူဝရီးသုံးယောက် သူ့ကိုကျောခိုင်းပြီး ထွက်ခွာသွားကြလျှင် သူရအောင် ဝူးဝူးဝါးဝါးတွေ အော်ဟစ်ပြီးကျန်ခဲ့သည်။

သူ့ဇနီးနှင့်သမီး မရှိတော့။

လောကကြီးရယ် အပြစ်ဒဏ်ခတ်တာများလွန်းလှပါတယ်။

အင်းလေ ...သူတို့မျာလည်း မိသားစုလိုက် သေကြေပျက်စီး ဆုံးရှုံးခဲ့ရတာပဲ။

သူရအောင်တစ်ယောက် သုခကမ္ဘာတွေ့ရမည်ထင်ပြီး လောဘနိုင်ငံသို့ ကောက်ကောက်ပါအောင် လိုက်မိခဲ့တာ။ ယခုတော့ ငရဲကမ္ဘာ၊ ဒုက္ခကမ္ဘာမှာ ကူကယ်သူမရှိ တစ်ယောက်တည်း ပူလောင်ကျွမ်းမြှည့်လျက်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ရွှေထူးနှင့်ရွှေပိုးအိမ်။

ရွာကလေးမှာ လည်ပတ်မြဲ ယန္တရားတွေအတိုင်း ရာသီစက်ဝန်းအတိုင်း ဆက်လျှော်လည်ပတ်နေပေမယ့် –

ရွှေပိုးအိမ်တစ်ယောက် မထင်မှတ်ဘဲ ရလိုက်သည့်နှလုံးသားဒဏ်ရာက နာနာကျင်ကျင်၊ ကြေကြေကွဲကွဲ။

သူမရဲ့မျက်ဝန်းထဲမှာ အစ်ကို့ကို ရေကူးသင်ပေးခဲ့ရတာတွေ၊ လှည်းပေါ်သို့ ဆွဲတင်ခဲ့ရတာတွေ၊ လယ်တဲလေးထဲမှာ အတူစကားတွေပြောခဲ့၊ စားခဲ့၊ နားခဲ့ကြတာတွေ။

အထူးသဖြင့် အစ်ကို ဖြိုပြန်သည့်နေ့က သူမရင်ထဲ





ခံစားခဲ့ရတာတွေ။ ယခု ပြန်တွေးလျှင် ယခုပင် မျက်ရည်လည်ရွဲ ငိုပွဲဆင်ချင်၊ မတ်တတ်က ပစ်လဲချင်မိပါသည်။

အစ်ကိုရယ် ... လူစိမ်းကားကြီးရယ်။

ကျွန်မရင်ထဲက အချစ်သူရဲကောင်းကြီးရေ၊ အချစ်ဆိုတာ နှုတ်က တစ်ခွန်းမှမှင့်မပြောဘဲနဲ့ –

မျက်လုံးနဲ့၊ အမူအရာနဲ့ –

ကျေးတောသူမရဲ့ အသည်းနှလုံးတစ်ခွေလုံးကို သိမ်းကျုံးယူသွားခဲ့တယ်။

ချစ်သူလူစိမ်းကားကြီးရေ –

ရှင်တန်ဖိုးထားတာ ဘာလဲ။

ကျွန်မကတော့ ရှင့်ရဲ့ စာနာတတ်မယ့်နှလုံးသားနဲ့ ကြင်နာတတ်တဲ့နှလုံးသားလေးကို ချစ်ခဲ့မိတာပါ။

မီးလောင်လို့ လောင်ကျွမ်းမည်းတူးနေတဲ့အစ်ကို့ကို မြင်ကတည်းက ရင်ထဲသနားပြီး ကရုဏာမိုးတွေ ရွာခဲ့ရတာ။

မျောက်ကလေးလို ကွတ ကွတနဲ့ လူစင်မမီဖြစ်နေတော့လည်း ကျွန်မမှာ ကိုယ်တိုင်ခံစားနေရသလို ရင်ထဲမှာ စိုးရိမ်ပူပန်မှုတွေနဲ့ လောင်ကျွမ်းခဲ့ရတာပါ။

အစ်ကိုရယ် ... ရှင်ကတော့ နေနိုင်ရက်တယ်နော်။



www.burmeseclassic.com

www.burmeseclassic.com



ပြန်သွားတာ ရာသီစက်ဝန်းတွေ တစ်ပတ်လည်လို့ တစ်နှစ်ကျော်ခဲ့တာ တောင် ဖုန်းလေးဆက်ဖော်မရ၊ လူလာဖို့ဆို တာလည်း ဝေးရော။

သကြံန်မင်းသားကြီးလို ကျွန်မတို့ရဲ့ ဖုန်းနံပါတ်တွေ၊ လိပ်စာတွေ ရေစိုလို့ ပျက်ကုန်ပြီ၊ ပျောက်ကုန်ပြီလား အစ်ကို။

ရွှေထူးကတော့ သူမ ခံစားနေရတာတွေကို ကောင်း ကောင်းဟားခဲ့သည်။

"ငါမပြောချင်လို့ ကြည့်နေတာ၊ ကြာပြီသိရဲ့လား"

"ဘာလဲ . . . အဲဒါ မေခလာရဲ့သီချင်း။ လာ ရွှတ်ပြမနေ နဲ့"

"ငါပြောချင်လို့ပါ၊ နင်ဖြစ်ပုံတွေကိုကြည့်ပြီး အူယား လာလို့"

"ဘာ . . . အူယားတာလဲ၊ နင်နော်. သေချင်လို့"

"မဟုတ်ဘူးလေ၊ နင့်လူကဖြင့် စတွေ့ကတည်းက ငါတော့ လူလို့တောင် မထင်ဘူး။ သရဲတစ်ကောင်များ ဖုတ်ဝင် သလို ဆင်နေသလား အောက်မေ့ရတယ်"

"နင် အစ်ကို့ကို ဒီလောက်ထိပြောစရာမလိုဘူး"

"နင်ဖြစ်နေပုံ ဟုတ်ကိုမဟုတ်လို့ပြောနေရတာ။ ကဲ





ဖုတ်ဝင်နေတယ်မှတ်လို့ ငါကြောက်နေပေမယ့် နင့်ကို အားနာလို့ ဆေးခန်းပို့၊ ဆေးရုံတင်၊ ကုလိုက်ရတဲ့ဆေး။ ငါ့နွားမလေးနဲ့ နွားထီးလေးကိုကုန်ရော"

"ငါ ပြန်ဆပ်မှာပါ။ လူတစ်ယောက်ရဲ့အသက်နဲ့ နင့် နွားနှစ်ကောင် ဘယ်ဟာက တန်ဖိုးပိုကြီးသလဲ ပြော"

"အေးပါ . . . ငါက သဘောပြောတာပါ။ နင်ကတော့ တစ်ဖက်သတ်အချစ်နဲ့ မြူစုလိုက်ရတာ။ ယုယလိုက်ရတာ။ ဟိုက တော့ ပြန်သွားတာ တစ်နှစ်ကျော်ပြီ။ နင့်ဆီကို တစ်ခေါက်ပြန် လာလို့လား။ အလကားပါဟာ၊ မြို့သားတွေဆိုတာ သာပေါင်း ညာစားတွေပါ။ တွေ့သေအောင်လွမ်းပြီး ကွယ်တော့မေ့သွားကြ တာပါ"

"အစ်ကို့ကို ဒီလိုမပြောပါနဲ့ဟာယ်။ သူက ဒီလိုလူစားမျိုး မဟုတ်ပါဘူး။ သူမှာလည်း အခက်အခဲတွေနဲ့ ရင်ဆိုင်နေရလို့ နေမှာပါ"

"အေး . . . အဲဒါခက်တာပဲ၊ နင်တို့မိန်းကလေးတွေဟာ လေ ဘယ်လိုနားလည်ရမှန်းကို မသိဘူး။ ကိုယ့်ကိုအရေးမစိုက်တဲ့ သူကိုကျတော့ တစ်သက်လုံးများလွမ်းနေဦးမလားမသိဘူး။ ဟို့ ကဖြင့် လှတာလည်း မဟုတ်ဘဲနဲ့။ မီးလောင်ထားလို့ အရုပ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာတောင် ဟိုတုန်းကလုမှာဆိုပြီး နွားပိန်ကို အသားထိုး ကြည့်နေ''

''တော်တော့ဟာ ငါတင်းလာပြီနော်။ နင်ပြောပုံက အစ်ကိုမျာ နွားပိန်ကြီးကို ဖြစ်လို့။ သူ တစ်နေ့ပြန်လာမှာပါဟာ''

''အေး ... အဲဒါပဲ ထိုင်စောင့်နေ။ ဟိုက လိပ်စာပြော သွားတာရော နင်လိုက်သွားပါလား''

''ဒါကတော့ဟာ ငါက မိန်းကလေးပဲ။ သူမှမလာတာ၊ ငါ မသွားပါဘူး။ ပြီး သွားလည်းမသွားတတ်ပါဘူးလေ''

''သွားလည်း မသွားပါနဲ့ဟာ။ ဘာမှ ဓာတ်မသိတဲ့ ယောက်ျားတစ်ယောက်ဟာ အိမ်ထောင်နဲ့ ကလေးတွေနဲ့ ဖြစ်နိုင် တယ်။ အဲလိုဖြစ်နေရင် နင်ပဲ ရင်ကျိုးရမှာ။ အကောင်းဆုံးက တော့ နင့်ကျောင်းက ကျောင်းအုပ်ဆရာလေးကိုပဲ ပြန်ကြိုက် လိုက်ပါလား''

''မကြိုက်နိုင်ပါဘူး။ ငါ့နှလုံးသားက လိုသလို သုံးလို့ရ တဲ့ အပေါစားနှလုံးသားမဟုတ်ဘူး။ အစ်ကို့ကိုပဲ ငါ တစ်သက်လုံး စောင့်နေမှာ''

''ရူးပါ့ဟာ ... ဟိုက နင့်ကိုချစ်တယ်လို့ရော ပြောသွား ရဲ့လား''





''ဒါကတော့ ပြောစရာမလိုတော့အောင် ငါတို့က နားလည်နေကြပြီကိုး''

''တော်ပြီ မမ ... ဒါထက် နင် ဖောင်ကြီးတစ်လသွား တက်မှာရော ရိုးမှရိုးရဲ့လား။ နင့်လူကိုရှာချင်လို့ သွားတက်တာ လား''

''ဖောင်ကြီးဆိုတာ ရန်ကုန်နဲ့အဝေးကြီးပါဟာ။ ဒါပေမဲ့ ငါ မညာပါဘူး။ ဖြတ်သွားဖြတ်လာရင်း တွေ့မလားလို့လည်း မျှော်လင့်မိတာပေါ့''

''ရူးပါ့ ... ရွှေပိုးအိမ်ရယ်။ ဘာပဲဖြစ်ဖြစ်လေ နင်ရှာနေ တဲ့ နင့်ရဲ့ကိုရုပ်ဆိုးကို အမြန်ဆုံးပြန်တွေ့ပါစေလို့ ငါဆုတောင်းပေး နေပါ့မယ်''

''ကျေးဇူးပါပဲ ကိုရွှေထူးလေးရေ''

''ခွေးမ''

မောင်နှမ (၂) ယောက် လယ်ကန်သင်းရိုးမှာ လမ်း လျှောက်ရင်း စကားပြောဖြစ်ခဲ့တာတွေ။

ယခုဆို ရွှေပိုးအိမ်ဟာ ကိုယ့်မြို့နယ်ထဲမှာပဲ ဆွဲခန့် မှုလတန်းဆရာမလေး ဝင်လုပ်နေပါပြီ။ ရှေ့လမှာ ဖောင်ကြီး သင်တန်းတက်ရမယ်ဆိုတော့ သူမ အရမ်းဝမ်းသာနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ ကိုရုပ်ဆိုးဟာ သူမကို ခင်မင်ခဲ့ပါသည်။ သူမှာ ရတီရှိလို့ နှုတ်လွန်စကားလွန်တွေ မပြောခဲ့ပေမယ့် သံယောဇဉ်ရှိနေကြတာတော့ သိသိသာသာ။

ဘာပဲဖြစ်ဖြစ် ကိုယ်မပိုင်ဆိုင်ရသည်ဖြစ်စေ ကိုရုပ်ဆိုး တစ်ယောက် ဘယ်လိုနေလဲ၊ ဘယ်လိုထိုင်လဲ။ သိချင်သည်။ ဒါဟာပဲ ချစ်တတ်သူတစ်ယောက်ရဲ့ အဆုံးစွန်သောဆန္ဒလား။ သူ အဆင်ပြေပျော်ရွှင်နေရဲ့လား။ လူတွေက သူ့ကို ဖိနှိပ်ဆက်ဆံကြသေးလား သိချင်သည်။ အားငယ်နေလျှင် အားပေးချင်သည်။

ဒါပါပဲလေ ... ဒါပါပဲ။



## အခန်း (၁၆)

ရွှေပိုးအိမ်။

ဖောင်ကြီးသင်တန်းပြီးသည့်အခါ အိမ်မပြန်သေးဘဲ ကျောင်းပိတ်ရက်နှင့်ဆိုင်နေသည်မို့ ရန်ကုန်မှာ အလုပ်လုပ်ဖို့ ဆုံးဖြတ်ခဲ့သည်။ သင်တန်းမှာတွေ့ခဲ့သည့် ရန်ကုန်သူ မမရဲ့ အားကိုးနှင့်ပေါ့။

ဒါဟာလည်း သူမရဲ့ ပျောက်ဆုံးသွားသည့် ကိုရုပ်ဆိုးကို ရှာဖို့ပါ။ သူ ဘယ်လိုရှိနေမလဲ။ ဘယ်အရပ်မှာ ဘယ်လို အဆင်ပြေပြေနေထိုင်သလဲ။ ကွယ်ရာမှဖြစ်ဖြစ် တစ်ခါလောက် ငေးခွင့်ရလျှင် တော်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်သိကျွမ်းခဲ့သည့် ရန်ကုန်သူမမကာ စမ်းချောင်းထဲကပါ။

"ညီမလေး ... အလုပ်လုပ်ချင်တာတော့ ဟုတ်ပါပြီ။ ဘယ်လို အလုပ်တွေလုပ်ချင်တာလဲ။ အထည်ဆိုင်၊ စတိုးဆိုင်တွေက အရောင်းစာရေးလား"

"ဘာပဲဖြစ်ဖြစ်ပေါ့ မမရယ်၊ နေစရာ စားစရာလေး ရရင် တော်ပါပြီ။ ကျွန်မ ပြောခဲ့ဖူးသလိုပဲ မမရယ်။ ပျောက်ဆုံးသွားတဲ့ အစ်ကိုကိုရှာဖို့ပါ"

"ဪ ... ဒုက္ခ ဒုက္ခ။ ကဲ ... လောလောဆယ် မမတို့အိမ်မှာ လိုက်နေ။ ဘာမှအားမနာနဲ့။ မမတို့က သူဌေးတွေ မဟုတ်ဘူး။ သားအမိနှစ်ယောက်ပဲနေတာ"

"ဟုတ်ကဲ့ပါ မမ၊ ပိုးအိမ် ကျေးဇူးမမေ့ပါဘူး"

"အေးပါအေ ... ညီမရဲ့ကိုရုပ်ဆိုးနဲ့လည်း အမြန်ဆုံး ပြန်တွေ့ပါစေလို့ မမ ဆုတောင်းပေးမယ်"

"ကျေးဇူးပါပဲ မမ"

သည်လိုနှင့် သူမ မသီတာနွေးတို့အိမ်မှာ လိုက်နေဖြစ်ခဲ့သည်။ မမကလည်း သူမကို နေရာတိုင်းမှာ စိတ်မချသဖြင့် (၂) ရက်လောက် အလုပ်ရှာနေကြဆဲ။





နှစ်ရက်မြောက်သည့်ညမှာတော့ မမသီတာရဲ့မေမေက

"သမီးတို့ကို မေမေပြောမလို့၊ မေမေ့မိတ်ဆွေ တစ်ယောက်က လူရှာနိုင်းတယ်။ လူနာစောင့်ဖို့ဆိုပေမယ့် ကောင်လေးက မျက်စိမမြင်ရုံရယ်။ ကျန်တာအားလုံး အကောင်းပဲ။ သက်သောင့်သက်သာ ကြည့်ပေးရမှာ"

"အိမ်အကူလိုမျိုးကြီး မေမေရယ်၊ ပိုးအိမ်နဲ့မဖြစ်ပါဘူး"

"ဪ ... ဒါပေမဲ့ ပိုးအိမ်ရှာနေတဲ့လူကို တွေ့လိုတွေ့ငြားပေါ့။ ပိုးအိမ်ပြောတာ အင်းယားလမ်းသွယ်ထဲမှာလားလို့။ အခု လူနာစောင့်ရှောက်ဖို့လိုတာလည်း အဲဒီရပ်ကွက်၊ အဲဒီလမ်းကပဲလေ။ အဆင်ပြေရင်လည်း တွေ့ချင်တွေ့မှာပေါ့"

"ဟင် ... ဟုတ်လား အန်တီ"

"ဟုတ်တယ်ကွဲ့။ အဲဒီအိမ်က လူလည်း ရှင်းတယ်။ သူဌေးတွေ။ မိန်းမသားတွေချည်းပဲနေကြတာ။ ယောကျ်ားဆိုလို့ မျက်စိမမြင်တဲ့သူပဲရှိတယ်"

"အဲဒါဆို ပိုးအိမ်လုပ်မယ် အန်တီ။ ပိုးအိမ်ကို ဆက်သွယ်ပေးနော်"

မမသီတာနွေးကတော့ ကန့်ကွက်ရှာသည်။

"နင်ကလည်းဟာ၊ ကိုယ်က ဆရာမတစ်ယောက်လုံး



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေပြီ။ သူများအိမ်မှာ လူနာစောင့်လုပ်စရာလား။ တခြား အလုပ်လုပ်စမ်းပါဟာ။ ဒီလိုပဲ သွားကိုသွားရင်းလာရင်းရှာပေါ့"

"ရန်ကုန်မြို့က အကျယ်ကြီးမမနွေးရဲ့ သူနေတဲ့ အင်း ယားလမ်းသွယ် ဖြစ်နေတာနဲ့တင် ပိုးအိမ်သွားချင်တယ်။ ရှာ ချင်တယ်။ တစ်လနှစ်လပဲ လုပ်မှာပါ မမရယ်။ အန်တီ သမီး လုပ်မယ်"

"အေး ...ဒါဆို အန်တီ့မိတ်ဆွေဆီ ဖုန်းဆက်လိုက် မယ်။ သူတို့လာခေါ်လိမ့်မယ်"

ပြောပြီး မမသီတာ့အမေ တစ်နေရာသို့ ဖုန်းဆက်နေ လျှင် သီတာနွေး ကိုယ့်အမေကိုယ်ပင် မယုံသလို။ မေမေ ဖုန်း ဆက်ပြီးသည်နှင့် –

"မေမေ မေမေ့လူကရော စိတ်ချရရဲ့လား။ ခုခေတ်က လူကုန်ကူးတာတွေ၊ ဘာတွေက အရမ်းခေတ်စားနေတာ"

"အံမယ် ... မိသီတာနွေး။ နင်က ငါ့ကို လူကုန်ကူးနေ တဲ့ မိန်းမကြီးမှတ်နေလို့လား။ ငါသတ်လိုက်လို့ သေဦးမယ်"

သီတာနွေး၏နားရွက်ကို လိမ်ဆွဲပြီး သူ့မေမေ ကြိမ်း မောင်းနေတော့ သူမ ရှုံ့မဲ့ချလုပ်ရသည်။

"မေမေ့ကို ယုံပါတယ် မေမေရဲ့။ မေမေ ဆက်သွယ်တဲ့





ဟိုဘက်ကလူက စိတ်ချရရဲ့လားလို့မေးတာပါ။ တော်ကြာ သမီး သုံ့ငယ်ချင်းမလှလှလေး တရုတ်ပြည် ကြယ်ခေါင်ရောက်နေပြီး တရုတ်ကြီးနဲ့ ညားနေရမှာစိုးလို့ပါ"

"ငါ့သူငယ်ချင်းကလည်း မူအုပ်ကနေ ပင်စင်ယူထား တာပါ။ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်အပြည့်ရှိပါတယ်။ နိုင်ငံသားရဲ့ သားပျို သမီးပျိုတွေကို ရောင်းစားတဲ့အထိ စိတ်ဓာတ်အောက် တန်းမကျပါဘူး။ ပြီး သူတို့ကားလာခေါ်ရင် ငါကိုယ်တိုင်လိုက် သွားမှာပါ။ ပိုးအိမ် ဘယ်မှာနေတယ်ဆိုတာ လိုက်ကြည့်ပြီး လိပ်စာမှတ်လာခဲ့မှာပါ"

"ဟုတ်ပါပြီ မေမေရယ်၊ သီတာပြောမိတာ စိုးရိမ်လို့ပါ။ မှားပါတယ်။ မေမေ အမြော်အမြင်ရှိတာ သိပါပြီ"

"သိလည်းပြီးရောအေ၊ နောက်တစ်ခါ ငါ့ကို အဲလိုပြော လို့ကတော့ ညည်းနာပြီသာမှတ်"

သီတာနွေးတို့သားအမိ စကားများနေကြစဉ် ရွှေပိုးအိမ် ကတော့ ကိုရုပ်ဆိုးကို ယခုပင် တွေ့ရတော့မည့်အလား အထုပ် အပိုး ပြင်နေမိတော့တာ။

www.burmeseclassic.com

## အခန်း (၁၇)

သူ့ဒွေးအိမ်မှလွှတ်လိုက်သည့်ကားက လင့်ခရှဆာခဲရောင်။ ဒရိုင်ဘာက အသက်ငါးဆယ်လောက် လူကြီးတစ်ယောက်။

ရွှေပိုးအိမ် ကြောက်ဒူးတုန်နေသဖြင့် မမသီတာဒွေးတို့သားအမိနှစ်ယောက်လုံး သူမကို ထိုအိမ်သို့လိုက်ပို့ကြသည်။

"ပိုးအိမ်ကြောက်လိုက်တာ မမရယ်"

"ကြောက်မနေနဲ့၊ နင်က အချစ်သူရဲကောင်းမကြီးလေ။ သူများထက်ရှူးတော့ ခံပေါ့ဟာ"

"မမ မချစ်တတ်သေးလို့ ဒီစကားမျိုးတွေ ပြောနေတာ။





ချစ်တတ်တဲ့တစ်နေ့ကျ မတွေ့ရတဲ့ဒုက္ခထက် သူ သူနေရာမှာ အဆင်မှပြေရဲ့လား။ ကိုယ့်ကို သတိမရပေမယ့် သူပျော်နေရဲ့လားဆိုတာတွေ မမကိုယ်ချင်းစာတတ်လာမှာပါ"

"ရှုးပါ့ ပိုးအိမ်ရယ်၊ ရှုးပါ့။ ငါတို့ကတော့ အချစ်ကို လက်တွေ့ကျကျပဲ ရင်ဆိုင်မယ်။ နင့်လိုတော့ စိတ်ကူးယဉ်ပြီး နုနုလေးမချစ်နိုင်ဘူး"

"အဲလို အမြဲခေါင်းမာနိုင်ပါစေလို့ ပိုးအိမ် ဆုတောင်းပေးပါတယ်ရှင်"

ကားလေး အင်းယားလမ်းသွယ်ထဲဝင်ပြီး ရွှေပိုးအိမ်နေရမည့်ခြံထဲဝင်သွားတော့ ပိုးအိမ်ရဲ့ရင်ခုန်သံတွေက တဒိုင်းဒိုင်းနှင့် ဆူညံပေါက်ကွဲလို့။

"ရောက်ပြီ ... ကဲ ဆင်းကြပါဦး။ မမကြီးနဲ့မမလေးက သဘောကောင်းပါတယ်"

ဒရိုင်ဘာက ယဉ်ကျေးပျူငှာစွာပင် တိုက်ထဲသို့ခေါ်သဖြင့် သီတာဒွေးတို့ပါလိုက်ခဲ့ကြသည်။ ကြိုတင်အကြောင်းကြားထားသဖြင့် အိမ်ရှင်များစောင့်နေကြပါသည်။

ရွှေပိုးအိမ်နှင့် သီတာဒွေးတို့နှစ်ယောက် အံ့သြရလောက်အောင်ပဲ အိမ်ရှင်များက ချောလှ၊ ယဉ်လှပါပေသည်။


www.burmeseclassic.com

www.burmeseclassic.com



အသက်လေးဆယ်အရွယ်လောက်က တစ်ယောက်။ အသက်နှစ်ဆယ်လောက်ကတစ်ယောက်။ သားအမိလား တူဝရီးလား။ ရုပ်တူတာကတော့ အသေအချာ။

အကျိုးအကြောင်းတွေ သိထားကြပြီမို့ အိမ်ရှင်များက ရွှေပိုးအိမ်တို့ကို လေးစားပျူငှာစွာ ဆက်ဆံကြပါသည်။

မီးဖိုခန်းဖက်မှ အိမ်အကူတစ်ယောက်က လက်ဖက်ရည်နှင့်မုန့်များလာပြီးချပေး၏။

"သုံးဆောင်ကြပါရှင်။ ညီမတို့ဟာ ကျောင်းဆရာမလေးတွေလို့ အန်တီဝင့်က ပြောပါတယ်။ ကျောင်းပိတ်ရက်မှာ အပို ဝင်ငွေရှာတာလား"

"ဟုတ်ပါတယ်"

"အေးကွယ် . . . (၃) လလောက်တော့ လုပ်လို့ရပါသေးတယ်။ အန်တီ တစ်လကို (၂) သိန်းပေးပါ့မယ်။ အန်တို့တူကို နည်းနည်းတော့ စိတ်ရှည်ပေးပါကွယ်နော်။ သူက စိတ်တိုတတ်လွန်းတော့ နာ့စ်တွေလည်း လန့်ပြေး လူနာစောင့်ရှောက်တဲ့ လူတွေလည်း မကြာဘူး ပြေးကုန်ကြတာချည်းပဲ"

သီတာခွေးက သူမ သိချင်တာကို ဝင်မေး၏။

"သူက မွေးရာပါလား အန်တီ"





"မဟုတ်ပါဘူးကွယ်။ ပြီးခဲ့တဲ့ (၆) လ လောက်ကမှ လေဆိပ်မှာ အက်ဆီးဒင့်တစ်ခုဖြစ်ရင်းနဲ့ မျက်စိကွယ်သွားရှာတာ။ မျက်ကြည်လွှာအစားထိုးရမှာ။ သူနဲ့သင့်တော်မယ့် မျက်ကြည်လွှာ ရှာမရသေးလို့ သူ စိတ်တိုနေတယ်"

"ဟုတ်ကဲ့ . . . ကျွန်မ စိတ်ရှည်ပါ့မယ်ရှင်"

"အေးကွယ် . . ကျေးဇူးပါပဲ။ ဒါထက် သမီးနာမည်က"

"ရွှေပိုးပါ အန်တီ"

"အန်တီက ဒေါ်လင်းနုနွေပါ။ တူမလေးနာမည်က သည်းဝေလျှံ။ သမီးကြည့်ရမယ့်လူနာက ကောင်းနေသန့်"

"ရှင်"

ကောင်းနေသန့်ဆိုသည်နှင့် ရွှေပိုးအိမ် ခေါင်းနပန်းတွေကြီးသွားပြီး လူက ရင်ခုန်သံတွေနှင့် တဒိန်းဒိန်းဆူညံသွား၏။

ဟုတ်လို့လား။ လောကမှာ နာမည်တူတွေရှိတတ်ကြတာပဲ။ ရုပ်ကိုကြည့်ဦးမှပေါ့။

ရွှေပိုးအိမ် အဆင်ပြေပြီမို့ မမသီတာခွေးတို့သားအမိသူမကို နှုတ်ဆက်ကာ အိမ်သို့ပြန်သွားကြသည်။

သူမတစ်ယောက်တည်း ကျန်ခဲ့တော့ အားငယ်ချင်သလိုလို။ သို့သော် သူမ စိတ်ကိုတင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာ သမီး၊ မင်းနေဖို့အခန်းပြမယ်။ သားက မျက်စိမမြင်တော့ သူ့ကိုကူညီရအောင် သူနဲ့ခပ်နီးနီးအခန်းမှာထားမယ်"

"ဟုတ်ကဲ့ ... အန်တီတို့ အဆင်ပြေသလိုလုပ်ပါ"

ဒေါ်လင်းနုနွေ့သွားသည့်နောက်သို့ ရွှေပိုးအိမ်လိုက်ရသည်။ အပေါ်ထပ်ကိုပါလာ၏။

"အန်တီ မျက်စိမမြင်ဘဲနဲ့ အပေါ်ထပ် အောက်ထပ်ဆင်းတာ အဆင်ပြေပါ့မလား"

"ပြေပါတယ် ... သားက သူနေနေကျ အခန်းမှာပဲနေတယ်။ သူနေတာ ဟိုအခန်း"

ဒေါ်လင်းနုနွေ့ ညွှန်ပြသည့်အခန်းကို ကြည့်လိုက်ပြီး သူမ ထိတ်လန့်နေမိတာကြောင့်လားမသိ။

"အနားယူနေတုန်း ထင်တယ်၊ မင်းလုပ်ပေးရမှာက သူ့ကို အရိပ်တကြည့်ကြည့်နဲ့ သူ အကူအညီလိုရင် ကူညီဖို့ပဲ"

"သူက မျက်နှာသစ်တာ၊ အဝတ်လဲတာ၊ ထမင်းစားတာတွေ လုပ်ပေးရလား"

"မျက်နှာသစ်၊ ရေချိုး၊ သန့်စင်ခန်းဝင်၊ သူ့ဘာသာ အကုန်လုပ်တယ်။ အဲ ... ထမင်းစားတာတော့ မင်းကျွေးရမှာပေါ့။ အဝတ်လဲတာလည်း အဝတ်ကို သူ့လက်ထဲထည့်ပေးရုံပဲ။





နည်းနည်းပါးပါးပဲ ကူညီရတယ်"

"ဩော် ... ဟုတ်ကဲ့ပါ။ ကျွန်မ သူ့ကို ဘယ်အချိန် ဘာတွေ လုပ်ပေးရမယ်ဆိုတာ အချိန်ဇယားလေး"

"မရှုပ်ဘူးကွဲ့။ သူ့ကိုအချိန်ဇယားနဲ့ သွားလုပ်လို့မရဘူး။ မင်းတာဝန်က မိုးလင်းမိုးချုပ် သူနဲ့ မလှမ်းမကမ်းမှာထိုင်ပြီး သူ ဘာလုပ်ချင်သလဲ၊ ဘာလိုချင်သလဲ အလိုက်အထိုက်ကြည့်ပြီး လုပ်ပေးဖို့ပဲ။ သူက သူ့ကို ဆရာလုပ်တာလည်း မကြိုက်ဘူး"

"ရှင် ... ဟုတ် ဟုတ်ကဲ့၊ တော်တော်များ ပေါင်းသင်းဆက်ဆံရခက်သလားဟင်။ ဒါကြောင့်လည်း လူတွေမမြဲတာဖြစ်မယ်ထင်တယ်နော်"

"ဆိုပါတော့ကွယ်၊ ဒါပေမဲ့ ... မင်းနဲ့တော့ အဆင်ပြေလောက်မှာပါ"

"ဘာဖြစ်လို့လဲရှင်"

"ဩော် ... အရင်လူတွေက မနူးညံ့ဘူးလေ။ မင်းကတော့ နူးညံ့တယ်၊ သည်းခံနိုင်ပုံပေါ်တယ်။ ဘဝကို စိတ်တိုင်းမကျလို့ ဒေါသထွက်နေတဲ့လူနာတစ်ယောက်ကို နားလည်မှုရှိမယ်ဆိုရင် အဆင်မပြေစရာ ဘာရှိလဲကွယ်။ ကဲ ... မင်းက သူ့ရဲ့ခြေရင်းခန်းမှာ နေရာယူလိုက်။ ပြီးရင် သူနဲ့ မိတ်ဆက်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် . . . ဟုတ်ကဲ့ပါ အန်တီ"

ရွှေပိုးအိမ် ကိုယ့်အဝတ်အိတ်ကို အခန်းထဲဝင်ထားလိုက်ပြီး ဒေါ်လင်းနုဧွေ နောက်ကလိုက်ရသည်။ သူမက လူနာ၏ အခန်းထဲသို့ တံခါးခေါက်ပြီးဝင်သွားသဖြင့် ကိုယ်လည်းလိုက်ရ၏။

အခန်းထဲမှာ လူတစ်ယောက် သူတို့ကိုကျောပေးပြီး ထိုင်နေသည်။ ဝတ်ပုံစားပုံနှင့် ကိုယ်ဟန်ကရှယ်။ စမတ်ကျမှကျ။ အန်တီက –

"သား ဒီမှာ သားအတွက်ပြုစုမယ့်သူရောက်လာပြီ"

"မလိုပါဘူး။ အန်တီလေးကလည်းဗျာ သားကိုများ ဒုက္ခိတကြီးမှတ်နေသလား။ အလကား ဖယားတွေရှုတ်လို့။ သွားပြန်လွှတ်လိုက်၊ သားကိစ္စ သားရှင်းနိုင်တယ်"

ဆုံလည်ကုလားထိုင်ကို ဒီဘက်လှည့်လိုက်တော့ ရွှေပိုးအိမ် ထိတ်ခနဲဖြစ်ရသည်။ သူ ကောင်းနေသနဲ့ ဘယ်မှာဟုတ်လို့လဲ။ သူမရဲ့ကိုရုပ်ဆိုး ဘယ်မှာဟုတ်လို့လဲ။

သူဟာ လူချောတစ်ယောက်ပါ။

ရွှေပိုးအိမ် သူတို့တူဝရီး စကားနိုင်လုနေသည်ကို ဘေးမှ ရပ်ကြည့်ရင်း သူ့အခန်းထဲမှာ အမြင်မတော်သမျှ လျှောက်သိမ်းနေ၏။





"ဖယားမရှုတ်ရပါဘူး သားရယ်။ ဒီတစ်ယောက်က သားကို လိုအပ်တာ လုပ်ပေးရုံလေးပါ။ စကားလည်း မများဘူး။ စိတ်လည်း ရှည်တယ်"

"အဟား . . . မိန်းမတစ်ယောက်ဖြစ်ပြီး စကားမများဘူး။ စိတ်လည်းရှည်တယ်ဆိုတော့ အာဂမိန်းမပေါ့။ ပြတိုက်ထဲ ပို့လိုက်ပါလား"

သူပြောရင်း ရယ်လိုက်လျှင် ရွှေပိုးအိမ် ကိုရုပ်ဆိုး၏ သွားများနှင့် နှုတ်ခမ်းကို သွားသတိရမိသည်။ ကိုရုပ်ဆိုးနဲ့တူတာပဲ။ ဘယ်နေရာတွေတူတာလဲ။ သူ့အငွေ့အသက်တွေ ရှိနေသလို။

"ကဲ သား . . . အန်တီ မီးဖိုဝင်လိုက်ဦးမယ်။ ဒီမှာ သားကိုကူဖို့ သူ့ကိုထားခဲ့ပြီ"

"ဟာ အန်တီ . . . အန်တီနေပါဦး။ ညီမလေးကို မီးဖိုဝင်ခိုင်း။ အန်တီ သားအနားမှာနေ"

"မဖြစ်ဘူး သားရဲ့။ ဆိုင်အလုပ်တွေလည်း သွားကြည့်ရဦးမယ်။ ညနေမှတွေ့မယ်နော်"

ဒေါ်လင်းနုဧွေ ထွက်သွားလျှင် ရွှေပိုးအိမ် အခန်းရှင်းလျက် ကျန်ခဲ့ရ၏။ သူကတော့ ဆုံလည်ကုလားထိုင်မှာ ငြိမ်ငြိမ်သက်သက်။ နောက် ပြတင်းပေါက်ဘက်သို့လှည့်ပြီး အပြင်ဘက်

www.burmeseclassic.com



သို့ မမြင်ရသောမျက်လုံးများနှင့် ငေးမျှော်ကြည့်နေလျှင် ရွှေပိုးအိမ် ကရုဏာသက်ရသည်။

အခန်းရှင်းပြီးတော့ ရွှေပိုးအိမ် နာရီကြည့်လိုက်သည်။ မနက်ဆယ်နာရီ။

သူမှ သူ့အခန်းထောင့်မှ ခုံပုလေးမှာ ငြိမ်ငြိမ်လေးထိုင်ပြီး သူ့ကိုကြည့်နေမိသည်။

တစ်နာရီလောက်ကြာတော့ သူ မသိုးမသန့်ခံစားနေရသည်ထင့်။

"ဟော့ ... ငါ့အခန်းထဲမှာ ငြိမ်ပြီး ဘာလုပ်နေတာလဲ၊ ထွက် ... အခုထွက်"

အော်ကြီးဟစ်ကျယ်နှင့် တစ်ယောက်တည်းရန်ဖြစ်နေသူကြီးအား ရွှေပိုးအိမ် စိတ်ရှည်ရသည်။

"ရှင်ဘာခိုင်းမလဲလို့ စောင့်ကြည့်နေတာပါ"

"တစ်သက်လုံးပဲ စောင့်ကြည့်နေတော့မလို့လား။ ငါ ရေချိုးမယ်"

"ဟုတ်ကဲ့ ... ကျွန်မ"

"ငါ့အတွက် အဝတ်ထုတ်ပေးထား။ ကျန်တာ ငါ ဘာသာလုပ်လို့ရတယ်"





"ဟုတ်ကဲ့"

သူက တကယ်ပင် သူ့ဘာသာ အဝတ်အစားတွေလဲနေ၏။ ဘောင်းဘီနှင့်ပုဆိုးကိုလဲ၊ အကျီချွတ်နှင့်။ ကျွမ်းကျွမ်းကျင်ကျင်။ မျက်စိမမြင်တာဘဲ (၆) လကျော်ပြီဆိုကိုး။

နောက် ရေချိုးခန်းသို့ သူ့ဘာသာစမ်းပြီး ဝင်သွားသည်။ မကြာမီ ရေပန်းမှရေသံကြားရပြီး (၁၀) မိနစ်မျှကြာတော့ သူ ရေချိုးပြီးထွက်လာခဲ့သည်။

"ဟင်"

သူ့ကိုယ်ခန္ဓာမှာ မီးလောင်ဒဏ်ရာတွေ ကျန်ခဲ့ပါလား။ မျက်နှာမပါဘဲဆိုလျှင် သည်ပုံစံ သည်ဟန်ပန်ဟာ ကိုရုပ်ဆိုးမှ ... ကိုရုပ်ဆိုးပါ။

သူက မျက်နှာသုတ်စောင်ကို ခါးပတ်ပြီး ထွက်လာခဲ့တာ။ မြို့သားများဟာ တော်တော် အနေအထိုင်ပက်စက်တာပဲ။

ရွှေပိုးအိမ် နောက်ထပ် မျက်နှာသုတ်စောင်တစ်ခုကို သူ့လက်သို့ ထည့်ပေးလိုက်၏။

"ရေသုတ်ပြီးရင် အဝတ်တွေ ရှင့်ခုတင်ပေါ်မှာတင်ထားတယ်"

ရွှေပိုးအိမ်၏အသံကြောင့်ထင့်။ သူ ရေသုတ်နေတာကို



www.burmeseclassic.com

www.burmeseclassic.com



ရပ်ပြီး အသံလာရာသို့ မမြင်သောမျက်လုံးဖြင့် လှမ်းကြည့်သည်။ သေချာသလိုရှိမှ –

"မင်း ရွှေပိုးအိမ်လား"

"မဟုတ်ဘူး။ ကျွန်မနာမည် ရွှေပိုး"

"မဖြစ်နိုင်ဘူး။ မင်း ရွှေပိုးအိမ်ပဲ"

"ဘယ်က ရွှေပိုးအိမ်လဲ၊ ကျွန်မ မသိဘူး"

ရွှေပိုးအိမ်ကိုသိသည်ဆိုလျှင်ဖြင့် သူဟာ ကောင်းနေသန့်ပေါ့။ သူမရဲ့ ကိုရှပ်ဆိုးပေါ့။ ကိုရှပ်ဆိုးက ဘာဖြစ်လို့ ချောလှသွားတာလဲ။ နတ်ရေကန်ထဲ ဆင်းလိုက်လို့လား။

လူတွေပြောနေကြတဲ့ ပလတ်စတစ်ဆော့ဂျရီလုပ်လို့လား။ မဟုတ်သေးပါဘူး။

"စခန်းသစ်ရွာက ရွှေပိုးအိမ်လေ။ ရွှေထူးနဲ့ အမြွာမောင်နှမတွေ"

ဒါတွေမှတ်မိလျှက်နှင့် သူမတို့ထံ တစ်နှစ်လောက်ကြီးကြာအောင် ဘာဖြစ်လို့ပြန်မလာခဲ့တာလဲ။

အတွေးဖြင့် သူမ မျက်ရည်မိုးတွေ သီးနင့်သွားရသည်။ ရှင်ရက်စက်တယ်နော်။ ကိုယ့်ကို အရူးအမူး ချစ်မြတ်နိုးနေတဲ့မိန်းကလေးတစ်ယောက်ရဲ့အချစ်ကို တန်ဖိုးမထားခဲ့ဘူး။





လှည်းပေါ်မှ မျက်ရည်လည်ရွဲနဲ့ ကြေကွဲခံစားနေရတဲ့ အချစ်ရူးမလေးကို မျက်ရည်တစ်စက် သုတ်မပေးခဲ့ဘူး။

ရှင်ဟာ ရက်စက်မှုအပေါင်း သရုပ်ဆောင်းတဲ့ မှော်ဘုရင်ကြီးပဲ။

အမုန်းသစင် အမုန်းဘုရင်ကြီးရယ်။

ရှင့်ရေသောက်မြစ်ထဲမှာ အခါခါသေဆုံးခဲ့ရတဲ့ ကောင်မလေးတစ်ယောက်ကို –

အချိန်ပေါင်းများစွာ ကမ္ဘာကပ်အသေချေကြာအောင် စွန့်ပစ်ထားခဲ့တာ ဘာဖြစ်လို့လဲ။

မေ့ပင်အောက် ရောက်သွားလို့လား။

အတိတ်မေ့ရေအိုင်ထဲကို ရှင် သက်ဆင်းခဲ့မိလို့လား။

အသံတိတ် ရှိုက်ငင်သီးနင့်ရင်း ရွှေပိုးအိမ် သူ့ကိုကြည့်ကာ မယုံမရဲ။

ကိုရှပ်ဆိုး ဘာဖြစ်လို့ချောလှသွားတာလဲ။ သူဟာ ကိုရှပ်ဆိုးအကြောင်းတွေ သိနေတာလား။

သူကတော့ ရွှေပိုးအိမ်နှင့်ရွှေထူးတို့မောင်နှမအကြောင်းကို သေသေချာချာ သက်သေထူပြီး ပြောပြနေ၏။

"မင်းအသံက သူ့အသံနဲ့ တော်တော်ဆင်တူတယ်။ ရှပ်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ တူမှာမဟုတ်ဘူး။ ငါ့ပိုးအိမ်က တော်တော်လေးကို ချောတာ''

''အပိုတွေပြောမနေနဲ့။ ဒါဆို ရှင့်လူရှင် ခေါ်နိုင်းပါလား''

''အောင်မာ ... ငါက ဒုက္ခိတမို့ပေါ့။ မဟုတ်ရင် ငါ့ဘာသာ သွားခေါ်တယ်''

''ခုခေတ်က ဆက်သွယ်ရေးကောင်းတဲ့ခေတ်ပဲ။ ရှင် သူ့ဆီ ဖုန်းဆက်လည်းရတာပဲ''

''ငါ့ဖုန်း ခါးပိုက်နှိုက်ခံရတယ်။ အခုဖုန်းက ဖုန်းသစ်။ ပါသွားတဲ့ဖုန်းထဲမှာ ဖုန်းနံပါတ်တွေပါသွားတယ်''

''ရှင့်ကိုယ်မှာ အမာရွတ်တွေ၊ မီးလောင်နာတွေပါလား''

ရွှေပိုးအိမ် သိချင်နေတာ သူ ဘယ်လိုလုပ်ပြီး ချောလှသွားတာလဲဆိုတာရယ်။

နောက် (၆) လက မျက်စိမမြင်လို့ဆိုလည်း ရှေ့ (၆) လက ဘာဖြစ်လို့ သူတို့နဲ့မဆက်သွယ်ခဲ့တာလဲ။

မေးလည်း မေးချင်၊ မေးလိုစိတ်လည်း မရှိတော့။ လူတစ် ကိုယ်လုံး ဆင်ခြေချည်းပဲ။

နှလုံးသားတွေ သွေးစိမ်းရှင်ရှင်ထွက်အောင် –





သူ့ကိုလွှမ်းခဲ့၊ တမ်းတခဲ့ရတာမို့ ရွှေပိုးအိမ် သူ့ကို ခွင့်မလွှတ်ချင်။

သူနှင့်မှ တည့်တည့်တိုးနေသည့် ကံကြမ္မာကိုလည်း ကျေးဇူးတင်ရမလို။

''ဟုတ်တယ်၊ ငါ့ကို မီးလောင်နေတဲ့ကားထဲက ဆွဲထုတ်ကယ်တင်ခဲ့တာပေါ့။ ရွှေပိုးအိမ်ဟာ ငါ့အတွက် သိကြားမင်းကြီးပေးတဲ့ မထိမေခလာပဲ''

''အဲဒီလောက်မွှန်နေရင် ရှင် သူ့ကို ဘာဖြစ်လို့မခေါ်ခဲ့သလဲ''

''အဲဒီတုန်းက ငါ့မှာ ချစ်သူရှိနှင့်နေလို့ပေါ့။ သူ့ကို ချစ်ပေမယ့် ငါ့ချစ်သူကို သစ္စာမဖျက်ချင်တဲ့အတွက် သူ့အချစ်တွေကို လျစ်လျူရှုခဲ့ရတယ်''

''သစ္စာ ... ဘာသစ္စာလဲ။ သည်ဖက်ခေတ်မှာ သစ္စာတွေ မေတ္တာတွေဆိုတာ ရှိသေးလို့လား''

''ရှိတာပေါ့။ လူတိုင်းဆီမှာမတွေ့ရရင်တောင် ရိုးသားတည်ကြည်တဲ့လူတွေဆီမှာ ဒီသဂေါ်တာတွေ တွေ့ရလိမ့်မယ်''

သူမှ သူ့ကို အကျိုးနှင့် စတိုင်လ်ဘောင်းဘီ ထိုးပေးလိုက်ပြီး –



www.burmeseclassic.com

www.burmeseclassic.com



"ရှင် မှန်းပြီး ဝတ်တတ်တယ် မဟုတ်လား။ ကျွန်မ အပြစ်ထွက်ပေးမယ်။ ရှင် လွှတ်လွှတ်လပ်လပ် အဝတ်လဲရတာ ပေါ့"

"ငါက မျက်စိမှမမြင်တာ။ ငါ့မျက်စိထဲမှာ အမှောင်တွေ ချည်းပါပဲ။ မင်းဘာသာ အဆင်ပြေသလိုနေပေါ့"

သူ့အပြောမှာ ကရုဏာသက်ရပေမယ့် ကိုယ်က အမျိုးလေးမို့ သူ့အဝတ်လဲတာညီး စောင့်မကြည့်ရဲပါ။

ရွှေပိုးအိပ် အခန်းပြင်သို့ထွက်လာပြီး ရင်ထဲမှ ဖြောင်းဆန်နေသည့် ဆန့်ကျင်ဘက် လှုပ်ရှားမှုတို့ကြောင့် မျက်ရည်များ စီးကျနေမိသည်။

သူ့ကို လွမ်းလွန်းလို့ ခါးသက်ခဲ့ရသည့် နှလုံးသားနရီတွေ။

စိမ်းကားလှသည့် လူဆိုးကြီးကတော့ ယခုထိ သူ့ချစ်သူအပေါ်မှာ သစ္စာစောင့်သိခဲ့ကြောင်း မှတ်ကျောက်အတင်ခံနေလေဆဲ။

လေးစားပါတယ် ချစ်သူ။

သစ္စာနဲ့မေတ္တာဆိုတာ လောကရဲ့ ရှားပါးရတနာတွေပါ။

ရှားပါးရတနာကို ပိုင်ဆိုင်တဲ့ ရှင်ဟာလည်း ရှားပါး





လူသားပါပဲ။

ကျွန်မကိုယ်တိုင် ရင်ကွဲနာကျနေရပေမယ့် ရှင့်အတွက်လေး စားဂုဏ်ယူမိပါတယ်။

"အဝတ်ဝတ်ပြီးပြီ၊ အဆင်ပြေ,မပြေ ကြည့်ပေးဦး"

သူ လှမ်းခေါ်သဖြင့် ရွှေပိုးအိပ် အခန်းထဲသို့ ပြန်ဝင်သွားရသည်။ နောက် နည်းနည်းပါးပါး ပြင်ဆင်ပေးလိုက်၏။

"ဘယ်နှစ်နာရီရှိပြီလဲ"

"၁၁ နာရီခွဲပြီ"

"ဒါဆို ... နေ့လယ်စာစားမယ်။ ငါ့ကို ထမင်းစားခန်းထဲပို့"

"ဟုတ်ကဲ့"

သူ့စကားအတိုင်း သူ့ကို တွဲမည်ပြင်တော့ သူက အတွဲမခံ။

"ရတယ် ... ငါ့ဘာသာ တုတ်နဲ့စမ်းသွားမယ်"

"တော်ကြာ ... ရှင် လှေကားပေါ်က ချော်ကျရင်"

"မကျဘူး ... ငါ့သွားနေကြ။ ငါ့ကို ဆရာကြီး လာမလုပ်နဲ့"

နေပေါ့။ ဒီလောက်ခေါင်းမာသည့် မျက်မမြင်ကို သူ့မ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေလိုက်မည်။ သူက အခန်းထဲမှ တုတ်နှင့်စမ်းပြီး ထွက်လာလိုက်တာ ညွန့်လို့။

မျက်မှန်အမည်းနှင့်ပေမယ့် သူ့မျက်မှန်က ရောင်အမိုက်စား။ သူနှင့် ကြည့်ကောင်းလှသည်။

သို့သော် ကိုယ့်ရဲ့ကိုရုပ်ဆိုးကို သတိရလိုက်သဖြင့် ရွှေပိုးအိမ် မျက်လွှာချလိုက်ပါသည်။

ငါ သူ့ကို ရင်ခုန်နေလို့ မဖြစ်ဘူး။ ငါ့ရင်ထဲမှာ ကိုရုပ်ဆိုးက နေရာအပြည့်ယူထားတယ်။ ငါ့ရဲ့ကိုရုပ်ဆိုးလေး ဘယ်အရပ်မှာများ သောင်တင်နေရှာမလဲ။

တွေ့ချင်လိုက်တာ ကိုရုပ်ဆိုးရယ်။

ခွဲခွာနေခဲ့ရတဲ့အချိန်က အလွမ်းတွေကို ပန်းခရေလို အပြည့်အမောက်သီကုံးနေရတဲ့အကြောင်း ပြောပြချင်တယ်။

ဒါပေမဲ့လေ သူ့မှာရတီရှိတယ်။ ခုလောက်ဆို လက်ထပ်ပြီးချင်တောင် ပြီးနေမှာ။

အို မိန်းကလေးတွေက အလှကြိုက်ပါတယ်။ သူ့ကို ယူချင်မှယူမှာပါ။ ချစ်သူက ရွန့်ပစ်ခဲ့မယ်ဆိုရင် ရှင် ရင်ကွဲနေမှာပေါ့နော်။

ရှင်ပျော်နေသလား။ ငိုနေသလား။





ဒါမှမဟုတ် လောကထဲမှာ ဝိုဝိုးစားစား လျှောက်လှမ်းနေသလား။

ဒါလေးတစ်ခုပဲ ကျွန်မ သိခဲ့ချင်တာပါ။

ရှင် လောကထဲမှာ အခြေကျနေမယ်၊ ပျော်နေမယ်ဆိုရင် ရှင့်ကို အဝေးက ပီတိတွေနဲ့ ငေးကြည့်ပြီး ကျွန်မ တောကိုပြန်လိုက်မှာပါ။

ဒါဟာပဲ ကျွန်မရဲ့စိတ္တဇ။

ကျွန်မရှုတဲ့ အချစ်ရှုးမှုပါ။

ရွှေပိုးအိမ် ကိုရုပ်ဆိုးကိုတွေးမိပြီး မျက်ရည်တွေနှင့် လွှမ်းနေရာမှ သတိရလို့ကြည့်လိုက်တော့ ကောင်းနေသန့်က လှေကားအလယ်လောက်ရောက်နေပေပြီ။

"ဟာ ... လျှင်လိုက်တာ။ ကျိုးသော့ ကန်းမော့။ မျက်စိမမြင်လို့သာတော်ရော့တယ်"

ရွှေပိုးအိမ် နောက်မှအပြေးလိုက်ရသည်။ တစ်ခုခုဖြစ်လျှင် သူ့မှာ တာဝန်ရှိသည်။ သူ့ကိုမီအောင် အပြေးအလွှား ဆင်းရတော့ လှေကားချောချောမှာ လျှောခနဲ ချော်ကျသူက ရွှေပိုးအိမ်။

သူကပဲ ဆီးဖမ်းထားရသည်။ မျက်စိမမြင်ပေမယ့် သူက



www.burmeseclassic.com

www.burmeseclassic.com



လျှင်မှလျှင်။

"ဘာဖြစ်လို့ ဒီလောက်ရှုပ်ပြာပြာဖြစ်နေရတာလဲ။ မိန်းကလေး ဣန္ဒြေမဲ့တာ ငါမကြိုက်ဘူး"

သေပဟဲ့ နန္ဒိယ။ သူက ရွှေပိုးအိမ်၏ လက်မောင်းနုစ်ဖက်ကို ထိန်းပေးထားရာမှ လွှတ်လိုက်ပြီး ရှေ့ဆက်ဆင်းသည်။

လှေကားလက်ရန်းကို ကိုင်ဆင်းတာမို့ သူ့အသွင်က သက်သောင့်သက်သာ။

မမြင်တာကြာပြီဆိုတော့ အချိုးကျနေတာဖြစ်မည်။ လှေကားရင်းရောက်တော့လည်း ထမင်းစားခန်းဘက်သို့ တုတ်ကလေးနှင့် စမ်းကာ စမ်းကာ လျှောက်သွားနေ၏။

နောက် ထမင်းစားခန်းထဲဝင်သည်။ ရွှေပိုးအိမ်လုပ်နေမိတာ၊ သူ့နောက်မှ လျှောက်လိုက်နေခြင်းသာ။

ထမင်းစားခန်းထဲဝင်တော့ ရွှေပိုးအိမ် သူ့လက်မောင်းကို ဆွဲကာ ထိုင်ရမည့်ခုံမှာ နေရာချထားပေးလိုက်သည်။

ထမင်းစားခန်းထဲမှာ အန်တီဇေးရော သူ့ညီမလေးပါ ရောက်ရှိပြင်ဆင်နေကြသည်။ အိမ်အကူက တစ်ယောက်တည်း မဟုတ်ပါလား။

"ဟော .. သားရောက်လာပြီလား။ ကဲ တို့တွေဝရီးတွေ





ထမင်းလက်ဆုံစားကြစို့"

သည်မှာတင် ရွှေပိုးအိမ်၏အခန်းကဏ္ဍပါလာပေပြီ။ ကိုကြီးကျယ်ကတော့ ကြိုက်မှာမဟုတ်။ သို့သော် ထမင်း၊ ဟင်းတွေမှ သူ မမြင်ရတာ။ သူမ ခွဲ့ပေးမှ အဆင်ပြေမှာ အသေအချာ။

သို့သော် ကိုကြီးကျယ်ကမလွှယ်။ ရွှေပိုးအိမ် အန်တီလေးကိုသာ မျက်ရိပ်ပြမေးရသည်။ အန်တီလေးက –

"သား ... သားကို ရွှေပိုး ထမင်းကျွေးလိမ့်မယ်"

"ဟာ ... အန်တီလေးကလည်း သား ခါတိုင်းလည်း ကိုယ့်ဘာသာ စားနေကျပဲ"

"သား ကိုယ့်ဘာသာစားနေတာ မမြင်ရက်လို့ပေါ့ကွယ်။ အားမနာပါနဲ့၊ ဒါ သူ့အလုပ်ပဲ"

"ကိုင်း ... ဒါဆိုလည်း ကျွေးဗျာ။ သိပ်ရှုပ်တာပဲ။ ဘာလဲ သူ့နာမည်က ရွှေပိုးလား ရွှေပိုးအိမ်မဟုတ်ဘူးလား"

ရွှေပိုးအိမ် ကိုယ့်နာမည်ကို တစ်လုံးဖြုတ်ထားတာ တမင်တကာ ခြေရာဖျောက်ထားတာ။

"ရွှေပိုးပါ။ ကျွန်မ ထမင်းခွဲ့ပါပြီရှင်"

"လက်နဲ့မခွဲ့နဲ့ ... ဇွန်းနဲ့ကျွေး။ မင်း လက်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



သချာဆေးပါ''

''ဟုတ်ကဲ့ ... သေချာဆေးပြီးပါပြီ''

နောက် သူ့ကို ရွှေပိုးအိမ် စိတ်ရှည်စွာ ထမင်းခွံ့ပေးပါသည်။

ဪ ... သနားစရာပါလား ကိုကြီးကျယ်ရယ်။ တစ်ခါတစ်ခါကျတော့လည်း ရှင့်ရဲ့အပြုအမူ အပြောအဆို ဟန်ပန်ဖွတ်တရွတ်နိုင်မှုတွေဟာ ကိုရုပ်ဆိုးနဲ့တူပါတယ်။

ရှင်ရုပ်ချောပေမယ့် ကျွန်မရဲ့ ကိုရုပ်ဆိုးလောက် ခင်ဖို့ မကောင်းပါဘူး။

ကျွန်မကတော့ ကိုရုပ်ဆိုးကို ကမ္ဘာကြီးနဲ့တောင် မလဲနိုင်ပါဘူးရှင်။

သူမ စိတ်ရှည်စွာ ခွံ့ပေးနေတော့ သူ ထမင်းစားလို့ မြိန်ပုံရသည်။

''တော်ပြီ ... မင်းလည်းစားဦးလေ''

''ကျွန်မ ပြီးတော့မှ မိုးသူဇာနဲ့အတူ စားပါ့မယ်''

''ဟင် ... သူ့ကို မိုးသူဇာတို့နဲ့ တစ်ခန်းတည်းထားတယ် မဟုတ်လား အန်တီလေး''

''မဟုတ်ပါဘူး သားရယ်။ သူက အဖော်မင်တာပါ''





''မဟုတ်သေးပါဘူးဗျာ၊ သူ့ကို ကျွန်တော် ရင်းနှီးနေသလိုပဲ။ သူ့အသံ၊ သူ့အနံ့၊ သူ့အပြောတွေ မင်းတကယ်ပဲ ရွှေပိုးအိမ် မဟုတ်ဘူးလား''

''မဟုတ်ဘူး။ ရှင်က ဘာဖြစ်လို့ သူတို့ကို သိနေတာလဲ။ ရှင်ကရော ဘာဖြစ်လို့''

ရွှေပိုးအိမ် ကိုယ့်ပါးစပ်ကို ဘရိတ်အုပ်လိုက်၏။ တော်ကြာ ပြောရင်း ပြောရင်းနှင့် စကားထဲကဇာတိပြဆိုသလို ရှေ့ဖုံးနောက်ပေါ်တွေ ဖြစ်ကုန်လိမ့်မည်။

''မေးလေ ... ဘာမေးမှာလဲ''

''ဘာမှမဟုတ်တော့ဘူး။ ကဲ ရှင်စားပြီးရင် ဘယ်ကိုပို့ရမလဲ''

''ရတယ်၊ ငါ ညေ့ခန်းထဲမှာ တီဗီကြည့်မယ်''

''ရှင်''

''ဘာလဲ ငါ့ကို ကျိုးဆော့ ကန်းမော့လို့ ပြောချင်တာလား။ အသံနားထောင်မှာပေါ့။ သတင်းတွေနားထောင်မယ်။ သီချင်းတွေ နားထောင်မယ်''

''ဟုတ်ကဲ့ ... ကျွန်မ ဘာမှမပြောလိုပါဘူး''

''ဒါပေမဲ့ ... မင်းရဲ့လေသံက ငါ့ကို လှောင်ပြောင်



www.burmeseclassic.com

www.burmeseclassic.com



သရော်နေသလိုပဲ"

"ကျွန်မ ဘာမှလည်း မပြောရသေးပါလား"

"တော်ပြီ . . . တစ်ခွန်းမှမပြောနဲ့တော့။ မင်းသတိထားဖို့က ငါဟာ မျက်စိမမြင်ပေမယ့် လူတွေရဲ့လေသံကို ဖမ်းပြီး နားလည်အတတ်တယ်"

"ဟုတ်ကဲ့ပါ့ရှင်၊ ကဲ . . . ကျွန်မ ညေ့ခန်းဆီ လိုက်ပို့ပါရစေ၊ တီဗီလည်း ဖွင့်ပေးပါရစေ"

"ကောင်းပါပြီ ရွှေပိုးအိမ်ရယ်"

"နီး နီး . . . ကျွန်မနာမည် ရွှေပို။ အိမ်မပါဘူး"

"ငြင်ထားဦးပေါ့ကွာ။ တစ်နေ့ကျ မင်းဝန်ခံစေရမယ်"

သူနှင့် စကားနိုင်မလုတော့ဘဲ ရွှေပိုးအိမ် သူကို ညေ့ခန်းထဲပို့၊ တီဗီဖွင့်ပေးခဲ့ပါသည်။

သူ့အပြောအဆို အမူအရာတွေနှင့် စကားတွေနားထောင်ခြင်းအားဖြင့် သူဟာ ရွှေပိုးအိမ်ရဲ့ ကိုရှပ်ဆိုးဆိုတာ ပိုပိုပြီးသေချာလာသလို။

သို့သော် သူမ ဘဝင်မကျတာ သူ့ရတီ ဘယ်ရောက်သွားပြီလဲ။ သူ ဘယ်တုန်းက ချောလှသွားတာလဲ။

ဘာပဲဖြစ်ဖြစ် သူရုပ်ကြောင့် သူဟာ ကိုယ့်အတွက်





သူစိမ်းပြင်ပြင်တစ်ယောက်နှယ်။

သူမ တမ်းတမိတာ။

မြတ်နိုးမိတာ။

သူမရင်ထဲက ကိုရှပ်ဆိုးလေးပါ။

အဲဒီ ကိုရှပ်ဆိုးလေးကိုပဲ သူမ မျှော်လင့်တကြီးနှင့် ပွန်းစားရှာဖွေနေဦးမှာ။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ဧည့်ခန်းထဲမှာ မည်သူမျှမရှိကြတော့ပါ။ အချိန်က ည (၁၂) နာရီတောင်ထိုးပြီလေ။

ရွှေပိုးအိမ် အိပ်ချင်နေပေမယ့် သူမရဲ့ ကိုကြီးကျယ်က ဧည့်ခန်းထဲမှာ ထဝေါ်မမူ။ တီဗီမှလာသည့် အစီအစဉ်တစ်ခုကို နားထောင်နေသည်။

အန်တီလေးနှင့် သည်းဝေလျှံတို့နှစ်ယောက်က ည (၁၀) နာရီလောက်ကတည်းက အိမ်ပေါ်သို့တက်သွားကြပေပြီ။

သူမ အိပ်ငိုက်ရင်း သူ့ကိုစောင့်နေရတာ တိတ်တိတ်ဆိတ်ဆိတ်။ ဧည့်ခန်းထဲမှာ လူတစ်ယောက်မှမရှိသည့်နှယ်။





သို့သော် သူကလူလည်ကြီးပါ။

"ရွှေပိုးအိမ်"

"ရှင်"

သူမ အငိုက်မိသွားပြီတည်း။ အိပ်ချင်မှုးတူးနှင့်မို့ ထူးလိုက်မိ၏။ သည့်အခါ သူ့ရုပ်က ပြုံးရွှင်သွားပြီး သူမရှိရာသို့ အသံကို မှန်းပြီးထလာခဲ့သည်။

"မညာနဲ့တော့၊ မင်း ရွှေပိုးအိမ်မဟုတ်လား။ ဒီအသံ၊ ဒီအနံ့၊ ဒီအမူအကျင့်တွေကို ငါသိတယ်"

မငြင်းသာတော့ပေမယ့် ရွှေပိုးအိမ် မျက်ရည်များနှင့် ရှိက်ကြီးတငင် ငြင်းသည်။

"အဲ့ဒါတွေ မပြောနဲ့။ ရှင် ဘယ်လိုမှ ကျွန်မရဲ့ကိုရုပ်ဆိုး မဖြစ်နိုင်ဘူး။ ကိုရုပ်ဆိုးအကြောင်းသိတဲ့ တစ်ယောက်ယောက်ပဲ ဖြစ်မယ်"

"ငါ မင်းရဲ့ကိုရုပ်ဆိုးအစစ်ပါ၊ မညာပါဘူး"

"ဒါဆို ရှင့်ရုပ်ရော၊ ရှင့်ရုပ်တွေရော၊ ရှင့်လေသံ၊ ရှင့်အမူအရာတွေအားလုံး ညံ့တယ်။ အိုဗာတင်းတွေ။ ကျွန်မရဲ့ ကိုရုပ်ဆိုးမှာ စစ်မှန်တဲ့နှလုံးသားရှိတယ်။ နူးညံ့တဲ့ နှလုံးသားရှိတယ်။ သူ့ဆီမှာ သစ္စာတွေ၊ မေတ္တာတွေ၊ ထောက်ထားညှာတာ



www.burmeseclassic.com

www.burmeseclassic.com



မှုတွေရှိတယ်''

''ဪ . . . ခက်ပဲခက်ရချည်။ ဒီကိုယ်ဝါ တစ်ယောက်တည်းပါလို့ ဝန်ခံနေတဲ့ကြားက ကိုရှပ်ဆိုးကို လိုက်ရှာချင်နေသေးတယ်။ ကိုရှပ်ဆိုးဆိုတာ ငါပဲလေ။ မင်းဟာ ဆင်ကောင်ကြီးတွေ့နေတာတောင် ဆင်ခြေရာခံချင်နေတဲ့မိန်းမ''

''မဟုတ်ဘူး။ ကျွန်မရဲ့ကိုရှပ်ဆိုးနဲ့ ရှင်နဲ့ လုံးဝမတူဘူး''

''မင်းကရော ကိုရှပ်ဆိုးကို (၃၂) ကောဋ္ဌာသလုံးသိလို့လား''

''ရှင်နော် . . . စကားပြောတာကြည့်ပြော''

''ကြည့်ပြောရအောင် ငါမှ မျက်စိမမြင်တာပဲ။ မင်း ဒီလောက်အမွှန်းတင်နေရအောင် မင်း ကိုရှပ်ဆိုးက ဘုရားလောင်း မို့လို့လား''

''ရှင် မငေါ်ပါနဲ့။ ကဲ . . . ကျွန်မအိပ်ချင်ပြီ။ ရှင် ကိုယ့်အခန်း ကိုယ်ပြန်ပါ''

''မပြန်နိုင်ပါဘူး။ မင်းကိုငါ စစ်ကြောရေးဝင်မယ်။ ရွှေပိုးအိပ်လို့ ဝန်မခံမချင်း နှိပ်စက်မယ်''

သူက သူမနှင့်အနီးဆုံးသို့ရောက်လာပြီး သူမ၏လက်ရှိမည်ထင်ရာသို့ ဆတ်ခနဲဖမ်းဆုပ်လိုက်လျှင် ရွှေပိုးအိပ်၏လက်





တစ်ဖက် သူ့လက်ထဲသို့ အမိခံလိုက်ရသည်။

''ရှင်နော် ကျွန်မကိုအနိုင်မကျင့်နဲ့''

''ဒါဆိုလည်း မင်း အမှန်တရားကို မဖုံးကွယ်နဲ့လေ။ မင်း ရွှေပိုးအိပ်ဆိုတာ ဝန်ခံလိုက်။ ဒါဆိုပြီးပြီ''

''ဟုတ်မှမဟုတ်တာ။ ဝန်မခံနိုင်ပါဘူး''

''ပြောထားတယ်နော်။ ငါ စစ်ကြောရေးဝင်မှာ။ စစ်ကြောရေးဆိုတာရော ကြားဖူးလား''

''ကြားဖူးသားပဲ၊ တောက်လှမ်းရေးခေတ်က နိုင်ငံရေးသမားတွေ၊ ကျောင်းသားတွေကို ပယ်ပယ်နယ်နယ်တီးတဲ့ စခန်းတွေ''

''အေး . . . ငါလည်း မင်းကို ပယ်ပယ်နယ်နယ် စစ်မှာ''

''ရှင်နော် . . . ဖယ်ပါ၊ ကျွန်မလက်ကိုလွှတ်''

''လွှတ်စေချင်၊ မင်းဟာ ရွှေပိုးအိပ်လို့ ဝန်ခံ''

''ရှင်ဘာဖြစ်လို့ ပြဿနာမရှိ ပြဿနာရှာနေတာလဲ''

ရွှေပိုးအိပ် ကိုယ့်လက်ကို ရုန်းပေမယ့်မရ။ သူ့လက်များက နူးညံ့ပေမယ့် သန်မာလှသည်။ ဆိုဖာတစ်ခုထဲမှာ လာထိုင်သည်မို့ သူနှင့်ကိုယ်ဟာ ပူးပူးကပ်ကပ်။

''ပြဿနာရှာတာ ငါမဟုတ်ဘူး။ မင်း။ မင်း ရွှေပိုးအိပ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဝန်ခံလိုက်ရင်ပြီးပြီ''

''ဘာပြီးတာလဲ''

''ရွှေပိုးအိမ်ဆိုတာ ငါ့ရဲ့တစ်ဦးတည်းသော ကောင်မလေးလေ။ သူက ငါ့ကို အရူးအမူးချစ်တယ်၊ စွဲလမ်းတယ်၊ သံယောဇဉ်ကြီးတယ်။ ငါပြန်လာတုန်းက မျက်ရည်လည်ရွဲနဲ့ လှည်းကို ဒုန်းရိုက်ပြီး မောင်းပြေးသွားတာ။ တွေးမိလိုက်ရင် ငါ့ရင်ထဲ ကြေကွဲနာကျင်နေတုန်းပဲ''

သူ့စကားတွေက ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး သူမကို နှိမ်ချသလိုဖြစ်နေလျှင် ရွှေပိုးအိမ် မခံမရပ်နိုင်ဖြစ်ရသည်။

''ရှင့်ကိုယ်ရှင်တော့ တော်တော် Roll တင်ထားပါလား။ ရှင့်ရတီရော ဘယ်ရောက်သွားပြီလဲ''

သူမ ဒေါသဖြစ်ဖြစ်နှင့် ရန်တွေ့လိုက်လျှင် သူက ဝမ်းသာအားရနှင့် သူမကို ဆွဲဖက်ထားခဲ့သည်။

''ဟော ... ပေါ်ပြီကွ။ မင်းဟာ ငါ့ရဲ့ရွှေပိုးအိမ်ပဲ၊ ငါ့ရဲ့ တစ်ဦးတည်းသောလေဒီပဲ''

''ဖယ် လွှတ် ... ကျွန်မ ရှင့်ကိုမုန်းတယ်။ ကျွန်မ ကိုရုပ်ဆိုးကိုပဲ ချစ်တယ်။ ရှင့်ကိုမုန်းတယ်''

''ဟောဗျာ ... ကိုယ်ဟာ ကိုရုပ်ဆိုးပါလို့ ဘယ်နှစ်ခါ





ကျမ်းကျိန်ပြောရမလဲ''

''မဟုတ်ဘူး။ ကျွန်မရဲ့ကိုရုပ်ဆိုးက အပြင်လောကမှာ မရှိတော့ဘူး။ ကျွန်မရင်ထဲမှာပဲ သူ့ကို မြှုပ်နှံထားလိုက်ပြီ။ သူ သေပြီ''

''ဟာကွာ ... မသေပါဘူး။ ကိုယ်ပါ လွန်ခဲ့တဲ့ (၆) လလောက်ကမှ စင်ကာပူသွားပြီး ကိုယ် မျက်နှာခွဲစိတ်ပြုပြင်ခဲ့တယ်။ နဂိုရုပ်ပြန်ဖြစ်ခဲ့တယ်။ ပိုးအိမ် ဝမ်းမသာဘူးလားဟင်''

''မသာဘူး''

''ဟာကွာ ... ပိုးအိမ်ကလည်း ခွတိုက်မပြောစမ်းပါနဲ့။ ခု ရွှေရေစက်ကြောင့် ကိုယ်တို့နှစ်ယောက် ပြန်ဆုံကြပြီလေ''

သူက သူမကို တင်းကျပ်စွာဖက်ပြီး စကားတွေနှင့် ထက်သန်နေပေမယ့် ရွှေပိုးအိမ်ရဲ့ ခံစားချက်တွေက ပုံ့ပုံ့လွင့် လွင့်။

သူဟာ တစ်နှစ်လုံးလုံး ငါ့ကိုမေ့ခဲ့တယ်။ တစ်ချိူကွယ် တစ်မယ်မေ့ပြီး တွေ့မှ သေအောင်လွမ်းပြတာ။

မိုးရွာတုန်းရေခံပြီး ချော်လဲရောထိုင်တဲ့သူ။

ရွှေပိုးအိမ် သူ့ရင်ခွင်ထဲမှ ရုန်းဖယ်ပြီး မတ်တပ်ရပ်လိုက် ပါသည်။ သူကတော့ အလန့်တကြား။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ပိုးအိမ်"

ရှင်ဟာ တော်တော် ရေသာခို အချောင်လိုက်တတ်တဲ့ သူပဲ။ ရှင့်ပါးစပ်က ထွက်သမျှ အကြင်နာမေတ္တာစကားတွေဟာ အချည်းနှီးပဲ။

ချစ်သူကို အိမ်ကထိုင်စောင့်နေပြီး မလွှဲသာမရှောင်သာ တွေ့နေရတော့မှ တွေ့သေအောင်လွမ်းနေတာ။

ရွှေပိုးအိမ် ရင်ထဲမှာ တစစ်စစ်နာနေတာ။

သူဟာ ကိုရုပ်ဆိုးလို့ သေချာသွားပြီဆိုတဲ့အခါ သူမရဲ့ မူလရည်ရွယ်ချက်ဖြစ်တဲ့ –

သူ ဘယ်လိုနေမလဲ၊

သူပျော်နေသလား။ ငိုနေသလား။

လောကအပေါ် ငံ့စားရဲရင့်နေသလား။

ဒါမှမဟုတ် လောကဓံနှင့် စီးချင်းတွေ ထိုးနေရရှာသလား။

သူချစ်သူနဲ့လက်ထပ်ပြီး လောကထဲမှာ အခြေချနေသလား စတဲ့ စိုးရိမ်ပူပန်မှုတွေ၊ အကြင်နာတွေကို သူမ မြင်ရပြီဆိုပါတော့။

ကဲ ... ရွှေပိုးအိမ် နင်ပြန်လို့ရပြီ။





သူ ဘယ်လိုနေသလဲ၊ ဘယ်လိုထိုင်သလဲ နင်သိရပြီ၊ မြင်ရပြီလေ။

မနက်ကျရင် နောက်ကြောင်းလှည့်ပြန်ပေတော့။

အတွေးများနှင့် သူမရဲ့မျက်ဝန်းတွေမှာ ထိန်းချုပ်မျက်ရည်များနှင့် အငွေ့ပျံသွေ့လောင်။

သူကတော့ မမြင်ရသည့်မျက်လုံးများနှင့် သူ့လက်နှစ်ဖက်ကို ဆန့်တန်း ဝှေ့ယမ်းရှာဖွေရင်း နှုတ်မှတစာစာ။

"ပိုးအိမ် ပိုးအိမ် မင်းဘယ်မှာလဲ။ မင်းကို ဒုက္ခရောက်နေတဲ့ အစ်ကို့ဆီ နတ်သိကြားတွေက ဒုတိယမွှိအကြိမ် ပို့လိုက်ကြပြန်ပြီနော်"

"ဝမ်းမသာဘူးလား အချစ်ရယ်။ အခု အစ်ကို့မှာလေ နောင်ကြီးတွေ ရှင်းကုန်ပြီ။ ငွေညာစရော၊ ထောက်ထားစရာတွေ မရှိတော့ဘူး။ အစ်ကို့မျက်စိ ပြန်ကောင်းရင် ရွှေပိုးအိမ်တို့ တစ်မိသားစုလုံးကို ဒီမှာခေါ်ထားမယ်။ တို့တွေ ဥမကွဲသိုက်မပျက် အတူတူနေကြမယ်နော်"

သူ့နှုတ်မှ စကားတွေ လှိုက်လှိုက်လှဲလှဲ ထွက်ကျနေပေမယ့် ရွှေပိုးအိမ် တစ်လုံးမှ မယုံ။

သံသယဆိုတာလည်း တော်တော်အန္တရာယ်ကြီးတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားလုံးတွေအားလုံး သူမရဲ့နားထဲမှာ အငွေ့ပြန် သွေ့လောင်သွားခဲ့ပြီ။

သို့သော် ရင်ထဲမှာတော့ ကိုရုပ်ဆိုးဆိုတာ အနက်ရှိုင်းဆုံး နှလုံးသားရဲ့ထောင့်ကလေးထဲမှာ ခလုတ်မထိ ဆူးမငြိနှင့် အမြဲတေလို ရှိနေဆဲ။

ချစ်သူရယ် ...

ရှင်ဘာဖြစ်လို့ ရက်စက်ခဲ့တာလဲ။

ရှင် ဘာကြောင့်များ မထောက်မညှာ

ကိုယ့်ကို သေလုမတတ် အရူးအမူးချစ်ခဲ့တဲ့

ကောင်မလေးတစ်ယောက်ကို

ဘာဖြစ်လို့ မေ့ထားခဲ့တာလဲ။

ရှင့်ရဲ့မျက်စိရှေ့ကို ဖျတ်ခနဲရောက်လာတော့မှ

ရှင့်ရဲ့အလွမ်းတွေ အချစ်တွေ

သမုဒယ သံယောဇဉ်တွေ

တသုန်သုန် ဖူးပွင့်ပြနေလည်း

ဒဏ်ရာဗရပွနဲ့ ဒဏ်သင့်နှလုံးသားက

လက်ခံနိုင်စွမ်းမရှိတော့ပါဘူးကွယ်။

ဒါကို ရှင်နားလည်အောင် ဘယ်လိုရှင်းပြရမလဲ။





ကျွန်မဘဝမှာ ချစ်သူဟာ မသေဘဲနဲ့ နှစ်ယောက်ဖြစ် သွားခဲ့ပြီ။

ဟိုးလွန်ခဲ့တဲ့ ရက်ပေါင်းများစွာက အင်မတန် သနားကြင်နာစရာကောင်းခဲ့တဲ့ ကိုရုပ်ဆိုးလေးရယ်။

လောလောဆယ် လောကထဲမှာ ဝံ့စားရဲရင့်နေတဲ့ ကိုကြီးကျယ်ဆိုတဲ့လူရယ်

မျက်စိမမြင်တာကလွဲလို့ ရှင့်ဘဝဟာ အရာရာနေသားကျ၊ လောကအပေါ် အသာစီးရနေတဲ့သူပါ။

အတွေးများနှင့် သူမ တိတ်ဆိတ်ကြေကွဲနေတော့ သူက ရွှေပိုးအိမ်ကို ရှာဖွေတွေ့ရှိသွားခဲ့သည်။

"ပိုးအိမ် ... တို့တွေ နောက်ဆုံးခွဲခွာခဲ့ကြတုန်းက မျက်ရည်လည်နစ်ကျန်ခဲ့တဲ့ ပိုးအိမ်ရဲ့ရုပ်လွှာကို အစ်ကို ဘယ်တုန်းကမှ မမေ့ခဲ့ဘူး။ တို့နှစ်ယောက်ရဲ့အလွမ်းတွေ တစ်ခန်းရပ်ရအောင်နော်"

သူ့စကားတွေကို နားထောင်ရင်း ရွှေပိုးအိမ် မယုံကြည်မိ။ သူမကို တင်းတင်းဆွဲယူပွေ့ဖက်လာသည့် သူ့လက်များကို ငြင်းပယ်ဆန့်ကျင်ရင်း –

"ရှင် ကျွန်မကို အဲဒီလိုမလုပ်ပါနဲ့။ ကျွန်မစိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဝေဝါးနေတယ်။ ကျွန်မတို့ကို ပစ်ပယ်ထားခဲ့တဲ့ တစ်နှစ်ကျော်ကာလအတွင်းမှာ ကျွန်မဘဝ ပြောင်းလဲသွားခဲ့တယ်"

"ဘာ ... မင်း မင်း အိမ်ထောင်ကျသွားခဲ့တာလား"

"ဟုတ်တယ်၊ ရှင်ထင်တဲ့အတိုင်းပဲ"

"ဟာကွာ ... မင်း မင်း ငါ့ကိုအနိုင်နဲ့ပိုင်းတယ်။ ရက်စက်တယ်။ တစ်နှစ်ဆိုတဲ့အချိန်လေးနဲ့ ချစ်သူတစ်ယောက်ကို မေ့ပြီး နောက်တစ်ယောက်ကို ယူလို့ရတယ် ဟုတ်လား"

အက်ကွဲသံကြီးနှင့် သူ သွေးရူးသွေးတန်း ဖြစ်သွားတော့ ရွှေပိုးအိမ် နောင်တရမိသလိုလို။

သို့သော် ကိုယ်ခံစားခဲ့ရသလိုပဲ သူ့ကို တုံ့ပြန်ခံစားစေချင်သည်။ အရှုံးဆိုတဲ့ဝေဒနာကို သိလိုက်စေချင်သည်။

ချစ်သူရယ်။

ဒါတောင် ကျွန်မ ခံစားခဲ့ရတဲ့ မျှော်လင့်ကြေကွဲနာကို ရှင်သိမှာမဟုတ်ပါဘူး။

"မင်းကွာ၊ တောက် ... မင်း မင်း ငါ့မျှော်လင့်ချက်တွေကို ရိုက်ချိုးပစ်ရက်တယ်။ ငါ့ဘဝကို သတ်ပစ်ရက်တယ်။ ငါ ရှေ့ဆက်ပြီး ဘယ်လိုနေရမှာလဲ။ ဘယ်လို အသက်ရှင်ရမှာလဲ"

လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း သူ





ယိမ်းထိုးနေလိုက်တာ အိုဗာတင်းတွေ၊ မာယာတွေလို့ သူမ မခံယူနိုင်။

ကိုရှုပ်ဆိုးလား။ ကိုကြီးကျယ်လား။

မည်သူပင်ဖြစ်စေ ကိုယ့်မျက်စိရှေ့မှာ ကိုယ်ချစ်ခဲ့ဖူးသူ တစ်ယောက် နှလုံးသားက သွေးစိမ်းရှင်ရှင် ထွက်လုမတတ် ခံစားနေရတာမြင်လျှင် –

ရွှေပိုးအိမ် ကိုယ့်ဆေး ကိုယ်ကုန်အောင်မသောက်နိုင်တော့ –

ဖြေဆေးမြန်မြန်ထိုးမှ သက်သာရာရတော့မည်။ ချစ်ရသူကို သူမ ပြေးဖက်မိပါသည်။

တနာသနား ထောက်ထားညှာတာမှုများနှင့်ပါ။ သို့သော် အခြေအနေတွေက တစ်ဆစ်ချိုး။ ဂငယ်ကွေ့ ကွေ့သွားခဲ့ပြီ။

"မင်း မင်း ငါ့အသားကိုမထိနဲ့။, မင်းဟာ ပိုင်ဆိုင်သူရှိပြီးသား။ အိမ်ထောင်ရှင်တစ်ယောက်။ ငါက သွေးဆာနေတဲ့ ရမ္မက်ဆာနေတဲ့ လူတစ်ယောက်မဟုတ်ဘူး။ ငါ ဒုသနသော အဖြစ်မခံနိုင်ဘူး"

"ကောင်းပါပြီ ရွှေပိုးအိမ်၊ မင်း ငါ့ကိုမထိဘဲ မေ့နိုင်အဲ



www.burmeseclassic.com

www.burmeseclassic.com



လမ်းညွှန်တုတ်ကို အသုံးပြုပြီး ကူညီနိုင်ပါတယ်။ ကဲ ... ဒါ့ရှေ့က လမ်းပြပါ”

သူ တုန်တုန်ယင်ယင်နှင့်ထရပ်ပြီး လမ်းညွှန်တုတ်ကို ကိုင်လိုက်လျှင် ရွှေပိုးအိမ် သူ့တုတ်ကိုဆွဲပြီး သူ့အခန်းထဲသို့ ရောက်အောင် ပို့ပေးခဲ့သည်။

နောက် စောင်ခြုံပေးခဲ့၊ အခန်းတံခါး ပိတ်ပေးခဲ့ပါသည်။

❁ ❁ ❁



## အခန်း (၁၉)

ဦးသူရအောင်။

လောကမှာ တစ်ဘဝစံများ တယ်ပြီးသက်ဆိုးရှည်တာပဲ၊ သေခဲတာပဲ။

တစ်နှစ်အတွင်း ပြန်လည်ရှင်သန်ထမြောက်လာခဲ့တာ။ သချိုင်းဂူထဲမှ အလောင်းကောင်တစ်ကောင် ဖုတ်ဝင်လာခဲ့သည့်နှယ်။

လူ့မိုက်ရဲ့နှလုံးသားဆိုတာ အမည်းရောင်။

သူ့အတွေး၊ သူ့ရှုထောင့်၊ သူ့အမြင်တွေဟာ လူကောင်းတွေနှင့်မတူတာအမှန်။



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါးရဲ့ အသိုက်အမြုံ၊ ကိုယ့်ကျေးရှူးရှင်အစ်ကို မိသားစုကို သတ်ဖြတ်၊ မီးရှို့ပစ်ခဲ့ပေမယ့် နောင်တ ဘယ်တုန်းက မှ မရ။

သူ နာကျည်းနေတာ ကောင်းနေသန့်။

သင်းကြောင့် ငါ ထောင်ကျခဲ့ရသည်၊ သင်းကြောင့် ငါ့ဖနီးနှင့် မယားပါသမီး သူများလက်ထဲရောက်ရသည်ဆိုသည့် အတွေးက သူ့ရင်ထဲမှာ တဖွားဖွား။

သူ ထောင်ဒဏ်ဆယ်နှစ်ကျခဲ့သည်ဆိုပေမယ့် နိုင်ငံတော် သမ္မတကြီး၏ လွတ်ငြိမ်းချမ်းသာခွင့်နှင့် တစ်နှစ်အတွင်း မှာပဲ အပြင်သို့ ပြန်ရောက်ခဲ့ပြီ။

သူ့လိုပဲ ခိုး၊ ဆိုး၊ မုဒိမ်းတွေအားလုံး နိုင်ငံတွင်းမှာ လက်ညှိုးထိုးမလွဲ။ လွတ်ငြိမ်းချမ်းသာခွင့်နှင့် လွတ်မြောက်နေကြတာ။

သူရအောင်ရဲ့ နာကျည်းချက်က အများအမြင်မှာ တလွဲ ဖြစ်နေပေမယ့် –

သူကတော့ သစ္စာတွေ ဘာတွေမြှုလို့။

ကောင်းနေသန့်ကို လက်စားမချေရမချင်း သူ့အသက်ကို ပြန်မျှိုချထားမည့်အထိ။





လူမိုက်မှာ ဆေးမရှိ၊ လူမိုက်မှာ ဦးနှောက်မရှိ၊ ဥပါဒါန် က စွဲမိစွဲရာ။

သူ့မှာလည်း သူ့နာမည်နှင့် တိုက်တွေ၊ ပစ္စည်းတွေ ရှိသေးတာမို့ လူကတော့ ပန်းပန်နေတုန်းပါပဲ။

ထောင်ကထွက်လာကတည်းက သူလှေလာစုံစမ်းနေ တာ။ သူ့မိန်းမနှင့်ရတီ၊ နောက် ကောင်းနေသန့်။

သူ့မိန်းမနှင့်ရတီကတော့ သူ့မိတ်ဆွေနှစ်ယောက်၏လက် မှာ သာသာယာယာ။ ရှိပါစေတော့လေ။ ကြွေပြီးသစ်ရွက် ပြန် မဆက်နိုင်တော့ပါဘူး။

သူ အဓိကလှုပ်ရှားနေတာ ကောင်းနေသန့်ကိုသုတ်သင် ရှင်းလင်းဖို့။ ဒုက္ခပေးဖို့သာ။

ဒီကောင် လောကကြီးထဲက ထွက်သွားရင် တော်ပြီ။ သည်တော့ သူရအောင် စောက်ချပြီး ကြိုးစားဖို့ ဆုံးဖြတ်လိုက် သည်။

သည်တော့ သူတို့အိမ်နှင့် မလှမ်းမကမ်းမှာ သူ စတိုး ဆိုင်သဘောမျိုး ဖွင့်လိုက်သည်။ ဒါမှ အဝင်အထွက်အားလုံးကို သေသေချာချာ မြင်နေရမှာ။

သူမြင်နေရတာတော့ လင်းနုနွေ့နှင့် သည်းခြေတို့



www.burmeseclassic.com

www.burmeseclassic.com



သွားလာလှုပ်ရှားနေကြတာပဲ။ သည့်ကောင် ဘာဖြစ်နေတာလဲ။ ဘာလို့ အိမ်တွင်းအောင်းနေတာလဲ။

သူ စောင့်ကြည့်လို့ တစ်ပတ်ပြည့်သည့်နေ့မှာတော့ ကောင်းနေသန့်တစ်ယောက် မျက်မှန်နှင့် တုတ်ကောက်နှင့် နောက်မှ ဘော်ဒီဂတ်ကောင်မလေးတစ်ယောက်နှင့် လမ်းလျှောက်ထွက်လာတာကို မြင်လိုက်ရသည်။

သူရအောင် အံ့ဩသွားပါ၏။ ဘာဖြစ်လို့လဲ။ ဒီကောင် ဘာဖြစ်လို့ မျက်စိကွယ်သွားရတာလဲ။ ကေနွ ငါ့ကျိန်စာတွေ စူးပြီထင်တယ်။

အဟား ဒါဆိုရင်တော့ သင်းကိုလုပ်ကြဖို့ တော်တော်လွယ်သွားတာပဲ။ ငှက်ပျောသီးအခွံနွှာစားရတာကမှ ခက်ဦးမယ်။

သူ ပြုံးပြုံးကြီးနှင့်ကြည့်နေလိုက်ပါသည်။ သင်းဟာ ငါ့လက်ခုပ်ထဲကရေပဲ။ သွန်လိုသွန်၊ မှောက်လိုမှောက် ကြိုက်သလို ငါလုပ်လို့ရပြီ။

ငါကြိုက်တဲ့အချိန်မှာ သွန်တော့ မှောက်တော့မယ်။ ခုတော့ သင်း ဘယ်လောက်ကောင်းစားနိုင်မလဲ၊ အကောင်းဆုံး အဖြေရအောင် ငါတွက်ချက်လိုက်ဦးမယ်။

❁ ❁ ❁



## အခန်း (၂၀)

လေကောင်းလေသန့်ရှူရင်း ကျန်းမာရေးအတွက် ကောင်းနေသန့် နံနက်ခင်းတိုင်း လမ်းလျှောက်သည်။

ဘဝဆိုတာ အရှုံးပေးဖို့မဟုတ်။ မျှော်လင့်ချက်တွေ ဘယ်လိုပင်မှိန်မှိန် လမ်းဆက်လျှောက်နေရဦးမှာပါပဲ။

ချစ်သူဟာ စွဲသုဘဒ္ဒါလို အညှိုးကြီးသူလား။ တစ်နှစ် ဆိုတဲ့အတိုင်းအတာလေးအတွင်း အိမ်ထောင်ပြုပစ်လိုက်သတဲ့။ ဟုတ်ပါ့မလား။ ဟုတ်နိုင်ပါ့မလား။ သူ့ကို တမင်ပြောလိုက်တာ လား။

သူ့မျှော်လင့်ချက်ကတော့ မကုန်သေး။ သူ့မျက်စိ ပြန်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသွားတော့မှ အဖြစ်မှန်ကို သွားစုံစမ်းမည်။ ချစ်သူကို ပုံအောမထားလိုက်ပေမယ့် မျှော်လင့်ချက်ကိုလည်း မစွန့်လွှတ်နိုင်သေးပါ။

သည်တော့ ချစ်သူနှင့်ပတ်သက်ကာ လက်တစ်လှမ်းပေါ့။ အဲ သူက မွေးကတည်းက မျက်မမြင်ကြီးမဟုတ်ခဲ့တာမို့ သိပ်တော့ အထာမကျ။

အမြင်လောကထဲမှာလည်း တုတ်ကောက်ကြီးတယမ်းယမ်းနှင့် လျှောက်သွားမနေချင်တာမို့ သူ မသိမသာလေးဘဲ ကောင်မလေးနောက် လျှောက်သွားလိုက်သည်။

ကောင်မလေးက သူ့လက်ဖျားကိုတွဲထားသည်။ ဆုပ်ကိုင်ထားသည်။

သူတို့နှစ်ယောက် စကားတွေ အတွေအထူးမပြောမိကြ။ ရင်ထဲမှာတော့ ပြောစရာစကားတွေ တောင်ပုံယာပုံ။

ငါဟာ မီးတောင်မြို့ကြီးပေါ့။

ချစ်သူကောင်မလေးအတွက်

ငါ့နှလုံးခုန်စက်က အတိုင်းအဆမဲ့။

ရင်ခုန်သံတွေကြောင့်

ကမ္ဘာကြီးတောင် တုန်သွားနိုင်ပါတယ်။





သို့သော် သူ့ရင်ထဲမှာပဲ မြုံသိပ်လိုက်ပါသည်။ လောကကြီးမှာ သက်ရှိနိုးရှိက်ရင်း သူ့ ကိုယ့်ဘဝအတွက် အားမွေးရပါဦးမည်။

နံနက်ဦး၏လေပြည်ညင်းနှင့် နေရောင်ခြည်နုက သူ့အပေါ်သို့ လင်းဖြာနေတာကို သူ အာရုံခံစားသိနှင့်သိနေသည်။

ချစ်သူကောင်မလေးထံမှ ကိုယ်ရနံ့နှင့် သနပ်ခါးနံ့လေးကလည်း တစ်ချက်တစ်ချက် သင်းသင်းလေး။ မျက်စိမမြင်တော့မှ သူ့အာရုံတွေ ပိုမိုနိုးကြားပြီး လတ်ဆတ်နေတာလည်းအမှန်။

နှစ်ယောက်လုံး အင်းယားကန်ဘောင်မှာ အအကြီးတွေလို တိတ်ဆိတ်စွာ လမ်းလျှောက်နေကြရာ ကြာတော့ သူ သည်းမခံနိုင်။

"ဟေ့ ... မင်းမှာ ပြောစရာစကား မရှိဘူးလား"

သူ့အသံက မာမာထန်ထန်။ မကျေနပ်သူလေ။

"မရှိပါဘူး"

"ဘာလို့ မရှိရမှာလဲ။ မင်းရဲ့အသစ်စက်စက် ခင်ပွန်းအကြောင်းပြောပေါ့။ သူက ဘာကောင်လဲ။ ဘယ်လောက်တောင်တော်လို့ မင်းကို ငါ့လက်ထဲက ရယူသွားနိုင်တာလဲ။ သူ့မှာရော ဘယ်လောက်မြင့်မြတ်ဖြူစင်တဲ့ကောင်လဲ။ မင်းကို ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



တောင် ချစ်မြတ်နိုးလိုက်သလဲဆိုတာတွေ ပြောလေ"

သူ့အသံက မနာလိုဝန်တိုမှုတွေနှင့် တဟုန်းဟုန်း။ ရွှေပိုး အိမ် နောင်တရပါသည်။ ချစ်သူ့နားထဲကို အဆိပ်ရည်တွေ ပက်သွင်းမိတယ်။ ချစ်သူ့နှလုံးသားကို အဆိပ်ရည်နဲ့ စိမ်မိခဲ့တယ်။

ပြန်ပြီး အဖတ်ဆည်လို့ရပါဦးမလား။ သူဟာ မျက်စိမမြင်သူမို့ သူမ အမျိုးမျိုးပြောနေတာကို ယုံမှာမဟုတ်။

"ဟော့ ... ပြောလေ၊ မင်းယောကျ်ားအကြောင်း။ အခုရော သူကလွှတ်လိုက်လို့ လာတာလား။ မင်းကို သူက ပန်းလေးတစ်ပွင့်လို အလှကြည့်မနေဘူးလား။ ရှာဖွေမကျွေးဘူးလား။ သူက လယ်သမားတစ်ယောက်လား"

ဒီလောက် တတွတ်တွတ်မေးမြန်းနေတော့ ရွှေပိုးအိမ် မျက်ရည်ကျရသည်။ သူမ ဘယ်လိုပြန်ဖြေရမှာလဲ။

မုသားတွေ စီကာဆင့်ကာ မပြောတတ်ပါဘူး။ ချစ်သူပိုပြီးရင်နာမှာစိုးပါတယ်။ ကိုယ့်စကားတစ်ခွန်းကြောင့် ချစ်သူ အဆမတန် ခံစားရမှာစိုးသည်။

သို့သော် မပြောလို့လည်းမရ။ သူက တစာစာမေးမြန်းနေခဲ့ပြီ။ သည်တော့ ရွှေပိုးအိမ် သူနှင့်တွေ့စက အကြောင်းများကိုပဲ ပြန်လည်မြင်ယောင်ပြီး ရင်ဖွင့်ရပါသည်။





"သူ့ကို ကျွန်မက ချစ်စနိုးနဲ့ ကိုရုပ်ဆိုးလို့ခေါ်တယ်။ ကျွန်မရင်ထဲမှာပေါ့။ သူသိရင်တော့ မလွယ်ဘူး။ သူက စိတ်တိုတတ်တယ်"

"ဟုတ်လား ... သူက တော်တော်အရုပ်ဆိုးသလား"

"ဆိုးတယ်"

"ဒါနဲ့များ မင်းက ချစ်တယ် ဟုတ်လား။ ဒါကြောင့် ရှေးလူကြီးတွေကပြောကြတာ မိန်းမဆိုတာ မတည်ငြိမ်ဘူးတဲ့"

"ဘာဆိုင်လို့လဲ"

"ဟုတ်တာပေါ့လေ၊ ရာဇဝင်ထဲမှာတောင် မဟာပဒုမမင်းသားရဲ့ ကြင်ယာတော်မင်းသမီးဟာ ပေါင်တိုကြီးကို သနားပြီး ကြိုက်မိသေးတာပဲ"

"ရှင့်စကားတွေ ဘာရားလွန်လာပြီနော်။ ရှင်မေးလို့လည်း ဖြေရသေးတယ်။ ကျွန်မက ဘယ်ပေါင်တိုကြီးနဲ့ ဖောက်ပြားနေလို့လဲ"

"သဘောပြောတာပါ၊ ကဲ ... တော်ပါပြီလေ။ ငါလည်း မကြားချင်တော့ပါဘူး။ စိတ်ဆင်းရဲတယ်။ ကဲ ... လမ်းပဲဆက်လျှောက်ကြစို့"

သူ့အမိန့်အတိုင်း ရွှေပိုးအိမ် သူ့လက်ကိုဆွဲကာ ထမ်း



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ပေးရသည်။ အများအမြင်မှာတော့ နှစ်ယောက်အတူ လမ်းလျှောက်နေကြသည်ဟန်။

မိနစ် (၂၀) လောက်ကြာတော့ သူမောပန်းလာပုံ။

"တော်ပြီ . ငါတို့ ခုံတန်းတစ်ခုမှာ ထိုင်နားကြရအောင်"

"ဟုတ်ကဲ့"

သူမက သူသေဆိုသေ၊ ရှင်ဆိုရှင်၊ သူထဆိုထ၊ သူရပ်ဆိုရပ်။ သူ တိခနဲအစိမ်းဖြတ်သွားလျှင်တောင် ရင်ကွဲခံပြီး မျှော်ငေး လူးလိမ့်ကျန်ခဲ့မည့်ချစ်သူ ရုပ်သေးရုပ်ပါ။

သူ့စကားအတိုင်း ခုံတန်းမှာ ထိုင်ပေးလိုက်ပြီး သူမက အစွန်းတစ်ဖက်မှာ ဝင်ထိုင်၏။ သည်တော့လည်း သူက လက်ဆန့်တန်းပြီး ရှာဖွေခဲ့သည်။

"ဟော့ . . . ငါ့အနားမှာလာထိုင်။ ငါက အမှောင်ကမ္ဘာထဲ ရောက်နေရသလိုမို့ လူသားတစ်ယောက်ယောက်နဲ့ ထိထားမှ နေရတာ အားရှိတယ်"

"ဟုတ်ကဲ့"

ရွှေပိုးအိမ် သူ့အနားသို့တိုးကပ်သွား၏။ သူနှင့် တစ်တောင်ကွာလောက်မှာပေါ့။ သူက နေထွက်မည့်ကန်ရေပြင်ဘက်သို့ မျက်နှာမူထားရင်း –





"ကာမပိုင်ယောကျ်ားရှိတဲ့မိန်းမတစ်ဦးနဲ့ ခုလို နီးနီးကပ်ကပ်နေရင် ငါ့မှာ အပြစ်ရှိသလား"

"ရှင်"

သူ့စကားကြီးကြောင့် ရွှေပိုးအိမ် နားတွေ၊ ပါးတွေ ပူထူသွားရသည်။ တော်တော်နှင့် စကားမထွက်။

"ဟော့ . . . မေးနေတာဖြေလေ"

"ဒါကတော့ အလုပ်သဘောအရ ထိရ ကိုင်ရတာပဲ။ ဖောက်ပြန်တဲ့စိတ်မရှိဘူးဆိုရင် အပြစ်မရှိပါဘူး"

"ဖောက်ပြန်တဲ့စိတ် ဟုတ်လား။ ကာယကံ၊ ဝစီကံ၊ မနောကံ (၃) ပါးရှိတဲ့အနက် ဝစီကံတွေ၊ မနောကံတွေနဲ့ ဖောက်ပြန်နေပိရင်ရောကွာ"

တော်တော် ကတ်သီးကတ်သတ်မေးတဲ့လူပဲ။ ရွှေပိုးအိမ် သက်ပြင်းချရသည်။ ငါတော့ကိုယ့်ရှူးကိုယ်ပတ်နေပြီ။

"ကာယကံမပါသရွေ့တော့ အပြစ်မရှိဘူး ထင်ပါတယ်။ ဥပမာ – လူသတ်မှုကျူးလွန်သလိုပေါ့။ ကာယကံမပါသရွေ့ အပြစ်ပေးလို့မရပါဘူး"

"ကောင်းတယ် . . . ဒါထက် မင်းယောကျ်ားနောက်ညီ ငါ့ကို ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုရှပ်ဆိုး"

"ဟုတ်လို့လား။ ဒီနာမည်မျိုး တစ်ခါမှမကြားဖူးပါဘူး။ မင်းရဲ့ကိုရှပ်ဆိုးဆိုတာ ငါလား"

"မဟုတ်ဘူး။ သူက သူများနဲ့မတူဘူးလေ"

"ကဲ ... ထားပါတော့၊ အဲဒီကိုရှပ်ဆိုးရဲ့မိဘတွေ့နာမည် ပြော။ ရွာကိုပြော"

"သူ့မှာ မိဘတွေမရှိတော့ဘူး"

"နာမည်တော့သိရမှာပေါ့။ ကိုယ့်ယောက်ျားမတွေရဲ့ နာမည်ကို မင်းမသိဘူးလား"

"ကျွန်မကို သူ မပြောအားသေးဘူး"

"ဒါလေးတောင် မပြောအားရအောင် မင်းတို့က ဘာတွေလုပ်နေကြလို့လဲ၊ အချိန်ရှိသရွေ့"

"ရှင် ... ရှင်နော် ရှင် ကျွန်မကို မဟုတ်တာတွေ လျှောက်မေးမနေနဲ့။ အဲဒီအကြောင်းပဲ ပြောနေမယ်ဆိုရင် ကျွန်မ အလုပ်က ထွက်မယ်"

"သောချီး ... ဒါဆိုလည်း မပြောတော့ဘူး။ အင်း ဗို့ အဖြစ်က မြင်သာမြင်ရ မကြင်ရ ဆိုသလိုပဲ"

"လာပြန်ပြီ"





"ဟုတ်တယ်လေ၊ ချစ်သူကို ပြန်တွေ့နေလျက်နဲ့ မထိရ မကိုင်ရ။ အင်းပေါ့လေ ... ငါက ဒုက္ခိတမျက်မမြင်ကြီးဆိုတော့ မပတ်သက်ချင်တာနဲ့ ပြောချင်ရာပြောလို့ရနေတာပေါ့။ ဟုတ် မဟုတ်လည်း ငါ စုံစမ်းလို့မရသေးဘူးလေ"

"ရှင်မယုံရင် ရှင့်လူတစ်ယောက်ယောက်ကို စုံစမ်းကြည့် နိုင်းပေါ့"

ရွှေပိုးအိမ် အချုံ့မပေး။ ကိုယ့်စကားကိုယ် ဆက်ပြောနေ ရမှာပဲ။

နှစ်ယောက်အတူ ငြိမ်သက်စွာဖြင့် ခုံတန်းမှာ ထိုင်နေကြ စဉ် သူတို့အနားသို့ လူ (၂) ယောက် အပြေးကစ်လာသဖြင့် ရွှေပိုးအိမ် သူ့ကို ခုံတန်းပေါ်မှ ဆွဲချလိုက်ရသည်။

"လာကြပါ ... ကယ်ကြပါရှင့်။ လူဆိုးတွေ ကျွန်မတို့ကို နှောင့်ယှက်နေပါတယ်"

ရွှေပိုးအိမ် အော်ဟစ်လိုက်မှ ရန်ပြုမည့်နှစ်ယောက် အဝေးသို့ထွက်ပြေးသွားကြသည်။ ကောင်းနေသန့် မြက်ခင်းပေါ် မှာ လဲကျနေရာမှ သူ့မလက်ကိုဆွဲကာ ထထိုင်လိုက်ရ၏။

လူတွေလည်း ဝိုင်းအုံလာကြပြီး တစ်ယောက်တစ်ပေါက် မေးမြန်းကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်လို့ တော်ပါသေးရဲ့။ လူတွေကလည်း အတင့်ရဲလိုက်ကြတာ။ မနက်ခင်းကြီးကိုတောင်"

စကားသံများကို ကျော်နိုင်းပြီး ရွှေပိုးအိမ် သူကို လက်မောင်းကိုင်ဆုပ်ကာ အိမ်ဘက်သို့ပြန်လာခဲ့သည်။ ရင်ထဲမှာတော့ ကတုန်ကရင်။ စောစောကကပ်လာသည့် လူ (၂) ယောက်ပုံစံက သူ့ကိုအန္တရာယ်ပြုမည့်ပုံ။ ဘာဖြစ်လို့လဲ၊ ဘာရန်ငြိုးရန်စတွေ ရှိလို့လဲ။ ထိုအတွေး ကောင်းနေသနဲ့ရင်ထဲမှာလည်း အတွေးတွေက များစွာ။ ငါ့ကို ဘယ်သူတွေက ရန်ပြုပြန်တာလဲ။

ဟိုတစ်နေ့က တီဗီသတင်းမှာတော့ နိုင်ငံတော်သမ္မတရဲ့ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ရာဇဝတ်သားတွေ လွှတ်ပေးသတဲ့။

ငါ့ဦးလေးများ ထောင်ကလွတ်လာပြီလား။ သူ စိစဉ်သလို မဖြစ်လို့ ငါ့ကို ရန်ငြိုးလို့မှာပဲ။ ငါ သတိထားနေရမယ်။

"ငါတို့ မြို့ထဲမှာပဲ လမ်းလျှောက်ရတော့မယ်။ ငါ့မှာ ရန်သူတော်တွေ ရှိတယ်။ ခုချိန်က ငါ့ကို သူတို့လုပ်ကြံလို့ အလွယ်ဆုံးပဲ"

"ဟုတ်တယ် ... စောစောက (၂) ယောက်ပုံစံက ရှင့်ကို ရန်ငြိုးဖွဲ့တဲ့ပုံစံတွေ ... ရှင့်မှာ ဘယ်လိုဖြစ်လို့ ရန်သူတွေရှိရတာလဲ"





"ပစ္စည်းဥစ္စာဆိုတာ ရန်သူပေါ့။ ငါ့ဦးလေးက ဒီပစ္စည်းတွေကို လိုချင်လို့ ငါ့မိဘတွေကိုရော ငါ့ကိုပါ ကားမီးလောင်အောင် လုပ်ခဲ့တာ"

"အို ... ရက်စက်လိုက်တာရှင်"

"ဟုတ်တယ်၊ ပစ္စည်းဥစ္စာနဲ့ပတ်သက်ရင် လူတွေဟာ ရက်စက်တတ်ကြတယ်။ ငါ့တို့မိသားစုကို မီးလောင်တိုက်သွင်းပြီး သူတို့က ဒီအိမ်မှာ အပိုင်စီးနေကြတယ်လေ"

"သူတို့ကို ထောင်မချဘူးလားဟင်။ ဒီလောက်အမှုကြီးကို ကျူးလွန်ထားတာ မပေါ်ဘူးလား"

"ပေါ်တာပေါ့၊ အဲဒီမှာ တစ်ခုပြောစရာရှိသေးတယ်။ ငါ့ချစ်သူ ရတီဆိုတာ ဦးလေးရဲ့ မယားပါသမီးပဲ"

"ဟင် ... ဒါ ဒါဆို"

"ဟုတ်တယ်၊ သူတို့အားလုံး မာယာကဝေတွေနဲ့ ဆွဲဆောင်၊ မြှူဆွယ်ပြီး ငါတို့မိသားစုကို လုပ်ကြံခဲ့ကြတာ။ ဒါကြောင့် ရတီ့ကို ငါ သေလုမတတ်မုန်းတယ်။ ငါ့ဦးလေးကိုလည်း မုန်းတယ်"

"အခု သူတို့ ဘယ်ရောက်သွားကြတာလဲ"

"ငါ့ဦးလေးက အဖြစ်မှန်တွေပေါ်ပြီး ထောင် (၁၀) နှစ်



www.burmeseclassic.com

www.burmeseclassic.com



ကျတယ်။ ဒါပေမဲ့ သိတဲ့အတိုင်း လွတ်ငြိမ်းချမ်းသာခွင့်နဲ့ တိုးမှာပေါ့။ အခု သူ အပြင်ပြန်ရောက်နေပြီလို့ ငါထင်တယ်"

"ဒုက္ခပါပဲရှင်၊ ဒါထက် ရှင့်ရတီရော"

"မင်းစကားပြောတာ ဆင်ခြင်ပြော။ မုဆိုးတစ်ပိုင်း မိန်းမရိုင်းကြီးမို့ ချစ်ခဲ့မိတဲ့ ငါ့ကိုယ်ငါ ဘယ်လိုမှ ခွင့်မလွှတ်နိုင်ဘူး"

"ဆောရီးပါရှင်၊ အခု သူတို့ ဘယ်မှာနေကြလဲ။ ရှင်နဲ့ရော အဆက်အသွယ် မလုပ်တော့ဘူးလား"

သူတို့အကြောင်း စကားထဲထည့်ပြီးမပြောချင်ဘူး။ ကမ္ဘာပေါ်မှာ အောက်တန်းအကျဆုံး မိန်းမတွေ။ ဟတ္ထနီမတွေ။ ယောကျ်ားလည်း ဒုက္ခရောက်ရော သူတို့လည်းပြေးရော"

"ဪ . . . ဒါဆို အခု သူတို့အဆင်ပြေရဲ့လားဟင်"

"ငါ မသိဘူး။ စုံလည်း မစုံစမ်းဘူး။ သစ္စာမဲ့သူတို့ရဲ့ သွားရာလမ်းက သိပ်ဖြောင့်ဖြူးမယ်တော့ မထင်ပါဘူး"

နှစ်ယောက်သား အိမ်ဘက်သို့ရောက်ခါနီးတော့ ရွှေပိုးအိမ် ယခုမှ အသစ်ဖွင့်သည့်စတိုးဆိုင်ကို မျက်စိရောက်သွားမိ၏။

သူတို့ကို စူးစူးဝါးဝါးကြည့်နေသည့် လူကြီးတစ်ယောက်ကို မြင်လိုက်ရသည်ကြောင့် သူမပင် လန့်ခနဲ တုန်သွားမိ၏။





ဘာဖြစ်လို့လဲ။ ဘာဖြစ်လို့ ငြိုးရန်သူဖက်လို ကြည့်နေရတာလဲ။ သူ့ကိုပြောထားသင့်သလား။

ရွှေပိုးအိမ် တုံ့ခနဲပင် ရပ်သွားမိတာမို့ ကောင်းနေသန့် ခံစားသဖြင့် သိလိုက်၏။

"ဘာလဲ ဘာဖြစ်တာလဲ၊ ဘာမြင်လို့လဲ"

"ဟို ရှင့်အိမ်နဲ့ ၄-၅ အိမ်လောက်အကွာမှာ စတိုးဆိုင်အသစ်ဖွင့်တယ်။ အဲဒီဆိုင်က လူက ရှင့်ကို အဲ ကျွန်မပါ ပါချင်ပါမှာပေါ့။ စူးစူးဝါးဝါးကြည့်နေလို့။ ရှင် မျက်စိကောင်းတုန်းက ရန်ငြိုးတွေ ဘာတွေ"

ကောင်းနေသန့် သဘောပေါက်လိုက်ပြီးသော။

"သူ့ရုပ်ကိုပြောပြစမ်း"

"သူ့ရုပ်က အရပ်ရှည်ရှည်၊ ထောင်ထောင်မောင်းမောင်း။ မျက်လုံးမျက်ခုံးကောင်းတယ်၊ နှာတံပေါ်တယ်။ ဒါပေမဲ့ နှုတ်ခမ်းတစ်ဖက်က ရွဲ့တဲ့တဲ့ပဲ"

"သူ့မေးစေ့မှာ မှဲ့ရှိသလား"

"ရှိတယ်"

"အဲဒါ ငါ့ဦးလေးပဲ။ သူ ထောင်ကလွတ်နေပြီ"

"အို . . . ဒုက္ခပါပဲရှင်၊ ရှင်တို့မိသားစုကို ဒုက္ခပေးများ



www.burmeseclassic.com

www.burmeseclassic.com



လေးနေဦးမှာလား''

''ပြောလို့တော့မရဘူး။ ဒါပေမဲ့ အတွင်းစည်းကနေ မှုံးသတ်လို့တော့မရတော့ဘူး။ သတိထားရမှာပေါ့လေ''

နစ်ယောက်သား ခြံထဲ အိမ်ထဲသို့ရောက်သွားကြလျှင် သူတို့နှစ်ယောက် အန်တီလေးနှင့် သည်းဝေလျှံကို အကျိုးအကြောင်း ရှင်းပြကြသည်။

သူမတို့နှစ်ယောက်မှာ နေစရာပင်မရှိတော့။ ကြောက်တတ်ကြသူတွေမို့ အကြောက်လွန်နေကြ၏။

''ဒုက္ခပါပဲ ကိုကောင်းရယ်၊ မြန်မြန်မျက်စိပြန်ကောင်းပါစေ။ မျက်ကြည်လွှာ အမြန်ဆုံးရှာတွေ့ပါစေ''

''မကြောက်နဲ့၊ အဲ ... ဟုတ်ပြီ ကျွန်တော် စီစဉ်လိုက်မယ်။ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပဲ''

ကောင်းနေသန့် အားပေးတော့လည်း အထိုက်အလျောက် အားရှိသွားသည်သာ။

ခက်သည်မှာ သူတို့သူရဲကောင်းက မျက်စိနှစ်ကွင်း အလင်းမရလို့ပါလော။

❁ ❁ ❁



# အခန်း (၂၁)

သစ္စာမဲ့သူတို့ရဲ့ သွားရာလမ်းဟာ ... ဘာလဲ။

ယွန်းမေရီနှင့် ယွန်းရတီ။

ဦးသူရအောင်၊ လူသတ်မှု၊ မီးရှို့မှုတွေနှင့် အဖမ်းဆီးခံရ ထောင်ကျသွားခဲ့ရတော့ –

'အနီးမှာဝဲနေသည့် ပျားပိတုန်းကြီးတွေကို အပုတ်မှတ်ပြီး အားကိုးမိခဲ့ကြသည်။

နောက်ဆုံးတော့လည်း ကျောချမှ ဓားပြမှန်းသိ။ ထိုလူတွေဟာ မယားမှတ်မှတ်၊ သားမှတ်မှတ် ပေါင်းလိုကြသူတော့ မဟုတ်ဘဲ။



www.burmeseclassic.com

www.burmeseclassic.com



သူမတို့၏ အသေးအသားကိုသာ အလိုရှိကြသည့် အသားစားကြူးသူတွေဖြစ်ကြောင်း ကောင်းကောင်း သဘော ပေါက်ခဲ့ကြသည်။

ယခုကျ သားအမိနှစ်ယောက်လုံး သူတို့ထားရာနေ စေရာသွားရသည့် သက်မဲ့အရုပ်တွေပမာ။ အခါနှောင်းမှ အကြောင်းသိရသည့်အခါ နောင်တတွေ ရနေပြီ။

သူတို့ကို တရားဝင်လက်ထပ်တာလည်းမဟုတ်။ ဒီလိုပဲ တိုက်ခန်းတစ်ခုမှာထားပြီး ပျော်တော်ဆက်နေရသည့်အဆင့်။

ယခုတော့ သားအမိနှစ်ယောက် ဘဝတူချင်း ရှိုင်းပင်းပြီး ဘဝရှေ့ရေးတွေးနေရပြီ။ ရှေ့လျှောက်ပြီး ဒီလိုကြီး စခန်းသွားနေ ရလို့မဖြစ်။

ရတီက ပိုပြီးနောင်တရသည်။ ကောင်းနေသန့်လို သူတော်ကောင်းကို လှည့်စားမိခဲ့လို့များ သူမဘဝဟာ ဒီလို ကမောက်ကမတွေ ဖြစ်ကုန်ရတာလား။

သူမတို့အဖြစ်က အစကတည်းက ဘက်မှားခဲ့ကြသည့် အဖြစ်။

လူယုတ်မာရဲ့ဘက်မှာ သူ့ဘက်တော်သားဖြစ်ရမှတော့ သူမတို့ဘဝဟာ ဘယ်လိုများ ကောင်းနိုင်လာဦးမှာတဲ့လဲ။





သားအမိနှစ်ယောက် အတူနေခွင့်ရတာလေးတော့ ကျေးဇူးတင်နေရ၏။ သည်လိုပဲ ဦးအောင်သီဟလာလိုက်၊ မြင့်မိုး အောင်လာလိုက်။ ရပ်ကွက်ကတော့ သူမတို့ကို ဘာထင်မည် မသိ။

သည်နေ့လည်း သားအမိနှစ်ယောက် အိမ်မှာ ထမင်း ဟင်းတွေချက်ပြီး အေးချမ်းစွာ စာဖတ်နေကြစဉ် တံခါးခေါက်သံ ကြားရသဖြင့် ယွန်းမေရီ သမီးကို တံခါးဖွင့်ခိုင်းလိုက်သည်။

"သမီးရေ ... တံခါးဖွင့်ပေးလိုက်ပါဦး။ ဟိုလူတွေနေမှာ ပေါ့။ ငါတို့ဘဝကလည်း စပါးကြီးမြွေတွေရဲ့ ညို့ချက်အောက်မှာ တဝဲလည်လည်ပဲ"

ယွန်းရတီ တံခါးကို မကျေမနပ်သွားဖွင့်ပေးတော့ တံခါး ဝမှာ သူမတို့ ဘယ်လိုမှ မျှော်လင့်မထားသူကို တွေ့လိုက်ရသဖြင့် လန့်သွား၏။

"ဟင်"

သမီး၏ အာမေဋိတ်သံကြောင့် ယွန်းမေရီ လှမ်းကြည့်မိ လျှင် လူက လန့်လွန်းလို့ မားခနဲ ရပ်မိသည်အထိ။

"ကိုသူရ"

"ဟုတ်ပါ့မျာ၊ ခင်ဗျားတို့ရဲ့ယမမင်းလေ။ သစ္စာဖောက်မ



www.burmeseclassic.com

www.burmeseclassic.com



တွေရဲ့ဇာတ်သိမ်းက လှလွန်းလို့ ပတ်ဝန်းကျင်မှာ အပုပ်နံ့တထောင်းထောင်းပဲ''

တံခါးကို သူပြန်ပိတ်လိုက်ပြီး ညှော်ခန်းဆီသို့ ဆက်လျှောက်လာလျှင် နှစ်ယောက်လုံး နေစရာမရှိ။

သို့သော် ဟန်ကိုယ့်ဖို့ပါပဲ။

ပျက်သွားသည့်မျက်နှာကို ချက်ချင်းပြန်ပြင်သူက ယွန်းမေရီ။

''ရှင်ကပဲ ပြောရတယ်ရှိသေး။ ရှင်သာ ကိုယ့်အစ်ကို အရင်းခေါက်ခေါက် မိသားစုကို မီးလောင်တိုက်သွင်းခဲ့တဲ့ လူယုတ်မာ။ ကျွန်မတို့က လူယုတ်မာကိုကြောက်လို့ပြေးတာ''

''ဟ ...ငါ ယုတ်မာတာ နင်တို့ကောင်းစားဖို့လေ။ စကားကို လက်လွတ်စပယ်မပြောနဲ့။ ငါ သည်းမခံနိုင်ဘူး။ ကဲ ... အခုရော သူများအငယ်အနှောင်းဘဝနဲ့ နေရတာ တော်တော်မှ ဂုဏ်ရှိနေသလား''

သည်တစ်ခါတော့ သားအမိ (၂) ယောက်လုံး ငြိမ်သွားကြသည်။ ဘာပဲဖြစ်ဖြစ် သူတို့လည်း ဒီဘဝကြီးကိုတော့ မနှစ်မြို့ပါ။ လာချင်မှလာ၊ သွားချင်သလိုသွား။ ပေးတာယူ၊ ကျွေးတာစား။





ယောက်ျားတွေဆိုတာလည်း အံ့ဩစရာ။ အသားစားကျားတွေလိုပါပဲ။

အေးလေ ... သူမတို့ကလည်း ခြေဆေးအိုးထဲဝင်နေမိမှတော့ ခြေပဲဆေးသွားတော့မှာပေါ့။

ယခု သူတို့၏ မူလဘူတာကျေးဇူးရှင်ကြီး ဦးသူရအောင် ကရုဏာဒေါသောတွေနှင့် ပြောဆိုမာန်မဲနေလျှင် နှစ်ယောက်လုံး ငြိမ်ကုပ်နေမိကြသည်။

''ကဲ ... ပြော ဒီဘဝမှာနေရတာ ပျော်သလား။ မပျော်ဘူးလား''

''ဘယ်ပျော်ပါ့မလဲရှင်။ အားကိုးစရာမရှိတဲ့ဘဝမို့ ပေါက်တဲ့နဖူး မထူးတော့ဘူးဆိုပြီး ဖွတ်မိတ်နေရတာပါ။ အထူးသဖြင့် ကျွန်မသမီးလေးဘဝရှေ့ရေး ရေစုန်မျောနေရှာတာကို အသည်းအနာဆုံးပါပဲ''

''ဟုတ်ပြီ ... ဒါဆို နင်တို့နှစ်ယောက် ငါ့နောက်ပဲ ပြန်လိုက်ခဲ့ကြတော့။ အသစ်တွေ ဘယ်လောက်ကောင်းကောင်း အဟောင်းကိုမမီပါဘူး ယွန်းမေရယ်''

''ရှင်ကရော ကျွန်မတို့ကို ခွင့်လွှတ်နိုင်လို့လား။ သဘောသေးရဲ့လား''



www.burmeseclassic.com

www.burmeseclassic.com



"ငါက ငယ်ပေါင်းပါ ယွန်းမေရယ်။ အခြေအနေအရ ဖြစ်သွားတဲ့ကိစ္စ ခွင့်လွှတ်နိုင်ပါတယ်။ မင်းတို့သာ လေ့နှံ့နှစ်ဖက် မနင်းကြနဲ့။ ခြံထဝ်ပြီးမခုန်ကြနဲ့"

"ဒါကတော့ ကိုသူရရယ်။ ကျွန်မလည်း မိန်းမဆိုးကြီး မဟုတ်ရပါဘူး။ ရှင်နဲ့အတူ ကောင်းတူဆိုးဖက်နေလာခဲ့တဲ့မိန်းပါ။ အားကိုးမရှိလို့သာ သူတို့နဲ့ဆက်ပြီးနေရတာပါ။ ယွန်းမေ ကိုယ့်ယောက်ျားနဲ့ပဲ ကိုယ်ပြန်ပေါင်းချင်ပါတယ်"

"ဟုတ်ပြီ . . . ဒါဆို ဒီကောင်တွေကို ငါ ပညာပြရမယ်။ ငါ့မိန်းမကို အချောင်ဝင်ဆွဲတဲ့ကောင်နဲ့ ငါ့သမီးကို မတရား မြူဆွယ်ဖြားယောင်းပြီး ပေါင်းသင်းနေတဲ့ကောင်တွေ။ သူရအောင် ဘာကောင်လဲဆိုတာ အကြောင်းပြရသေးတာပေါ့"

"သံသရာတွေရှည်လို့ပါ ကိုရယ်။ ယွန်းမေတို့ အေးအေးချမ်းချမ်းပဲ နောက်ဆုတ်လိုက်ကြရအောင်ပါ။ တရားရုံးတွေ၊ ဂါတ်တွေဆိုတာလည်း ငွေများတရားနိုင်"

"ဒါပေမဲ့ . . . နည်းနည်းတော့ ပညာပြရဦးမှာပေါ့။ ကဲ မင်းတို့ကို ပိုင်ဆိုင်မှုအဖြစ် ဘာတွေပေးထားသလဲ"

"ဒီတိုက်ခန်းကို နှစ်ယောက်စပ်ပြီး ဝယ်ထားပေးတယ်။ နောက် ကားလည်း ဝယ်ထားပေးတယ်"





"မင်းတို့နာမည်ပေါက်လား၊ သူတို့နာမည်နဲ့လား။ စာချုပ်စာတမ်းတွေ မင်းတို့လက်ထဲမှာ ရှိရဲ့လား"

"ကျွန်မတို့နာမည်နဲ့ပါ။ စာချုပ်စာတမ်းတွေလည်း ရှိပါတယ်"

"ကောင်းပြီ . . . အဲဒါတွေ ရောင်းပစ်မယ်။ ပြီးရင် ငါနဲ့လိုက်ခဲ့ပေတော့။ လောလောဆယ် တိုက်ခန်းပိတ်ခဲ့မယ်။ ကားကိုလည်း ဝယ်လက်ရှာပြီး ရောင်းပစ်မယ်။ ရတဲ့ငွေကို မင်းတို့သားအမိနာမည်နဲ့ပဲ ဘဏ်စာရင်းဖွင့်မယ်"

"ယွန်းမေတို့ကို သူတို့လိုက်နှောင့်ယှက်ရင်ရော။ တော်ကြာ သူတို့ပစ္စည်း အလွဲသုံးစားလုပ်ပါတယ်ဆိုပြီး ပြဿနာရှာနေမှ"

"ဘာလဲကွ၊ ငါ့မိန်းနဲ့သမီးကို တန်ဖိုးထားတာလည်း မဟုတ်ဘဲ ပြည့်တန်ဆာလောက်သဘောထားတဲ့ကောင်တွေကို ငါက မြူးပြီး လက်ခွဲနှုတ်ဆက်ရဦးမှာလား။ ငါက လူမိုက်ပဲ။ လူမိုက်နည်းနဲ့ ဖြေရှင်းမယ်။ လာပါစေ ဒီကောင်တွေ ငါ့အိမ်ရိပ် တောင် မနင်းစေရဘူး။ မား မားချင်း၊ သေနတ် သေနတ်ချင်းပဲ။ ကဲ . . . ထ ပစ္စည်းတွေသိမ်း၊ သွားကြစို့"

သားအမိနှစ်ယောက်လုံးကို သူကားနှင့်တင်ပြီး ဦးသူရ



www.burmeseclassic.com

www.burmeseclassic.com



အောင် ကိုယ့်တိုက်ရှိရာသို့ ခေါ်လာခဲ့သည်။

လိုက်ရဲတဲ့ကောင် လိုက်လာခဲ့ကြပေါ့။

❁

"ယောက်ျားရယ် ... သူ့ဘာသာနေပါစေတော့။ ကိုယ်လည်း နောင်တရဖို့ သင့်ပါပြီ။ ကိုယ့်မှာလည်း တိုက်နဲ့ ကားနဲ့ ရှိသေးသားပဲ။ ယွန်းမေတို့ကားနဲ့ တိုက်ခန်းရောင်းတာနဲ့ဆို ကောင်းရောင်းကောင်းဝယ်လုပ်စားလို့ ရနေပါပြီရှင်"

ယွန်းမေရဲ့ ဦးသူရအောင်ကို ဖြောင်းဖြနေခြင်းပါပေ။ ယွန်းရတီကတော့ ကိုယ့်အပြစ်နှင့်ကိုယ် ဘာမှမပြောနိုင်တော့ဘဲ လှမ်းမြင်နေရသည့် ကောင်းနေသန့်ကိုသာ ခွေးပြည့်စွာ ငေးကြည့်နေရ၏။

ယခုတော့ သူမဘဝက ဆံမြိတ်လည်းပြေ၊ ပန်းလည်းကြွေ။ ကောင်းနေသန့်ကလည်း သူမကို အရမ်းမုန်းနေမှာ အသေအချာ။ မေမေနှင့်ပါပါတို့ပြောနေကြသည်ကိုသာ မသိမသာ နားထောင်နေရ၏။





"တော်ပါတော့ရှင် ... သူ့ဘာသာတောင် မျက်စိမမြင်လို့ ဒုက္ခရောက်နေရှာတာ။ မောင် ထပ်ပြီး ဒုက္ခမပေးပါနဲ့တော့နော်"

"သူ့ကြောင့် ငါ့ဘဝပျက်ခဲ့ရတာ၊ ငါထောင်ကျခဲ့ရတာကွ။ ငါ့မိန်းမနဲ့သမီးလည်း သူများစော်ကားတာ ခံရသေးတယ်။ ငါ မကျေဘူး။ မင်း ဝင်မပါချင်နေ၊ ဘေးက ကြည့်နေလိုက်"

"ကိုရယ် မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိပါဘူး။ ကိုယ့်မိုက်ပြစ်ကြောင့် ကိုယ်ခံရတာ၊ သူ့ကိုသွားပြီး မငြိုးပါနဲ့တော့။ ခုဆို ခွေမျိုးတွေလည်း ပြတ်ကုန်ကြပြီ။ တော်လောက်ပါပြီ မောင်ရယ် ... နောင်တရပါတော့နော်။ ယွန်းမေတို့သားအမိသားအဖတွေ ကောင်းရောင်းကောင်းဝယ်ပဲ လုပ်စားကြရအောင်ပါ"

မိန်းမက အထပ်ထပ်နားချသဖြင့် သူရအောင် စိတ်တွေပြေချင်ချင်။ သူ စိတ်ကိုလျှော့ပြီး ကောင်းအောင်နေမယ်လို့ စိတ်ကူးလိုက်သည်။

သို့သော် သူ့ဇာတာကိုက ရန်ငြိုးရန်စတွေနှင့် တွေးလုံးရစ်ပတ်ရမည်လားတော့မသိ။ သူ သတိထားမိသည့်အခါ သူ့မှာ ရန်သူတော်တွေ ဝိုင်းလို့။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကတော့ အောင်သီဟနှင့် မြင့်မိုးအောင်။ သူ တစ်ပါး၏ နှလုံးသည်းပွတ်တွေကို လင်းတလို အချောင်စောင့်ပြီး ဆွဲစားနေခဲ့ပေမယ့် ပိုင်ရှင်ကပြန်သိမ်းသွားသည့်အခါ လွတ်တဲ့ ငါးတွေ ကြီးကုန်ကြပြီး ဦးသူရအောင်ကို ရန်ပြုဖို့ ကြံတ်ပြီး ကြံစည်စိတ်ကူးနေကြပေတော့ရာ။



## အခန်း (၂၂)

ကောင်းနေသန့် ချိတ်ဆက်ပြီး လှုပ်ရှားလိုက်တာကြောင့် အိမ်မှာ ရွှေထူးပါရောက်ရှိလာပေပြီ။ သူ့သူငယ်ချင်းတစ်ယောက် ကို လိပ်စာပြောပြီး သွားခေါ်ခိုင်းတာပါ။

ရွှေထူးရောက်လာသည်နှင့် ရွှေပိုးအိမ်ညာထားတာတွေ အကုန်ပေါ်လေပြီ။ သူမ ဘယ်လိုမှ စည်းဝါးတိုက်ထားလို့မရတော့။

ကောင်းနေသန့် စိတ်ချမ်းသာသွားပေမယ့် တစ်ဖက်မှ သူတို့အိမ်ကို မည်သူတွေ အနှောင့်အယှက်ပေးနေမှန်းမသိသဖြင့် နေရတာ တအုံနွေးနွေး။

သူကလည်း ဒုက္ခိတ၊ အန်တီလေးနှင့် ညီမလေးတော



www.burmeseclassic.com

www.burmeseclassic.com



လည်း မအူမလည်။ စီးပွားရေးတွေလည်း အကြီးအကျယ်မတိုးချဲ့နိုင်ဘဲ တော်ရုံသင့်ရုံသာ လုပ်ဆောင်နေရသည့်အဖြစ်။

ရွှေထူးရောက်လာတော့ အိမ်မှာ လုံခြုံမှုတော့ ရသွားသည်။ သူ့အဒေါ်နှင့်ညီမကို ရွှေထူးက စောင့်ရှောက်ရသည်။

သူ့ဘော်ဒီဂတ်ကတော့ ရွှေပိုးအိမ်။

သူလည်း အပြင်သိပ်မထွက်တော့ပါ။ အိမ်ထဲမှာပဲ ကျန်းမာရေးအတွက် လမ်းလျှောက်၊ ရေကူးရင်း သူ့မျက်လုံးပြန်ကောင်းမည့်ရက်ကို စောင့်ရသည်။

သည်နေ့တော့ အန်တီလေးနှင့် ညီမလေးတို့ ဈေးထွက်ကြပြီး ရွှေထူးလည်း လိုက်သွားသဖြင့် အိမ်မှာ သူနှင့်ရွှေပိုးအိမ်တို့ နှစ်ယောက်တည်း။ ယခုအခါ အိမ်အကူတွေလည်း စိတ်မချသဖြင့် မထားတော့ပါ။

ကောင်းနေသန့် သူကိုညာထားသည့် ရွှေပိုးအိမ်ကို ပညာပေးချင်နေသည်နှင့် အတော်ပါပဲ။ ရွှေထူးထံမှ အဖြစ်မှန်ကို သိလိုက်ပေမယ့် သူ ဒီကိစ္စကို မဆွေးနွေးသေး။

သည်နေ့မနက်တော့ ဆွေးနွေးပစ်လိုက်မည်။ ဆွေးမလေးကို ချောင်ပိတ်ရိုက်မည်။ ကဲ ဘာပြောမလဲ၊ ဘယ်ပြေးမလဲ။

"ပိုးအိမ် ခြံထဲမှာလမ်းဆင်းလျှောက်မယ်"





"ဟုတ်ကဲ့"

သူ့ရဲ့ပိုးကောင်လေးဟာ ဘာဖြစ်လို့ စကားနည်းသွားရတာလဲ။ မဟုတ်တာတွေပြောထားပြီး ပေါ်ကုန်လို့ ရှက်နေတာလား။ သူ့မရဲ့ရင်ထဲမှာ ဘယ်လိုတွေခံစားနေရရှာမလဲ။

သူ ပိုးအိမ်ကို ဟိုး လယ်တောမှာတွေ့ခဲ့ရသည့် တော၏ သမီးပျိုလေးအသွင် လွတ်လပ်ပေါ့ပါးသော၊ သူ့ကိုအရမ်းခင်တွယ်သောအဖြစ်ကိုပဲ ပြန်ပြီးလိုချင်မိသည်။

ချစ်သူကောင်မလေးရေ –

ဘဝမှာ မသေဘဲနဲ့ စရိုက်နှစ်မျိုးပြောင်းလဲသွားတတ်ပါသလား။

ငါ့ရဲ့ သရဖူလေးဟာ ရွှေမိုးဆောင်း ဥတုသုံးပါးလုံးကို ခံနိုင်ရည်ရှိတဲ့ –

ရာစုနှစ်များစွာကို ကျော်ဖြတ် မှတ်ကျောက်အတင်ခံနိုင်တဲ့ စိန်သရဖူလေး ဖြစ်စေချင်တယ်။

မင်း ဘာဖြစ်လို့ ငါ့အပေါ် စိမ်းကားသွားတာလဲ။

သံယောဇဉ်မရှိတာလည်း မဟုတ်ဘဲနဲ့ကွာ။ မင်းတို့မိန်းကလေးတွေရဲ့ သဘောထားကို ငါ အတောင်နှစ်ဆယ်ဝတ် မင်းယောက်ျားကြီး ဘယ်လိုမှ လိုက်မမီတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ငါ့မှာ အန္တရာယ်တွေ ပတ်လည်ဝိုင်းနေတယ်လို့ ခံစားနေမိတယ်။

ဘာပဲဖြစ်ဖြစ် ငါမသေခင် ငါ့အချစ်ဆုံးကောင်မလေးရဲ့ နှလုံးသားထဲက စစ်မှန်တဲ့အဖြေတော့ကို ငါ တူးဖော်ကလော်ထုတ်ရဦးမယ်။

စကားနည်းသွားသည့် ချစ်သူလေးကို သူ လက်ကမ်းလိုက်တော့ သူမက သူ့လက်ကို ဆုပ်ကိုင်ပြီး မြို့ထဲ ကွန်ကရစ်လမ်းတွေမှာ လမ်းလျှောက်ပေးခဲ့သည်။

မြို့က ကျယ်ဝန်းသည်မို့ လမ်းတွေက ဆွဲဆန့်လိုက်လျှင် မီတာတစ်ထောင်လောက်ရှိချင်ရှိမည်။ ငေးကောင်းနေသန့် ချစ်သူလက်ကိုဆွဲပြီး လမ်းလျှောက်နေရာမှ သူမ၏ပခုံးလေးကို ဖက်လိုက်သည်။

"အခု ကိုယ်တို့မြို့နောက်ဘက် ပုန်းညက်ပင်နားကို ရောက်နေပြီ မဟုတ်လား"

"ဟုတ်တယ်"

"ကိုယ် ပုန်းညက်ပင်အောက်က ခုံတန်းမှာထိုင်ချင်တယ်"

"ဟုတ်ကဲ့"





"မင်း ဘာဖြစ်လို့ စကားနည်းသွားတာလဲ။ ငါ့အပေါ် ခုထိ မကျေနပ်သေးဘူးလား။ ငါ ဘယ်အထိ တောင်းပန်ရဦးမှာလဲ"

ပုန်းညက်ပင်အောက်က ခုံတန်းမှာထိုင်ပြီး သူ ရွှေပိုးအိမ်ကို ရင်ခွင်ထဲ ဆွဲဖက်ထားမိသည်။

ဟိုတုန်းက လယ်တောမှာ၊ လှည်းပေါ်မှာ သူဟာ ယခုလို ခြေပါ လက်ပါမဟုတ်။ ယခုတော့ ဘယ်လိုတွေဖြစ်နေသည်မသိ။

သူ မျက်စိမမြင်ရှာတာကို တသိမ့်သိမ့် ကြင်နာသနားနေမိပေမယ့် ရွှေပိုးအိမ်ရင်ထဲမှာ မကျေနပ်တာက တခြား။

သူမရဲ့ တသုန်သုန်စီးဆင်းနေသည့် အကြင်နာ လေညင်းတွေ ရင်ထဲမှာပဲထားတော့မည်။ ချစ်သူ ရှင့်မျက်လုံးပြန်မြင်ရပြီး ရှင် အဆင်ပြေသွားပြီဆိုရင် ကျွန်မတာဝန် ပြီးဆုံးသွားပြီ။

ကျွန်မ တောပြန်မယ်။

တစ်ခါက ရှင်နဲ့အတူ ပြောခဲ့ဖူးသလိုပဲ။

တောမှာ လတ်ဆတ်သည့်လေပြည်ညင်းတွေ ရှိမည်။

လယ်ထဲမှာ စပါးတွေစိုက်မည်၊ ကျေးလက်က ဆင်းရဲသား နင်းပြားလေးတွေကို စာသင်ပေးမည်။

သို့သော် သူက သူမကို တင်းတင်းဆွဲဖက်ထားရုံသာ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်း ပါးချင်းပါ ထိစပ်လာသည့်အခါ –

သူမ သူ့ရင်ဘတ်ကို ညင်သာစွာ တွန်းဖယ်ပြီး ခုံတန်းဘေးမှာ သွားရပ်နေလိုက်သည်။

မမြင်ရသော မျက်လုံးများနှင့် သူမကို မော့မော့လေးနားမလည်နိုင်စွာ ကြည့်နေသည့် သူ့ရုပ်သွင်က ရွှေပိုးအိမ်၏နှလုံးသည်းပွတ်ကို ဆုပ်ညှစ်ခံလိုက်ရသလို ကြေကွဲခံစားရစေသည်။

သို့သော် သူမချစ်သူကို အလိုမလိုက်နိုင်ပါ။

"ပိုးအိမ်"

သူ့အသံက တုန်လှုပ်ကြေကွဲနေတော့ သူမ တိတ်တဆိတ် မျက်ရည်တွေစီးကျနေမိသည်။

"ငါ့ကို မချစ်တော့ဘူးလား။ ငါ့မှာ အပြစ်တွေ သိပ်များနေပြီလား ပွင့်ပွင့်လင်းလင်းပြောစမ်းပါ။ ငါ အရမ်းခံစားနေရတယ်။ ငါ့ရဲ့လယ်တောက ချစ်သူလေးကို ပြန်လိုချင်တယ်။ ငါ့အပေါ် သိပ်ကောင်းခဲ့တဲ့ ဟန်ဆောင်မှုကင်းတဲ့ လွတ်လပ်ပေါ့ပါးတဲ့ ငါ့ချစ်သူလေးကို ငါပြန်ရချင်တယ်"

ရွှေပိုးအိမ် ပါးစပ်ကိုပိတ်ပြီး ရှိုက်နေမိတာ ကိုယ့်ခံစားချက်ကို မထိန်းနိုင်တော့လို့ပါ။





"မင်းဟာ စုန္ဒသုဘဒ္ဒါလိုပဲ အငြိုးကြီးတယ်။ ငါ့နှလုံးသားကို သွေးစိမ်းရှင်ရှင်ထွက်အောင် တူးဆွနေတယ်။ မင်းမကျေနပ်တဲ့အချက်တစ်ခုကြောင့် ငါ့ကို ပြန်တွေ့နေလျက်သားနဲ့ ကန့်လန့်ကာခြားသလို ဘဝခြားသလို ပြုမူဆက်ဆံရက်တယ်"

သူ့စွပ်စွဲချက်တွေက ပြင်းပြင်းထန်ထန်။ ရွှေပိုးအိမ် ဘာကိုမှ မဖြေရှင်းချင်တော့ပါ။ သူလိုချင်နေတာ အရင်ကဘဝလေးတစ်ခု။ တစ်ခါက လယ်တောဆီမှ ဘဝလေးတစ်ခု။

သူမလည်း အတိတ်သို့ သူနှင့်အတူ လေဟုန်စီးပြီး အိပ်မက်တစ်ခုလို ပြန်သွားလိုက်ချင်ပါသည်။

နုပျိုသန့်စင်သောအချစ်များနှင့် အရင်လိုပဲ ပျော်ရွှင်ကြည်နူးချင်လှပါသည်။

ယခု ပစ္စုပ္ပန်ဘဝကြီးကတော့ မလှပ။

ကိုယ်က သူ့ကို နာကျည်းမိသလို သူကလည်း ကိုယ့်ကို အကောင်းမမြင်။

သူမရဲ့နှလုံးသားကရော ဘာဖြစ်လို့ ထိရှခံစားလွယ်ရတာလဲ။ သူ ပစ်ထားခဲ့တာနှင့် သေလုမဇာတ် လွမ်းခဲ့ရသည့် အလွမ်းတွေဟာ အရောင်ပြောင်းပြီး နာကျည်းသွားတာတဲ့အဖြေလား။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူရယ် ကျွန်မလည်း ဘာမှမတတ်နိုင်တော့ပါဘူး။

ချစ်သူနှစ်ဦးရဲ့ လှပတဲ့ချစ်ခြင်းအမြုတေဓာတ်ကလေး ပျက်စီးဆုံးရှုံးသွားရတဲ့အတွက် ကျွန်မလည်း ယူကျုံးမရ နာကျင်ခံစားရပါတယ်။

သူ စိတ်ချမ်းသာအောင် ရွှေပိုးအိမ် ဘာလုပ်ပေးရမှာလဲ။ သူလိုချင်တာ ချစ်ခြင်းမေတ္တာလား။

သူမ ဆွေးမြည့်နာကျင်နေတုန်း သူ ဆတ်ခနဲရပ်ပြီး နေရာမှ ပြေးထွက်သွားတော့ ရွှေပိုးအိမ် လန့်ဖျပ်သွားရသည်။

"အစ်ကို"

မြင်တာလည်းမဟုတ်ဘဲနှင့် စွတ်ပြေးသွားသည့်အစ်ကို ဟာ သူ့ရင်ထဲမှာလည်း အဆမတန် ခံစားနေရလို့ ဖြစ်မည်။

"အစ်ကိုရေ"

သူဟာ မျက်စိမမြင်ပေမယ့် သန်စွမ်းသူမို့ ပြေးလိုက်တာ တန်းခနဲ။

ရွှေပိုးအိမ် နောက်မှပြေးလိုက်ပေမယ့် ဘယ်လိုမှမမီ။

သေတော့မှာပဲ။ အိမ်ကိုတစ်ပတ်ပတ်မိသည့်အထိ အန္တ ရာယ်မရှိသေးပေမယ့် ခဏကြာလျှင် ခြံနောက်ဘက်ရှိ ရေကူး ကန်ထဲသို့ ကောင်းနေသန့် ပြုတ်ကျသွားခဲ့ချေပြီ။





ရွှေပိုးအိမ် စိုးရိမ်လိုက်တာ အဆမတန်။ သူတို့ရေကူး ကန်ဟာ အနက်ကြီးပါ။ ရေအစဉ်အဆက်ကာကန်မို့ ကြီးလည်း ကြီးပါသည်။

"အစ်ကို"

သူ စုပ်ခနဲမြုပ်သွားသည့်နေရာသို့ ဖိနပ်ချွတ်ပြီး ရွှေပိုး အိမ် ခုန်ချပစ်လိုက်သည်ပါပဲ။

ရွှေပိုးအိမ်ဟာ ရွာမှာ ချောင်းထဲရေရှင်မှာ ကောင်း ကောင်းကူးတတ်ခဲ့ပေမယ့် ရေသေရဲ့အနေအထားက တစ်မျိုး။ ရေရဲ့ဆွဲအားကမတူ။

ရွှေပိုးအိမ် ပူပြာနေတာ နှလုံးသားတွေ ပေါက်ကွဲထွက် တော့မတတ်။

အမှောင်ထည့်တွေနှင့် လေးလံနေမည့်အစ်ကို့ကို စိုးရိမ် တကြီး ရေကူးကန်ထဲ ငုပ်ပြီး မွှေနှောက်ရှာရင်း အချိန်တွေကြာ လာတော့ သူမ၏ စိုးရိမ်ပူပန်မှုက တစ်ကိုယ်လုံးမီးလောင်ခံနေရ သလို –

"အစ်ကို ... အစ်ကိုရေ"

ကန်ထဲမှာ နံ့စပ်အောင် မွှေနှောက်ရှာဖွေရင်း သူ့ ခြေကုန်လက်ပန်းကျသွားသည့်အခါ ရေထဲမှာပဲ အသေခံလိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့မည်ဟု ရွှေပိုးအိမ် ဆုံးဖြတ်မိရင်း သူမ ကန့်ထဲမှာ ငြိမ်သက်စွာ လဲလျောင်းလိုက်ပါသည်။

သူမက ရေကူးတတ်သူမို့ အသက်အောင့်ထားမိရင်း ကိုယ်ကိုဖော့ထားမိရင်းမှ အချိန်တစ်ခုထိကြာတော့ ရွှေပိုးအိမ် သတိလစ်မေ့မျောသွားသလား။ ဘဝပြောင်းသွားသလားပင် မခွဲခြားတတ်တော့ပါချေ။

❁

ရွှေပိုးအိမ်ရဲ့ ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါးနွေးထွေးနေပြီး လယ်တောသို့ လှည်းကြမ်းကြီးကို မောင်းနှင်နေခဲ့သည်။

အံ့မယ် ဘေးမှာ အစ်ကို ကိုလူချောက ယှဉ်ထိုင်လျက်ပါလား။ သူက အရမ်းချောနေတော့ ရွှေပိုးအိမ်မှာ ရင်တွေ တဒိုင်းဒိုင်းခုန်လို့။

"အစ်ကို ... ဟိုဘက်တိုးဗျာ၊ ဒီမှာ အသက်ရှူရတာမဝတော့ဘူး"

"ဘာဆိုင်လို့လဲ၊ နောက်ပိုးမလေး။ ကိုယ့်ဘာသာ ရင်





တွေခုန်နေပြီး ကိုယ့်ကို ပြဿနာရှာနေတယ်"

"အစ်ကိုနော်"

လှည်းအိမ်သေးသေးလေးထဲမှာ အစ်ကိုက ငြိမ်ငြိမ်မလိုက်ဘဲ သူမ၏ခါးကိုဖက်၊ သူမ၏ပါးကိုမွှေးတော့ ရွှေပိုးအိမ် တစ်ကိုယ်လုံး တိမ်တွေပေါ် နိုစီးနေရသလို။

နှလုံးသားလေးခမျာ ကောင်းကောင်းနာဖျားနေတော့သည်။

"အစ်ကို"

"ဘာတုံး"

"ဟိုဘက်တိုး ... ပိုးအိမ်အသားကိုမထိနဲ့"

"ဘာဖြစ်လို့လဲ၊ အစ်ကိုတို့က ချစ်သူတွေပဲလေ။ တချို့ ချစ်သူတွေဆို တည်းခိုခန်းတွေ ဟိုတယ်တွေတောင် သွားကြသေး ... အဟေး ဟေး"

"အစ်ကိုနော် ... အဲဒါ မြို့ကမိန်းမတွေ သိလား။ ပိုးအိမ်တို့ တောသူတွေမပါဘူး"

"အံ့မယ် ... မသိရင်ခက်မယ်။ တောက အောင်ဘုတို့ သာဂိတို့လည်း လူလည်တွေပါ။ အေးသာရေ ကောက်ရိုးပုံသော့ဆိုတာ မကြားဖူးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ၊ အစ်ကိုက ပိုးအိမ်တို့တောသူတွေကို အထင်သေးတာပဲ။ အဲလိုရုန်းပြူးက နည်းနည်းပါးပါးပါအစ်ကိုရဲ့။ ပိုးအိမ်တို့အများစုကတော့ နှစ်ဖက်လူကြီး အစုံအလင်နဲ့ မိသားဖသား ပီပီ တောင်းရမ်းလက်ထပ်ကြတာပါ"

"အေးပါ ... ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ အစ်ကိုလည်း ပိုးအိမ်ကို မိသားဖသားပီပီ တောင်းရမ်းလက်ထပ်မှာပေါ့။ ယူမှာပေါ့။ ကဲ ... ကျေနပ်ပြီလား"

"အင်"

သူက ပြောပြောဆိုဆိုနှင့် သူမကို လှည်းပေါ်မှာပင် ပွေ့ချီပြီး တိမ်တိုက်တစ်ခုပေါ်သို့ ခုန်တက်လိုက်တော့ –

ရွှေပိုးအိမ်တို့နှစ်ယောက် ရုပ်ရှင်ထဲကလို ဒသဂီရိ၏ ရထားလုံးကြီးကို ငှားရမ်းပြီး တိမ်တွေပေါ်မှာ ခရီးနှင်နေမိပြန်သည်။

မောင်းသူမပါသည့် ရထားဟာ ပန်းရထားလား။ ကျည်ဆန်ရထားလား။

အင်း ... အီသီယိုးပီးယားကကောင်တွေတောင် ကျည်ဆန်ရထားထွက်ပြီဆိုတော့ ငါတို့မြန်မာပြည်ကလူတွေလည်း ဘာရထားစီးသင့်ပြီလဲ။





အို ရှုပ်ပါတယ်။ ငါတို့မြန်မာတွေ အန္တရာယ်ကင်း၊ ဘေးရှင်း ခြေလျင် လျှောက်ကြတာပဲကောင်းပါတယ်။

ကျန်းမာချင်ရင် တစ်နေ့ ခြေလှမ်းတစ်သောင်း လျှောက်ပါလို့ ဆိုပေသကိုး။

အဲဒါဆို ယာဉ်ကြောကျပ်တဲ့ပြဿနာတွေလည်း မရှိတော့ဘူးပေါ့။ လောင်စာဆီလည်း ချွေတာရာရောက်၊ လူတွေလည်း ကျန်းမာ။

အဟင်း ... ဦးကျော်သူရဲ့နာရေးကူညီမှုအသင်းတောင် အလုပ်တွေ ထက်ဝက်လောက်လျော့ကျသွားမှာပဲ။ ဘယ်လောက်ကောင်းလိုက်သလဲ။

သူက စာများများဖတ်သူမို့ ဦးနှောက်ထဲမှာ အတွေးတွေနှင့် မူးခြာ ပတ်ခြာလည်နေခဲ။ တိမ်တွေပေါ်မှာ ဒသဂီရိ၏ရထားနှင့် ခရီးနှင်နေရာမှ အစ်ကိုက ဖွဖောက်လာခဲ့ပြန်သည်။

"ချစ် ... အစ်ကိုတို့လည်း တည်းခိုခန်းတစ်ခုမှာဆင်းပြီး နပ်ရအောင်လေ။ ခုဟာကြီးက မမိုက်ပါဘူးကွာ။ ရထားလျှောက်စီးနေရတာပဲရှိတယ်။ ဆီကုန်လို့ ပြုတ်ကျရင် သေတော်ခေါ်နေရဦးမယ်"

"ဟင် ... လူဆိုးကြီး။ အစ်ကိုမှဟုတ်ရဲ့လား ရှင်



www.burmeseclassic.com

www.burmeseclassic.com



ရှင်ဟာ ဒသဂီရိလား၊ ရာမလား၊ လက္ခဏလား ပြောပြော''

''အစ်ကို့ရုပ်ကိုကြည့်လေ၊ အစိမ်းရောင်ဆိုရင် မြမင်းသား ရာမ၊ အဝါရောင်ဆိုရင် ရွှေမင်းသားလေး လက္ခဏ၊ အစွယ်ပြူးကြီးနဲ့မှ ဒသဂီရိပေါ့ကွ၊ ဒါလေးများ''

သူမ အစ်ကို့ကိုကြည့်လိုက်တော့ အစိမ်းရောင်လည်း မဟုတ်၊ အဝါရောင်လည်းမဝါ၊ အစွယ်လည်းမပြူးဘဲ မည်းမည်းသည်းသည်း ကိုရုပ်ဆိုးဖြစ်သွားလေရာ။

ရက်ပေါင်းများစွာ၊ လပေါင်းများစွာ လွမ်းဆွတ်တသခဲ့ရသည့် သူမရဲ့ကိုရုပ်ဆိုးလေးမို့ ရွှေပိုးအိမ်အတင်းပြေးဖက်ပြီး မျက်ရည်တွေ လောပိတာရေဇော်ခွန်လို သွန်ကျလာခဲ့ရလေ၏။

''အစ်ကို ... အစ်ကိုရယ်၊ ပိုးအိမ် လွမ်းလိုက်တာ။ ပိုးအိမ်ရဲ့အစ်ကို ကိုရုပ်ဆိုးပါနော်။ ပိုးအိမ်ကို ပစ်မထားခဲ့ပါနဲ့နော်''

တဖွဖွရေရွတ်ရင်း သူမမှာ မျက်ရည်လည်ရွှဲ။

''ပိုးအိမ် ... ပိုးအိမ် သတိရပြီလားဟင်။ ပိုးအိမ် အစ်ကို ခေါ်နေတယ်လေ''

သူမကို လှုပ်နှိုးပြီး ပွေ့ထူလိုက်တာကြောင့် အသက်ရှူတွေ ကျပ်နေရာမှ ရွှေပိုးအိမ်မျက်စိကို အတင်းဖွင့်ကြည့်လိုက်မိသည်။





သူမကို ပွေ့ချီထားသည့်အစ်ကို။ စိုးရိမ်တကြီး ငုံ့ကြည့်နေပါသည့် သူ့ရုပ်သွင်။

''ဟင် ... အစ်ကို အစ်ကိုမသေဘူးနော်။ အစ်ကိုရယ် အစ်ကို ရေနစ်ပြီးသေပြီမှတ်လို့ ပိုးအိမ် ပိုးအိမ်လည်း လိုက်သေတော့မလို့''

သူ့ကို မကျေနပ်စိတ်တွေ၊ သံသယတွေအားလုံး ပိန်းကြာဖက်ပေါ်ရေမတင်သလို လျှောကျပြေပျောက်သွားရပြီ။

သေပြီးသွားသူကို အရှင်လတ်လတ် ပြန်တွေ့လိုက်ရသလို ရွှေပိုးအိမ်၏ဝမ်းသာကြည်နူးမှုကို ဖော်လို့ပင်မပြတတ်။

သူ့ကို ကျုံးဖက်ထားပြီး မျက်ရည်လည်ရွှဲနှင့် ကလေးတစ်ယောက်လို သူ့ရင်ခွင်ထဲမှာ ခေါင်းထိုးငိုကျွေးနေလိုက်တာ။

အတော်ကြီးကြာမှ သူမ လန့်သွားသည်။ သူမ ရောက်နေတာ အစ်ကို့ရဲ့အခန်း။

နောက် သူမကိုယ်မှာရောက်နေတာ အစ်ကို့ရဲ့ ညဝတ်အင်္ကျီ။

''အစ်ကို''

''ဘာလဲကွာ''

''ဘာတွေဖြစ်ကုန်တာလဲဟင်၊ ပိုးအိမ်နားမလည်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး။ အနိတီလေးတို့ရော ပြန်မရောက်သေးဘူးလား''

''မရောက်သေးဘူး။ အခုမှ နေ့လယ်ပဲရှိသေးတယ်လေ ကောင်မလေးရဲ့။ ဘာတွေကြောင်နေတာလဲ''

''အံ့မယ် ...အစ်ကိုက မျက်စိမြင်တာကျနေတာပဲ''

''မြင်သွားပြီ''

''ရှင် အစ်ကို''

''ဟုတ်တယ်၊ အစ်ကိုက အာရုံကြောပြဿနာကြောင့် မျက်စိအခိုက်အတန့် ကွယ်သွားတာ။ မနက်က အစ်ကိုတို့ အရမ်းစိတ်လှုပ်ရှားခဲ့ရ၊ ခံစားခဲ့ကြရတယ် မဟုတ်လား။ အစ်ကိုသောက်နေရတဲ့ အာရုံကြောဆေးတွေကြောင့်လည်းပါမှာပေါ့။ အခု အစ်ကိုမျက်စိပြန်မြင်သွားပြီ''

''အို ...ဝမ်းသာလိုက်တာ အစ်ကိုရယ်''

ရွှေပိုးအိမ် မျက်ရည်တွေစီးကျလာပြီး အစ်ကို့ကို ဝမ်းသာအားရဖက်ထားမိပြန်လျှင် သူက သူမ၏ခေါင်းလေးကို ပွတ်ပေးရင်း အခြေအနေတွေကို ရှင်းပြနေလေ၏။

''အစ်ကို ရေထဲကျသွား သွားချင်း ပိုးအိမ် ပျာယာခတ်မှု ရှာဖွေနေတာတွေ ကြားရတယ်။ အစ်ကို ရေကူးတတ်ပါတယ် ချာတိတ်ရယ်။ ချာတိတ် အစ်ကို့အပေါ် ဘယ်လောက်ချစ်နိုင်





မလဲ၊ မင်းရင်ထဲက ချစ်ခြင်းအမြုတေတွေ ပွင့်ထွက်လာစေချင်လို့ အစ်ကို ရေထဲမှာ ငုပ်နေခဲ့တာ''

''ပိုးအိမ် အစ်ကို့ကိုရှာနေတာ အကြာကြီးပါရှင်။ အစ်ကို အကြာကြီး ရေမငုပ်နိုင်ပါဘူးနော်။ အစ်ကိုက ညောင်ဦးဖီးကြီးမှ မဟုတ်တာ''

''ညောင်ဦးဖီးကြီးထက် လည်တယ်လေ ချစ်ရဲ့။ ပိုးအိမ်က ငုပ်ရှာလိုက်၊ အစ်ကိုက ရေပေါ် ပေါ်ပြီး အသက်ရှူလိုက်ပါ''

''အံ့မယ် ... အစ်ကိုက မျက်စိမြင်သွားလို့လား။ ပိုးအိမ်ရင်ကွဲနာကျပြီး သေအောင်လုပ်နေတာ''

''မဟုတ်ရပါဘူးကွာ။ စကားပုံလည်းရှိသားပဲ ချစ်ရယ်။ အောင့်နိုင်ရင်အကျိုးရှိတဲ့။ အစ်ကို ရေထဲမှာ လှုလည်လုပ်နေတာ။ ချစ်ရဲ့အနေအထားလေးတွေ အကုန်သိရပြီလေ။ နောက်မှ ချစ်ကို အစ်ကိုကပဲ ရေထဲကဆယ်ပြီး အိမ်ထဲရောက်အောင် ပွေ့ချီလာခဲ့တာ။ နောက်လူမှမရှိဘဲကွာ။ ချစ်ကို အစ်ကိုပဲ အဝတ်လဲပေးရတာပေါ့။ တော်တော်ထွားတဲ့ကောင်မလေး။ မယ်စကြာဝဠာပြိုင်လို့ကောင်းတယ်''

''အင် ... အစ်ကိုနော်''

ရှက်လို့လား ချစ်လို့လား။ ယခုထိ ကောင်မလေးဟာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ခွင်မှမခွာ။ တောက်တဲ့လေးလို၊ ဖွားဖုံလေးလို ကပ်နေလိုက်တာ။

"ကဲ ... ခုမှတော့ ဘာမှ ပဲများမနေနဲ့။ အထာကိုင်မနေနဲ့တော့ မမ။ ကိုယ်တို့နှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် အတွင်းသိ အစင်းသိတွေ ဖြစ်သွားကြပြီလေ"

"အစ်ကိုနော် ... ဘယ်လိုဖြစ်နေတာလဲလို့"

သူမရဲ့လက်သီးဆုပ်လေးနှင့် သူ့ရင်ဘတ်ကြီးကိုထုတော့ သူကလည်း သူကလေးကို မလှုပ်နိုင်အောင် ဖက်ထားမိပါသည်။

"ချစ်တယ်ကွာ ... အရမ်းပဲ အရမ်း အရမ်းချစ်"

"ဘာဖြစ်နေတာလဲလို့"

"ဩော် ... ထမင်းမှန်း ဟင်းမှန်းတောင်မသိတော့ပါလားလို့ပါ။ အချစ်တွေနဲ့ ဗိုက်ထဲမှာပြည့်နေတယ်။ ချစ်ရော"

"အစ်ကိုနော် ... ပိုးအိမ်ကို ပိုးအိမ်လို့ပဲခေါ်"

"ဘာဖြစ်လို့လဲ။ ချစ်လို့ ချစ်လို့ခေါ်တာပဲ"

"မပိုနဲ့"

"မပိုပါဘူးဗျာ၊ ကဲ ... အစ်ကိုတို့ အခု ဘာဆက်လုပ်ကြမှာလဲ"

"ဟင်"





သူမ သူ့ကို အလန့်တကြားမော့ကြည့်တော့ သူ့ရုပ်က မချိုမချဉ်။ အိပ်မက်ထဲမှာတော့ တည်းခိုခန်းခေါ်တဲ့လူကြီး။ လွယ်မှာမဟုတ်။

"ဘာလုပ်ရမှာလဲ၊ ထမင်းစားရမှာပေါ့။ ထ သွားမယ်"

"ထမင်းမဆာပါဘူးဆို၊ ရင်ထဲမှာ အချစ်တွေနဲ့ ပြည့်ဝပျော်ဝင်နေပြီ"

"မပိုနဲ့ စားချိန်စားရမှာပဲ"

"ဟုတ်တာပေါ့၊ စားချိန်စား၊ ကစားချိန်ကစားရမှာပဲလေ။ အိုကေ၊ ဒါပေမဲ့ ... မမရယ် အဝတ်လေးတော့ သွားလဲလိုက်ပါဦးနော်။ ခင်ဗျားပုံစံက ကျွန်တော်မျိုးကြီးရင်ထဲ ရင်ခွင်ထဲပဲ ဆွဲသွင်းချင်မိနေတော့"

"အာ ... ဒီလူကြီး။ သွား ထမင်းစားခန်းထဲကစောင့်"

"အိုကေ ... လှလှလေး အဝတ်လဲခဲ့နော် ချစ်၊ ပြွတ်"

သူက ဖလိုင်းကစ်တွေ၊ ဘာတွေလုပ်ပြပြီး မျက်စိတစ်ဖက် မှိတ်ပြတော့ ရွှေပိုးအိမ် ရင်တွေခုန်နေလိုက်တာ ပရမ်းပတာ။

သေတော့မှာပဲ။ ငါ့ရင်ခုန်သံတွေ ဘယ်တော့မှရပ်မှာလဲ။ သူ့အချစ်တွေကို ဘယ်တော့မှ ရိုးသွားမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းသာ တဒိုင်းဒိုင်းခုန်နေရရင် ငါ့နှလုံးသား တစ်ခုလုံး ပွင့်ထွက်သွားမတတ်ဘဲ။

ရွှေပိုးအိမ် သူ့ရှေ့မှ လှစ်ခနဲပြေးထွက်သွားပြီး ကိုယ့်အခန်းသို့သွားကာ လုံလုံခြုံခြုံရှိမည့် ချည်ထည်ဝတ်စုံ ပန်းရောင်လေးကို ဝတ်လာခဲ့မိသည်။

ဒီနေ့ဟာ ငါတို့နှစ်ယောက်ရဲ့အချစ်နေ့ပဲ။ တစ်ယောက်မျက်နှာတောင် တစ်ယောက်မကြည့်ရဲအောင် အရှက်တွေလည်း ပြည့်ဝလို့။

သူမမျက်နှာလေးတစ်ခုလုံး ပန်းသွေးရင့်နေတာကိုလည်း ဘယ်လိုမှ ဖျောက်ဖျက်ဖုံးဖိလို့မရ။

သည်ကြားထဲ သူက မျက်စိပြန်မြင်သွားပြီမို့ သူမကိုပဲ မျက်တောင်မခတ် ရှန်းရှန်းစားစား ကြည့်နေလေတော့ရာ –

ရွှေပိုးအိမ်မှာ နေမထိ ထိုင်မသာ။

ထမင်းစားပွဲမှာ နှစ်ယောက်တည်း ထမင်းကို တို့ခနန်း ဆိတ်ခနန်း စားနေမိကြတာ။

စကားတွေလည်း တစ်ခွန်းမှပြောလို့မရ။

ရင်ခုန်သံတွေနှင့်ပဲ ဆွံ့အတုန်ဟည်းနေခဲ့တာ။

အတန်ကြာတော့ သူက စတင်ပြီး စကားစလာခဲ့သည်။





သူမနားထဲ လက်ပစ်ဗုံးကွဲသလို လန့်တုန်လို့။

"ချစ်"

"ရှင်"

"ဘာလဲကွာ၊ ဘာတွေသွေးလန့်နေတာလဲ"

သူမမှာ ဖြေစရာ စကားမရှိ။ အချစ်ဦးမို့ ဒီလောက်ထိ ချစ်မိနေတာလား။

ကျွန်မရဲ့ ကိုရုပ်ဆိုးလေးရယ်၊

"ကိုကိုတို့ရဲ့အချစ်တွေ ပြန်လည်ရရှိမှုအထိမ်းအမှတ် အဖြစ် အပြင်မှာ လျှောက်လည်ရအောင်လေ"

"ဟင့်အင်း . . . အစ်ကိုရယ်။ ပိုးအိမ်အရမ်းရှက်နေတယ်"

"သိနေတယ်လေ၊ အခု ပိုးအိမ်ဖြစ်နေတဲ့ ပုံစံလေးကြောင့် အစ်ကို ဘယ်လောက်တောင် အနေရခက်နေသလဲ သိလား"

"ရှင်"

"မင်းမှ ချစ်တတ်တာ မဟုတ်ပါဘူးကွာ။ အစ်ကိုလည်း ချစ်ကို ချစ်လွန်းလို့ ဒီနေ့လယ်ခင်းကို ဘယ်လိုကျော်ဖြတ်ရမလဲ ကို မသိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို ရွှေပိုးအိမ် မသိကျိုးကျွံပြုနေရပါသည်။

အစ်ကိုရယ် ... ဒုက္ခပါပဲနော်။

သူက တဖွဖွနှင့် ဆက်လက်ညည်းတွားလို့။

"အနိတ်ီလေးတို့က ညနေမှပြန်လာကြမှာ။ အစ်ကိုတို့နှစ်ယောက်တည်း အချိန်တွေကို ဘယ်လိုကုန်လွန်ရမလဲဟင်"

"အစ်ကိုကလည်း"

သူမမှာ ဒီထက်ပိုပြီးပြောစရာစကားမရှိ။ ခက်လိုက်တာ၊ တစ်အိမ်လုံးမှာ သူမတို့ချစ်သူနှစ်ယောက်တည်း။

ချစ်သူမှ ယခုမှပင် အခြေအနေတစ်ခုကြောင့် ပေါက်ကွဲပွင့်ထွက်ပြီး အရမ်းချစ်နေမိကြသည့် ချစ်သူနှစ်ယောက်။

သည်ကြားထဲ အစ်ကိုက သူမကို ရေစိုအဝတ်တွေလဲပေးခဲ့ရသေးသတဲ့။

ဒုက္ခမှ အကြီးကြီးဒုက္ခ။

သည်ဒုက္ခတွေမှ ဖောက်ထွက်ဖို့ သူမ ကြိုးစားနိုင်ရမှာပေါ့။

"ထမင်းပဲ ကုန်အောင်စားစမ်းပါ အစ်ကိုရယ်။ ပိုးအိမ်အနေရကျပ်အောင် မလုပ်ပါနဲ့"

"အစ်ကို ခံစားနေရတာကို ပြောပြတာပါ။ အခု အချိန်မှီ





သေးတယ်။ အစ်ကိုတို့နှစ်ယောက် တရားရုံးပြေးပြီး လက်ထပ်ကြရအောင်နော်"

သူ့စကားကြောင့် ရွှေပိုးအိမ် လန့်ဖျပ်သွားရသည်။

"ဟာ ... အစ်ကို ဘယ်လိုဖြစ်နေတာလဲ။ တစ်သက်လုံးမွေးလာတဲ့ကြက်ကို ထစ်မနက်တည်းနဲ့ ရိုက်ချက်စားမလို့လား"

"ရိုက်ချက်မစားပါဘူးကွာ။ အစ်ကိုက အစ်ကို့ ကြက်မဒန်းလေးကို တစ်နေ့ ရွှေဥတစ်လုံးဥတဲ့ ငန်းမလေးလို တယုတယ ထားမှာပါ"

"တော်ပြီ ... အစ်ကိုထမင်းစားပြီးရင် အိမ်ရှေ့ထွက်တော့။ ပိုးအိမ် အလုပ်လုပ်ဦးမယ်"

"အဲဒီအလုပ်တွေထားလိုက်စမ်းပါကွာ"

"အံမယ် ... လောလောဆယ် လူမှမရှိတာ။ ပိုးအိမ်ပဲ လုပ်ရမှာပေါ့။ သွားစမ်းပါ အိမ်ရှေ့ထွက်"

"ချစ်စ ခင်စလေ။ ဒီစားပွဲမှာပဲ ထိုင်ကြည့်နေလို့ မဖြစ်ဘူးလေ"

"မဖြစ်ဘူး ... အစ်ကိုပဲ ပြောတယ်လေ။ ရန်သူတွေအများကြီးရှိနေတယ်ဆို။ အိမ်ရှေ့သွားပြီး အကဲခတ်စမ်းပါ အစ်ကိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ရန်သူတွေကို မျက်စိလှည့်တဲ့အနေနဲ့ အစ်ကို မျက်စိမမြင်သလိုပဲ ဆက်နေမယ်နော်။ အစ်ကိုမြင်တာ ပိုးအိမ်ပဲ သိပါစေ"

ပြောပြီး သူအိမ်ရှေ့ထွက်သွားတော့မှ ရွှေပိုးအိမ်မီးဖိုထဲမှ အလုပ်တွေကို တစ်ယောက်တည်း ထောင့်စေ့အောင် လျှောက်နေလို့ရသည်။

ဘာပဲဖြစ်ဖြစ် ချစ်သူနှစ်ဦး တကွဲစီရှိနေကြတာပဲ အကောင်းဆုံးအဖြေ။

❁ ❁ ❁



## အခန်း (၂၃)

အောင်သီဟနှင့် မြင့်မိုးအောင်။ လူလည်ကြီးတွေမို့ ရာဇဝတ်မှုကို ကိုယ်တိုင်ကျူးလွန်ဖို့ စိတ်မကူး။

သူများဗိုက်နှင့် ဓားထိုးခံဖို့ပဲ စိတ်ကူးကြသည်။ သူတို့နှစ်ယောက်ဟာ သူရအောင်ကို မယှဉ်ရဲတာတော့အမှန်။

ဟိုက ရက်စက်စရာရှိလျှင် အစ်ကိုမိသားစုတောင် မီးလောင်တိုက်သွင်းသည့် ရာဇဝင်ကရှိပြီးသား။

သည်တော့ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်၊ ယာလည်းညက်စေ၊ ကြက်လည်း မောစေ ဆိုသလို သူ့အမြီးနှင့် သူ့ပြန်ပြည့်ဖို့ပဲ သူတို့စိတ်ကူးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်အခါ သူရအောင်နှင့် အမှုတစ်တွဲထဲ ထောင်ကျသွားခဲ့ပြီး ယခုအခါ လွတ်ငြိမ်းချမ်းသာခွင့်နှင့် အပြင်မှာ စားရမဲ့မဲ့ သောက်ရမဲ့မဲ့ ဖြစ်နေသည့် သူရအောင်၏တပည့် အောင်ထိုက်နှင့် ဝင်းနောင်ကိုသွားပြီး မျက်စိကျကြသည်။

လူမိုက်တွေကို မြှောက်ထိုးပင့်ကော်လုပ်ပေးလိုက်လျှင် သူ့စရိတ်နှင့်သူသွားကြမည်။

သူတို့တာဝန်က မီးလောင်လေပင့်လုပ်ပေးဖို့ အဆင်းမှာ ဘီးတပ်ပေးဖို့။

ပြဿနာတွေဖြစ်လို့ ရှင်းကြ၊ လင်းကြ၊ သတ်ကြ၊ ဖြတ်ကြလျှင် လူမိုက်တွေပဲခံ။

သူတို့လို လူလိမ္မာတွေကတော့ ကျန်ခဲ့သည့် ယွန်းမေရီနှင့် ယွန်းရတီကို ဆက်ပြီးအသုံးချရုံပဲ။

ဣတ္ထိရုပ် ခန့်တဲ့။ ဒီလောက်ချော၊ ဒီလောက်လှတဲ့ မိန်းမတွေကို လက်မလွှတ်နိုင်ပါ။

သည်တော့ အောင်သီဟနှင့် မြင့်မိုးအောင်တို့ တစ်လှည့်စီ လှုပ်ရှားကြသည်။ ကျားကွက်လို ဆုတ်တက်လှုပ်ရှားကစားကြသည်။

ပထမဦးဆုံး အောင်ထိုက်နှင့် ဝင်းနောင်ရှိရာ ရပ်ကွက်





သို့ သွားပြီး ဆင်းရဲကျပ်တည်းနေသည့် နှစ်ယောက်ကို ထောက်ပံ့ကြေးတွေ ပေးပြီး တစ်နေရာမှာ ချိန်းဆိုခဲ့ကြသည်။

စားသောက်ဆိုင်တစ်ခုမှာတွေ့ကြလျှင် အောင်သီဟက ပင် မီးတောက်ထဲလောင်စာပစ်ထည့်သည်။

“မင်းတို့ဆရာကြီးကတော့ ပန်းပန်လျက်ပဲ။ သူ့အစ်ကိုရဲ့ ပစ္စည်းတွေကို ကွဲဝှက်ထားလိုက်တာ ထောင်ကထွက်တာချင်း အတူတူ သူ့မှာတော့ တိုက်နဲ့၊ ကားနဲ့၊ လုပ်ငန်းနဲ့။ မင်းတို့ကို မကြည့်ရှု မထောက်ပံ့တော့ဘူးလား”

“သူ လွတ်တာတောင် မသိပါဘူးဗျာ။ အလကားပါ။ ဒီလူကြီးဟာ ရက်စက်ကောက်ကျစ်ရုံတင်မက ဖျံကလည်း ကျသေးတယ်။ ဒါထက် ခင်ဗျားတို့က ဘာဖြစ်လို့ ကျုပ်တို့ကို ပေးကမ်းထောက်ပံ့နေတာပဲ။ အလုပ်အပ်ချင်လို့လား ပြော”

“မအပ်ချင်ပါဘူးကွာ၊ ငါတို့လည်း ကိုယ့်ခံစားချက်နဲ့ ကိုယ်ပေါ့”

“ဘာလဲ သူ့မိန်းမနဲ့သမီးကို ပြန်သိမ်းသွားလို့လား။ ဒါတော့ ခင်ဗျားတို့မှ မှုမမှန်တာပဲ၊ ခံပေါ့”

အောင်ထိုက်ဟာ လူမိုက်မို့စကားပြောတာ ခပ်ရိုင်းရိုင်း။ အောင်သီဟ သည်းခံရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထားပါတော့ကွာ၊ လူတွင်ပါလို့ နွားကျားခွဲတာပါ။ အခု ငါတို့အကြံပေးမလို့ပါ။ လိုက်နာတာ မနာတာတော့ မင်းတို့အပိုင်းလေ"

"ပြောကြည့်လေ"

"ဒီလိုကွ၊ ဘာပဲပြောပြော အခု သူ့မှာရှိတဲ့ စည်းစိမ်တွေဟာ မင်းတို့နဲ့လည်း ဆိုင်တာပဲ။ သူ့အစ်ကိုမိသားစုကို သတ်ပေးလို့ ဒီစည်းစိမ်တွေရတာ။ အဲဒီအထိ လက်ခံလား"

"လက်ခံတယ်"

"နောက် သူ့တူကိုသတ်ဖို့ ကြိုးစားရင်း မင်းတို့ထောင်ကျရတာ။ ဘာပဲပြောပြော မင်းတို့ထောင်ကျတာ သူ့ကြောင့်ပဲ"

"ဟုတ်တယ် ... ဒါတော့မှန်တယ်။ ကျုပ်တို့ရာဇဝင်မှာ ခုတစ်ခါပဲ ထောင်ကျခံရတာ"

"ထောင်ကျတဲ့အတွက် မင်းတို့မိသားစုတွေ ဘယ်လောက်တောင် ဖရိုဖရဲဖြစ်ခဲ့ရသလဲ။ မင်းတို့အသိဆုံး။ သူကတော့ အခု သူ့မိသားစုနဲ့ပြန်ပေါင်းထုပ်နေပြီလေ။ မင်းတို့ဘဝကို နည်းနည်းတော့ စာနာနားလည်ပေးဖို့ ကောင်းတာပေါ့"

"တောက် ... ဒီလူကြီးဟာ သေသင့်တယ်"

"သူ့ကိုသွားသတ်လို့တော့ အလကားပေါ့ကွာ။ သူလည်း





အကျိုးမရှိ ကိုယ်လည်းအကျိုးမရှိ"

"ဒါဖြင့် ... ကျုပ်တို့ ဘာလုပ်ရမလဲ၊ အကြံပေးစမ်းပါဦး"

အောင်ထိုက်နှင့်ဝင်းနောင်ဟာ ပညာမဲ့သူတွေမို့ ဖေဝဒတ်ကို ဆရာတင်မိကြလေပြီ။ အကျိုးလိုလို့ ညောင်ရေလောင်းသူကြီးအား ကျေးဇူးတွေပင် တင်တော့မည့်အနေအထား။

"သူ့ဆီ ဖုန်းဆက်၊ ငွေတောင်းပေါ့၊ ငွေညှစ်ပေါ့"

"ငွေညှစ်တယ်ဆိုတာ သူ့မှာမြှုပ်ကွက်ရှိမှဗျ။ အခုကရှိသမျှအမှုကလည်း ပြီးသွားပြီ။ သူ့အပေါ်မှာ ကျုပ်တို့နိုင်ကွက်ဘာမှမရှိတော့ဘူး"

"ဟုတ်တယ် ... ဒါပေမဲ့ ငါပြောတဲ့အတိုင်းပဲလေ။ သူ့ရဲ့အခု ခံစားနေတဲ့စည်းစိမ်ချမ်းသာဟာ မင်းတို့နဲ့တစ်ဝက်တိတိဆိုင်တယ်လေ။ ဖုန်းနဲ့အရင်တောင်း။ နောက် လူချင်းချိန်းပြီးငွေယူပေါ့"

"ခင်ဗျားပြောတော့ လွယ်လိုက်တာ။ ငှက်ပျောသီးအခွံနွှာစားတဲ့အတိုင်းပဲ။ ကျုပ်တို့က လူမိုက်ပဲလုပ်စားခဲ့တာ။ သူတောင်းစားလို တောင်းမစားဖူးဘူး။ အခုဟာက အသနားခံရှာလား၊ မိုက်ကြေးခွဲခိုင်းတာလား"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ရဲ့တုံ့ပြန်မှုအပေါ်မူတည်ပြီး လှုပ်ရှားပေါ့။ သူနုရင် ကိုယ်နှ၊ သူကြမ်းရင် ကိုယ်ကြမ်းပေါ့ကွာ"

"ခင်ဗျားတို့က မြှောက်ပေးပြီး ကျုပ်တို့ကို ဘယ်နေရာ ဘယ်အခန်းက ကူညီပံ့ပိုးမှာလဲ"

"ရှေ့ ဖုန်း . . . ဒီမှာငွေ။ လိုသလို လှုပ်ရှားပေတော့။ ငါတို့က သူ့ ဒုက္ခရောက်ရင် ကျေနပ်ပြီ။ အားမနာနဲ့။ အကြမ်းနည်းနဲ့ရရ၊ အနုနည်းနဲ့ရရ ငွေတောင်းဖြစ်အောင်သာတောင်း"

"အိုကေ . . . စိန်လိုက်။ ကျုပ်တို့အိမ်မှာလည်း အကြွေးတွေက လည်ပင်းခိုက်နေတာ။ သူနဲ့ဆက်သွယ်ပြီး လှုပ်ရှားကြည့်ရမှာပဲ။ ကျေးဇူးတင်တယ်ဗျာ"

အောင်ထိုက်နှင့်ဝင်းနောင်တို့ အောင်သီဟပေးသည့် ဖုန်းတစ်ယောက်တစ်လုံးစီကို ယူလိုက်ကြပြီး သုံးဖို့ပေးသည့် ငွေတစ်သိန်းစီကိုလည်း အိတ်ထဲထည့်လိုက်ကြသည်။

စိတ်လက်ပေါ့ပါးစွာ ထွက်ခွာသွားကြသည့် ထိုနှစ်ယောက်ကိုကြည့်ပြီး အောင်သီဟ ကျေနပ်နေမိသည်။

အိမ်ကြက်ချင်းတော့ အိုးမည်းသုတ်ပေးလိုက်ပြီ။ အဲဒီမှာ သေအောင်သာခွပ်ကြပေတော့။





ဦးသူရအောင် ဇနီးနှင့်သမီးကို ပြန်ပြီးပိုင်ဆိုင်ခွင့်ရပေမယ့် ရတက်မအေး။ ဟိုကောင်တွေ ဆင်ကြံ ကြံ၊ ကျားချောင်းချောင်းမှာကို ပူပန်နေရသည်။

လုပ်ငန်းကလည်း ပြန်လည်ပြီးထူထောင်ခါစ။ မနည်းအဖတ်ဆည်နေရချိန်။ ယွန်းမေတို့သားအမိကိုလည်း အိမ်ထဲမှ အိမ်ပြင် မထွက်ခိုင်းရဲ။ သူ့မချောတွေကလည်း နဂိုကတည်းက မိုင်းကောင်းကျောက်ဖိ အိမ်တွင်းပုန်းတွေမဟုတ်လေရာ။

မလိမ္မာသော မိန်းမတွေကြောင့် မီးခဲကိုင်မိသလို ရင်ထဲမှာ အမြဲပူပင်သောကရောက်နေရချိန်။

ဆိုင်မှာထိုင်ပြီး ဉာဏ်နီ ဉာဏ်နက်တွေ ထုတ်နေခိုက် သူ့ဖုန်းသို့ ဖုန်းဝင်လာသဖြင့် ကိုင်လိုက်ရသည်။

"ဟဲလို"

"အာစရိ . . . ကျွန်တော်ပါ ဝင်းနောင်"

"ဟေ . . . တပည့်ကြီး။ မင်းတို့ရော လွတ်လာပြီလား"

"ဟုတ်ကဲ့ . . . လွတ်လာပါပြီ အာစရိ။ အာစရိ ကျွန်တော်တို့ကို ကူညီပါဦး။ ဒါမှမဟုတ်လည်း အလုပ်အပ်ပျား။ အာစရိ အတွက်ဆို ကျွန်တော်တို့ အသက်စွန့်ဆိုလည်း စွန့်ရဲတယ်"

"တော်ပါကွာ၊ မင်းတို့ဖော်လို့ ငါပါ ထောင်ကျရတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ အစိုးရသစ်လက်ထက်ကျရင် ခိုး၊ ဆိုး၊ ဓားပြတွေကို လွတ်ငြိမ်းချမ်းသာခွင့် ပေးချင်မှပေးတော့မှာ''

''ဟာ ... အာစရိကလည်း အဲဒီတုန်းကလည်း ကျွန်တော်တို့ မဖော်ပါဘူးဗျာ။ အာစရိရဲ့အစ်ကိုလင်မယားက လာပြီး ခြောက်လှန့်လို့ အိပ်ရင်း ပေါ်သွားရတာပါ။ ကျွန်တော်တို့အပြစ် မဟုတ်ပါဘူး''

''အေးပါကွာ ... ထားပါတော့။ ကဲ ... အခု မင်းတို့ အဆင်ပြေအောင် ငါ တတ်နိုင်သလောက် ထောက်ပံ့ပါ့မယ်။ အိမ်တော့ မလာကြနဲ့ကွာ။ ငါတို့က ပတ်သက်ခဲ့ဖူးကြတဲ့ ရာဇဝင်လူဆိုးတွေဆိုတော့ ရဲတွေ သတိထားမိဦးမယ်။ ငါ လာခဲ့မယ်။ တို့တွေ ကျောက်မြောင်းက စားသောက်ဆိုင်မှာ ဆုံကြမယ်''

''ကျေးဇူးပါပဲ အာစရိရယ်။ ဟိုကောင်ပါ ခေါ်ခဲ့မယ်နော်''

''အေးပေါ့ ... ညနေ (၅) နာရီနော်။ ဒီနေ့ပဲ''

''ဟုတ်ကဲ့ပါ အာစရိ။ ကျွန်တော်တို့ စောင့်နေပါ့မယ်''

သူ ဖုန်းချလိုက်ပြီး အိမ်ထဲသို့ ငေးကြည့်လိုက်တော့ ယွန်းမေတို့သားအမိ နေ့လယ်စာပြင်ဆင်နေတာကို မြင်လိုက်ရသည်။





သူ မေးကိုပွတ်ပြီး စဉ်းစားခန်းဝင်ရပြီ။ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဒီကောင်တွေကို ငါ ဘာအလုပ်ပေးရလျှင် ကောင်းမည်လဲ။

သူ့မျက်လုံးထဲမှာ မြင်နေတာ ကောင်းနေသန့်တို့ တိုက်ကြီးပါ။

သူတို့တိုက်မှာ ကောင်းနေသန့်က မျက်စိမမြင်ဘူး။ ကျန်တာမိန်းမသားချည်းပဲ။ အဲ ဟိုတောသား မအူမလည်ကောင် တစ်ယောက်လည်းရှိတယ်။

အနုကြမ်းစီးရကောင်းမလား။ ဓားပြတိုက်ရကောင်းမည်လား။ ကြောက်ရင်လွဲ ရဲရင်မင်းဖြစ်။

သေသေချာချာ အကွက်ချပြီး စီစဉ်ရင် ဖြစ်တယ်။

သူ့ရအောင်ဟာ လူမိုက်၊ လောဘသားမို့ တပည့်တွေနှင့် ပြန်ပြီးဆက်သွယ်မိသည့်အခါ သူ့ရင်ထဲမှာ ဉာဏ်နီဉာဏ်နက်တွေက ရက်ယှက်ရစ်ပတ်လျက်။

သူ လောလောဆယ် ညနေမှာ တပည့်တွေနှင့် သွားတွေ့ပြီး အစီအစဉ်တွေဆွဲဖို့သာ စိတ်ကူးမိနေသည်။

သူ့ရအောင်တို့ခေတ် တစ်ပတ်ပြန်လည်ပြီထင်ပါရဲ့။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

အန်တီလေးနှင့် သည်းဝေလျှံတို့အဖွဲ့မှာ ရွှေထူးပါဝင်ပြီး ကောင်းနေသန့်နှင့် ရွှေပိုးအိမ်ကတစ်ဖွဲ့။

အိမ်ထဲမှာ နှစ်ဖွဲ့ကွဲနေတာ ရယ်စရာ။

သည်နေ့ညလည်း အန်တီလေးတို့အဖွဲ့က ကိုရီးယား အလွမ်းကားကိုကြည့်နေကြပြီး ရွှေပိုးအိမ်တို့က အပေါ်ထပ်မှာ အမေရိကန်ဇာတ်ကြမ်းကားကို ကြည့်ကြသည်။

ညဦးပိုင်းမို့ အစားတွေစားရင်း၊ စကားတွေပြောရင်း သူတို့အိမ်မှာ သာသာယာယာ။ ကိုရီးယားကားထဲမှ မင်းသား ငိုလျှင် သည်းဝေလျှံ လိုက်ငိုပြီး လွမ်းလျှင် သနားသူကတော့





ရွှေထူးပါ။ အန်တီလေးနှင့်သည်းဝေလျှံကတော့ ရွှေထူးကို သနား စရာ၊ နောက်စရာ သတ္တဝါလေးအဖြစ်သာ သဘောထားကြ သည်။

မျက်ရည်အဝဲသားနှင့် ရွှေထူး။ ဇာတ်လမ်းထဲမှာမျောနေ လျှင် အန်တီလေးတို့တူဝရီးမှာ တခစ်ခစ်ရယ်နေကြသည်။

တကယ့်လူရိုးကြီးပါပဲ။ ပါးပါးနပ်နပ်တော့ ရှိပါသည်။ သူတို့ တူဝရီးရဲ့ရွှေဆိုင်မှာ သူ့ကို စမ်းခိုင်းကြည့်ပြီးပြီ။ ကိုယ့်လူက ထင်သလောက်မနုံ။

"ကိုရွှေထူး"

"ဗျာ"

"တောမပြန်ဘဲ ဒီမှာပဲ သည်းတို့နဲ့နေပါလား"

သူ့ကိုဆို စဖို့၊ နောက်ဖို့ပဲ စဉ်းစားနေသည့် သည်းဝေ လျှံ။ ရွှေထူးကလည်းသိပါသည်။ မိုးနှင့်မြေလို အလွှာတွေ ကွာ ခြားနေကြသည်မို့ သူဟာ သူမလို မိုးမအတွက် ပျော်တော်ဆက် အရုပ်တစ်ရုပ်သာ။

"မဖြစ်သေးပါဘူးဗျာ၊ ရွာမှာ လယ်တွေရှိသေးတယ်ဗျ။ အဖေနဲ့အမေက အိုမင်းမစွမ်းရှိပြီ။ ကျွန်တော်ပဲ သူတို့မှာ အားကိုး ရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ...လယ်က ဘယ်နှစ်ကေလဲပြော။ တစ်နှစ်ကို ဘယ်လောက်မြတ်သလဲ"

"လယ်က ငါးရာသီးဗျ"

"ငါးရာသီးဆိုလို့သည်း ဘယ်နားလည်မလဲရှင့်၊ ကေနဲ့ပြော"

"အဲ ...ဆယ်ကေပေါ့ဗျာ။ ဆယ်ကေ နည်းနည်းကျော်တယ်။ ကျွန်တော် မိန်းမယူရင် တစ်ဝက်လက်ဖွဲ့မယ်လို့ အမေက ပြောထားတယ်"

"အံမယ် ...လယ်ငါးကေနဲ့ ရှင် ဘယ်လိုလုပ်ပြီး လူမွေးလူယောင် ပြောင်မှာလဲ။ ဘယ်လိုလုပ်လူစင်စီမှာလဲ"

"ဒီလိုတော့ မတွက်နဲ့ပေါ့ဗျာ။ ကျွန်တော်တို့လို လယ်သမားတွေ စပါးစိုက်မယ့်သူတွေ မရှိရင် ကျွန်တော်တို့နိုင်ငံသားတွေ ထမင်းငတ်ကုန်ကြမှာပေါ့ဗျာ"

တကယ်တော့ သည်းဝေလျှို အန်တီလေးကို မျက်စိမှိတ်ပြပြီး ကိုရွှေထူးကို စနေတာပါ။ ဘာပဲဖြစ်ဖြစ် လူရိုးကြီးမို့ သူမ အစ်ကိုတစ်ယောက်လို မောင်တစ်ယောက်လို ခင်ပါသည်။

လူရိုးကြီးရဲ့နှလုံးသားထဲက ဒဿနတွေကိုလည်း အပျင်းပြေ ကြားရတာပေါ့။





"အံမယ် ...ရှင် စပါးမစိုက်လည်း စိုက်မယ့်တောင်သူလယ်သမားတွေမှ အများကြီး။ သည်းတို့နိုင်ငံသားတွေ ထမင်းမငတ်နိုင်ပါဘူးနော်။ မပိုပါနဲ့"

"ဟိုဒင်း ..မသည်းပြောတော့ ဟိုပုံပြင်လေးကို သွားပြီး သတိရမိတယ်ဗျာ"

လူကိုများ မသည်းတဲ့။ ကြီးကြီးဖန်ဖန် ခေါ်တတ်တဲ့လူကြီး။

"ကဲ ဒံ..ပြောပါဦး ရှင့်ပုံပြင်"

"တစ်ခါက ရွာတစ်ရွာမှာ ရွာလူကြီးက ထူးထူးဆန်းဆန်း အမိန့်တစ်ခုထုတ်သတဲ့။ သူ့အိမ်ရှေ့မှာ ရာဝင်အိုးကြီးချထားမယ်။ ရွာသားတိုင်း တစ်အိမ်ကို နွားနို့တစ်အိုးစီယူလာခဲ့ပြီး အိုးကြီးထဲကိုထည့်ရမယ်ပေါ့"

"အင်း ...ပြောပါဦး"

"အဲဒီတော့ ရွာသားတစ်ဦးက သူ့မှာ နွားနို့မရှိတာနဲ့ အိုးထဲ ရေတွေထည့်ပြီး ယူသွားတယ်။ သူ့စိတ်ထဲမှာလည်း ငါ ရေတစ်အိုးကြောင့် နွားနို့အိုးကြီးထဲ ဘာမှမသိသာလောက်ဘူး ပေါ့လေ ...၊

ဒါနဲ့ တစ်ရွာလုံး ထည့်ပြီးကြလို့ ရာဝင်အိုးကြီးထဲကြည့်လိုက်ရော အားလုံး ရေတွေပဲတွေ့ရသတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း . . . ရှင့်ပုံပြင်က ဘာကို message ပေးချင်တာလဲ"

"ဩော် . . . လူတွေရဲ့ ရေသာခိုတတ်တဲ့ စိတ်တွေနဲ့ ငါ တစ်ယောက်တည်းပဲလေ ဘာမှမဖြစ်လောက်ပါဘူးဆိုပြီး ဖော့တွေးတတ်တဲ့စိတ်ကို ဆိုလိုမှာပေါ့"

"အဲဒီတော့"

"ကျွန်တော်တို့နိုင်ငံမှာလည်း လယ်သမားတွေ အများကြီးရှိတာပဲ။ ငါတစ်ယောက်တည်း လယ်မလုပ်ရုံနဲ့ ဘာမှမဖြစ်လောက်ပါဘူးလို့ တွေးလိုက်ရင် နွားနို့အိုးထဲကရေလို ဖြစ်သွားလိမ့်မှာပေါ့"

"ရှင် တော်တော်စကားတတ်တယ်နော်။ ကျွန်မက ရှင့်ကိုခင်သွားပြီဆိုတော့ ရှင့်·လယ်ထဲမှာ ရွှံ့ထဲရေထဲ ပင်ပင်ပန်းပန်း အလုပ်လုပနေမှာကို မမြင်ရက်လို့ပေါ့။ ဒီမှာ မြို့မှာပဲ အလုပ်လုပ်ရင် ရှင် လယ်လုပ်တာထက် ပိုက်ဆံလည်းပိုရ၊ လူလည်း ကြော့ကြော့လေးနေရမှာ။ နောက်ဆုံးတစ်နေ့ အိမ်ထောင်ကျတော့လည်း မြို့သူနုနုလှလှလေးနဲ့ ရသွားမှာပေါ့ရှင့်"

သည်းဝေလျှံ ပိုပိုသာသာတွေပြောကာ စည်းရုံးပေမယ့် ကိုယ်တော်ချောက နားမဝင်။





"မြို့သူနုနုလှလှလေးတွေနဲ့ ကျွန်တော့်လို တောသားနဲ့လည်း မကိုက်ပါဘူးဗျာ။ ကျွန်တော်က ရွာက ဝက်ထော်တို့ ဂျမ်းဘုံတို့နဲ့မှ အဆင်ပြေမယ့်ကောင်ပါ။ အဝိုင်းပေါက်ထဲ လေးထောင့်တုံးထည့်မရသလိုပေါ့ဗျာ။ လောကကြီးထဲမှာ အံဝင်ခွင်ကျရှိဖို့ ကိုယ့်ဘဝကိုယ်သိ၊ ကိုယ့်အကြောင်းကိုယ်သိမှ အကျမနာမှာ။ မိုးပေါ်က ဖိုးလမင်းကို ကျွန်တော်တို့လို မြေသားက တမ်းတနေလို့ အရှုံးပဲအဖတ်တင်မှာပေါ့ဗျာ"

သည်းဝေလျှံ သူ့အဆင့်မြင့်စကားတွေကြောင့် နောက်သို့ ဝက်လက်လန်ပြလိုက်လျှင် အနံ့တီလေးမှာ ရယ်လို့မဆုံးတော့။

"ကောင်းတယ်၊ ပညာစမ်းချင်ဦး။ ဟိုက ညည်းထက် ပညာအများကြီးတတ်တယ်"

သူတို့ (၃) ယောက် အဲဒီလို စကားလက်ဆုံပြောလို့ မကုန်သလို အိမ်ပေါ်မှာလည်း ကောင်းနေသန့်နှင့် ရွှေပိုးအိမ်တို့ နှစ်ယောက်မှာ ရွှေ့ရေးတွေ နှောင်ရေးတွေ ဆွေးနွေးလို့။

"အစ်ကိုတို့ ဘယ်တော့လက်ထပ်မှာလဲဟင် ပိုးအိမ်"

နှစ်ယောက်သား နှစ်ယောက်ထိုင်ဆိုဖာမှာ အတူထိုင် ကြည့်နေကြရင်း စကားတွေ သွယ်ခါ ရစ်ခါ။

"ပိုးအိမ်တော့ မိဘတွေကို ကိုယ့်ရွေးနဲ့စာနဲ့ (၃) နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် လုပ်ကျွေးချင်သေးတယ်''

''ဟာ ... သေရောပေါ့။ (၃) နှစ်မပြောနဲ့ (၃) ရက်တောင် မခွဲနိုင်ဘူး။ အတူနေချင်လှပြီ။ ဖြစ်နိုင်ရင်ခုပဲ ညတွင်းချင်းနိုးပြေးသွားချင်တာ''

''လာပြီ အစ်ကိုဟာလေ တွေ့စတုန်းကလို မီးသွေးတုံးကြီးပဲ ဖြစ်နေဖို့ကောင်းတယ်''

''အဲဒီမီးသွေးတုံးကြီးကိုပဲ အရူးအမူးချစ်နေတာ ဘယ်သူလဲ''

''တော်ပြီ အစ်ကိုရာ။ စကားအကောင်း ပြောလို့ကိုမရဘူး။ သွား ... ဟိုဘက်မှာ သွားထိုင်။ ရွှေထူးတက်လာရင် မလွယ်ဘူး''

''ယောက်ဖကို အောက်ထပ်မှာထားတာပဲ။ တက်မလာပါဘူးကွာ''

''ဒါဆိုလည်း အန်တီလေးနဲ့ သည်းရှိတာပဲ''

''သူတို့လည်း အလိုက်သိတာပဲ။ ကိုယ့်အခန်းကိုယ်သွားအိပ်ကြမှာပါ။ ဧည့်ခန်းထဲဝင်မလာဖို့ ပြောထားပြီးသား''

''အစ်ကို သိပ်ပြီး လူလည်ကျနေတယ်သိလား။ အစ်ကို မျက်စိလည်း ပြန်မြင်ပြီဆိုတော့ ပိုးအိမ်ပြန်တော့မယ်။ အစ်ကို





အနားမှာမနေရဲတော့ဘူး''

''ဘာ ... ဘာ ပြန်ပြောစမ်းပါဦး။ အစ်ကို့ကိုထားခဲ့မယ် ဟုတ်လား''

စိတ်ဆိုးမာန်ဆိုးနှင့် သူ ဒေါပွနေလျှင် ရွှေပိုးအိမ် ညာတာပါတေးနှင့် ထပြေးပြီး ကိုယ့်အခန်းထဲသို့ဝင်ကာ တံခါးပိတ်လိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

ည (၁) နာရီလောက်မှာ မီးပျက်သွားတော့ အမှောင်ကို အားကိုးပြီး ခြံဝင်းထဲသို့ ကျော်ဝင်လာကြသည့် ညလူသားတွေက (၃) ယောက်တောင်။

နောက်ဆုံးအကြိမ်အဖြစ် ကြိုးစားကြည့်ကြပြန်ချေပြီ။ သူရအောင်နှင့် တပည့် (၂) ယောက်။

သူရအောင်မှာ ကိုယ့်အိမ်မို့ ဘယ်နေရာ ဘယ်အခန်းမှာ ဘာရှိသည်၊ ဘယ်သူနေသည်ဆိုတာ အားလုံးသိပြီးသား။

ဝင်းနောင်က သော့တုပိန်ရှာ။ တံခါးတွေ ချပ်ခနဲပွင့် အောင် စွမ်းဆောင်နိုင်သူ။ သူ့ခိုးကြီးအလီဘာဘာ။





"လူတွေကို အန္တရာယ်မပေးနဲ့။ အတတ်နိုင်ဆုံးပစ္စည်းကို ပဲယူ"

သူရအောင် သူ့တပည့်နှစ်ယောက်နှင့်အတူ အပေါ်ထပ် သို့ လှစ်ခနဲ လှစ်ခနဲ ပြေးတက်သွားသည်က မီးခံသေတ္တာရှိသည့် အခန်းသို့ပါ။

မီးခံသေတ္တာရှိသည့်အခန်းဟာ ဘုရားခန်းနှင့်အနီးဆုံး အခန်း။ တစ်ချိန်က သူ့အစ်ကိုလင်မယား၏ အိပ်ခန်းလည်း ဖြစ်သည်။

ယခုအချိန်ထိ အနှောင့်အယှက်ကတော့ ဘာမှမတွေ့ရ။ အားလုံးပင် အိပ်မောကျနေကြဟန်။ တူသည်။

မီးခံသေတ္တာထားသည့်အခန်းကို ပိတ်ထားသည်မို့ ဝင်းနောင် သူ့သော့တုတွေနှင့် တစ်ချောင်းပြီးတစ်ချောင်း မွှေ နှောက် ကလိနေဆဲ မီးတွေပြန်လင်းလာပြန်လျှင် -

"ဟာ"

အားလုံးပင် ခေါင်းနပန်းကြီးသွားရသည်။ သူရအောင်မှာ အိမ်ခံမို့ မိန်းရှိရာသို့ပြေးပြီး မိန်းချလိုက်ရသည်။

အားလုံး တဒင်္ဂမှောင်အတိပြီးသွားပြန်သည်။ ခုညီ တော့မှ သော့ကို ကြိုးစား ပန်းစား ဖွင့်ကြရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန်လုပ်ပါကွ။ တစ်ယောက်ယောက် နိုးလာတော့မှာပဲ"

"လုပ်နေတာပဲ အာစရိရဲ့။ ဒီအခန်းကျမှ ဘယ်လိုဖြစ်တယ် မသိဘူး။ ဖော့ချေးတွေလည်း ပြန်လာပြီ"

"ဒီအိမ်က သရဲရှိတယ်နော် အာစရိ။ ကျွန်တော်တို့ကြုံပြီးပြီ။ အာစရိလည်း မြင်ဖူးတယ် မဟုတ်လား"

"အလကားပါကွာ၊ လောကကြီးမှာ သရဲတို့၊ ဝိညာဉ်တို့ဆိုတာ မရှိပါဘူး။ အဲဒီတုန်းက ငါအမူးလွန်နေလို့ မြင်မိမြင်ရာ မြင်တာပါ"

တီးတိုးစကားများက လေသံမျှ။

သုံးယောက်သား မျက်လုံးတွေကလည်း ရွဲလို့။ မိန်းချထားသဖြင့် မှောင်အတိပြီးနေသည့် အိမ်ကြီးကလည်း ထိတ်လန့်စဖွယ်။

မှောင်ထဲမှာ ကျင့်သားရလာသော ဝိုးတဝါးမြင်လာရသလို။ သော့တုတွေနှင့် တစ်ချောင်းပြီးတစ်ချောင်း တစ်ယောက်ပြီးတစ်ယောက် လှုလဲပြီးဖွင့်နေလိုက်တာ သူတို့စိတ်ထင် နာရီဝက်မျှပင် ကြာလောက်ပေပြီ။ လူတွေမှာလည်း တုန်လှုပ်ချောက်ချားလျက်။





ဘယ်သူမှနိုးမလာကြလို့သာ။

"အဲ"

"ချောက်" ခနဲအသံနှင့်အတူ တံခါးဖွင့်သွားတော့ သူတို့ (၃) ယောက် ဝမ်းသာအားရနှင့် အခန်းထဲသို့ စုပြုံဝင်သွားကြသည်။

"အခန်းဝမှာ တစ်ယောက်ကျန်ခဲ့လေ"

"ရပါတယ်အာစရိကလည်း ဘယ်သူမှမနိုးပါဘူးဗျ"

"အိပ်လိုက်ကြတာ၊ ဟီဟိ ... သေတော့ အိပ်ဖို့မထားကြဘူး"

(၃) ယောက်သား မီးခံသေတ္တာဆီ ရောက်သွားကြတော့ ဘေးမှ နှစ်ယောက်အိပ်ခုတင်ကြီးက မသိုးမသန့်စဖွယ် မားမားကြီး။

ဘာပဲဖြစ်ဖြစ် အဖော်က (၃) ယောက်ကြီးတောင်မို့ ရဲစိတ်တော့ရှိသာ။ ဒါ့အပြင် ရဲဆေးလည်းတင်ခဲ့ကြပြီးပြီလေ။

သူတို့ (၃) ယောက်အခန်းတံခါးကို ပိတ်ခဲ့ကြပြီး မီးခံသေတ္တာနားမှာ ဝိုင်းကြပြန်သည်။

နောက် ပညာတုန်သုံးပြီး အမျိုးမျိုးဖွင့်တော့မှ ပွင့်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

မီးခံသေတ္တာထဲမှာ ရတနာတွေ၊ ရွှေတွေ၊ ငွေတွေဆိုတာ ပြိုးပြိုးပြက်ပြက်။ ငွေသားကတော့ ခပ်နည်းနည်း၊ သို့သော် ရတနာတွေကမနည်း။

"ထည့် ထည့် ထည့်၊ အကုန်ထည့်ကြ"

ပါလာသည့်အိတ်ထဲသို့ အကုန်စုပြုံပြီးထိုးသိပ်ထည့်နေကြဆဲ သူတို့အခန်းထဲသို့ လေများ တဖျပ်ဖျပ်တိုက်ခတ်လာသလို ခံစားလိုက်ရပြီး (၃) ယောက်သား ခေါင်းတွေ၊ နားရွက်တွေကြီးသွားကြ၏။

နောက် မတိုင်ပင်ဘဲနှင့် (၃) ယောက်လုံး နောက်ဘက်သို့ လှည့်ကြည့်လိုက်ကြလျှင် –

"အား ... အမယ်လေး"

ညှော်နံ့တွေ တထောင်းထောင်း၊ မီးခိုးတွေတအူအူနှင့် ရုပ်အလောင်းကြီးများ။ နှစ်ယောက်လည်းမက သုံးယောက်လည်းမက။ သူတို့မျက်စိထဲမှာ ရုပ်အလောင်းကြီးတွေက လက်ဆန့်တန်းပြီး သူတို့အနားသို့ တရွေ့ရွေ့တိုးကပ်လာကြလျှင် –

"အာ သွား သွား သွားကြ သွား။ နင်တို့နဲ့မဆိုင်တော့ဘူး။ ဒါ ငါ့ပစ္စည်း ငါ့ဥစ္စာ၊ ဟား ဟား ဟား ဟား"





ကြောက်စရာ၊ လန့်စရာရုပ်ကြီးတွေဟာ လောဘကြောင့် မြင်ရတာလား။ မောဟကြောင့်မြင်ရတာလား။

တကယ်ရှိတာလား။ သူတို့စိတ်တွေက သူတို့ကို ခြောက်လှန့်နေတာလားဆိုတာ မဝေခွဲနိုင်ကြပေမယ့် –

သုံးယောက်သား ပစ္စည်းတွေထားခဲ့ပြီး အခန်းထဲမှ သုတ်ခြေတင်ပြီး ပြေးဆင်းလာခဲ့မိကြတော့ လှေကားပေါ်မှ ဒလိမ့်ခေါက်ကွေးပြုတ်ကျသူကျ၊ ခေါက်ထိုးကျသူကျ။ အကာလညအခါမှာ သူတို့ရဲ့အသံနက်ကြီးတွေက အိပ်ပျော်နေသူအားလုံးကို လန့်နိုးစေရုံတင်မက –

လမ်းပေါ်မှာ ပတ္တရောင်လှည့်နေသည့် ရဲသားတွေကိုပါ တပ်လှန့်နိုးဆော်လိုက်သလို။ ရှိသမျှ အိမ်သားတွေ အခန်းထဲတွေမှ ပြေးထွက်လာကြတော့ မျက်နှာဖုံးစွပ်တွေနှင့် လူတွေ၏ ဝရုန်းသုန်းကားသံတွေ ကြားလိုက်ကြရသည်။

ကောင်းနေသန့် မိန်းပြန်တင်လိုက်တော့ တစ်အိမ်လုံး လင်းချင်းသွားပေပြီ။ ထိုအတူ ပွင့်နေသည့်တံခါးမှဝင်လာကြသည့် ရဲသားများကိုလည်း မြင်လိုက်ရသည်။

လှေကားခြေရင်းမှာတော့ ခေါက်ထိုး မိုးမျှော်ဖြစ်နေကြပြီး ထတောင်မပြေးနိုင်ကြသည့် လူ (၃) ယောက်။



www.burmeseclassic.com

www.burmeseclassic.com



ရဲများ သူတို့ (၃) ယောက်ကို လက်ထိပ်ခတ်လိုက်ကြပြီး မျက်နှာဖုံးတွေကို ဆွဲချွတ်လိုက်ကြတော့ –

"ဟင် ... လေးလေး"

"ဟာ ... အငြိုးကြီးလိုက်တာဗျာ၊ လုပ်ရက်လိုက်တာ"

ဦးသူရအောင်နှင့် သူတပည့် (၂) ယောက် သည်တစ်ခါလည်း ကံကြမ္မာကြီးက သူတို့ကို အလဲထိုးလိုက်ပြန်ပါပြီ။

မကောင်းမှုတို့၏ သွားရာလမ်းကမလှပ။ ဒါမှမဟုတ် သူ့အစ်ကိုနှင့်မရိုးဟာ တမလွန်မှနေပြီး သူ့သား သမီးတွေကို စောင့်ရှောက်နေလေသလား။

ဘုရားရှင်လက်ထက်က သုဓွေမကြီးလို သေလွန်သည့်ဘဝမှာပင် ကိုယ့်သားကို လိုက်စောင့်ရှောက်သလိုမျိုးလား။

သည်တစ်ခါတော့ သူ ကံနှစ်ခါမကောင်းနိုင်တော့ပါ။ လွတ်ငြိမ်းချမ်းသာခွင့်လည်း ကြုံနိုင်မည်မထင်တော့။

ခေါင်းငိုက်စိုက်ချရင်း သူ့နှလုံးသားတွေ မီးလို့ပူရပြီ။ သူ ထောင်ထဲဝင်ရမှာထက် သူ့ဇနီးနှင့်သမီး ဖရိုဖရဲဖြစ်မှာ၊ ဘဝပျက်မှာကို ပိုပြီးပူပန်လွန်းသဖြင့် –

သူ့နှလုံးသွေးတွေ ပွက်ပွက်ဆူမတတ်။

ဒါဟာ ကံလေသလား။ တရားလက်လွှတ်၊ ငှက်





တောင်ကျွတ်ကာ မကြံကောင်း မကြံစည်ရာတွေကို ဆက်တိုက်ဆက်တိုက် မှားခဲ့သူတစ်ယောက်အနေနှင့်။

သူ သူတူ တူမတွေကို မျက်နှာလည်း မကြည့်ရဲတော့။ ဘာမှလည်း မတောင်းဆိုရဲတော့ပါ။

ရဲများခေါ်ဆောင်ရာနောက်သို့ ကြေကွဲမျက်ရည်၊ နောင်တမျက်ရည်တွေနှင့် လိုက်ပါခါနီး မျက်စိပြန်မြင်နေပြီဖြစ်သည့် တူတော်မောင်ကို နောက်ဆုံးမှာကြားခဲ့ပါသည်။

"ငါတို့ကို ခုလိုဖမ်းပေးတာ အစ်ကိုနဲ့ မရိုးပဲ။ သူတို့မကျွတ်မလွတ်ကြသေးဘူး။ မင်းတို့ ကောင်းမှုကုသိုလ် လုပ်ပေးပြီး အမျှဝေပေးလိုက်ကြဦး။ ငါကတော့ ငါ့မိုက်ပြစ်နဲ့ငါ ကျေနပ်စွာ ခံယူနိုင်ပါတယ်။ ဒါပေမဲ့ ယွန်းမေနဲ့ရတို့ကို သူများ မစော်ကားနိုင်အောင်တော့ စောင့်ရှောက်ပေးကြပါလို့ ဦးလေးလူမိုက်ကြီးက နောက်ဆုံးတောင်းပန်ခဲ့ပါတယ်"

ဦးသူရအောင်နှင့် တပည့် (၂) ယောက် ရဲကားများနှင့် ပါသွားတော့ အိမ်ပေါ်ထပ်မှ ရယ်မောသံများ ကြားလိုက်ရသလိုလို။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

ကောင်းနေသန့် သဘောထားကြီးပါသည်။ မည်သို့ပင်ဖြစ်စေ ဦးလေးဖြစ်သူ အနေဖြောင့်အောင် ယွန်းမေရီနှင့် ရတီတို့သားအမိကို သည်ဘက်အိမ်သို့ ခေါ်ထား စောင့်ရှောက်ပေးထားပြီး သူတို့တိုက်ကို အငှားတင်ပေးထားလိုက်သည်။

အသုံးစရိတ် ရသွားတာပေါ့။

သည်အခါ ရတီဆိုတာ အရုပ်ကလေးလို နုနုလှလှလေးမို့ လူရိုးကြီးကိုရွှေထူးခများ နတ်သမီးနှင့်တွေ့သည့် ဘုရင်လို ရာဇဣန္ဒြေတွေပင် ပျက်လို့။

ရွှေပိုးအိမ်ကလည်း ရတီဟာ အစ်ကို့ရဲ့ငယ်ချစ်ဦးမို့





ရင်ထဲမှာ တအုံနွေးနွေး။ အစ်ကိုက ဘယ်လိုနေမှန်းမသိပေမယ့် ရတီကတော့ အစ်ကို့ကို တငေးငေးလေး။

မိဘတွေအတွက် အလှူအတန်းလုပ်၊ ဆွမ်းကျွေး ပရိတ်တရားနာတာတွေ၊ အမျှဝေတာတွေလုပ်ပြီးသည့်နေ့မှာတော့ ရွှေပိုးအိမ် ပေါက်ကွဲခဲ့လေပြီ။

အိမ်မှာ အားလုံးနေသားကျနေပြီပဲ။ အစ်ကိုကလည်း သူ့အလုပ်တွေ သူပြန်လုပ်နေသလို အိမ်ထဲမှာ ယွန်းမေရီတို့သားအမိက အိမ်မှုကိစ္စတွေ တာဝန်ယူနေပြီ။

အန်တီလေးနှင့် သည်းလေးကလည်း ဘော်ဒီဂတ် မလိုတော့။ သူတို့ဘာသာ ရွှေဆိုင်သွားလို့ရပြီ။

သူတို့မောင်နှမဟာ ဒီအိမ်မှာ လူပိုတွေ။ သူတို့ စ စရား နောက်စရား ပြောင်စရာလူတွေ။

ရွှေပိုးအိမ်ပေါက်ကွဲတယ်ဆိုတာ လူတွေကို လျှောက်ယမ်းနေတာမျိုး မဟုတ်ပါ။

ရင်ထဲမှာ မြိုထားရလွန်းလို့ မီးတောင်မြို့ကြီး မပေါက်ကွဲရအောင် သူမ အိမ်ပြန်ပြေးတော့မလိုပါ။

သူမ အသွင်က တည်တည်ငြိမ်ငြိမ်။

မနက်ပိုင်း အိမ်ရှိသမျှလူတွေ အလုပ်သွား ဆိုင်သွားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပုံမှန်လှုပ်ရှားနေကြပြီဆိုမှ နံနက် (၈) နာရီလောက်မှာ သူမ ခရီးဆောင်အိတ်လေးနှင့် အိမ်ပေါ်မှ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

ရွှေထူးကိုလည်း ပြောထားပြီးပြီမို့ သူကလည်း ကျောပိုး အိတ်လွယ်ကာ အလွမ်းမင်းသား ခင်မောင်ရင်စတိုင်လ်နှင့် သမင် လည်ပြန်လွမ်းရင်း မောင်နှမနှစ်ယောက် ခြံထဲမှ တရွေ့ရွေ့ ထွက်ခွာလာခဲ့ကြသည်။

ဘာစကားတစ်ခွန်းမှ မဆိုနိုင်ကြတော့။ ရင်ထဲမှာ ဝေဒနာကိုယ်စီ။

ချစ်တတ်တဲ့ အသည်းနုတဲ့ ဓာတ မောင်နှမ နှစ်ယောက်။ မည်သူ့ကိုမျှလည်း နှုတ်မဆက်ခဲ့ကြတော့ပါ။

အားလုံးပြီးဆုံးခဲ့ပြီပဲလေ။

ချစ်သူရဲ့ဘဝက –

ပြီးပြည့်စုံနေတဲ့ ပန်းချီကားတစ်ချပ်ပါ။ သူမ ဘယ်နေရာကိုမှ ပြင်ဆင်ဖြည့်စွက်စရာမလိုတော့။

ပန်းချီကားလေး ထာဝရလှပပါစေ။ ပန်းချီကားလေး ထာဝရ အသက်ဝင်နေပါစေ။

မောင်နှမ (၂) ယောက် တက္ကစီငှားပြီး ကားဂိတ်သို့





ရောက်လာခဲ့ပြီ။ လက်မှတ်ဖြတ်တော့ တစ်နေရာစီ။ ကောင်းပါ တယ်လေ။ သူလည်း လွတ်လပ်စွာ လွမ်းပေ့ါ။ ငါလည်း လွတ် လပ်စွာလွမ်းလို့ရတာပေ့ါ။

ရွှေပိုးအိမ် ကိုယ့်ထိုင်ခုံက ပြတင်းဘောင်မှာမှီ ပြတင်း ပေါက်သို့ မျက်နှာမူပြီး မျက်ရည်တွေ တသွင်သွင်စီးကျနေမိဆဲ ကားလည်းထွက်ခဲ့ပေပြီ။

သူမမှာ နှလုံးသားမရှိတော့ပါ။ ကိုရှုပ်ဆိုး ခေါ် ကိုကြီး ကျယ်ရဲ့ထံမှာ သူမ နှလုံးသားကျန်ခဲ့ပြီ။

သည်စဉ် သူမရဲ့ဘေးသို့ အတင်းဖိကပ်ထိုင်လာသည့် တစ်ယောက်ကြောင့် ရွှေပိုးအိမ် တစ်ဖက်သို့ ပိုပြီး တိုးကပ်ပေး လိုက်သည်။

"ဆောရီးနော်...ဆောရီး၊ လွမ်းနေတယ် ဟုတ်လား"

ကြားရသည့်အသံကြောင့် ရွှေပိုးအိမ် အလန့်တကြား ကြည့်လိုက်တော့ အစ်ကို။ သူမကိုပြုံးပြီး ကြည့်နေသည့်အစ်ကို။

"ဟင်"

"ဘာလဲ အံ့ဩသွားသလား။ သိနေတယ်လေ။ တ[illegible] တွေ လုပ်ချတော့မယ်ဆိုတာ။ အလကား ခွဲနိုင်တာလည်း[illegible] ဘဲကွာ။ ကဲ...အစ်ကို အခု ပိုးအိမ်ရွာကိုလိုက်မယ်။ မိသား



www.burmeseclassic.com

ဖေသားပီပီ တောင်းမယ်၊ လက်ထပ်မယ်။ ပြီးရင် ကောက်ရိုးပုံမှာ သွားအိပ်ကြမယ်နော်၊ အားလားလား”

ရွှေပိုးအိမ် မျက်ရည်တွေကြားမှ အပြုံးလေးဝင်းဝင်း လက်လက်။ နောက်ပေါက်ကရတွေပြောနေသည့် အစ်ကိုကို ဆွဲဆိတ်လိုက်တော့ သူက တီးတိုးအော်ရင်း သူမမျက်နှာလေးကို ရွှေထူးရှိရာသို့ လှည့်ပြလိုက်သည်။

အလို သူ့ဘေးမှာလည်း ယွန်းရတီက အကြင်နာစကား တွေနှင့် တီးတိုးချော့မော့လို့ပါလားလေ။

ကြယ်စင်မှုးဝေ

၂၉-၁၂-၂၀၀၄